www.burmeseclassic.com

လက်ငင်းစိတ်ချမ်းသာပြီး ကျန်းမာလိုသူများသို့
အကြီးကျယ်ဆုံးဘဝချမ်းသာကို လှမ်းဆွတ်နိုင်ရေးအတွက်

BURMESE CLASSIC .com

# ဝိပဿနာရှုကွက်ထူးဆောင်

ထူးခြားသော
# တော်ကူးဆရာတော်
နှင့်
ထူးဆန်းစွာ
# ရောဂါပျောက်ခြင်းများ

ဒေါက်တာမင်းတင်မွန်

အဋ္ဌမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# ဝိပဿနာဂုဏ်ထူးဆောင်
## ထူးခြားသော တော်ကူးဆရာတော်နှင့်
## ထူးဆန်းစွာ ရောဂါပျောက်ခြင်းများ

(အဋ္ဌမအကြိမ်)

ဒေါက်တာမင်းတင်မွန်

ဖြန့်ချိရေး

မြမွန်ရတနာစာပေ
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၈၆၆၁၀

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် (၃၂၂/၉၉) (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၅၀၇/ ၉၉) (၁၀)

●

ပုံနှိပ်ခြင်း

၁၉၉၉ခုနှစ်၊နိုဝင်ဘာလ၊ အဌမအကြိမ်၊ အုပ်ရေ -၅၀၀

●

ထုတ်ဝေသူ

မင်းတေဇာမွန်၊ ရတနာမင်းစာပေ (၃၄၅၅)
တိုက် ၁၅၊ အခန်း၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

အတွင်းစာသားနှင့်မျက်နှာဖုံး ပုံနှိပ်သူ

ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်းပုံနှိပ်တိုက်(၀၅၉၄၆)
အမှတ်(၁) မိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

ကွန်ပျူတာစာစီ

ရွှေဝင်းမောင်

●

ဖြန့်ချိရေး


မြမွန်ရတနာစာပေ
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁-၃၈၅၂၆၁၊ ၀၉၈၀-၂၂၅၁၆

●

တန်းဖိုး -၉၀၀ ကျပ်



သက်တော် ၉၆ နှစ်တွင်းသို့ ရောက်ရှိလာပြီဖြစ်သော
တော်ကူး ဆရာတော်ကို ဤသို့ ကျန်းမာရွှင်လန်းစွာ ဖူးတွေ့ရစဉ်။



တော်ကူး မဟာသတိပဋ္ဌာန်ရိပ်သာကျောင်းတွင် မူလတော်ကူးဆရာတော်
မှုအတိုင်းလက်ရှိတရားဟောပြောပြသပေးနေသော
ပဓာနနာယကဆရာတော် ဦးနာဝိက။

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ

ဩဝါဒါစရိယ ဆရာတော်

# အရှင်ပဏ္ဍိတာဘိဝံသ၏

# ဥယျာဉ်

မော်လမြိုင်တက္ကသိုလ် ဓာတုဗေဒဌာနပါမောက္ခ 'ဒေါက်တာမင်းတင်မွန်'သည် စာမူတစ်ခုနှင့်အတူ ဘုန်းကြီးထံသို့ ရောက်လာပြီး ဤ 'ဝိပဿနာဂုဏ်ထူးဆောင် ထူးခြားသော တော်ကူးဆရာတော်နှင့် ထူးဆန်းစွာရောဂါပျောက်ခြင်းများ'စာမူကို ဆရာတော် စစ်ဆေးပေး၍ ဥယျာဉ်စာတမ်းကို ချီးမြှင့်ပါရန် လျှောက်ထားသည်။

ဘုန်းကြီးအနေဖြင့် မဟာစည်နိကာယ၏ မထေရ်ကြီးတစ်ပါးဖြစ်သော တော်ကူးဆရာတော်ကြီး၏ 'ထေရုပ္ပတ္တိနှင့် ဟောစဉ်ကျင့်စဉ်'များကို ရေးသားထားသည့် ကျမ်းစာဖြစ်နေသဖြင့် ငြင်းပယ်ဖို့ရန် အခက်တွေ့နေသည်။

"ဒီလိုဆိုလည်း ထားခဲ့တာပေါ့လေ"ဟု နှုတ်ဖြင့် ဝန်ခံခဲ့သော်လည်း ဘုန်းကြီးစိတ်ထဲကမူ အခြားအခြားသော ထေရုပ္ပတ္တိကျမ်းစာများကဲ့သို့ ထေရုပ္ပတ္တိကျမ်းစာဖြစ်မှာပါပဲဟု အထင်အမြင်ဖြင့်သာ လက်ခံခဲ့သည်။

သို့သော် ဘုန်းကြီးသည် လွန်ခဲ့သော ၁၅ နှစ်လောက်ကစ၍ ထူးခြားသော တော်ကူးဆရာတော်ကြီး၏ အကြောင်းနှင့် ဝိပဿနာကျင့်စဉ်များကို အမြဲလိုလို ကြားသိနေပြီးဖြစ်သောကြောင့် အချိန်ရသရွေ့ ဤကျမ်းစာကို အစအဆုံးကြည့်ရာ အလွန်အံ့ဩသွားမိပါသည်။



ဤကျမ်းစာသည် ထေရုပ္ပတ္တိ သက်သက်မျှသာ မဟုတ်ဘဲ တော်ကူးဆရာတော်ကြီး၏ ထူးခြားသော ကျင့်စဉ်များ၊ ဒေသနာနှင့် အညီကုစားသော ဆေးနည်းကောင်းများ၊ စိတ္တဇရောဂါ,ဗိုက်နာရောဂါ, ဒူးနာ, ခါးနာ စသော ရောဂါဝေဒနာရှင်ယောဂီတို့၏ ရောဂါပျောက်ကင်းကြောင်း ဝန်ခံချက်များနှင့်အတူ အာဂမ, သာဓက, သဘာဝယုတ္တိဗေဒများဖြင့် အရောင်အသွေး ညီညာသောပန်းများကို အကန့်လိုက်အကန့်လိုက် စီကုံးထားသကဲ့သို့ စိတ်ဝင်စားဖွယ်, အတုယူဖွယ်, အားကျဖွယ်ဖြစ်အောင် တင်ပြထားသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် ကျမ်းစာ၏အနှစ်ချုပ်ကို တင်ပြရသော်–

၁။ ဆရာတော်ကြီး၏ ဘဝဖြစ်စဉ်များကို အစအဆုံးအထိ သံဝေဂယူဖွယ်, အားကျဖွယ်, အတုယူဖွယ်များကိုလည်းကောင်း၊

၂။ ဆရာတော်ကြီးဟောကြားသော တရားတော်များကို ဖတ်ရှုနေရသော်လည်း စာဖတ်သူ၏စိတ်ထဲ၌ ဆရာတော်ကြီးကိုယ်တိုင် ဟောကြားနေသည်ကို နာယူနေရဘိသကဲ့သို့ လည်းကောင်း၊

၃။ ခေတ်မီဆေးမျိုးစုံ ကုသမှုတို့ဖြင့် ကုစား၍မရနိုင်တော့သောကြောင့် စိတ်အကြီးအကျယ်ကျ၍ အားငယ်နေကြရသော ရောဂါဝေဒနာရှင်များကို အစွမ်းထက်သည့်ဆေးကောင်းတစ်လက် သင်တို့အတွက် ကျန်ရှိနေသေးကြောင်းကို စေတနာမေတ္တာအပြည့်အဝဖြင့် ဖော်ညွှန်းနေသည်ကိုလည်းကောင်း၊

၄။ ဝိပဿနာအားမထုတ်ဖူးသေးသော ဓမ္မမိတ်ဆွေများနှင့် အားထုတ်ပြီးသော ဓမ္မမိတ်ဆွေများအား ဝိပဿနာလမ်းကြောင်းပေါ်မှာ တည့်မတ်စွာ လျှောက်လှမ်းနိုင်ရေးအတွက် ဤကျမ်းစာ

www.burmeseclassic.com

www.burmeseclassic.com



အထောက်အပံ့အနေဖြင့် 'မိတ်ဆွေကောင်းတစ်ယောက်ပမာ' ရှေ့ဆောင်၍ ခေါ်ယူနေဘိသကဲ့သို့ လည်းကောင်း၊

၅။ မြတ်ဗုဒ္ဓ၏ ဒေသနာတော်များသည် တောင်သူလယ်သမားများမှစ၍ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအထိ၊ ခေတ်ပညာတတ် လူငယ်, လူလတ်, လူကြီးပိုင်းမှစ၍ ယနေ့ခေတ် သိပ္ပံပါရဂူများအထိ အစစ်အဆေးခံနိုင်ကြောင်းကို စာတွေ့လက်တွေ့အထောက်အထားများဖြင့် (ဇေဟိပဿိကတရားဂုဏ်တော် ပေါ်လွင်အောင်) တင်ပြထားသည်ကိုလည်းကောင်း တွေ့ရသည်။

ထို့ကြောင့် ဤကျမ်းစာသည် ပါရမီဓာတ်ခံ ရှိသူများနှင့် ဝိပဿနာတရားအားထုတ်ဖူးသူတိုင်း ဝမ်းပန်းတသာ ကြိုဆိုလက်ခံကြလိမ့်မည်ဟု မှတ်ချက်ပြုမိပါသည်။

သတ္တဝါတိုင်း တရားတွေ့၍ ကိုယ်စိတ်နှစ်ဖြာ

ကျန်းမာချမ်းသာကြပါစေ။

**အရှင်ပဏ္ဍိတာဘိဝံသ**

**(မဟာစည်ရိပ်သာ)**

အရေးပေါ်ကိစ္စ

| |
|---|
| **ဆံပင်မီးလောင်နေတာကို မငြိမ်းသတ်မီ** |
| **ရင်ဝမှာ လှံစူးနေတာကို မဆွဲနုတ်မီ** |
| **သင်အလျှင်ဦးအောင်လုပ်ရမှာက ဝိပဿနာရှုမှတ်ခြင်း။** |

## မာတိကာ

ဥယျာဇဉ် ၄
စာရေးသူ၏ မိတ်ဆက်အမှာ ၁၂
နိဒါန်း ၁၈

## အခန်း (၁)

## တော်ကူးဆရာတော်၏ ဘဝဖြစ်စဉ်အကျဉ်း

ဇာတိနှင့် မွေးချင်းများ ၂၀
ပညာရှာမှီးခြင်း ၂၀
ဥစ္စာရှာမှီးခြင်း ၂၃
သေကံမရောက် သက်မပျောက် ၂၅
အသက်ဘေးနီးလွန်းသည့် ဒဏ်ရာကြီး ၂၇
မည်သည့်တန်ခိုးကြောင့်နည်း ၂၈
သာသနာ့ဘောင်တစ်လှည့် လူ့ဘောင်တစ်လှည့် ၃၀
စေတနာဆေးဆရာ ၃၁
ပယောဂဆရာ တစ်ဖြစ်လဲ ၃၃
မေတ္တာအတုံ့အလှည့် ၃၇
အဖေတစ်ခု သမီးတစ်ခု ၃၈
ဂျပန်ခေတ်အတွင်း စီးပွားပျက်ခြင်း ၄၀
အထီးကျန်ဘဝ ၄၂
တရားစစ်တရားမှန်ကို ရှာဖွေခြင်း ၄၃
ဗုဒ္ဓသာသနာတော်ကို ကျေးဇူးဆပ်ခြင်း ၄၈
ပုဂ္ဂိုလ်တစ်ဦးစီ၏ လိုအပ်ချက်နှင့်အညီ ၅၄
တရားခေါ်ရာ လိုက်စမ်းပါ ၅၆
သံဖြူဇရပ်မြို့မှ သာခကေ ၅၇

www.burmeseclassic.com

www.burmeseclassic.com




အချိန်အခါနေရာမရွေး ၅၉

မိမိကိုယ်ကို ညှဉ်းဆဲခြင်းလော ၆၂

အရိယာစားကျက်၌ မွေ့လျော်သူ ၆၅


## အခန်း (၂)

## တရားလည်းပေါက် ရောဂါလည်းပျောက်


တရားရှာကောင်း အချိန်မနှောင်း ၇၀

သတိပဋ္ဌာန်ဆေးရုံတော် ၇၁

အရိုးကြေကြေ အရေခန်းခန်း ၇၂

သမ္မပ္ပဓာန် လေးပါး ၇၄

သတိပဋ္ဌာန် လေးပါး ၇၅

ဣရိယာပထ လေးပါး ၇၇

ဝိပဿနာချည်တိုင် ၇၉

စိတ်နွားရိုင်းကလေး ၈၁

ထူးခြားသော တရားရှုမှတ်နည်း ၈၄

တရားမှတ်ချိန်နည်း မရောင့်ရဲ ၈၅

လက်ဖက်ရည်ပွဲ ရှောင်ကာလွှဲ ၈၈

ဝေဒနာလွန်ကဲ ကျားသို့ခဲ ၉၀

တရားသဘောအရ ဝေဒနာပြ ၉၄

ကင်းကိုက်လို့အော် မမေ့နိုင်သနော် ၉၆

တရားရှုလည်း မျက်ရည်ရွှဲ ၉၇

ကိလေသာတိုက်ပွဲကြီး ၉၈

ဓမ္မဩသဓဆေး ရောဂါပြေး ၁၀၀





နှင်းခူရောဂါ အမြစ်ပါကျွာ ၁၀၁

ဆင်ရေယုန်ကြီး သေဖို့နီးပြန် ၁၀၄

ဤတောင်ကြီးကို ကျော်နိုင်လေဦးမလား ၁၀၅


## အခန်း (၃)

## အသံမထွက်တဲ့အထိ တရားပြမယ်


အကောင်းဆုံးတရား ၁၁၁

သေမင်းခေါ်တော့ မအားလို့မရ ၁၁၃

အပါယ်လား, မလား သိလိုသလား ၁၁၅

သေခါနီးမှာ ထင်တဲ့နိမိတ် ၁၁၇

လားရာဂတိကို ကြိုသိမြင် ၁၁၉

သံဝေဂယူသင့်သော ဇာတ်လမ်းတစ်ပုဒ် ၁၂၀

ဒါနသီလမျှလောက် အသေမဖြောင့် ၁၂၆

ဆရာကောင်းမမြင် ခရီးမတွင် ၁၂၇

အာနာပါန, ဣရိယာပထနှင့် သမ္ပဇည ၁၂၉

မိဘပမာ စောင့်ရှောက်ကာ ၁၃၂

ဣရိယာပုထ်ရှည်ရှည် မှတ်နိုင်ကြသည် ၁၃၄

ဝေဒနာဆိုးကို ဘယ်လိုချိုးနှိမ်မလဲ ၁၃၈

ဥယျာဉ်ခြံမြေကို ပေါင်းသင်ရှင်းလင်းသည့်ပမာ ၁၄၁

တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ ၁၄၄

အရိယာစားကျက်နှင့် ဘီလုံးငှက် ၁၄၆

ရုပ်နှင့်နာမ်ကို ခွဲခြားသိဖို့ ၁၄၉

ရုပ်နာမ်ပေါ်သိ နိဗ္ဗာန်အထိ ၁၅၂

ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့် ၁၅၄


www.burmeseclassic.com

www.burmeseclassic.com



ဝိသုဒ္ဓိခုနစ်ပါး ပြည့်စုံသွား ၁၆၃

## အခန်း (၄)

### ထူးဆန်းစွာ ရောဂါပျောက်ခြင်းများ

ဘုရားပေးသည့် တရားဆေးကြီး ၁၆၉
မူးဝေရောဂါပျောက်ကင်းသည့် နမူနာ ၁၇၂
ဇက်ကြောတက်ရောဂါ ပျောက်ကင်းကွာ ၁၇၃
ပေါင်ဆွဲဒူးနာ ပျောက်ကင်းသည့် နမူနာ ၁၇၅
ထုံကျဉ်ကိုက်ခဲ ပျောက်မည်မလွဲ ၁၇၇
လေအောင့်လေနာ ပျောက်မည်သေချာ ၁၈၀
ဝမ်းထဲကအကျိတ်အလုံး ကျေပျက်သုဉ်း ၁၈၃
ဖျဉ်းနာရောဂါ ကင်းပျောက်သည့်နမူနာ ၁၈၇
ချောင်းဆိုးရင်ကျပ် ပန်းနာလည်းပြတ် ၁၉၂
နှလုံးတုန်ရင်ခုန် ပျောက်ကင်းပုံ ၁၉၈
သွေးတိုးရောဂါ ဘေးကင်းကွာ ၂၀၁
ကျောက်ကပ်ရောဂါ အံ့ဩစရာ ၂၀၇
လိပ်ခေါင်းရောဂါ အမြစ်ပါကွာ ၂၁၃
အဏ္ဏဝမိုခေါ် မုတ်ရောဂါ ပျောက်ကင်းကွာ ၂၁၆
ခါးနာ, ခါးအောင့်, ခါးကိုက်လည်းပျောက် ၂၁၈
စိတ္တဇရောဂါနှင့် ဝိပဿနာ ၂၂၅
ကင်ဆာရောဂါနှင့် ဝိပဿနာ ၂၃၃
ရောဂါမျိုးစုံ ပျောက်ကင်းကြပုံများ ၂၄၀



## အခန်း (၅)

### ဝိပဿနာကြောင့် ရောဂါပျောက်ကင်းရသည့် အကြောင်းရင်းများ

စိတ်သာပမာန ၂၄၆
စိတ်သည် ခန္ဓာကိုယ်ပေါ်လွှမ်းမိုးနိုင်ပုံ ၂၄၈
စိတ်ပညာနည်းများအရ ရောဂါကုသပုံ ၂၅၀
အင်္ဂလန်မှ ထူးဆန်းစွာရောဂါပျောက်ကင်းပုံ ၂၅၂
ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးမှ ဖြစ်ရပ်ဆန်း ၂၅၃
ဝိပဿနာကြောင့် ရောဂါပျောက်နည်း ၂၅၄
တရားတန်ခိုးကြောင့် ရောဂါပျောက် ၂၅၆
ဗောဇ္ဈင်အာနိသင်ကြောင့် ရောဂါပျောက် ၂၅၈
ဝိပဿနာရှုမှတ်စဉ် ဗောဇ္ဈင်ဖြစ်ပုံ ၂၆၀
သိပ္ပံပညာ၏ထောက်ခံချက် ၂၆၁
ခန္ဓာကိုယ်၏ကြွည်းတပ် ၂၆၃
ခန္ဓာကိုယ်၏ ရေတပ်သားများ ၂၆၅
ခန္ဓာကိုယ်၏ အသေခံလေထီးတပ်သားများ ၂၆၆
အမြစ်ပြတ်အောင် ချေမှုန်းခြင်း ၂၆၇
အဘယ်ကြောင့်ကာကွယ်ဆေးများထိုးကြသနည်း ၂၆၈
ကင်ဆာရောဂါကာကွယ်နည်း ၂၇၀
ခေတ်အမီဆုံး အထက်မြက်ဆုံးဆေး ၂၇၁
ကျမ်းကိုးစာရင်း ၂၇၄
ဒေါက်တာမင်းတင်မွန်၏ စာအုပ်ရတနာများ

www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူ၏ မိတ်ဆက်အမှာ

### ပညာရလွယ် နည်းဝယ်ရခက်

မွန်ဘာသာမှာ မှတ်သားဖွယ်ကောင်းတဲ့ စကားပုံတစ်ခု ရှိတယ်။ 'ပညာရလွယ်တယ်၊ နည်းရဖို့က ခက်တယ်'တဲ့။ သိပ္ပံပညာကို သင်ရင်တတ်မှာပဲ။ ဒါပေမဲ့ အပ်လုပ်နည်းကိုမသိရင် အပ်တစ်ချောင်း လုပ်ဖို့ကို မလွယ်ဘူး။ နည်းကလေးကိုသိလိုက်ရင်တော့လား သိပ်လွယ်သွားတော့တာပဲ။

အခုဒီစာအုပ်မှာ အင်မတန်အဖိုးတန်တဲ့ နည်းတွေပါတယ်၊ အဖိုးမဖြတ်နိုင်တဲ့ ပညာတွေလည်းပါတယ်၊ လက်ငင်းအကျိုးများစေမယ့် အကြောင်းအရာတွေလည်း ပါတယ်။

တော်ကူးဆရာတော်ဘုရားဆိုတာ ယခုဒီစာရေးချိန်မှာ သက်တော်ထင်ရှားရှိပြီး အင်မတန်ကြည်ညိုလေးစားထိုက်တဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် တစ်ပါးပါပဲ။ သူ့ရဲ့ဘဝကြိုးပမ်းမှုဟာ အားကျဖွယ်, အတုယူဖွယ်, သင်ခန်းစာယူဖွယ်ဖြစ်တဲ့အပြင် သူ့ရဲ့တွေ့မြင်ချက်များကလည်း သိပ်ကို အကျိုးကျေးဇူး ကြီးမားပါပေတယ်။

### ရတနာပုံနှင့်ဆုံတွေ့ခိုက်

'ခွင့်သာခိုက်ကမှ မလိုက်ချင်လျှင် အမိုက်နှင့်ပြင် ရှိသေးလေလိမ့်လား။ ခွင့်သာဆဲကမှ မခဲချင်လျှင် အလွဲနှင့်ပြင် ရှိသေးလေလိမ့်လား။ ခွင့်သာတုန်းကမှ မရုန်းချင်လျှင် အရှုံးနှင့်ပြင် ရှိသေးလေလိမ့်လား'

ပိဋကတ်သုံးပုံကို ဗဟုလိုခြေရေလိုနှောက် ထွန်းထွန်းပေါက်ပေါက် သိမြင်တော်မူတဲ့ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးဟာ



ဆနေယျသတ္တဝါအပေါင်းတို့အား အကြီးကျယ်ဆုံးအကျိုးစီးပွားကို ရစေလိုတဲ့ စေတနာနဲ့ ကျမ်းစာဒီပနီများ သံဝေဂတေးထပ်များကို ရေးစပ်ပြီး အထပ်ထပ် နှိုးဆော်ခဲ့ပါရဲ့။

ဒါပေမဲ့ လူအများစုက တုတ်တုတ်မျှ မလှုပ်ကြသေး။ 'ပစ္စည်းအလုပ်နှင့် နေ့ပုပ်လို့ရက်ကုန်၊ နစ်မျောလို့ အသက်ကုန်တယ်၊ တွက်ပုံဖြင့်မကောင်း'ကြပါ။ စီးပွားရေးမြင့်တက်လာရင် ဘဝတင့်တယ်လာမယ်လို့ထင်မှတ်နေကြတာ၊ ပရမတ္ထအမြင်မရှိဘဲ လောက ပညတ်အသိအမြင်လောက်နဲ့ ရောင့်ရဲနေရင် 'ပါယ်လေးဝ သောကပုံမှာ မျောရရုံရှိတော့မယ်'ကို မရိပ်စားမိကြ။ မချိတင်ကဲ အသည်းယားဖွယ် ကောင်းလှပေစွ။

ကျောက်မျက်ရတနာများနဲ့ ပြည့်နှက်နေတဲ့ ရတနာ တောင်ထိပ်သို့ ရောက်သွားလို့ သိန်းတန်ကျောက်ကောင်းတွေကို ကောက်မယူဘဲ ရာတန်ကျောက်ညံ့တွေလောက်သာ သယ်ပိုးယူလာမယ်ဆိုရင် 'အမိုက်နှင့်ပြင် ရှိသေးလိမ့်လား'လို့ စာရှုသူတို့ အပြစ်တင်ကြလိမ့်မယ်။

စာရှုသူတို့ကတော့ သိန်းတန်ကျောက်မျက်များထက် ပိုပြီး တန်ဖိုးကြီးမားတဲ့ ဓမ္မရတနာများနဲ့ ကြုံကြိုက်ဆုံခိုက်မှာ ဓမ္မရတနာများမသိမ်းယူဘဲ ဆယ်တန် ရာတန်စီးပွားရေးဖြစ်တဲ့ ကျောက်ညံ့တွေကို လိုက်ကောက်နေရုံနဲ့သာ အချိန်ကုန်မယ်ဆိုရင် 'အရှုံးနှင့်ပြင်ရှိသေးလေလိမ့်လား'လို့ မဆိုသင့်ပေဘူးလား။

### ကိုယ်တိုင်မြည်းကြည့်မှ ကောင်းမှန်းသိ

သီလ, သမာဓိ, ပညာဂုဏ်တွေ အလွန်ကြီးမားတော်မူကြတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားများက အတန့်တန်နှိုးဆော်တိုက်တွန်းလျှက်နဲ့က ခြေလှမ်းမပြင်ချင်ကြသေးဘူးဆိုရင် ကိုယ့်လည်ပင်းကို ကြိုးကွင်းစွပ်တာထက် ပိုဆိုးနေလိမ့်မယ်။

ကောင်းတာကို ကောင်းမှန်းမသိတော့ လိုချင်ရကောင်းမှန်းလည်းမသိတာ။ လောကရေးရာကို မသိတတ်သေးတဲ့ ကလေးငယ်တစ်ဦးဟာ တစ်သိန်းတန်ကျောက်မျက်ရိုင်းထက် ပလတ်စတစ်ရုပ်လှလှတစ်ရုပ်ကို ပိုလိုချင်ပေလိမ့်မယ်။ ဒါကြောင့် 'မရှိတာထက် မသိတာခက်တယ်'လို့ ဆိုကြတာပေါ့။

'သဗ္ဗရသံ ဓမ္မရသော ဇိနာတိ'

'အရသာအပေါင်းတို့မှာ တရားအရသာဟာ အကောင်းဆုံး'လို့ ဗုဒ္ဓကိုယ်တိုင် မိန့်ဆိုထားပေမယ့် တရားသဘောကိုမသိရင် အရသာကိုလည်း မသိနိုင်ဘူး။ တရားအရသာကိုအလွယ်ကူဆုံး မြည်းစမ်းကြည့်နိုင်တဲ့နည်းက ဝိပဿနာရှုမှတ်တဲ့နည်းပဲ။

ခုနစ်ရက်လောက် ဝိပဿနာရှုမှတ်ရုံနဲ့ အလွန်ကြီးကျယ်တဲ့ အကျိုးကျေးဇူးတွေ လက်ငင်းရနိုင်ပုံကို ဒီစာအုပ်မှာ ရှင်းရှင်းလင်းလင်း ဖော်ပြထားပါတယ်။

ဝိပဿနာဟာ အဖိုးတန်ဆုံးအလုပ်၊ အကျိုးအများဆုံးအလုပ်၊ လက်ငင်းစိတ်ချမ်းသာပြီး ကိုယ်ကျန်းမာစေတဲ့အလုပ်၊ ဝိပဿနာ မလုပ်ဖူးတဲ့သူတွေကို လုပ်ချင်လာအောင် တော်ကူးဆရာတော်ရဲ့ တိုက်တွန်းချက်ဟာလည်း အလွန်အားရစရာကောင်းပါတယ်။ ဒီစာအုပ်ကိုဖတ်ရှုပြီးတဲ့အခါ အဆွေလည်း ဝိပဿနာအလုပ်ကို လုပ်ချင်လာပါလိမ့်မယ်။



## နည်းကောင်းတစ်လက် တစ်သက်လုံးစံ

ဝိပဿနာရှုမှတ်တဲ့အခါမှာ တောင့်တင်း၊ ထုံကျဉ်၊ ကိုက်ခဲတဲ့ ဝေဒနာဆိုးတွေကို ကျော်လွှန်နိုင်ဖို့က ပထမအရေးအကြီးဆုံး အလုပ်ပဲ။ ဒီဝေဒနာဆိုးတွေကြောင့် ဝိပဿနာရှုမှတ်ခြင်းကို ရပ်လိုက်ချင်တယ်၊ ဣရိယာပုထ်ကို ပြောင်းလဲချင်တယ်။ ဣရိယာပုထ်ကို ခဏခဏပြောင်းတော့ သမာဓိမဖြစ်ဘူး။ သမာဓိမဖြစ်ရင် ဝိပဿနာဉာဏ်စဉ်တွေ မဖြစ်ပေါ်ဘူး။ ဉာဏ်စဉ်တွေမဖြစ်ပေါ်ရင် ဓမ္မအရသာကို မခံစားနိုင်ဘဲ အိမ်ပြန်ချင်တဲ့စိတ်က လွှန်ကဲလာလိမ့်မယ်။

နာကျင်ခံခက်တဲ့ ဝေဒနာဆိုးတွေကို ကျော်လွှားနိုင်ဖို့အတွက် တော်ကူးဆရာတော် နည်းပေးထားတာတွေဟာ အလွန်တန်ဖိုးကြီးမားလှပါတယ်။

ပြီးတော့တစ်ခါ ဣရိယာပုထ်ကို မပြောင်းဘဲ ၁၂ နာရီမှ ၂၄ နာရီစသည်ဖြင့် တစ်စပ်တည်း ရှုမှတ်သွားနိုင်တဲ့ နည်းကိုလည်း တော်ကူးဆရာတော်က သာမကပေါင်းမြောက်မြားစွာနဲ့ ချီးမြှင့်ထားတာဟာ အလွန့်အလွန်တွေ့နိုင်ခဲတဲ့ မဟာအခွင့်အရေးကြီး တစ်ရပ်ပါပဲ။

'နာကျင်ခံခက်တဲ့ ဝေဒနာဆိုးများကို ကျော်လွှားနိုင်တဲ့အခါ ကာယသုခဆိုတဲ့ ကိုယ်ချမ်းသာကို ခံစားရလိမ့်မယ်။ နီဝရဏခေါ်တဲ့ အပိတ်အပင်တရားများကို ကျော်လွှားနိုင်တဲ့အခါ စိတ္တသုခဆိုတဲ့ စိတ်ချမ်းသာကို ခံစားရလိမ့်မယ်။ သမာဓိအားကောင်းလာလို့ ဉာဏ်စဉ်တွေ အဆင့်ဆင့်မြင့်တက်သွားပြီးတဲ့အခါ သန္တိသုခဆိုတဲ့ ထာဝစဉ်အေးငြိမ်းတဲ့ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရလိမ့်မယ်'

ပြီးတော့ ဝိပဿနာဆိုတာ ဘေးအန္တရာယ်အပေါင်း ကင်းရှင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



အမြတ်တမ်း ရှုပွားကျက်စားသင့်တဲ့ အရိယာစားကျက်ဖြစ်တယ်ဆိုတာကိုလည်း တော်ကူးဆရာတော်ဘုရားက ညွှန်ကြားပြသထားပါတယ်။

## ရောဂါပျောက်ပုံ ကြောင်းကျိုးနုံ

အတော်အသင့်ရှည်လျားတဲ့ ဣရိယာပုထ်အမျိုးမျိုးနဲ့ တရားရှုမှတ်တဲ့အခါ ရောဂါအမျိုးမျိုးတို့ ထူးထူးခြားခြား ကင်းပျောက်ကြပုံကို ကျွန်တော်ကိုယ်တိုင် လက်တွေ့စူးစမ်းလေ့လာပြီး သိရှိခဲ့ရပါတယ်။ တော်ကူးဆရာတော်ရဲ့ မှတ်တမ်းမှ သာဓကဖြစ်ရပ် များစွာကိုလည်း ဒီစာအုပ်မှာ ဖော်ပြထားပါတယ်။

ရောဂါပျောက်ကင်းရတဲ့ အကြောင်းရင်းများကို စိတ်ပညာအမြင်နဲ့ရော၊ ကျမ်းစာအထောက်အထားနဲ့ရော၊ သိပ္ပံရှုထောင့်မှရော သုံးဘက်သုံးတန်မှ ချဉ်းကပ်ပြီး ဒီစာအုပ်နောက်ပိုင်းမှာ ကျွန်တော် ရှင်းလင်းတင်ပြထားပါတယ်။

ဝိပဿနာရှုမှတ်ခြင်းဟာ ရောဂါမျိုးစုံကို အံ့မခန်းလိလိ ပျောက်ကင်းစေနိုင်တယ်ဆိုတာကို ရောဂါရှင်အပေါင်းတို့ စိတ်ချလက်ချ ယုံကြည်ထားသင့်ပါတယ်။

တော်ကူးဆရာတော်ဘုရားဟာ ဝိပဿနာဆိုတဲ့ ဓမ္မောသဓဆေးကြီးကို မိမိကိုယ်တိုင်စားသုံးပြီးလို့ မိမိကိုယ်တိုင် ရောဂါမျိုးစုံ ပျောက်ကင်းပြီးတော့မှ သူတစ်ပါးတို့ကို တိုက်ကျွေးပါတယ်။

ဆရာတော်ရဲ့ စေတနာက ရောဂါပျောက်ဖို့သာ မဟုတ်ပါဘူး။ အလွန်ရှည်လျားလှတဲ့ သံသရာတစ်လျှောက်လုံးမှာ သတ္တဝါအပေါင်းတို့ကို ပူပန်လောင်မြိုက် နှိပ်စက်ဖျက်ဆီးနေကြတဲ့ ရာဂ, ဒေါသ, ဒိဋ္ဌိစတဲ့ ကိလေသာရောဂါဆိုးများကို တစ်ခါတည်း ပျောက်ကင်းသွားအောင် ကုစားလိုက်ပြီး အချမ်းသာဆုံးချမ်းသာကို ရစေလိုတဲ့ မြတ်စေတနာပါပဲ။



ဒီစာအုပ်မှာ တော်ကူးဆရာတော်ဘုရားရဲ့ ဘဝဖြစ်စဉ်, ဘဝကြိုးပမ်းမှု, တရားမှန်ရှာဖွေမှု, ဝိပဿနာရှုမှတ်နည်းကောင်းများကို ဖြန့်ချိမှု, သူမတူသော မေတ္တာစေတနာတို့ဖြင့် သတ္တဝါများအား ရိုင်းပင်းကူညီမှုစသည်တို့ကို ဗဟိုပြုပြီး ဝိပဿနာရှုမှတ်နည်းကို ဂုဏ်ထူးဆောင်အဆင့်အထိ သိနားလည်အောင်ကြိုးပမ်းပြီး ရေးသားထားပါတယ်။

ရုပ်နာမ်ခွဲခြားသည်မှအစ ဝိပဿနာဉာဏ်စဉ် ၁၆ ဆင့် မြင့်တက်သွားပုံနဲ့ ဝိသုဒ္ဓိခုနစ်ပါး အဆင့်ဆင့်ပြည့်စုံသွားပုံတို့ကိုလည်း ရှင်းရှင်းလင်းလင်း ဖော်ပြထားပါတယ်။

စာရှုသူ ဓမ္မမိတ်ဆွေအပေါင်းတို့သည် ကာယသုခ, စိတ္တသုခတို့နှင့် ပြည့်စုံပြီးသကာလ အမြင့်ဆုံးဘဝပန်းတိုင်ဖြစ်သည့် သန္တိသုခချမ်းသာအထိ ပေါက်မြောက်အောင် ကြိုးပမ်းအားထုတ်နိုင်ကြပါစေသတည်း။

၁၉၈၆ ခု၊ မတ်လ။ **ဒေါက်တာမင်းတင်မွန်**

www.burmeseclassic.com

www.burmeseclassic.com



### ဒုတိယအကြိမ်ပုံနှိပ်ခြင်း

ဤ 'ဝိပဿနာဂုဏ်ထူးဆောင်' စာအုပ်သည် ကျွန်တော်မျှော်မှန်းခဲ့သည်ထက်ပင် အဆများစွာ ပို၍ စာရှုပရိသတ် အပေါင်းတို့အား အကျိုးပြုပေးနေသည်ကို သိရှိရပါသဖြင့် ကျွန်တော် အလွန်ဝမ်းမြောက်မိပါကြောင်း။

ဒေါက်တာမင်းတင်မွန်
၁၉၈၆ ခု၊ ဩဂုတ်လ။

### သတ္တမအကြိမ်ပုံနှိပ်ခြင်း

ပရိသတ်များ၏ တောင်းဆိုချက်အရ ဤစာအုပ်ကို ပြန်လည်စိစစ်ပြီးလျှင် သတ္တမအကြိမ် ပုံနှိပ်ထုတ်ဝေလိုက်ပါကြောင်း။

ဒေါက်တာမင်းတင်မွန်
၁၉၉၂ ခု၊ ဩဂုတ်လ။

### အဋ္ဌမအကြိမ်ပုံနှိပ်ခြင်း

ကျွန်တော် မြန်မာနိုင်ငံအနှံ့ တရားဟောထွက်ရာမှာ မြို့ရွာများစွာမှာ ဤဝိပဿနာဂုဏ်ထူးစာအုပ်ကြောင့် ရောဂါပျောက်ကင်းသူများစွာက ကျေးဇူးတင်စကား ပြောလာကြတယ်။ ဤစာအုပ်ဟာ ဓမ္မရေးရာမှာရော၊ ကာယသုခရေးရာမှာရော လူများစွာကို ကျေးဇူးပြုနေတဲ့အတွက် အဋ္ဌမအကြိမ် ပုံနှိပ်ထုတ်ဝေရခြင်းဖြစ်ပါတယ်။

ဒေါက်တာမင်းတင်မွန်
၁၉၉၉ ခု၊ ဩဂုတ်လ။

နမော တဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## နိဒါန်း

'လင်နှင့်မယား၊ သားနှင့်သမီး၊ မြေးနှင့်ဥစ္စာ၊ ဆွေမျိုးညာနှင့်၊ ကွာမကွေ၊ မသေရဘဲ၊ အတူမြဲ၍၊ မလွဲတစ်၊ ဘယ်မှာရှိလိမ့်'

လောကတံထွာ မိဘနှင့်သားသမီးတို့သည် စည်းစိမ်အလယ်တွင် ပြုံးပြုံးရွှင်ရွှင် ကြင်ကြင်နာနာ အခွန့်ရှည်စွာ စံနေလိုကြသော်သည်း နေခွင့်မရကြပါ။ အနိစ္စ– မမြဲခြင်း၊ ဒုက္ခ– ဆင်းရဲခြင်းနှင့်၊ အနတ္တ– အစိုးမရခြင်းတည်းဟူသော နိယာမတရားတို့က မည်သူ့အားမျှ မျက်နှာသာမပေးဘဲ သတ္တဝါအားလုံးတို့ကို တစ်စက္ကန့်မျှမယွင်းအောင် အမြဲတစေနှိပ်စက်ညှဉ်းပန်းလျက် ရှိကြပေ၏။

'နှမျစ်ငယ်သွေး၊ ရုပ်ကွေးလေးတို့၊ လူရေးလူရာ၊ ဝင်သေးစွာဘဲ၊ လူ့ရွာနှစ်သိမ့်၊ ပျော်စံငြိမ့်သား၊ စည်းစိမ့်သဘင်၊ မစံခင်ဘိ၊ ရင်လတ်မီ၊ သေမင်းချီ၏။'

အသက်ငယ်ပါသေးသည်၊ လူရာမဝင်သေး၊ လူ့စည်းစိမ်ကိုလည်း မခံစားရသေးဟု နှုတ်ချီသွေး၍မရ။ မရဏမင်းခေါ်ငင်လျှင် အဆောတလျင် လိုက်ပါရမည်သာတည်း။

သတ္တဝါတို့ စိတ်အညစ်အကြေးကင်းစင်ရန်၊ စိုးရိမ်ပူဆွေးခြင်းတို့ ငြိမ်းအေးရန်၊ အနိစ္စ, ဒုက္ခတရားတို့မှ လွတ်မြောက်ရန်၊ ထာဝရချမ်းသာကို ခံစားနိုင်ရန်အတွက် တစ်ခုတည်းသော အားကိုးရာလုပ်ငန်းစဉ်ကြီးမှာ မဟာသတိပဋ္ဌာန်ဝိပဿနာတရား ရှုမှတ်ခြင်းပင် ဖြစ်ပေ၏။

ဝိပဿနာရှုမှတ်၍ ရုပ်နာမ်အဖြစ်အပျက်ကို တစ်ခဏမျှမြင်သိသွားချေလျှင် ဤဘဝ လူဖြစ်ရကျိုးနပ်လေပြီ။ နောက်ဘဝများ

www.burmeseclassic.com

www.burmeseclassic.com



ဌ်လည်း ဆုတ်နစ်ခြင်းမရှိ။ ဝိပဿနာမျိုးစေ့သည် အစို့ပေါက်၍ အညှောက်ထွက်ကာ အပင်ငယ်အပင်လတ်တို့မှတစ်ဆင့် အပင်ကြီး အဖြစ်သို့ ရောက်သည့်တိုင်အောင် ကြီးထွားစည်ပင်သွားမည်ဖြစ် ရာ သန္တိသုခဟူသော နိဗ္ဗာန်ချမ်းသာကို မနေးမကြာ ခံစားရမည် သာ ဖြစ်သတည်း။

'ရုပ်ဓာတ် နာမ်ဓာတ်၊ ပရမတ်စစ်၊ ဖြစ်ပျက်နှစ်သွယ်၊ မမြင် ကွယ်သော်၊ ရှစ်ဆယ်ကိုးဆယ်၊ အရွယ်ကျော်ကာ၊ တစ်ရာလုလု နေရစေဦး၊ လူဖြစ်ကြုံထူး၊ မမြတ်စဖူးတဲ့၊ ဖြစ်ပျက်နှစ်ပါး၊ ထိုတရား ကို၊ ထင်ရှားသိမြင်၊ တစ်ရက်ပင်သာ၊ နေရပါလျက်၊ တစ်ရာထက် သာ၊ မြတ်လှစွာ၏။'

ရုပ်နာမ်အဖြစ်အပျက်ကို မမြင်သိဘဲ အသက်တစ်ရာနေရပ သော်လည်း မမြတ်၊ ရုပ်နာမ်အဖြစ်အပျက်တို့ကို ထင်ရှားစွာသိမြင် သောသူ၏ တစ်ရက်သာအသက်ရှင်ခြင်းက ပို၍မြတ်၏။

အနှစ်သာရအပေါင်းနှင့် နှစ်ထောင်းအားရစဖွယ် တင့်တယ် ကြိုင်လှိုင်သော မြတ်ဗုဒ္ဓ၏ သာသနာတွင် ပုဗ္ဗဘာဂမဂ်ခေါ် ဝိပဿနာ လုပ်ငန်းစဉ်သည် ပဓာနအချုပ်အခြာ ဘာဝနာလုပ်ငန်းစဉ်ကြီး ဖြစ် ပေရာ အမျိုးကောင်းသား အမျိုးကောင်းသမီးတိုင်းသည် မဆိုင်းမတွ တက်ကြွနိုးကြားစွာ ဝိပဿနာတရားကို ရှုမှတ်ပွားများသင့် လှပေ သတည်း။

အခန်း (၁၄)

# တော်ကူးဆရာတော်၏ ဘဝဖြစ်စဉ်အကျဉ်း

## ဇာတိနှင့် ဆွေးမျိုးများ

တော်ကူးဆရာတော် ဦးနန္ဒိယအဖြစ် နောင်တွင်ထင်ရှားလာ သည့် မောင်ထွန်းရီကို ကောဇာသက္ကရာဇ် ၁၂၅၂-ခုနှစ်၊ ဝါခေါင် လပြည့်ကျော် ၃-ရက်၊ စနေနေ့တွင် မုဒုံမြို့နယ်၊ တော်ကူးရွာ၌ ဖွားမြင်ခဲ့၏။

မိဘနှစ်ပါးမှာ ဦးလူကလေးနှင့် ဒေါ်ဖွားကျုံတို့ ဖြစ်ကြ၏။

ဦးထွန်းရီတွင် တစ်အူထုံ့ဆင်းသည့် သားချင်းမောင်နှမ ၆-ဦး ရှိ၏။ သူ့ထက် အသက်ကြီးသူတို့မှာ ဒေါ်ကြေးနှင့် ဦးဗိန္ဒုတို့ဖြစ် ကြပြီး သူ့အောက်အသက်ငယ်သူတို့မှာ ဒေါ်မင်းသေး, ဒေါ်နှင်းရေး, ဒေါ်ငွေသိန်းနှင့် ဦးထွန်းဖေတို့ဖြစ်ကြ၏။

ဆရာတော်၏ မောင်နှမများသည် သီလခိုင်မြဲသူများ ဖြစ်ကြ သည်နှင့်အညီ အသက်ရှည်ကြ၏။ ယခုအခါ ဆရာတော်(၉၅- နှစ်)၊ ဒေါ်ငွေသိန်း(၈၇-နှစ်)နှင့် ဦးထွန်းဖေ(၈၄-နှစ်)တို့သည် အသက်ရှင်လျက် ရှိကြသေး၏။

## ပညာရှာမှီးခြင်း

တော်ကူးရွာသည် မုဒုံမြို့၏ တောင်ဘက် ငါးမိုင်အကွာတွင် တည်ရှိ၏။ လွန်ခဲ့သော နှစ် ၉၀-ကျော်က တော်ကူးရွာသည် သေး

www.burmeseclassic.com

www.burmeseclassic.com



သမားမိသားစုအနည်းငယ်တို့ စုဝေး၍နေထိုင်ရာ ရွာငယ်ကလေး တစ်ခုသာ ဖြစ်၏။ ထိုရွာငယ်၌ ကြီးပြင်းလာကြသော ကလေးသူငယ် များ၏ ပညာရှာမှီးရာဌာနမှာ ဘုန်းကြီးကျောင်းပင် ဖြစ်၏။

ဦးနန္ဒိယလောင်းလျာဖြစ်သော မောင်ထွန်းရီသည် သိတတ်စ အရွယ်မှစ၍ ဖခင်လယ်သမားကြီးနောက်သို့လိုက်ပြီး လယ်လုပ်ငန်း ၏ တောက်တိုမည်ရ အလုပ်ကလေးများကို ကူလုပ်ပေးခဲ့ရ၏။ နွားထိန်းကျောင်းရ၏။ ထွန်ရေးငင်ရ၏။ လယ်လုပ်ငန်းများ ပြီး စီးသောအချိန်တွင် ဘုန်းကြီးကျောင်းသားတစ်ဦးအဖြစ်နှင့် စာသင်အံရ ၏။

အသက် ၁၅–နှစ်အရွယ်သို့ ရောက်သည့်အခါ ရှင်သာမဏေ အဖြစ်ကိုခံယူပြီး စာဆက်သင်၏။ သို့သော် ထိုနှစ်တွင်ပင် ဖခင် ကွယ်လွန်သွားသည့်အတွက် လူဝတ်လဲကာ လယ်လုပ်ငန်းတွင် ပိုမို ကြီးလေးသည့်တာဝန်ကို ထမ်းရွက်ရ၏။

အသက် ၁၉–နှစ်အရွယ်တွင် တော်ကူးရွာ ကျောက်ရစ်ကျောင်းမှ ဘုန်းကြီးဦးကေတုနှင့်အတူ သီဟိုဠ်နိုင်ငံသို့ လိုက်ပါသွားပြီးလျှင် ကန်ဒီမြို့၌တည်ရှိသည့် မြတ်စွာဘုရား၏ စွယ်တော်တိုက်ကို သွား ရောက်ဖူးမြော်၏။

စွယ်တော်တိုက်ကို သီဟိုဠ်ဘုန်းကြီးများက ကြပ်ကြပ်တည်းတည်း ထိန်းကွပ်ထားကြသည့်အတွက် ထောင်ပေါင်းများစွာသော ဘုရားဖူးတို့ သည် ခပ်လှမ်းလှမ်းအကွာအဝေးမှသာ စွယ်တော်မြတ်ကို ဖူးမြော်ခွင့် ရကြ၏။ ထိုသို့စွယ်တော်ကို သဲသဲကွဲကွဲ မမြင်မတွေ့ရဘဲ ခပ်လှမ်း လှမ်းမှ ဖူးမြော်ရသည်ကို မောင်ထွန်းရီ မကျေနပ်နိုင်ပါ။

သို့အတွက် ညနေစောင်း၌ စွယ်တော်တိုက်ပိတ်ချိန်အထိ မောင်ထွန်းရီသည် စွယ်တော်တိုက်အတွင်း ပုန်းကွယ်နေရစ်၏။



ဘုန်းကြီးများက စွယ်တော်ကြုတ်ကိုသော့ခတ်ရန် ဝင်ရောက်ကြသည့် အခါ မောင်ထွန်းရီသည် ရဲဝံ့စွာလိုက်ဝင်သွားပြီးလျှင် စွယ်တော်ကို ဖူးမြော်ခွင့်တောင်းခံ၏။ မြန်မာနိုင်ငံမှ မိမိလာရောက်ခဲ့ရသည့် အကြောင်းကိုလည်း လက်ဟန်ခြေဟန်ဖြင့်ရှင်းပြ၏။ ကုသိုလ်ကောင်းမှု တွင် အလွန်ရဲစွမ်းသတ္တိရှိသောသူပေတည်း။

သီဟိုဠ်ဘုန်းကြီးတို့ မကျေနပ်လျှင် သူ့အား ပုလိပ်လက်ထဲ သို့ အပ်နှံလိုက်နိုင်၏။ သို့သော် သူ၏ရဲရင့်မှုနှင့် ရိုးသားဖြူစင် သည့် ဥပဓိရုပ်တို့ကို သီဟိုဠ်ဘုန်းကြီးတို့က သဘောကျလက်ခံပြီး သူ့အား စွယ်တော်မြတ်ကို တဝတမော ဖူးမြော်ခွင့်ပြုလိုက်ကြ၏။

သီဟိုဠ်နိုင်ငံမှ ပြန်လာသောအခါ မြင့်မြတ်သည့် ရဟန်းဘဝ ကို ခံယူပြီးလျှင် တစ်နှစ်တာမျှ စာပေကျမ်းဂန်ကို သင်အံရ၏။ ဝိနည်းနှင့် သဂြိုဟ်ကျမ်းတို့ကို လေ့လာခွင့်ရ၏။

## ဥစ္စာရှာမှီးခြင်း

ရဟန်းဘဝဖြင့် ပျော်ပိုက်စွာ ဆက်လက်နေချင်ပါသော်လည်း လယ်လုပ်ငန်းကို လုံးဝတာဝန်ယူ၍ မိခင်အားလုပ်ကျွေးရန် အ တွက် ဦးထွန်းရီသည် လူဝတ်ကြောင်အဖြစ်သို့ လျှောဆင်းလိုက်ရ ပြန်၏။ ဦးထွန်းရီသည် မိခင်အား အလွန်ချစ်ခင် ကြင်နာတတ်သူ တစ်ဦးပေတည်း။

မိဘလယ်သည် တော်ကူးရွာ၏ တောင်ဘက်လေးမိုင်ခန့်ဝေး သည့် ဇဲကလိကွင်း၌ တည်ရှိ၏။ လယ်ပမာဏမှာ ၁၁–ဧကဖြစ်၏။ လယ်ကွင်းထဲ၌ လုပ်ငန်းမစမီ နွေရာသီကာလ၌ တဲထိုးရန်နှင့် ထင်းအဖြစ်အသုံးပြုရန်တို့အတွက် တော်ကူးရွာအရှေ့ဘက်ရှိ တော

www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ ထင်းခုတ်၊ ဝါးခုတ်ရန်အတွက်သွားရ၏။ အင်ဖက်များကိုလည်း ခူးဆွတ်ပြီး အိမ်မိုးရန်အတွက် သီထိုးရ၏။

မိုးမကျမီ နေအိမ်ကိုလည်း ပြုပြင်ရ၏။ လယ်တဲကိုလည်း ပြုပြင်ဆောက်လုပ်ရ၏။ လယ်တဲသို့ ဝမ်းစာမျိုးစပါး၊ လယ်လုပ်ငန်းပစ္စည်းများကို သယ်ပို့ထားရ၏။ မိုးကျလာလျှင် လယ်ထွန်ခြင်း၊ ပျိုးကြဲခြင်း၊ ပျိုးစိုက်ခြင်း၊ ပေါင်းသင်ခြင်းစသည်တို့ကို မိုးထဲနေထဲတွင် လုပ်ကိုင်ရ၏။

လယ်လုပ်ငန်းသည် လွန်စွာပင်ပန်းသော အလုပ်ပေတည်း။

ဦးထွန်းရီ အသက် ၂၅-နှစ်အရွယ်တွင် တံခွန်တိုင်ရွာသူ မသင်းကြူနှင့် အိမ်ထောင်ကျ၏။ သမီးတစ်ယောက် ထွန်းကား၏။ မတင်ရွှေဟု အမည်ပေးကြ၏။

ဇနီး၊ သမီးနှင့်ဖြစ်လာသောအခါ လုပ်ငန်းခွင်ကိုတိုးချဲ့ရန် လိုလာ၏။ သို့အတွက် မိဘလယ်နှင့် နီးကပ်လျက်ရှိသော လယ်မြေ ၁၅-ဧကကို ဝယ်ယူပြီးလျှင် မိဘလယ်နှင့်တကွ စုစုပေါင်း လယ် ၂၆-ဧကကို ဦးထွန်းရီဦးစီးပြီး လုပ်ကိုင်လေ၏။ တာဝန်ကြီးလေးလာသည်နှင့်အမျှ လူလည်း ပိုပင်ပန်းလာ၏။ ပင်ပန်းမှုများလာသောအခါ ကျန်းမာရေးချို့တဲ့လာ၏။

သို့အတွက် အသစ်ဝယ်ထားသော လယ်၁၅-ဧကကို သုံးနှစ်ခန့် ထွန်ယက်စိုက်ပျိုးပြီးသည့်နောက် ပြန်လည်ရောင်းချလိုက်ရ၏။ ပိုလျှံသောငွေဖြင့် တော်ကူး တံခွန်တိုင်ရွာညီနောင်တွင် အိမ်ခြံသုံးခြံကို ဝယ်ယူထားလိုက်၏။

ဆောင်းရာသီ စပါးရိတ်သိမ်းပြီးသောအချိန်တွင် ဦးထွန်းရီသည် ဆန်ကုန်သည် တစ်လှည့်လုပ်ပြန်၏။ စပါးဝယ်၊ စပါးကြိတ်၍ရလာသော ဆန်ကို ၂၃-မိုင်ဝေးသည့် မော်လမြိုင်မြို့သို့ မိမိလှည်းဖြင့်



တင်ဆောင်သွားပြီးလျှင် ရောင်းချ၏။ ဤအလုပ်ကိုလည်း ဝင်မလာမီ ၃ - ၄ နှစ်မျှ လုပ်ကိုင်လိုက်ရ၏။

## သေကံမရောက် သက်မပျောက်

လယ်ယာလုပ်ငန်းဟူသည်မှာ ပင်ပန်းမှုနှင့် ရောပြွမ်းနေရုံသာမက အသက်ဘေးအန္တရာယ်နှင့်လည်း ယှဉ်စပ်နေ၏။

လယ်ကွက်ထဲ၌ လယ်ထွန်စဉ်၊ ပေါင်းသင်မြက်နုတ်စဉ်၊ စပါးရိတ်သိမ်းစဉ်အခါများ၌ မြွေဆိုးနှင့် ရင်ဆိုင်တိုးနိုင်၏။ တောထဲနှင့် တောင်ပေါ်သို့သွား၍ ဝါးခုတ်သစ်ခုတ်သည့်အခါတို့၌လည်း မြွေဆိုးများ၊ သားရဲတိရစ္ဆာန်များနှင့် ရင်ဆိုင်တိုးနိုင်၏။ ဦးထွန်းရီသည် ဤအန္တရာယ်ဆိုးများနှင့်ကား မကြုံတွေ့ခဲ့ရပေ။

သို့သော် တောထဲ၌သစ်ခုတ်ပြီး ထင်းတုံးကြီးများကို လှည်းပေါ်သို့ မနိုင်မနင်းတင်ကြသည့်အခါ သစ်တုံးများပိမိသည့်ဒဏ်ကို ဦးထွန်းရီ မကြာခဏခံရ၏။ လှည်းပေါ်သို့ သစ်ဝါးများကိုတင်ပြီးနောက် တောင်စောင်းအတိုင်း ဆင်းလာသည့်အခါ နွားနှစ်ကောင်တို့က အရှိန်မသတ်နိုင်သဖြင့် ဒုန်းစိုင်းပြီးပြေးဆင်းကြ၏။ ထိုအခါ သစ်ငုတ်၊ ကျောက်တုံး၊ ချိုင့်အဖုအထစ်များနှင့် တင်းကျွမ်းပြည့်နေသော လမ်းပေါ်တွင် သံခွေရစ်ပတ်ထားသည့် လှည်းဘီးကြီးနှစ်ခုသည် တဒုန်းဒုန်း တဒိန်းဒိန်းနှင့် လိမ့်ဆင်းလာကြတော့၏။ လှည်းဇင်တုံးပေါ်တွင် တင်ဆောင်ထားသော သစ်တုံးများသည် ဆီးဖြူသီးကို စကောထဲ ထည့်၍ ဝိုင်းဝိုင်းလှည့်မွှေပေးသလို ရပ်တည်၍မရဘဲ ကစဉ့်ကလျား ရှေ့လျားကြလေတော့၏။ ဤအခါမျိုး၌ သစ်တုံးရောလူပါ လှည်းပေါ်မှ ခွင့်စဉ်ကျတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းရီသည် သုံးကြိမ်တိုင်တိုင် လှည်းပေါ်မှ လွင့်စဉ်ကျဖူး၏။ ထိုအခါများ၌ သစ်တုံးများသည် သူ့ကိုယ်ပေါ်သို့ ပိကျလာ၏။ သို့သော် သေကံမရောက်၍ ဦးခေါင်း, ရင်အုံစသည်တို့၌ မထိခိုက်သဖြင့် အသက်မပျောက်ခဲ့ချေ။

တစ်ကြိမ်တွင် သစ်ခုတ်ရန်တောထဲသို့ ဝင်သွားစဉ် ဦးထွန်းရီသည် လှည်းဖင်တုံးပေါ်ထိုင်လျက် ခြေတွဲလွဲချထား၏။ သူ၏ မျက်လုံးအစုံကား အပေါ်သို့မော့လျက် လှည်းလမ်းတစ်လျှောက်ရှိ သစ်ပင်များကိုကြည့်သွားကြ၏။ သူ၏ ရည်ရွယ်ချက်မှာ လှည်းအသွားအလာကို အနှောင့်အယှက်ပြုနိုင်သည့် သစ်ကိုင်းသစ်ခက်များကို ခုတ်ထွင်ရှင်းလင်းသွားရန်ဖြစ်၏။

တစ်နေရာတွင် လမ်းအလယ်တည့်တည့်၌ သစ်ငုတ်ကြီးတစ်ခုသည် ငေါငေါပေါ်ထွက်နေ၏။ ထိုသစ်ငုတ်ကို ဦးထွန်းရီ သတိမပြုမိပေ။ အများအကျိုးကို သယ်ပိုးလိုသော စိတ်ထားဖြင့် အပေါ်သို့သာ ငေးမောကြည့်နေမိ၏။ အားသန်သော သူ၏နွားနှစ်ကောင်က အားမာန်အပြည့်နှင့် သွားနေကြ၏။

ထိလေပြီ။ ဒိုင်းခနဲ ... သူ၏မျက်လုံးအစုံမှ မီးပွင့်ထွက်သွားပြီး သူချက်ချင်း သတိမေ့သွားလေ၏။ တွဲလွဲချထားသော သူ၏ခြေထောက်တစ်ဘက်သည် သစ်ငုတ်နှင့်အဟုန်ပြင်းစွာတိုက်လိုက်မိသဖြင့် ဒူးဆစ်အောက်နား၌ ဟက်တက်ကွဲသွားလေပြီ။ အနည်းငယ် သားတိမ်းစောင်း၍ ထိခိုက်မိခြင်းကြောင့်သာ ထစ်ခနဲ ခြေထောက်ပြတ်ထွက်မသွားခြင်းဖြစ်၏။

ဦးထွန်းရီ သတိရလာသောအခါ ဟက်တက်ကွဲသည့် ဒဏ်ရာမှ သွေးအမြောက်အမြား ယိုစီးထွက်သွားပြီးဖြစ်၏။ သူ့တွင် ခွန်အားနဲ့နဲ့သာ ကြွင်းကျန်တော့၏။ ဦးထွန်းရီသည် ဒေါသစိတ်မဖြစ်ဘဲ



နွားနှစ်ကောင်ကို ကြင်နာစွာဖြင့် နောက်ပြန်လှည့်စေကာ အိမ်သို့ပြန်လာ၏။

ဆေးဆရာများနှင့် နှစ်လကြာကုသပါသော်လည်း ဒဏ်ရာကြီးမှာ မပျောက်ကင်းသည့်အပြင် မန်းလိုက်ပြီး အကြီးအကျယ်ရောင်ရမ်းနေလေ၏။ ဆေးဆရာတို့က လက်လျှော့သွားကြလေပြီ။ ဦးထွန်းရီ သေတော့မည်ဟု ယုံကြည်ကြ၏။ ဇနီး, သမီးနှင့် ဆွေမျိုးများကလည်း မျက်နှာမကောင်းကြ။ တစ်ဦးတည်းသော စိတ်ဓာတ်မကျသူမှာ ဦးထွန်းရီပင် ဖြစ်၏။

ဦးထွန်းရီသည် ရေအင်တုံကို ယူလာစေပြီးလျှင် ဒဏ်ရာရှိသော ခြေထောက်ကို ရေ၌စိမ်ထား၏။ တစ်နာရီခန့်ကြာသောအခါ ရေပူလာသဖြင့် ရေအေးနှင့်လဲစေပြီး တစ်ဖန် စိမ်ထားပြန်၏။ ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃာ့ဂုဏ်တော်တို့ကို အာရုံပြုပြီးလျှင် မေတ္တာစိတ်ကို ဖြန့်ကြက်ထား၏။

ထိုသို့ ရေစိမ်ခြင်း, မေတ္တာဘာဝနာပွားများခြင်း သက်သက်ဖြင့်သာ မန်းကျပြီး အနာပျောက်ကင်းသွားလေတော့၏။

## အသက်ဘေးနီးလွန်းလှသည့် ဒဏ်ရာကြီး

ဦးထွန်းရီ အသက်၄၀ ခန့်အရွယ်တွင် မိမိမွေးထားသည့် နွားသိုးကြီးဝှေ့လိုက်သဖြင့် လည်ပင်းထုတ်ချင်းပေါက်သွား၏။ ဤတွင်လည်း လည်ပင်းအလယ်တည့်တည့်ကိုသာ နွားဝှေ့မိလျှင် ပွဲချင်းပြီး သေသွားမည်ဖြစ်၏။ အနည်းငယ် ဘေးချော်သွားသည့်အတွက် အသက်ရှင်နေခွင့်ရသွားပြန်ပေ၏။

ဖြစ်ပုံမှာ ဤသို့တည်း။ မိတ်ဆွေတစ်ဦးက မိမိ၏နွားမကို

www.burmeseclassic.com



မိတ်လိုက်စေလို၍ ဦးထွန်းရီထံမှ နွားသိုးကြီးကို ခေတ္တပေးလိုက်ရန် လာတောင်း၏။ စိတ်ကောင်းရှိသော ဦးထွန်းရီသည် အလွယ်တကူပင် ပေးလိုက်၏။

သို့သော် နွားသိုးမှာ အနည်းငယ်ရိုင်းနေသည့်အတွက် နွားဆွဲသွားသောသူအား လိုက်ဝှေ့လေ၏။ ထို့ကြောင့် ထိုလူသည် နွားကြိုးကို လွှတ်၍ ဦးထွန်းရီထံသို့ ပြေးလာ၏။

ဦးထွန်းရီသည် မိမိနွားကိုဖမ်းယူရန် ခြံတိုင်များကို ကွယ်ကာ၍ နွားဆီသို့ချဉ်းကပ်သွား၏။ နွားဆီသို့ တိုက်ရိုက်သွားလျှင် နွားထွက်ပြေးသွားမည်ကို စိုး၍တည်း။ နွားသိုးနှင့် နီးကပ်လာသောအခါ ဦးထွန်းရီသည် ခြံတိုင်အကာအကွယ်မှ ရုတ်ခြည်းထွက်၍ နွားကိုဖမ်း၏။ နွားကလည်း ချက်ချင်းပင် နောက်လှည့်ပြီး သူ့အား ဝှေ့လိုက်၏။ သူ၏လည်ပင်းကို ထိမှန်သွားသဖြင့် ဦးထွန်းရီ ပုံကျသွားလေ၏။

နွားသိုးက သခင်မှန်း မမှတ်မိသေး၍လောမသိ၊ နောက်တစ်ချီဝှေ့ရန် ဟန်ပြင်လိုက်၏။ ထိုအခါ ဆားမှကြည့်နေကြသောလူများက ဩသံပေး၍ နွားကိုအတင်းဖမ်းလိုက်ကြသဖြင့် ဦးထွန်းရီ သက်သာသွားလေသည်။

ထိုအခါက တောရွာများ၌ ဆေးခန်းမရှိပါ။ ဦးထွန်းရီသည် မိမိထံ၌ရှိသည့် တင်ချာဆေးရည်ကိုသာ မိမိအနာပေါ်သို့ လောင်းထည့်စေ၏။ မည်မျှပူစပ်လိုက်မည်နည်း၊ သို့သော် ဦးထွန်းရီသည် မဖြုံပါ။

အနာမန်းလိုက်ပြီး ရောင်ရမ်းလာပြန်လေပြီ၊ မျက်နှာနှင့် ခေါင်းတစ်ပိုင်းပါ မန်းလိုက်ပြီး ရောင်ရမ်းနေ၏။ ဦးထွန်းရီ လှဲအိပ်၍မရပါ။ လှဲလိုက်လျှင် လည်ပင်းတစ်ဆို့ပြီး အသက်ရှူကျပ်လာလေတော့၏။

သို့အတွက် နံရံဘေးတွင် ခေါင်းအုံးခုပြီး ငုတ်တုတ်ထထိုင်နေရ၏။ ပါးစပ်ဟ၍လည်းမရ။ ထမင်းရည်ကျဲကျဲကို သွားကြားမှ စုပ်သွင်းယူရ၏။ ရက်နှစ်ဆယ်လုံးလုံး ဤသို့သာ ငုတ်တုတ်ထိုင်နေရ၏၊ ဝေဒနာကြီးလှပေစွ။



ဦးထွန်းရီသည် မျက်စိအစုံကိုမှိတ်ထား၍ ဘုရားကိုသာ အာရုံပြုနေ၏။ မိမိပို့နေကျ ၅၂၈–သွယ် မေတ္တာကိုလည်း အထပ်ထပ်အခါခါ ဖြန့်ပို့၏။ အကယ်၍ မန်းရည်သာ နောက်တစ်ရက် နှစ်ရက်အတွင်း မကျလျှင် မိမိသေလိမ့်မည်ကို ဦးထွန်းရီ ခန့်မှန်းမိ၏။ ဆွေမျိုးများကလည်း ပူပန်စိုးရိမ်နေကြပြီ။ သို့သော် ဦးထွန်းရီသည် တုန်လှုပ်ချောက်ချားမှုမရှိဘဲ တည်ငြိမ်စွာပင် ဘုရားဂုဏ်တော်များကို အာရုံပြုနေ၏။

၂၁–ရက်မြောက်သည့်နေ့တွင် မန်းရည် ပေါက်ကျလာ၏။ အနာသက်သာလာ၏။ ဦးထွန်းရီ အသက်ရှင်ပြန်လေပြီတကား။

## မည်သည့်တန်ခိုးကြောင့်နည်း

**အရှင်ဗာကုလ** မထေရ်လောင်းလျာသည် ကလေးငယ်ဘဝက မင်္ဂလာနေ့ဝယ် သူ့အား အထိန်းမိန်းမက မြစ်ရေထဲ၌ ရေချိုးပေးနေစဉ် အထိန်း၏ပေါ့လျော့မှုကြောင့် သူရေထဲမျောပါသွား၏။ မကြာမီ သူ့ကိုငါးကြီးတစ်ကောင်က မျိုချလိုက်၏။ ထိုငါးကို တံငါသည်များကဖမ်းမိပြီး ဗာရာဏသီမြို့အတွင်း၌ လှည့်လည်ရောင်းချ၏။ ဗာရာဏသီသူဌေးကတော်က ဝယ်ယူပြီးလျှင် ငါးကို ကိုယ်တိုင်ခွဲခြမ်း၏။ ထိုအခါ ရွှေရောင်ဝင်းနေသည့် ကလေးငယ်ကို ဆားရန်မခဘဲ မြင်တွေ့ရသဖြင့် သားအဖြစ် မွေးစားလိုက်လေ၏။

**အရှင်သံကိစ္စ** မထေရ်လောင်းလျာသည်လည်း မိခင်၏ဝမ်း၌ ပဋိသန္ဓေကိန်းအောင်းနေစဉ် မိခင်ကွယ်လွန်သွား၏။ မိခင်၏ အ

www.burmeseclassic.com

www.burmeseclassic.com



လောင်းကို မီးသင်္ဂြိုဟ်ရန် ထင်းပုံပေါ်၌တင်ပြီး တံစူးဝါးတို့ဖြင့် ထိုးဆွပေးသောအခါ ဝါးစွန်းငယ်တစ်ခုသည် ကလေးငယ်၏ မျက်ထောင့်ကိုထိုးမိ၏။ ထိုအခါ သူငယ်၏ ရုန်းကန်မှုကြောင့် မိခင်၏ ဝမ်းဗိုက်လှုပ်သွားသည်ကို မီးသင်္ဂြိုဟ်နေကြသည့်လူအများက မြင်ကြ၏။

သို့အတွက် အလောင်းကို ထင်းပုံပေါ်မှယူပြီးလျှင် ဗိုက်ခွဲကြ၏။ အသက်ရှင်လျက်ရှိသော အရှင်သံကိစ္စလောင်းလျာကို ချမ်းသာစွာ မြင်တွေ့ရသဖြင့် သူ၏အဘွားအား ကျွေးမွေးရန် ပေးအပ်လိုက်ကြ၏။

အရှင်ဗာကုလမထေရ်နှင့် အရှင်သံကိစ္စမထေရ်တို့သည် ဂေါတမမြတ်စွာဘုရားလက်ထက်တွင် ရဟန္တာအရှင်မြတ်များ ဖြစ်လာကြ၏။ ဤသို့ရလတ္တံ့သော အရဟတ္တမဂ်ဉာဏ်၏ တန်ခိုးအာနုဘော်ကြောင့် ထိုမထေရ်နှစ်ပါးသည် ကလေးဘဝက အသက်ဘေးကြုံလျက် မသေဆုံးခဲ့ကြရခြင်း ဖြစ်ပေ၏။

တော်ကူးဆရာတော်ဘုရား၏ လောင်းလျာဖြစ်သော ဦးထွန်းရီသည် နောင်ရလတ္တံ့သော သမာဓိထူး ဉာဏ်ထူး၏ တန်ခိုးသတ္တိကြောင့် အသက်သေနိုင်သည့် ဘေးဒဏ်များနှင့်အကြိမ်ကြိမ် ကြုံတွေ့ခဲ့သော်လည်း မသေဆုံးဘဲ အသက်ရှင်နေခြင်းပေလော။ ပညာရှိတို့ ချင့်ချိန်တွေးခေါ် ကြည့်ကြပါကုန်လော့။

## သာသနာ့ဘောင်တစ်လှည့် လူ့ဘောင်တစ်လှည့်

ဦးထွန်းရီသည် သဒ္ဓါတရားထက်သန်သူ ဖြစ်သည်နှင့်အညီ ရတနာသုံးပါး ဆရာသမားများနှင့် မိဘတို့ကို အလွန်ကြည်ညိုလေးစား၏။ သာသနာ့ဘောင်၌ ရဟန်းဘဝနှင့် နေထိုင်ရသည်ကိုလည်း နှစ်သက်ပျော်ပိုက်၏။



ရောဂါထူပြောလှသော ဦးထွန်းရီကို 'ဘဝပြောင်းလိုက်ပါ'ဟု ဗေဒင်ဆရာများက တွက်ချက်ပေးသဖြင့် ဦးထွန်းရီသည် အသက်လေးဆယ်ကျော်တွင် ဒုတိယအကြိမ် ရဟန်းဘဝကိုခံယူ၏။ ဤအကြိမ်တွင် ဘီလူးကျွန်းဘက်၌ တစ်နှစ်နီးပါးမျှ အေးချမ်းစွာ သီတင်းသုံးခဲ့ရ၏။

ထိုအခါ သူ၏လယ်များကို လုပ်ကိုင်သူမရှိ၊ သူ၏နွားများကို ထိန်းကျောင်းပေးသူလည်း မရှိ။ သူ၏သမီးနှင့် ဇနီးသည်တို့မှာလည်း လူ့တောထဲ၌ မျက်နှာငယ်နေကြရ၏။

သမီးနှင့် ဇနီးတို့ကို ငဲ့ကွက်၍ ဦးထွန်းရီသည် လူဝတ်ကြောင်အဝသို့ တစ်ဖန်သက်ဆင်းလာကာ ကိစ္စများမြောင်သည့် လူတို့ဘောင်၌ တစ်ဖန်ကျင်လည်ရပြန်၏။

သစ်သီးစိမ်းများသည် အချိန်တန်သောအခါမှ ဝင်းမှည့်လာကြလိမ့်မည်။ တော်ကူးဆရာတော် လောင်းလျာဖြစ်သည့် ဦးထွန်းရီသည် သာသနာ့အမွေကို အပြည့်အဝခံယူရန်အတွက် အချိန်တန်သည်အထိ စောင့်ဆိုင်းရပေဦးမည်။

## စေတနာဆေးဆရာ

တော်ကူးဆရာတော်သည် ဦးထွန်းရီဘဝကပင် သတ္တဝါအပေါင်းတို့အား ကူညီပေးလိုသော စိတ်အားထက်သန်ခဲ့၏။ သို့အတွက် မိမိကြုံတွေ့ရသော အသိပညာများကို အမှုမဲ့အမှတ်မဲ့ သဘောမထားဘဲ နောင်တွင် အများအကျိုးအတွက် ပြန်လည်အသုံးချနိုင်အောင် မှတ်သားထားလေ့ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ဦးထွန်းရီသည် မိမိအနာကို ဆေးထည့်ရန်အတွက် မော်လမြိုင်မြို့ ဆေးရုံသို့သွား၏။ တာဝန်ကျသည့် ကုလား ဆရာဝန်က ကူဖော်လောင်ဖက်မရှိဘဲ လူနာများစွာကို ဆေးကုသပေးနေ၏။ ထိုအခါ ဦးထွန်းရီသည် ချက်ချင်းပင် ဆရာဝန်အားပန်ကြား၍ လုပ်အားပေး၏။ ဆေးရုံတွင် ရက်အတော်ကြာ လုပ်အားပေးပြီးသောအခါ အနာဆေးကုသည့်သဘောကို ဦးထွန်းရီ အတော်အသင့် နားလည်လိုက်၏။

တောရွာသို့ ပြန်လာသောအခါ ဦးထွန်းရီသည် စေတနာဆေးဆရာအဖြစ် လူနာများကို လိုက်လံကုသပေး၏။ အနာရောင်ရမ်းနေသူများ၊ နို့အုံကိုက်ခဲနေသူများနှင့် အနာကြောင့် အောင့်ငိုနေသူများကို တွေ့ဆုံလျှင် အခမဲ့ကုသပေးလေ၏။ ပြည်ပုပ်စုတည်နေသော အနာများကို ခွဲစိတ်ကုသပေး၏။ တောင်စဉ်ခုနစ်ထပ် ဆင်ဖြူလည်ပြတ်စသည့် ကိုယ်အရေပြားရောဂါတို့ကိုလည်း ပျောက်ကင်းအောင် ကုသပေး၏။

ဦးထွန်းရီသည် နံပုပ်နေသောအနာများကို ရွံရှာခြင်းမရှိဘဲ ကိုင်တွယ်စမ်းသပ်၍ "ငါနည်းနည်းစမ်းကြည့်မယ်နော်၊ မနာပါဘူး၊ မျက်စိခဏပိတ်ထား"ဟုပြောကြားပြီး အနာရှင်က မျက်စိပိတ်ထားစဉ် ထက်မြက်သော ငါးလိပ်ကျောက်ဆူးကိုဖြစ်စေ၊ မောင်းချဓားကိုဖြစ်စေ ပြည်ပုပ်ထဲသို့ အသာကလေးထိုးသွင်းလိုက်ပြီးလျှင် အနာပေါက်ကို ခွဲဟပေးလိုက်၏။

အနာရှင်က "အမယ့်..."ဟု တစ်ချက်မျှ အော်ညည်းလိုက်သည့်အချိန်တွင် အနာခွဲစိတ်သောကိစ္စမှာ ပြီးစီးသွားလေပြီ။ ပြည်ပုပ်များကို ညှစ်ထုတ်ပေးပြီးနောက် သင့်လျော်သည့်လိမ်းဆေး တစ်မျိုးမျိုးကို မှန်မှန်လိမ်းစေခြင်းဖြင့် အောင့်ငိုနေရသောရောဂါအနာသည် မကြာမီ ပျောက်ကင်းသွားပါတော့သည်။ ဦးထွန်းရီသည် အင်္ဂလိပ် အနာကျက်ဆေးများကို ဝယ်ယူအသုံးပြု၏။



"နို့အုံရောင်ကိုက်ပြီး အော်ငိုနေတဲ့ အမျိုးသမီးသုံးယောက်ကို ဦးထွန်းရီဘဝက ငါခွဲစိတ်ကုသပေးခဲ့ရတယ်ကွဲ့၊ အဲဒီအမျိုးသမီးတွေ အခုထက်ထိ အသက်ရှင်နေကြတုန်းပဲ၊ ဦးထွန်းရီဘဝက ကုသပေးခဲ့တဲ့ လူနာတွေဟာ တစ်ယောက်မှ ဖိတ်စဉ်မသွားပါဘူး"ဟု ဆရာတော်သည် စေတနာဆေးဆရာဘဝက သူ၏လုပ်ဆောင်ချက်များကို ပြောပြတတ်ပေ၏။

သူတစ်ပါးတို့၏အကျိုးကို သယ်ပိုးရလျှင် ကြည်နူးပျော်ရွှင်နေတတ်သော တော်ကူးဆရာတော်သည် ထူးခြားလှပါဘိတောင်း။

## ပယောဂဆရာတစ်ဖြစ်လဲ

"ဘုန်းကြီး... လူဝတ်ကြောင် ဘဝနဲ့တုန်းက ပယောဂဆရာလည်း လုပ်ခဲ့ရသေးတယ်ကွဲ့။ နတ်ပူး၊ စုန်းပူး၊ သရဲတစ္ဆေပူးခံရတဲ့ လူတွေကိုလည်း တော်တော်များများ ကယ်ချွတ်ပေးခဲ့ရတယ်"

"ဟုတ်လားဘုရား... ဘယ်လိုကယ်ချွတ်ပါသလဲ"

"မေတ္တာဓာတ်နဲ့ပဲ။ ဘုန်းကြီးက မေတ္တာလက်နက်ကိုသာ သုံးတယ်။ ဆေးကြိမ်လုံးတို့၊ အင်းအိုင် မန္တရားတို့ကို မသုံးပါဘူး"

"တပည့်တော်တို့ မှတ်သားရအောင် အမိန့်ရှိပါဘုရား"

"ဦးထွန်းရီအနေနဲ့ အိမ်မှာပဲ နေပါတယ်။ လာခေါ်မှ လိုက်ပြီး ကုသပေးပါတယ်။ ဘယ်လောက်ဝေးဝေး... ဘယ်အချိန်လာခေါ်ခေါ်... သန်းခေါင်ချိန် လာခေါ်ရင်လည်း လိုက်သွားတာပဲ။ အိမ်ပေါ်က ဆင်းသွားတယ်ဆိုရင်ပဲ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ တောစောင့်နတ်၊

www.burmeseclassic.com

www.burmeseclassic.com



တောင်စောင့်နတ်တို့ကို မေတ္တာပို့ပေးတယ်။ ပြုထားခဲ့သမျှ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့ကို အမျှပေးဝေတယ်။

ဝေဒနာရှင်အိမ်ရောက်တဲ့အခါ ဝင်ပူးနေတဲ့နတ် သို့မဟုတ် ပယောဂကို မေတ္တာပို့ပြီး အမျှပေးဝေတယ်။ (နင့်ကို... ငါ့တူသားအရင်းလို သဘောထားတယ်။ ငါမေတ္တာပို့ပေးနေတာကို ကြားတယ် မဟုတ်လား။ အခု... ငါ့ကုသိုလ်တွေကို အမျှပေးနေတယ်၊ နင်ရအောင် သာဓုခေါ်စမ်း) အဲသလို တစ်ကြိမ်ပြောလို့ သာဓုမခေါ်သေးရင် တစ်ဖန်ထပ်ပြီး (စဉ်းစားကြည့်စမ်း၊ နင်ဘယ်လောက်ဝမ်းသာဖို့ ကောင်းသလဲ။ ငါပေးတဲ့ကုသိုလ်ကို နင်သာဓုခေါ်ရင် အင်မတန်ကြီးကျယ်တဲ့ အကျိုးကျေးဇူးတွေကို နင်ရလိမ့်မယ်၊ ကဲ... သာဓုခေါ်) အဲ... ဝေဒနာရှင်က သာဓုခေါ်ရင် ပျောက်ပြီလို့သာမှတ်ပေတော့”

“ဝင်ပူးတဲ့ သရဲတစ္ဆေက လွယ်လွယ်မထွက်ရင်ကော ဘုရား”

“ဟုတ်တယ်၊ တချို့တလေက မျက်နှာလွှဲနေတယ်၊ ဦးထွန်းရီကို မကြည့်ဘူး။ တချို့က မျက်စိကို အတင်းမှိတ်ထားတယ်။ (ဟဲ့... ငါဘယ်သူလဲ၊ နင်သိရဲ့လား၊ ငါ့ကိုကြည့်စမ်း၊ ငါပြောနေတာ မကြားဘူးလား၊ မျက်စိဖွင့်စမ်း) အဲသလို အမိန့်ပေးလို့မှ မျက်စိမဖွင့်ရင် ရေမန်းပက်ပေးရတယ်ကွဲ့”

“ရေကို ဘယ်လိုမန်းရသလဲဘုရား”

“ရေမန်းမန်းတာ ဥုဖွလုပ်ဖို့မလိုပါဘူး၊ သမ္ဗုဒ္ဓေဂါထာရယ်၊ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တော်တို့ရယ် ရွတ်ဆိုပြီး သစ္စာဆိုရတယ်။ (ကျွန်ုပ်သည် ဘုရား၊ တရား၊ သံဃာတို့ကို မမှိတ်မသုန် အလေးအနက် ယုံကြည်ပါ၏။ ဤမှန်သောသစ္စာစကားကြောင့် ကျွန်ုပ်မျက်မှောက်၌ရှိသော ဝေဒနာရှင်သည် ပျောက်ကင်းပါစေသတည်း) အဲသလို ရေကိုမန်းမှုတ်ပြီးတော့ ဝေဒနာရှင်ရဲ့မျက်နှာပေါ်



နည်းနည်းဖျန်းပေးလိုက်၊ တစ်ခါတည်း မျက်စိပွင့်လာပြီး ပြန်ပိတ်လို့မရတော့ဘူး။ အဲဒီအခါ ကုသိုလ် အကုသိုလ်သဘောကို ဟောပြောပေးရတယ်။ သူနားထောင်နေရင် အမျှပေးဝေလိုက်တာနဲ့ သာဓုခေါ်ပြီး ထွက်သွားတော့တာပဲ”

“ဆရာတော်... ဘုန်းကြီးဖြစ်ပြီးတော့ကော ပယောဂအစွဲတွေကို ချွတ်ပေးရသေးလား”

“တစ်ခါချွတ်ပေးရတယ်ကွဲ့၊ တံခွန်တိုင်ရွာက ငထွန်းတို့ အိမ်သစ်တက်မယ့် မင်္ဂလာအဖြစ်နဲ့ ဆွမ်းကျွေးတာကို တို့ကြွသွားကြရတယ်။ ပရိတ်ရွတ်၊ အနုမောဒနာတရားဟော၊ ဆွမ်းစားပြီးတော့ တို့ဘုန်းကြီးတွေ ပြန်ကြွကြတာပေါ့၊ ဘုန်းကြီးကျောင်းတောင် ကောင်းကောင်း ပြန်မရောက်သေးဘူး၊ ဒကာတစ်ယောက် ပြေးလာပြီး လျှောက်ထားတယ်...

“ဦးပဉ္ဇင်းဘုရား၊ ငထွန်းမိန်းမကို နတ်ဝင်ပူးနေတယ်။ ကြမ်းကြမ်းတမ်းတမ်းစကားတွေနဲ့ ဆဲဆိုကြိမ်းမောင်းတယ်။ အခု ငထွန်းမိန်းမ မေ့မြောနေပြီ။ ဦးပဉ္ဇင်းကယ်ချွတ်ပေးမှ ငထွန်းမိန်းမ အသက်ချမ်းသာရာ ရပါလိမ့်မယ်ဘုရား”

“အလှူရှင်ဒကာမ အသည်းအသန်ဖြစ်နေရင် ကယ်ချွတ်ရတာပေါ့ကွယ်”လို့ဆိုပြီး ဘုန်းကြီးလိုက်သွားတယ်။ အမှန်က စိုးရိမ်စရာကြီးပဲ။ အဲသည်အိမ်ကို ပထမပိုင်တဲ့လူက သရဲဝင်ပူးပြီး သေဆုံးသွားခဲ့တာ။ ငထွန်းတို့က အဲဒီအိမ်ကိုဝယ်ပြီးတော့ အိမ်သစ်တက်မင်္ဂလာလုပ်တာ။ ပရိတ်ရွတ်ထားလျက်သားနဲ့ ငထွန်းမိန်းမကို ဝင်ပူးတာ ထောက်ရင် သည်သရဲက သာမညသရဲမဟုတ်ဘူးဆိုတာ သိနိုင်တယ်။

ငထွန်းအိမ်ကို ဘုန်းကြီးရောက်သွားတော့ မေ့မြောနေတဲ့ လူနာကို အလှူပွဲလာပရိသတ်များက ဝိုင်းအုံနေကြတယ်။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို ဘုန်းကြီးဖယ်ခိုင်းလိုက်တယ်။ လူနာစောင့်ဖို့ လူတစ်ယောက်ကိုသာ နေရစ်စေတယ်။ ဘုန်းကြီးက လူနာကို စူးစူးစိုက်စိုက်ကြည့်ပြီး မေတ္တာပို့ အမျှဝေတယ်။ ရတနာသုံးပါးရဲ့ ဂုဏ်တော်များကို ရွတ်ဆိုပြီးတော့ တစ်ခါအမျှပေးဝေပြန်တယ်။ နင် သူများကို ထိခိုက်နစ်နာအောင် မလုပ်နဲ့။ အင်မတန်အပြစ်ကြီးတယ်။ နင်ငရဲကျလိမ့်မယ်။ ငါအမျှပေးဝေတဲ့ ကုသိုလ်အဖို့ကို သာဓုခေါ်ပါ။ အဲဒါက နင့်အတွက် အလွန် အကျိုးကျေးဇူးများတယ်၊ တန်ဖိုးမဖြတ်နိုင်ဘူး၊ နင်ငါနဲ့တွေ့ဆုံရတာ အင်မတန်ကုသိုလ်ကောင်းတယ်၊ ငါနင့်ကို မေတ္တာထားပြီး ပြောနေတာ။ ကဲ... ငါမေတ္တာပို့ပြီး အမျှဝေပေးမယ်... သာဓုခေါ်”

“တော်တော်ကြာတော့ လူနာက နည်းနည်းလှုပ်လာပြီး မွန်လို ‘အဲအားရ’(ငါသွားတော့မယ်) လို့ပြောလိုက်တယ်။ လူနာစောင့်ဆွေမျိုးတို့က ငထွန်းမိန်းမ သေတော့မယ်ထင်ပြီး ငိုကြလေရော။ သူတို့ကို ဘုန်းကြီးက တစ်ဖန်မာန်မဲရပြန်တယ်။ (ဟဲ့... နင်တို့တစ်တွေ ဘာမှမသိနားမလည်ဘဲ ငိုမနေကြနဲ့။ ငထွန်းမိန်းမက သွားမှာမဟုတ်ဘူး။ ဝင်ပူးနေတဲ့နတ်က သွားမှာ) သည်တော့မှ အငိုတိတ်သွားကြတယ်။ ပယောဂလည်း သူ့ကတိအတိုင်း ထွက်သွားတော့ လူနာက တစ်ခါတည်း လူကောင်းဖြစ်ပြီး ထထိုင်ပါလေရောပဲ”

“သိပ်မှတ်သားစရာကောင်းပါတယ် ဘုရား”

“ဘုန်းကြီးက ဘယ်တော့မှ မခြိမ်းခြောက်ဘူး။ မေတ္တာစကားကိုပဲ ပြောတယ်။ ဒကာမှတ်ထားဖို့ တစ်ခုပြောရဦးမယ်။ အဲဒါက ဗလိနတ်စာကျွေးတယ်ဆိုတာ ကြက်, ဘဲ, ဆိတ်တွေကိုသတ်ပြီး ပူဇော်ပ,သရတယ်လို့ လူအများက ထင်မှတ်မှားနေကြတာ။ နတ်တွေကို တကယ်ဆိုတော့ ကိုယ်ပြုဖူးတဲ့ ကုသိုလ်ကောင်းမှုတွေကို အမျှပေးဝေတာဟာ အကောင်းဆုံး ဗလိနတ်စာကျွေးခြင်းပဲကွဲ့။ ကုသိုလ်ကောင်းမှုကမှ သူတို့ကို အများဆုံးအကျိုးပြုနိုင်မှာ။ သူတို့ကလည်း ကုသိုလ်ဆိုတဲ့ ဗလိနတ်စာကို အကြိုက်ဆုံးပဲ။ ဒါကို ဒကာ ကောင်းကောင်း မှတ်ထားပေတော့”



“တင်ပါ့ဘုရား... အခုလိုသိရတာ အလွန်အကျိုးရှိပါတယ်”

မေတ္တာ၏အစွမ်းသတ္တိကား အလွန်ကြီးမားလှပေစွ။

မေတ္တာသည် လောက၏ အလှဆုံးရတနာတစ်ခု ဖြစ်၏။

မေတ္တာဖြင့် တစ်လောကလုံးကို အလှဆုံးဖြစ်အောင် ခြယ်မှုန်းနိုင်၏။

မေတ္တာ၏သဘာဝသည် ခပ်သိမ်းသော သတ္တဝါတို့အား ဘေးရန်ကင်းဝေးပြီး အေးချမ်းစေလို၏။ တိုးတက်ကြီးပွားပြီး ကောင်းစားစေလို၏။ ကျောသားရင်သားမခွဲခြားဘဲ သတ္တဝါအားလုံးတို့အား ငြိုးရိမ်ကြောင့်ကြ ကင်းဝေးစေပြီးလျှင် မိမိတို့၏ ခန္ဓာဝန်အသီးသီးကို ကောင်းစွာ ထမ်းရွက်နိုင်စွမ်း ရှိစေလို၏။

မေတ္တာကိုရှေ့သွားပြုလျှင် မည်သည့်အရာကို ဆောင်ရွက်သည် ဖြစ်စေ အောင်မြင်မှုကို ရမည်သာတည်း။

တော်ကူးဆရာတော်သည် ဗုဒ္ဓမြတ်စွာ၏ သာဝကတစ်ပါးပီသစွာပင် မေတ္တာရှင်ကြီး ဖြစ်ပါပေ၏။

## မေတ္တာအတွံ့အလှည့်

‘ပုခက်လွှဲသောလက်သည် ကမ္ဘာကိုအုပ်စိုး၏’ ဟု ဆိုသည်နှင့် အညီ မိခင်သည် အနာဂတ်ခေါင်းဆောင်များဖြစ်မည့် မိမိ၏ရင်သွေးများအပေါ်တွင် ဩဇာလွှမ်းမိုးနိုင်၏။ အရည်အသွေးကောင်းမွန်သောသားရတနာများဖြစ်ရန် ဖန်တီးပေးနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



တော်ကူးဆရာတော်သည် ပင်ကိုစာတ်ခံအားဖြင့် စိတ်ထားနူးညံ့သိမ်မွေ့၏။ သူတစ်ပါးအား ကူညီစောင်မ,လို၏။ သို့တစေ သူ့မယ်တော်၏ မေတ္တာဓာတ်နှင့် စေတနာဓာတ်တို့သည် သူ့အပေါ်တွင် များစွာလွှမ်းမိုးရိုက်ခတ်နေပေသည်။

ဆရာတော်သည် ငယ်စဉ်ကပင် မိခင်အား အလွန်ချစ်ခင်၏။ မိခင်၏စကားကို မြေဝယ်မကျ နာခံ၏။ ဘာကိုပဲလုပ်လုပ် ဘယ်သို့ပဲသွားသွား မိခင်အားခွင့်ပန်ပြီး မိခင်ခွင့်ပြုမှ လုပ်ကိုင်သွားလာ၏။ မိခင်က "မသွားပါနဲ့ သားရယ်"ဟု တစ်ခွန်းဆိုလျှင် ဘယ်လောက်ပင် သွားလိုသည်ဖြစ်စေ မသွားတော့ပေ။

မယ်တော်ဖြစ်သူ ဒေါ်ဖွားကျုံ၏ မေတ္တာစေတနာသည်လည်း ပြိုင်စံရှားလှ၏။ ရပ်ဝေးမှ ဧည့်သည်ရောက်လာလျှင် "ထမင်းစားပြီးပြီလား"ဟု မေးမြန်းရိုးမရှိ။ တစ်ခါတည်း ချက်ပြုတ်ပြီး တည်ခင်းကျွေးမွေးတော့၏။ ဧည့်သည်က မစား၍မရ။ စားခဲ့ပြီးသည်ဖြစ်စေ၊ အိမ်ရှင်မ,ကျေနပ်အောင် စားနိုင်သလောက် စားရပါတော့၏။

မိမိတို့၌ မည်မျှချမ်းသာသည် ဆင်းရဲသည်ကို ပဓာနမထား၊ ရှိသမျှကို ချကျွေး၏။ ချမ်းသာသမျှကို ပေးကမ်းလှူဒါန်း၏။

ဆရာတော် သီဟိုဠ်မှ ပြန်လာသောအခါ မိခင်အား သီလရှင်ဝတ်ရန် တိုက်တွန်း၏။

"လယ်ယာလုပ်ငန်းကို သားတို့ဦးစီးပြီး လုပ်ကိုင်ပါ့မယ်၊ သားတို့မောင်နှမတွေစားဖို့ ဝတ်ဖို့ကို မေမေဘာမှမပူနဲ့။ ရန်ကုန်မှာ အမျိုးသမီးတွေအများကြီးက သီလရှင်ဝတ်ကြတာကို သားတွေ့ခဲ့ရတယ်။ မေမေလည်း သီလရှင်ဝတ်ပါလား"

သားနှင့် မိခင်သည် မေတ္တာအတုံ့အလှည့်ရှိကြ၏။ မိခင်၏စကားကို သားက မဖယ်ရှားသလို သား၏စကားကိုလည်း မိခင်က မဖယ်ရှားပေ။

ဒေါ်ဖွားကျုံသည် သီလရှင်ဝတ်ပြီးလျှင် တော်ကူးရွာအနီးရှိ ကမာပါရွာ၌ ဒကာများဆောက်လုပ်ပေးသော ဇရပ်တစ်ဆောင်တွင် သီးသန့်နေထိုင်၏။ သက်သတ်လွတ်စား၏။ တောင်ပေါ်၌ စေတီငယ်တစ်ဆူ တည်၏။ လာဘ်လာဘအလွန်ရှင်၏။ ဒကာများက ဆွမ်းအုပ်မှန်မှန် ပို့ပေးကြ၏။ သူအလှူခံထွက်လျှင် ယောက်ျားဒကာနှစ်ဦးသုံးဦးလိုက်ပါပြီး ပစ္စည်းဝိုင်းသယ်ပေးကြရ၏။ ၂၅–နှစ်ခန့် သီလရှင်ဘဝနှင့် နေထိုင်ပြီးနောက် ကွယ်လွန်သွား၏။



## အဓမ္မတစ်ခု သမီးတစ်ခု

သမီးငယ် မတင်ရွှေကို ဦးထွန်းရီ ဆုံးမပုံမှာ မှတ်သားဖွယ်ဖြစ်၏။ သမီးကို မည်သည့်အခါမျှ မဆူပူမကြိမ်းမောင်းပါ။ အကျိုးသင့်အကြောင်းသင့် ပြောပြပြီးတော့သာ သွန်သင်ပေး၏။

သမီးစကားပြောသည့်အခါ မဖွယ်မရာ မယဉ်ကျေးသော စကားလုံးများ မပါရှိအောင် အထူးဂရုစိုက်ပေး၏။ ပါရှိလျှင်ကား မှတ်မှတ်ရရဖြစ်အောင် သွန်သင်ဆုံးမ၏။ သမီးငယ်အား ယဉ်ကျေးသိမ်မွေ့သူအစစ်ဖြစ်စေလိုသော စေတနာပင်တည်း။

တစ်ခါက အပျိုဖော်ဝင်လာပြီဖြစ်သော မတင်ရွှေက အဒေါ်အိမ်သို့သွားရောက်လည်ပတ်ရာ အပြန်နောက်ကျသွား၏။ ထိုအခါ အမေဖြစ်သူက...

"ထမင်းချက်ချိန်မှန်းမသိ... ဘာမှန်းမသိ... ရွာအနှံ့ လိုက်လည်နေတာကောင်းသလား"စသည်ဖြင့် အပြစ်တင်ဆူပူ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းရီက ချက်ချင်းပင် စကားထောက်လိုက်၏။

"ဟဲ့... မသင်းကြူ... နင် သမီးကိုမချစ်ဘူးလား၊ သမီးကို ချစ်ရင် အဲသလိုအပြစ်တင်စကား မပြောနဲ့။ အပြစ်တင်တာ သမီးကို ချစ်ရာမရောက်ဘူး။ နစ်ရာရောက်တယ်။ အဲ... သမီးကလည်း မိဘတို့က ကောင်းစေလိုတဲ့စေတနာနဲ့ ဆုံးမတာကို စိတ်မဆိုးရဘူးနော်... သမီးက လိမ္မာလျက်သားနဲ့... မိဘတို့ စိတ်မချမ်းသာအောင် မလုပ်နဲ့ပေါ့။ သမီးပြန်လာတာ နောက်ကျရင် မိဘတွေ စိတ်ပူရတာပေါ့ကွယ်။ ဒါကြောင့် နောင်ဆိုရင် စောစောပြန်ဟုတ်လား"

ဦးထွန်းရီ အညောင်းအညာပြေအောင် သမီးကနင်းပေးသည့်အခါ...

"သမီး...အဖေ့ကို ချစ်ရင်လေ... အခုလို နင်းပေးရင်းနဲ့ အဖေ ရောဂါအားလုံးပျောက်ပါစေ၊ အဖေစိတ်ချမ်းသာပါစေလို့ နှလုံးသွင်းပြီးနင်း... ဟုတ်လား"

ဦးထွန်းရီသည် ခေတ်ပညာမတတ်ပါဘဲလျက် စိတ်ပညာသဘောကို သိနားလည်နေသည်မှာ အံ့သြစရာ ကောင်းလှပေ၏။

## ဂျပန်ခေတ်အတွင်း စီးပွားပျက်ခြင်း

ဂျပန်ခေတ်တွင် လယ်သမားများသည် လယ်လုပ်ငန်းကို ကောင်းစွာ မလုပ်နိုင်ကြ၊ ဂျပန်တို့က ချေးတပ်ဆွဲသဖြင့် လှည်းလည်းပေးရ၏၊ လူလည်းလိုက်ရ၏၊ မပေးနိုင်မလိုက်နိုင်လျှင် ငှားပြီးထည့်ပေးရ၏။

ဦးထွန်းရီသည် လှည်းလာတောင်းသောအခါ လှည်းငှား၍ပေးလိုက်၏။ မိမိစုဆောင်းထားသမျှငွေကို အကုန်သုံးလိုက်ရသဖြင့်



ငွေလက်မဲ့ ဖြစ်သွားတော့၏။

"အေး... ငါတပျော်ဝတ်မယ်" ဟု ဦးထွန်းရီဆိုပြီး ဘုန်းကြီးဝတ်ရန် တိတ်တဆိတ်စီစဉ်၏။ ထိုအချိန်တွင် ဦးထွန်းရီသည် အသက် ၅၅-နှစ်ရှိလေပြီ။

အသက် ၂၅-နှစ်အတွင်းသို့ ရောက်လာပြီဖြစ်သော သမီးမတင်ရွှေက "အဖေမရှိရင် သမီးတစ်ကောင်ကြွက် ဖြစ်တော့မယ်။ သမီးဘယ်သူ့ကို အားကိုးရမလဲ"ဟု ငိုကြွေး၏။

"သမီး... အဖေဘုန်းကြီးအဖြစ်နဲ့ရှိနေရင် သမီးအချိန်မရွေး လာတွေ့နိုင်တယ်။ အဖေ ချေးတပ်နဲ့လိုက်သွားရလို့ သေသွားရင် သမီးဘယ်တော့မှ မတွေ့ရတော့ဘူး။ သမီးနဲ့ သမီးရဲ့မိခင်အတွက် ဖေဖေစုဆောင်းပေးထားတဲ့ ရွှေတွေရှိတယ်၊ ခြံတွေရှိတယ်။ လိုအပ်တဲ့အခါ ထုခွဲရောင်းချပြီး စားသောက်ကြပေါ့။ ပြီးတော့ သမီးရဲ့ ဦးကြီး(အမေ့မောင်)လည်းရှိတာပဲ။ ဦးကြီးကိုလည်း အားကိုးနိုင်တာပေါ့။ သမီးစိတ်မကောင်းမဖြစ်နဲ့"ဟု ဖျောင်းဖျ၏။

ထိုဦးကြီးဆိုသူသည် ဦးထွန်းရီ ဘုန်းကြီးမဝတ်မီ ဂျပန်ချေးတပ်နှင့် လိုက်ပါသွားရ၏။ ဦးထွန်းရီ ဘုန်းကြီးဝတ်ပြီး ၉-ရက် အကြာတွင် ပြန်ရောက်လာ၏။ ငှက်ဖျားရောဂါ စွဲကပ်လာ၏။ နောက် ၉-ရက်ကြာသောအခါ ကွယ်လွန်သွား၏။

ဦးထွန်းရီ ဘုန်းကြီးဝတ်လိုက်သည်မှာ မှန်လေစွ။ နတ်ကောင်းများ ဖေးမလိုက်သည်ဟုပင် ယူဆရတော့၏။

ကောဇာသက္ကရာဇ် ၁၃၀၇-ခု၊ ဝါဆိုလဆန်း၁၃-ရက်နေ့တွင် ဦးထွန်းရီသည် ဦးနန္ဒိယဘွဲ့အမည်ဖြင့် မြင့်မြတ်သောရဟန်းဘဝသို့ တတိယအကြိမ် ရောက်ရှိသွားလေ၏။ ဤအကြိမ် ရဟန်းဘောင်သို့ရောက်လာခြင်းကား အပြီးအပိုင် ရောက်သွားခြင်းပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



## အထီးကျန်ဘဝ

ဖခင်က ဘုန်းကြီးဝတ်သွားပြီ။ ဦးကြီးက ကွယ်လွန်သွားပြီ။ လူလားမြောက်လာပြီဖြစ်သော မတင်ရွှေသည် မိမိ၏ခြေသလုံး မြင်းခေါင်းပေါ်တွင် ရပ်တည်နိုင်ရန် အားထုတ်ရပေတော့မည်။ သို့အတွက် မတင်ရွှေသည် မုဒုံမြို့တက်၍ ဆွေမျိုးတစ်စု၏ ဇာဘော်လီ လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်၏။ ထို့နောက် ထိုဆွေမျိုးတို့က မော်လမြိုင်သို့ ပြောင်းရွှေ့သွားကြသောအခါ မတင်ရွှေရော မတင်ရွှေ၏မိခင်ပါ လိုက်ပါသွားကြ၏။

အမေတစ်ခု သမီးတစ်ခုမို့ အလျဉ်းသင့်သလို လုပ်ကိုင်နေထိုင်ကြစဉ် မိခင်သည် အပြင်းဖျားလေသည်။ မတင်ရွှေသည် စုဆောင်းထားသမျှသောငွေဖြင့် မိခင်၏ရောဂါကို ကြိုးစားကု၏။ မသက်သာသောအခါ ဖခင်ဘုန်းကြီးထံ စာရေးရန် ဆုံးဖြတ်လိုက်၏။

စာမရေးမီ ဦးနန္ဒိယ ကြွလာ၏။ ထိုနေ့တွင်ပင် ဦးနန္ဒိယနှင့်တကွ အခြားဘုန်းကြီးများကို ပင့်ဆောင်ပြီး မတင်ရွှေတို့သားအမိ ဆွမ်းကျွေးကြ၏။

"မြန်မြန်လုပ်ကြ၊ ငါကြာကြာမနေရတော့ဘူး"ဟု မိခင်က ဆို၏။

သီလပေးခြင်း၊ ပရိတ်ချီးမြှင့်ခြင်း၊ ဆွမ်းစားခြင်းနှင့် ရေစက်ချ အမျှဝေခြင်းတို့ကို ဆောင်ရွက်ပြီးသောအခါ ဦးနန္ဒိယသည် အခြားဘုန်းကြီးများနှင့်အတူ တည်းခိုသည့်ကျောင်းသို့ ကြွသွား၏။ ဘုန်းကြီးများ ပြန်ကြွပြီးမကြာမီပင် ဒေါ်သင်းကြူ ကွယ်လွန်လေ၏။

ဦးနန္ဒိယသည် တည်းခိုသောကျောင်းသို့ရောက်မဆိုက်ပင် သတင်းကြား၍ တစ်ဖန်ပြန်ကြွလာပြီးလျှင် ဒေါ်သင်းကြူ၏ ဈာပန



ကိစ္စကို ကူညီဆောင်ရွက်ပေး၏။

မတင်ရွှေသည် အထီးကျန်ဘဝသို့ ရောက်လေပြီ။

"သတ္တဝါတို့သည် တစ်ဦးချင်းသာလျှင် မိမိတို့၏သံသရာ ခရီးကို နှင်နေကြသည် မဟုတ်လော။ ဤလူ့ဘုံလောကဌ် သားနှင့် အမိ၊ သမီးနှင့်အဖ ဆုံတွေ့ကြသည်မှာ ခဏခေတ္တမျှသာတည်း။

"မိမိ၏ကံကြမ္မာကို မိမိသာလျှင် ဖန်တီးရမည် မဟုတ်ပါလော"

ဖခမည်းတော်သည် ပဗ္ဗဇိတရဟန်းဘဝဖြင့် သူ၏ကံကြမ္မာကို ဖန်တီးနေလေပြီ။ သမီးသည်လည်း ဆီလျော်လျောက်ပတ်သည့် ဘဝကံကြမ္မာကို ဖန်တီးရမည် မဟုတ်တုံလော။

ဆရာတော်ဦးနန္ဒိယ၏တူမဖြစ်သူ သီလရှင်ဒေါ်ပညာသီက မတင်ရွှေကို မြို့ပေါက်ဝ မဟာသတိပဋ္ဌာန်ကျောင်းသို့ ခေါ်ဆောင်သွားပြီးလျှင် ဝိပဿနာတရားကို ရှုမှတ်စေ၏။

"သတ္တဝါတို့၏ ပူဆွေးသောကကို ငြိမ်းအေးစေနိုင်သော အကောင်းဆုံးသော အမြိုက်ဆေးသည်ကား ဝိပဿနာတရားပင် မဟုတ်ပါလော"

"မိကောင်းဖခင်သမီး ငါဖြစ်ခဲ့ရ၏။ သမီးကောင်း၏ မိဘများ အဖြစ် ငါ၏မိဘများ ဂုဏ်မြောက်နိုင်အောင် ငါကြိုးစားမည်"ဟု မတင်ရွှေ သန္နိဋ္ဌာန်ချလိုက်လေ၏။

## တရားစစ်တရားမှန်ကို ရှာဖွေခြင်း

ဦးနန္ဒိယသည် ဗာဟိရကိစ္စများမှ လွတ်ကင်းသော ရဟန်းဘဝသို့ တတိယအကြိမ် ရောက်ရှိပြီးသည့်အချိန်မှစ၍ ၁၅-နှစ်တိုင်တိုင် တရားစစ်တရားမှန်ကို ဖွေရှာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"တော တောတိုင်းတွင် စန္ဒကူးနံ့သာမရှိသကဲ့သို့ တောင်တောင်တိုင်းတွင်လည်း ပတ္တမြားရတနာမရှိချေ။ ထို့အတူ အရပ်တိုင်းတွင် တရားစစ် တရားမှန်ကိုညွှန်ပြပေးနိုင်သော ကလျာဏမိတ်ဆွေကောင်းသည် မရှိချေ"

ပိဋကတ်ကျမ်းစာများရှိပါသော်လည်း ထိုကျမ်းစာတို့၏ ဆိုလိုရင်း အနက်သဘောတည်းဟူသော အဆီအနှစ်ကို မထုတ်ယူနိုင်လျှင် မည်မည်ရရ အကျိုးမရှိချေ။

ဗုဒ္ဓညွှန်ပြထားသော မဇ္ဈိမပဋိပဒါ လမ်းစဉ်သည် အလွန်နက်နဲသဖြင့် သိမြင်ရန်ခက်ခဲလှပေ၏။ ဗုဒ္ဓသာ မညွှန်ပြခဲ့လျှင် ထိုလမ်းစဉ်ကို နတ်သိကြားနှင့် ဗြဟ္မာကြီးတို့သော်မှ ကြံဆသိမြင်နိုင်မည် မဟုတ်ချေ။

မဇ္ဈိမပဋိပဒါလမ်းစဉ်ဟူသည် မဂ္ဂင်ရှစ်ပါးလမ်းစဉ် ဖြစ်သည်ဟု ဗုဒ္ဓညွှန်ကြားထားသည့်တိုင်အောင် ဤလမ်းစဉ်ကို နားလည်သဘောပေါက်သော ပုဂ္ဂိုလ်များမှာ အလွန်ရှားပါး၏။

**(က) ပညာမဂ္ဂင် ၂ ပါး**

၁။ သမ္မာဒိဋ္ဌိ = မှန်ကန်စွာ ရှုမြင်ခြင်း
၂။ သမ္မာသင်္ကပ္ပ = မှန်ကန်စွာ ကြံစည်ခြင်း

**(ခ) သီလမဂ္ဂင် ၃ ပါး**

၃။ သမ္မာဝါစာ = မှန်ကန်စွာပြောဆိုခြင်း
၄။ သမ္မာကမ္မန္တ = မှန်ကန်စွာ ပြုလုပ်ခြင်း
၅။ သမ္မာအာဇီဝ = မှန်ကန်စွာ အသက်မွေးခြင်း

**(ဂ) သမာဓိမဂ္ဂင် ၃ ပါး**

၆။ သမ္မာဝါယာမ = မှန်ကန်စွာ လုံ့လထုတ်ခြင်း
၇။ သမ္မာသတိ = မှန်ကန်စွာအောက်မေ့ခြင်း
၈။ သမ္မာသမာဓိ = မှန်ကန်စွာ စိတ်တည်တံ့ခြင်း



ဤသို့ မဂ္ဂင်ရှစ်ပါး၏ အမည်များနှင့် အဓိပ္ပာယ်များကို သိရုံမျှနှင့် မလုံလောက်သေးပါ။ မှန်ကန်စွာ ရှုမြင်ခြင်းဟူသည် မည်သို့သော ရှုမြင်ခြင်းနည်း။ မှန်ကန်စွာ ကြံစည်ခြင်းဟူသည် မည်သို့သော ကြံစည်ခြင်း ဖြစ်သနည်း။ မှန်ကန်စွာ ပြုလုပ်ခြင်းဟူသည် မည်သို့သော ပြုလုပ်ခြင်းပေနည်း။

မဂ္ဂင်ရှစ်ပါးနှင့် ပြည့်စုံသော မဇ္ဈိမပဋိပဒါ လမ်းစဉ်ကို လိုက်နာလိုလျှင် မည်သို့ ကျင့်ကြံအားထုတ်ရမည်နည်း။

ဤသို့လျှင် ကျင့်စဉ်အမှန်ကို တိတိကျကျ သိနားလည်ရန် လိုပါသေးသည်။

"ဗုဒ္ဓမြတ်စွာသည် **မဟာသတိပဋ္ဌာနသုတ်တော်**တွင် ကိလေသာအညစ်အကြေးများကို သုတ်သင်ရှင်းလင်း၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ပေါက်ရောက်စေနိုင်သော တစ်ကြောင်းတည်းသော လမ်းစဉ်ဖြစ်သည့် မဟာသတိပဋ္ဌာန်လမ်းစဉ်ကို တိတိကျကျ ချပြထားတော်မူ၏။ ထိုလမ်းစဉ်ကား မဂ္ဂင်ရှစ်ပါးနှင့်ပြည့်စုံသော မဇ္ဈိမပဋိပဒါလမ်းစဉ်ပေတည်း။"

ထိုမဟာသတိပဋ္ဌာန် လမ်းစဉ်ကို လက်တွေ့ အကောင်အထည်ဖော်ထားသော ဝိပဿနာရှုမှတ်နည်းကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားသည် သထုံမြို့၊ မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီးထံ နည်းနာခံယူလျက် မိမိကိုယ်တိုင် ကျင့်ကြံအားထုတ်၍ ကိုယ်ပိုင်ဉာဏ်ဖြင့် ရှင်းရှင်းလင်းလင်းပင် သိမြင်သဘောပေါက်ပြီးကာ ဝေနေယျသတ္တဝါအများတို့ လိုက်နာကျင့်ကြံအားထုတ်နိုင်ကြရန် အတွက် ရှင်းရှင်းလင်းလင်းပင် ဟောကြားပြသ ဖြန့်ချိလျက်ရှိပေ၏။

သို့သော် ထိုအကြောင်းကို ဦးနန္ဒိယ မကြားသိသေးချေ။ တောလက်ကျေးရွာတွင် မိမိလက်လှမ်းမီသည့် ဆရာသမားများထံ

www.burmeseclassic.com

www.burmeseclassic.com



ချဉ်းကပ်၍ နည်းနာတောင်းခံပြီးလျှင် မိမိကိုယ်ပိုင်ဉာဏ်နှင့် ပေါင်းစပ်ကာ ကျင့်ကြံအားထုတ်နေ၏။ နောက်ဆုံးအကြိမ် ရဟန်းမပြုမီ ဦးထွန်းရီဘဝက သံဖြူဇရပ်မြို့ ဦးသြဘာထံတွင် သမထလုပ်ငန်းကို ဆည်းပူးပြီးလျှင် အဂ္ဂိရတ်ထိုးခဲ့သေး၏။ အဂ္ဂိရတ်ထိုးရာတွင်လည်း ဦးထွန်းရီသည် သူမတူအောင် လုံ့လထက်သန်ကာ ဇွဲကောင်းခဲ့၏။

ထို့နောက် ရဟန်းဖြစ်သည့်အခါ တော်ကူးရွာအနီးရှိ ကျောက်ရစ်ကျောင်းဆရာတော်ထံမှ နည်းနာခံယူပြန်၏။ ဆရာတော်က တေဇောကသိဏ်းရှုရန် နည်းလမ်းညွှန်ပြပေး၏။ ဦးနန္ဒိယသည် တောထဲသို့ဝင်ပြီးလျှင် တေဇောကသိဏ်းကို တစ်ဖန် အားထုတ်လေ၏။

လပေါင်းများစွာ အားထုတ်ပြီးသောအခါ ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ်တို့ ထင်ပေါ်လာကြသဖြင့် မည်သည့်အရပ်သို့ ကြည့်သည်ဖြစ်စေ အလွန်လင်းထိန်သော အလင်းကိုသာ တွေ့မြင်ရ၏။ ညဉ့်အခါ ကောင်းကင်သို့ မော့ကြည့်လိုက်လျှင် ကြယ်တာရာများသည် ပဋိဘာဂနိမိတ်တွင် အရောင်မှေးမှိန်ကာ ကွယ်ပျောက်သွားကြ၏။ တစ်ခြမ်းပဲ့လကို စိုက်ကြည့်လျှင်လည်း လအသွင် ပျောက်ကွယ်သွား၏။

ဦးနန္ဒိယ၏ ရည်ရွယ်ချက်မှာ တေဇောကသိဏ်းကို ပေါက်မြောက်သည်အထိ ရှုမှတ်ပြီးသည့်အခါ ဝိပဿနာဘက်သို့ ကူးပြောင်းရန် ဖြစ်၏။ သို့သော် မည်သို့ကူးပြောင်းရမည်ကို သူမသိချေ။

ဤသို့ တရားရှာဖွေရင်း ၁၅–နှစ်တည်းဟူသော အချိန်ကာလသည် တရွေ့ရွေ့ကုန်လွန်သွားတော့၏။ တောထဲ၌ ပင်ပန်းစွာကျင့်ကြံအားထုတ်ခဲ့သောဒဏ်ကြောင့် ဦးနန္ဒိယ အကြီးအကျယ်ဖျားလေပြီ။

ဦးနန္ဒိယတွင် ပေါင်ကြောဆွဲသောရောဂါ၊ မူးဝေသောရောဂါ၊ အဏ္ဍဝုမ်ခေါ် မုတ်ရောဂါနှင့် နှင်းခူရောဂါတို့သည် နှစ်ရှည်လများ စွဲကပ်နေကြ၏။



ရွာတွင်းသို့ ဆွမ်းခံကြွသည့်အခါ ပေါင်ကြောများ တင်းကျပ်စွာ တုံ့ဆွဲကြသည့်အတွက် ဦးနန္ဒိယသည် ခြေမလှမ်းနိုင်တော့ချေ။ ခြေတစ်လှမ်း ရွေ့နိုင်ရေးအတွက် ပြင်းပြသောဝေဒနာကို အံကြိတ်၍ သည်းခံကာ မျက်ရည်တောက်တောက်ကျရရှာသည်။

မူးဝေသည့်ရောဂါ ဖောက်ပြန်လာသည့်အခါ၌ ဦးနန္ဒိယသည် ဆွမ်းစားကျောင်းသို့ကြွသွားရင်းပင် လမ်းခုလတ်၌ ဗိုင်းခနဲ မူးလဲကျသွားတတ်၏။

ဦးနန္ဒိယ၏ နှင်းခူကြီးများမှာ ခြေနှစ်ဖက်စလုံး အနာရည်တရွှဲရွှဲနှင့် ရွံမုန်းထိတ်လန့်စဖွယ် ဖြစ်နေလေ၏။ ထိုနှင်းခူအနာကြီးများအကြားတွင် အသားပိုအသားလုံးများစွာတို့ကလည်း သဖန်းသီးများလိုသီးပွတ်နေသည့်အတွက် တွဲရရွဲ တွဲ၍ ကျနေကြပြန်၏။

ဤမူရင်းရောဂါများအကြားတွင် ထပ်ဆင့်လျက် ငှက်ဖျားလောတိုက်ဖို့ကြလော အပြင်းဖျားသည့်ရောဂါ စွဲကပ်လာသောအခါ သမားတော်များက ဆေးကု၍မပျောက်တော့ဟု လက်လျှော့ကြ၏။ ဗေဒင်ဆရာများကလည်း အသက်လမ်းကြောင်းကို ဆက်ပေးရန် ကုသိုလ်ကံကုန်ပြီဟုဆိုကြ၏။ ထို့ကြောင့် ဦးနန္ဒိယအား 'ဆေးသုဉ်း နဝင်းသုဉ်း'ဟု သတ်မှတ်ကြ၏။

လေးလတိုင်တိုင် ဆေးဝါးကုသပြီးသောအခါ ဦးနန္ဒိယ၏ အဖျားရောဂါမှာ အနည်းငယ်သက်သာလာ၏။ ထိုအခါ တူမတော်စပ်သူ သီလရှင် ဒေါ်ပညာသီက မော်လမြိုင်မြို့ဝ မဟာသတိပဋ္ဌာန်ကျောင်းတိုက်၌ ဝိပဿနာတရား အားထုတ်ရန် ဦးနန္ဒိယအား လာရောက်ခေါ်ငင်၏။ ဖခမည်းတော်အပါးတွင် ဝတ်ကြီးဝတ်ငယ်ဖြည့်ဆည်းနေသော သမီးဒေါ်တင်ရွှေကလည်း ဖခင်အား လိုက်သွားရန် တိုက်တွန်း၏။

www.burmeseclassic.com

www.burmeseclassic.com



ဝိပဿနာလမ်းစဉ်သည် ဆရာတော်သိမြင်လိုသော တရားစစ်တရားမှန်သို့ ဦးတည်သည့် လမ်းစဉ်ဖြစ်ကြောင်းကိုလည်း မိမိတို့ကြားဖူးသိဖူးသမျှ ရှင်းပြကြ၏။

"ကောင်းပြီ၊ ငါသေစရာရှိရင် တရားရှာရင်းသေမယ်"ဟု မိန့်တော်မူလျက် ဦးနန္ဒိယသည် မော်လမြိုင်မြို့သို့ လိုက်ပါသွား၏။

မြို့ဝ မဟာသတိပဋ္ဌာန်ကျောင်းသည် မဟာစည်ဆရာတော်၏နည်းနိဿယအတိုင်း ဝိပဿနာတရား သင်ကြားပြသပေးသောရိပ်သာကျောင်း ဖြစ်၏။ ဤနည်းဖြင့် ဦးနန္ဒိယ တရားရှုမှတ်ရလေပြီ။

ဦးနန္ဒိယသည် ထိုင်၍ တရားမရှုမှတ်နိုင်သည့်အတွက် မတ်တတ်ရပ်ပြီး တရားရှုမှတ်၏။ လျှောင်း၍ ရှုမှတ်သည့်နည်းကိုလည်း အောင်မြင်စွာ အသုံးပြု၏။

ထို့နောက် တစ်နာရီကြာသည့် ဣရိယာပုထ်တို့ဖြင့် တရားရှုမှတ်ခြင်းကို အားမရသဖြင့် နှစ်နာရီ၊ လေးနာရီစသည်ဖြင့် ခြောက်နာရီအထိ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လျက် ရှည်လျားသော ဣရိယာပုထ်များဖြင့် တရားရှုမှတ်၏။ ထိုသို့ရှုမှတ်သောအခါ အလွန်ပြင်းထန်သော ဝေဒနာများပေါ်ပေါက်လာသည့်အပြင် အမြင်မတော်သည့်ခြေလက်လှုပ်ရှားမှုများလည်း တရားသဘောအရ ဖြစ်ပေါ်လာကြ၏။ သို့အတွက် ဦးနန္ဒိယသည် မိမိအား သီတင်းသုံးခွင့်ပြုထားသောကျောင်းခန်းကလေးကို တံခါးပိတ်ပြီး တရားရှုမှတ်လေ၏။

အရိုးကြေကြေ အရေခန်းခန်း အံ့မခန်းဖွယ် စတုရင်္ဂဝီရိယဖြင့် သုံးလတိုင်တိုင် တရားအားထုတ်ပြီးသောအခါ ဦးနန္ဒိယတွင် စွဲကပ်နေသော ရောဂါများအနက် နှင်းခူနှင့် အသားပိုလုံးရောဂါမှအပ ကျန်ရောဂါများအားလုံးသည် ထူးခြားအံ့သြဖွယ်ရာ ပျောက်ကင်းသွားကြလေတော့၏။



ဦးနန္ဒိယသည် နှစ်ပေါင်းများစွာ မိမိအပတ်တကုတ် အားထုတ်ရှာဖွေခဲ့သော တရားစစ်တရားမှန်ကို မြင်တွေ့ရလေပြီ။ ရောဂါများသည်း ထူးခြားစွာ ပျောက်ကင်းသွားကြပြီ။

'ပဒုမ္မာကြာပန်းသည် လရောင်အောက်တွင် ဖူးပွင့်ရန် အာသာငမ်းငမ်းနှင့် စောင့်ဆိုင်းနေခဲ့ပြီးနောက် နေခြည်ဖြာသန်းသည်နှင့်တစ်ပြိုင်နက် ငွားငွားစွင့်စွင့် ဖူးပွင့်လာသကဲ့သို့ သမထလမ်းကြောင်းပေါ်တွင် ပင်ပန်းစွာလျှောက်လှမ်းခဲ့ရသော ဦးနန္ဒိယသည် ဝိပဿနာရောင်ခြည် ဖြာသန်းကျလာသည်နှင့်တစ်ပြိုင်နက် ဉာဏ်အလင်းရောင်ဝေကာ ကြွားကြွားဝင့်ဝင့် လန်းတင့်နေပြီတကား။'

## ဗုဒ္ဓသာသနာတော်ကို ကျေးဇူးဆပ်ခြင်း

သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာဟောကြားအပ်သည့် တရားတော်သည် ကောင်းခြင်းဂုဏ် ၆-ပါးနှင့် ပြည့်စုံ၏။

၁။ သွာက္ခာတော ဘဂဝတာဓမ္မော = ပရိယတ္တိတရားသည် အစ, အလယ်, အဆုံး ကောင်းခြင်းဂုဏ်တို့နှင့် ပြည့်စုံ၏။

၂။ သန္ဒိဋ္ဌိကော= မဂ်လေးတန်၊ ဖိုလ်လေးတန်တို့နှင့် နိဗ္ဗာန်ဟုဆိုအပ်သော လောကုတ္တရာတရား ၉-ပါးတို့သည် ကောင်းစွာကျင့်ကြံအားထုတ်ကြသော သူတော်စင်အပေါင်းတို့ ကိုယ်တိုင်မျက်မှောက်ပြု၍ မြင်အပ်သိအပ်သော တရားတို့တည်း။ လူပြောသူပြောနှင့် မြင်အပ်သိအပ်သောတရားများ မဟုတ်ကြချေ။

၃။ အကာလိကော= အခါမလင့် ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်သည့်ဂုဏ်နှင့်လည်း ပြည့်စုံ၏။ မဂ်ဉာဏ်ကိုရသူသည် ဖိုလ်အကျိုးကို ချက်ချင်းခံစားနိုင်၏။ နေ့ဆိုင်း, လဆိုင်း, ဘဝဆိုင်း၍ စောင့်ငံ့နေရသော တရားမဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



၄။ ဧဟိပဿိကော= ကောင်းမြတ်သော အမြိုက်အရသာနှင့် ပြည့်စုံသော တရားဖြစ်ခြင်းကြောင့် လာလှည့်ရှုလှည့်ဟု သူတစ်ပါးအား ဖိတ်ခေါ်၍ပြသအပ်သည့် ဂုဏ်နှင့်လည်း ပြည့်စုံ၏။

၅။ ဩပနေယျိကော= မိမိ၏စိတ်၌ ကပ်၍ဆောင်ထားခြင်းငှာ ထိုက်သော ဂုဏ်နှင့်လည်း ပြည့်စုံ၏။

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ = အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့၏ သန္တာန်အသီးသီး၌ ပွားများအပ်, ခံစားအပ်သော တရားဖြစ်၏။ ပွားများသူသာ တရား၏အရသာကို ခံစားနိုင်၏။ မပွားများသောသူသည် မခံစားနိုင်။

ဤသို့လျှင် ဗုဒ္ဓ၏ မြတ်တရားတော်သည် အလွန်ထူးခြားပြီး လက်တွေ့ကျသော ဂုဏ် ၆–ပါးနှင့် ပြည့်စုံ၏။

'ဝိပဿနာတရားကို ကိုယ်တိုင်ပွားများ အားထုတ်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသူများသာလျှင် တရားတော်၏ ကောင်းခြင်းဂုဏ်တို့ကို အပြည့်အဝ သိနားလည်နိုင်၏။ ဝိပဿနာမပွားများသူတို့မှာ မသိမြင်နိုင်။'

'တစ်ဖန် တရားတော်၏ ကောင်းခြင်းဂုဏ်များကို ကိုယ်တိုင် သိရှိပြီးသူများသာ တရား၏အမြိုက်အရသာကို ခံစားနိုင်၏။ မသိလျှင် မခံစားနိုင်။'

'သဗ္ဗရသံ ဓမ္မရသော ဇိနာတိ'

'တရားအရသာသည် အလုံးစုံသောအရသာတို့ကို အောင်နိုင်၏။'

ဦးနန္ဒိယသည် တရားတော်၏ ကောင်းခြင်းဂုဏ်များကို ကိုယ်တိုင် သိနားလည်ပြီးလျှင် တရားတော်၏ ကောင်းမြတ်သည့်အရသာကို ကိုယ်တိုင်ခံစားပြီးသူ ဖြစ်၏။



သို့အတွက် ဤအသာလွန်ဆုံးဖြစ်သော တရားအရသာထူးကို ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား မိမိနည်းတူ သိရှိခံစားစေလို၏၊ ဝေငှပေးလို၏။ ထို့ကြောင့် ဖိတ်ခေါ်တိုက်တွန်းနေ၏။

"လာလှည့်ကြ... ထူးခြားကောင်းမွန်တဲ့ ဝိပဿနာတရားကို ရှုမှတ်ကြ။ သောကပရိဒေဝတွေအားလုံး ငြိမ်းအေးမယ်၊ ဒုက္ခဟူသမျှလည်း ချုပ်ငြိမ်းမယ်၊ ခွဲနဲ့အားထုတ်ရင် ဒီဘဝမှာ တစ်မဂ်တစ်ဖိုလ် ရနိုင်ပါတယ်။ ဘုန်းကြီးတို့ နည်းမသိခင်က ၁၅–နှစ်တိုင်တိုင် ရှာမှီးခဲ့ရတဲ့တရားကို အခု တစ်မနက်လောက်ရှုမှတ်ရုံနဲ့ ရနိုင်တယ်။ အင်မတန်ကောင်းမြတ်တဲ့တရားကို ရှုမှတ်ကြည့်စမ်းပါ"

ဦးနန္ဒိယသည် မွန်–မြန်မာ နှစ်ဘာသာလုံးကို ကျွမ်းကျင်စွာ တတ်မြောက်ထားသဖြင့် ဝိပဿနာတရားကို မွန်– မြန်မာ နှစ်ဘာသာလုံးဖြင့် ကောင်းမွန်စွာ ဟောကြားပြသနိုင်၏။

မွန်ပရိသတ်တို့အား ဝိပဿနာတရား ဟောကြားပြသပေးရန် အတွက် မော်လမြိုင်မြို့ဝ မဟာသတိပဋ္ဌာန်ကျောင်းတွင် နှစ်နှစ် သီတင်းသုံး၏။ ထို့နောက် ရွှေကူဆရာတော် ဖိတ်ခေါ်သဖြင့် သံဖြူ ဇရပ်မြို့၌ တစ်နှစ်ကြာ ဝိပဿနာတရားကို ဟောကြားပြသ၏။ ထို့နောက်ကော့ကရိတ်မြို့မှ ဒကာများကပင့်ဆောင်သောကြောင့် ကော့ကရိတ်သို့ သွားပြီးလျှင် နှစ်နှစ်ကြာတရားပြ၏။

ထိုအခါ တော်ကူးရွာမှ ဆွေမျိုးများနှင့် မိတ်သင်္ဂဟများသည် ဦးနန္ဒိယကို တောင့်တနေကြလေပြီ။ တော်ကူးရွာထိပ်ရှိ နှစ်ဧက ကျော် ကျယ်ဝန်းသည့် ရာဘာခြံကို ကျောင်းဝင်းအဖြစ် ဖန်တီးကာ ဝါးကပ်ကျောင်းတစ်ကျောင်း ဆောက်လုပ်ပြီးလျှင် ဦးနန္ဒိယအား သွားရောက် ပင့်ဆောင်ကြ၏။

ဦးနန္ဒိယသည် ဂုဏ်ပကာသနကို ဂရုမပြုပါ။ ဝါးကပ်ကျောင်း၌

www.burmeseclassic.com

www.burmeseclassic.com



နေရသည်ဖြစ်စေ၊ တိုက်ကျောင်း၌ သီတင်းသုံးရသည်ဖြစ်စေ သူ့အတွက် အတူတူပင်ဖြစ်၏။ သူငုံ့လင့်နေသည့်အရာကား ဝိပဿနာတရား အားထုတ်လိုသော ပရိသတ်ပင်တည်း။

ဆွေမျိုးများနှင့် မိတ်သင်္ဂဟအပေါင်းတို့အား ချီးမြှင့်ရန်အတွက် ဦးနန္ဒိယသည် ၁၃၂၇–ခု၊ ကဆုန်လဆန်း ၁၃–ရက်နေ့တွင် မိမိ၏ ဇာတိရပ်ဌာန်ဖြစ်သည့် တော်ကူးရွာသို့ ပြန်ကြွတော်မူခဲ့၏။

ဆွေမျိုးများဆောက်လုပ်လှူဒါန်းသော ကျောင်းကို **'တော်ကူး မဟာသတိပဋ္ဌာန်ကျောင်း'**ဟု အမည်ပေးပြီးလျှင် ရိပ်သာကျောင်းအဖြစ်တည်ထောင်၍ ဝိပဿနာတရားကို ဟောကြားပြသတော်မူ၏။

မူလက သုံးပင်နှစ်ခန်း မိုးပက်သည့်ဝါးကပ်ကျောင်းကလေး တစ်ဆောင်သာရှိသော တော်ကူး မဟာသတိပဋ္ဌာန် ကျောင်းသည် ယခုအခါ သွပ်မိုးပျဉ်ကာခြေတံရှည်စကြိုကျောင်း, သိမ်ကျောင်း, ဆွမ်းစားကျောင်း, ဓမ္မာရုံ, သံဃာများအတွက် ကျောင်းငယ် ငါးကျောင်း, ယောဂီများအတွက် ခြောက်ခန်းတွဲ အဆောင်နှစ်ဆောင်, သုံးခန်းတွဲအဆောင်တစ်ဆောင်, စေတီတစ်ဆူ, အေးမြသည့်ရေတွင်းများ, စိမ်းလန်းဝေဆာသည့် သစ်ပင်ပန်းပင်များနှင့်တကွ လှပတင့်တယ် အေးငြိမ်းသာယာလျက်ရှိပေ၏။

ဤရိပ်သာကျောင်းသို့ အရပ်လေးမျက်နှာမှ ရဟန်းရှင်လူအပေါင်းတို့သည် ဝိပဿနာတရား အားထုတ်ရန် အဆက်မပြတ်လာရောက်ကြ၏။ အနီးပတ်ဝန်းကျင်ရွာများမှ တောင်သူလယ်သမားများလည်း လာကြ၏။ ရပ်ဝေးမှ ဧည့်သည်များလည်း လာကြ၏။ ကျန်းမာသူများလည်း ပါ၏။ မကျန်းမာသူများလည်း ပါ၏။ စိတ် မနှံ့သူများကိုပင် လက်ခံ၏။



ဆရာတော်သည် လာသမျှယောဂီအပေါင်းတို့ကို အချိန်မရွေး ဝမ်းမြောက်ဝမ်းသာ လက်ခံပြီး ချမ်းသာစွာ ခိုနားနိုင်ရန် နေရာချပေး၏။ ကောင်းစွာ တရားအားထုတ်နိုင်ရန် သွန်သင်ပြသပေး၏။ အားတက်ရွှင်လန်းရန် ကူညီစောင့်ရှောက်ပေး၏။

ဆရာတော်၏သမီးဖြစ်သူ **ဒေါ်တင်ရွှေ**က ဧည့်ခံကျွေးမွေးရေး အဖွဲ့ကို ဦးဆောင်ပြီးလျှင် လာသမျှယောဂီအပေါင်းကို မငြူမစူ ချက်ပြုတ်ကျွေးမွေး၏။

ဤရိပ်သာကျောင်းတွင် ဝင်ကြေးမရှိ၊ ဆွမ်းစရိတ်တောင်းခံခြင်း မရှိ၊ သဒ္ဓါရှိသလောက်လှူနိုင်၏။ တစ်ပြားတစ်ချပ်မျှ မလှူလျှင်လည်းရ၏။ ဆရာတော်၏ဆန္ဒမှာ လာသမျှပရိသတ်အပေါင်းကို ရှိသမျှချကျွေးရန်နှင့် အားလုံးစိတ်ချမ်းသာစေရန် ဖြစ်၏။

ယောဂီအရေအတွက်မှာ ဝါပ,ကာလ၌ ၁၀–ယောက်, ၁၅–ယောက်သာရှိသော်လည်း ဝါတွင်းကာလ၌မူ ၁၀၀–အထိရှိတတ်၏။ ထိုအခါ တော်ကူးရွာအတွင်းမှ ယောဂီဟောင်းများသည် ကျောင်းသို့ လာပြီး ဝိုင်းဝန်းချက်ပြုတ်ပေးကြ၏။

တံခွန်တိုင်ရွာသားများက ဆန်ကို လိုအပ်သမျှလှူဒါန်းကြ၏။ တော်ကူးရွာက ဆွမ်းဟင်းအတွက် ဝိုင်းဝန်းကာတာဝန်ယူပေးကြ၏။ တော်ကူးနှင့် တံခွန်တိုင်တို့သည် ညောင်ပင်လမ်းခြားလေးတစ်ခုသာ ခြားနေသော အမြွှာညီနောင် ဖြစ်ပေ၏။

၁၉၇၉–ခုနှစ်၊ အောက်တိုဘာလက တော်ကူးရွာမဟာသတိပဋ္ဌာန် ကျောင်းသို့ ကျွန်တော်ရောက်သွားသည့်အချိန်တွင် ဆရာတော်သည် သက်တော် ၈၉–နှစ်၊ ဝါတော် ၃၄–ဝါ ရှိနေလေပြီ။ ကိုယ်ကာယ ပြိုးဖြိုးနှင့် ကျန်းမာလျက်ရှိ၏။ ဉပမိရုပ် ကောင်းမွန်၏။ ဦးခေါင်း ဆော ကိုယ်ခန္ဓာပါကြီးထွား၏။ နားရွက်ဝန်းပြီးရှည်၏။ ခြေဖမိုး

www.burmeseclassic.com

www.burmeseclassic.com



မို့မောက်နေ၏။ သဒ္ဓါတရားထက်သန်ကြောင်းကိုပြ၏။ အလွန်ရိုးသားကာ ပွင့်လင်းစွာဆက်ဆံတတ်၏။ အသက် ၈၇–နှစ်အထိ ရွာအတွင်းသို့ နေ့စဉ်ဆွမ်းခံကြွခဲ့၏။

သက်တော် ၈၈–နှစ်တွင် အကြီးအကျယ်ဖျားနာသွားသဖြင့် ထိုအခါမှစ၍ ဆွမ်းခံမကြွရန် ဒါယကာများက လျှောက်ထားကြ၏။ ဝဖြိုးပြီးသက်တော်ထောက်လာသည့်အတွက် ထိုင်ထသည့်အခါ အနည်းငယ်ဖေးမ,ရန် လိုအပ်လာ၏။

ထိုသို့ အသက်အရွယ်ကြီးရင့်ပြီး ဖြစ်လင့်ကစား ဆရာတော်သည် တစ်နေ့လုံးနီးပါးမျှ လှုပ်ရှားသွားလာ၍ ယောဂီများကို တရားပြပေး၏။ အားပေးတိုက်တွန်း၏။ တရားစစ်ဆေး၏။ တရားဟော၏။ မေတ္တာပို့၍ အမျှဝေ၏။

"ဘုန်းကြီး အသံထွက်နေသမျှကာလပတ်လုံး တရားဟော တရားပြနေမယ်"ဟု ထုတ်ဖော်ပြောဆိုကာ သာသနာတော်ကို ကျေးဇူးပြုနေသော ဆရာတော်၏ လုပ်ဆောင်ချက်များသည် အားရစဖွယ် ကောင်းလှပေတော့၏။

စေတနာရှင် သူတော်စင်အပေါင်းတို့သည် ဆရာတော်၏ မွန်မြတ်လှသည့် သာသနာပြုလုပ်ငန်းတွင် တစ်တပ်တစ်အား ပါဝင်၍ ကူညီထောက်ပံ့ လှူဒါန်းသင့်ကြပါသတည်း။

## ပုဂ္ဂိုလ်တစ်ဦးစီ၏ လိုအပ်ချက်နှင့်အညီ

တော်ကူး မဟာသတိပဋ္ဌာန်ကျောင်းသို့ ဝိပဿနာတရားအားထုတ်ရန်ရောက်လာကြသော ပုဂ္ဂိုလ်များသည် ရည်ရွယ်ချက်အမျိုးမျိုး ထားရှိကြ၏။



အချို့မှာ ဝိပဿနာတရားရှုမှတ်ရန်အတွက် သက်သက်ကို ရည်ရွယ်၏။

အချို့မှာ ရောဂါပျောက်ကင်းရန်အတွက်ကို ရည်ရွယ်၏။

အချို့မှာ ဣရိယာပုထ်ရှည်ရှည် ရှုမှတ်တတ်ရန် ရည်မှန်း၏။

ဆရာတော်ကမူ ရည်ရွယ်ချက်တစ်မျိုးတည်းသာ ထားရှိ၏။ ဓနေယျသတ္တဝါအပေါင်းတို့အား အဆုံးအစမထင်သော သံသရာဝဲသြဃတွင် ထောက်တည်ရာ ရရှိကြစေရေးအတွက် ဝိပဿနာတရားကို အားထုတ်တတ်အောင် သင်ကြားပေးလိုက်ရန်ပင် ဖြစ်သည်။

သို့သော် ကြီးမားသော မေတ္တာ စေတနာဖြင့် ဝိပဿနာအလုပ်ကို လုပ်တတ်အောင် ဆရာတော် သင်ကြားပြသပေးလိုက်သည့်အခါ အထက်တွင်ဖော်ပြခဲ့သည့် ရည်ရွယ်ချက်သုံးမျိုးစလုံးသည် တစ်ပေါင်းတည်း ပြည့်စုံသွားကြလေတော့၏။

ဆရာတော်သည် ဝိပဿနာတရား အားမထုတ်ချင်သူတို့ကို အားထုတ်ချင်လာအောင်၊ အားထုတ်ချင်သူတို့ကို ဝိပဿနာအလုပ် လုပ်တတ်အောင်၊ အလုပ်လုပ်တတ်သူတို့ကို ဣရိယာပုထ်ရှည်ရှည်ဖြင့် ရှုမှတ်နိုင်အောင် နှိုးဆော်ညွှန်ကြား ပြသပေးသည့်အရာ၌ သူမတူအောင် ထူးချွန်လှပေ၏။

ဆရာတော်၏နည်းမှာ ရိုးရိုးယဉ်ယဉ်ကလေးပင်ဖြစ်၏။ ဆရာတော်၏ ကြီးမားသောမေတ္တာဓာတ်က ယောဂီကို ပထမလွှမ်းခြုံသွားစေ၏။ ယောဂီသည် ဆရာတော်ကို မိဘသဖွယ် ချစ်ခင်လေးစားလာ၏။

ထို့နောက်ဆရာတော်သည် ယောဂီအား ဝိပဿနာရှုနည်းကို လိုအပ်သလောက်သာ အရှင်းဆုံးစကားလုံးများဖြင့် ရှင်းပြပြီး အလုပ်စတင်စေ၏။ သွား– ရပ်– ထိုင်– လျောင်း ဣရိယာပုထ်လေးမျိုး

www.burmeseclassic.com



အနက်မှ ကြိုက်သည့်ဣရိယာပုထ်ဖြင့် ရှုမှတ်ခွင့်ပြု၏။ ရောဂါရှိလျှင်မူ ရောဂါနှင့်လျော်ညီသော ဣရိယာပုထ်များဖြင့် များများရှုမှတ်ရန် ညွှန်ကြားပေး၏။

ယောဂီ တရားရှုမှတ်စဉ်အတွင်း၌ ယောဂီ၏ စိတ်ဓာတ်တက်ကြွလာစေရန် အားပေးစကားများကို ဆရာတော် မကြာမကြာပြောကြားပေး၏။ ဝိပဿနာရှုမှတ်ခြင်းနှင့် ပတ်သက်၍ မှန်မှန်ကန်ကန် နှလုံးသွင်းတတ်ရန်ကိုလည်း ရှင်းလင်းညွှန်ပြပေး၏။

Example is better than precept.

'စံနမူနာသည် သြဝါဒထက် သာသည်' ဟူသော စကားအရ ဆရာတော်သည် စံနမူနာများစွာဖြင့် သင်ကြားပြသပေးသည့်အတွက် ဆရာတော်၏နည်းသည် အလွန်စူးရှထိမိ၏။

တရားရှုမှတ်ရာတွင် နာကျင်ကိုက်ခဲသည့် ဝေဒနာများ ပေါ်လာလျှင် သည်းခံ၍ရှုမှတ်ရန်နှင့် ဣရိယာပုထ်ကို ခဏခဏ မပြောင်းဘဲ ဖွဲရှိရှိနှင့် တရားရှုမှတ်ရန်တို့သည် သမာဓိနှင့် ဝိပဿနာဉာဏ် ဖြစ်ထွန်းရေးအတွက် အလွန်အရေးကြီး၏။ ထိုသို့သည်းခံ၍ ဖွဲရှိရှိ ရှုမှတ်တတ်ရန် ဆရာတော်သည် သူမတူအောင် စံနမူနာ သာဓကများစွာနှင့် အားပေးပြောပြတတ်၏။

## တရားခေါ်ရာ လိုက်စမ်းပါ

ဆရာတော်သည် ယောဂီအား ဣရိယာပုထ်လေးပါးလုံးကို အသုံးပြုစေပြီး အားအသန်ဆုံးသော ဣရိယာပုထ်ဖြင့် ကြာကြာရှုမှတ်နိုင်အောင် လမ်းညွှန်ပြသပေး၏။ ဣရိယာပုထ်တစ်မျိုးကို ပြောင်းလိုလျှင် ချက်ချင်းမပြောင်းစေဘဲ ပြောင်းလိုသောဆန္ဒကို



"ပြောင်းချင်တယ်၊ ပြောင်းချင်တယ်"ဟူ၍ ၅–မိနစ်ရရ၊ ၁၀–မိနစ်ရရ ဆက်ရှုမှတ်စေ၏။ ထို့နောက် ဆက်ကာဆက်ကာ တတ်နိုင်သလောက် ဆက်ရှုမှတ်စေ၏။ ဤနည်းဖြင့် ရှည်လျားသော ဣရိယာပုထ်ဖြင့် ရှုမှတ်နိုင်ရန် လမ်းညွှန်သွား၏။

"ရှုမှတ်ရတာကောင်းနေရင် မရပ်လိုက်နဲ့၊ တရားခေါ်ရာနောက်ကိုလိုက်သာသွား၊ တစ်နေ့လုံးဖြစ်ဖြစ်၊ တစ်ရက်လုံးဖြစ်ဖြစ် ဆက်မှတ်နေပေါ့၊ အောင်မယ်– အဲသလို တစ်ခါတစ်ခါ မှတ်လိုက်ရရင် သိပ်အဖိုးတန်တာကလား၊ တစ်ခါသွားတတ်ရင် နောက်တစ်ခါသွားဖို့က လွယ်သွားပြီလေ၊ ဒကာ... ဘိလပ်ကို တစ်ခေါက်ရောက်ဖူးရင် နောက်တစ်ခေါက် မသွားတတ်ဘူးလား။ တရားမှတ်တာလည်း အဲသလိုပါပဲ။ အဲ... တစ်ခုသတိထားရမှာက တရားကမခေါ်ဘဲနဲ့ အတင်းရှုမှတ်ယူလို့တော့ မရဘူးဆိုတာပါပဲ"

ဆရာတော်ထံမှောက်သို့ ရောက်လာကြသော အလုပ်ကြမ်းသမား တောသူတောင်သားများသည် သုံးလေးရက်အတွင်း၌ သုံးနာရီ လေးနာရီစသည်ဖြင့် ကြာရှည်သည့် ဣရိယာပုထ်ဖြင့် တစ်စပ်တည်း ရှုမှတ်လာနိုင်ကြသည်မှာ အံ့စရာတစ်ပါးပင် ဖြစ်၏။

## သံဖြူဇရပ်မြို့မှ သာဓက

သံဖြူဇရပ်မြို့၌ ဆရာတော်တရားပြနေစဉ် ဆန်စက်ပိုင်ရှင်နှင့် ရေဘာခြံပိုင်ရှင်ဖြစ်သော ကျောင်းဒကာဦးသာဇံသည် အဖော် နှစ်ယောက်နှင့်အတူ ဆရာတော်ထံလာရောက်ပြီး တရားမှတ်၏။ သူတို့သည် မော်လမြိုင်မြို့၌ ဝိပဿနာတရားရှုမှတ်ဖူးသူများ ဖြစ်ကြ၏။ ထိုင်ခြင်းနှင့် စင်္ကြံလျှောက်ခြင်းတည်းဟူသော ဣရိယာပုထ်နှစ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



ဖြင့်သာ တရားရှုမှတ်ခဲ့ကြသည်ဖြစ်၍ ရုပ်သောဏ္ဍရီယာပုထ်ဖြင့် ဆရာတော်ဘုရားက မှတ်စေသောအခါ သူတို့ မမှတ်လိုကြချေ။

"ရုပ်မှတ်ကြည့်ပါလေ၊ မှတ်နည်းတစ်မျိုးတိုးပြီး သိရတာပေါ့"ဟု ဆရာတော်က ထပ်မံတိုက်တွန်းသောအခါ သူတို့ မတတ်တတ်ရုပ်ကာ ရှုမှတ်ကြ၏။

တစ်နာရီခန့်ကြာသောအခါ အဖော်နှစ်ယောက်တို့ ထိုင်ချလိုက်ကြ၏။ ဦးသာဇံက မျက်စိတစ်ချက် ဖွင့်ကြည့်လိုက်ပြီးနောက် ဆက်မှတ်နေ၏။

"ဒကာ... မှတ်နိုင်သေးရင် မရပ်လိုက်နဲ့၊ မှတ်နိုင်သလောက် ဆက်မှတ်သွား၊ ဝေဒနာပေါ်လာရင်လည်း မကြောက်နဲ့ ၊ စူးစူးစိုက်စိုက် ရှုမှတ်ပေး"

ဆရာတော်က အားပေးစကားပြောကြားပြီးလျှင် အခြေအနေကို စောင့်ကြည့်နေ၏။

ဦးသာဇံသည် ပြင်းထန်သောဝေဒနာပေါ်လာသဖြင့် အကြိတ်အနယ် ရှုမှတ်နေရ၏။ သူ၏ခန္ဓာကိုယ်မှာ ဒယီးဒယိုင် လှုပ်ရှားနေ၏။

အဖော်နှစ်ယောက်က ဆရာတော်ထံ ပြေးလာကြပြီး...

"ဦးသာဇံကိုယ် ယိမ်းနေတယ် ဘုရား၊ လဲကျတော့မယ် ထင်တယ်"

"ဒကာတို့ အသာစောင့်ကြည့်နေ၊ သူ့ကိုသွားမထိနဲ့"ဟု ဆရာတော်က မိန့်လိုက်၏။

နာရီဝက်ခန့်ကြာသောအခါ ဒကာနှစ်ယောက်က ဆရာတော်ထံ တစ်ဖန် လာလျှောက်ကြပြန်၏။

"ဆရာတော်ဘုရား... ဦးသာဇံဟာ ကျောက်တိုင်လို မတ်နေတယ်



ဘုရား၊ ဘာမှ မလှုပ်ရှားဘူး၊ သူ့ရင်ဘတ်ကို စမ်းကြည့်တော့လည်း နှလုံးခုန်သံကို မကြားရဘူး ဘုရား"

"ဒကာတို့... အေးအေးသာနေ၊ အဲဒါ တရားတွေ့ပြီးငြိမ်းနေတာ"ဟု ဆရာတော်က အမိန့်ရှိလိုက်၏။

ဦးသာဇံသည် ဆရာတော်ထက် အသက်ကြီး၏။ အသက် ၉၀ ကျော်အထိ အသက်ရှည်၏။ ဆရာတော်အား ဖူးတွေ့တိုင်း–

"ဆရာတော် ပေးလိုက်တဲ့တရားက သိပ်ကောင်းတာပဲ ဘုရား၊ တပည့်တော် တစ်ချက်မှ မနားရဘူး၊ အမြဲရှုမှတ်နေရတယ်၊ မြေးကို ထိန်းတဲ့အခါမှာတောင် ရှုမှတ်နေရတာပဲ ဘုရား"ဟု ဝမ်းမြောက် ရွှင်လန်းစွာ လျှောက်ထား၏။

## အချိန်အခါနေရာမရွေး

တစ်ခါက တော်ကူးဆရာတော်သည် သိမ်သမုတ်ရန် ဖိတ်ကြား၍ ခံရသဖြင့် မော်လမြိုင်မြို့သို့ ကြွသွား၏။ ညဉ့်ဘက် အနားယူနေစဉ် ဒကာတစ်ယောက် ရောက်လာပြီး...

"တပည့်တော် ဆရာတော်ရဲ့ တရားရှုနည်းကို လိုချင်ပါတယ် ဘုရား"ဟု လျှောက်ထား၏။

"ဟ... ငါ့နည်းက ပိန်–ဖောင်းနည်းပဲကွဲ့"

"မဟုတ်ပါဘူး... ဣရိယာပုထ် ရှည်ရှည်မှတ်တဲ့နည်းကို လိုချင်ပါတယ် ဘုရား"

"ဒကာ ဘယ်လောက်ကြာကြာ မှတ်ဖူးသလဲ"

"တစ်နာရီ တစ်နာရီသာသာတော့ တပည့်တော် ကောင်းကောင်း ထိုင်နိုင်ပါတယ်၊ ဝေဒနာလည်း ထွေထွေထူးထူးမရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ... ကဲ... ဒကာ ရပ်မှတ်စမ်း၊ မှတ်နိုင်သလောက်သာမှတ် စိတ်အေးအေးထား၊ ဘာမှစိတ်မပူနဲ့"

ထိုဒကာသည် ဆရာတော်၏ အခန်းတွင်း၌ပင် တစ်နာရီကြာ ရပ်ပြီး ရှုမှတ်နေ၏။

"ကောင်းတယ်ဒကာ... ကဲ... အခု ထိုင်မှတ်စမ်း"

ဒကာသည် ထိုင်၍ ရှုမှတ်ရပြန်၏။ တစ်နာရီကြာသည်အထိ ဝေဒနာကင်းနေသဖြင့် ငြိမ်သက်စွာရှုမှတ်နေ၏။ တစ်နာရီကျော်လွန်သည့်အခါ မပေါ်ဖူးသည့်ဝေဒနာ ပေါ်လာတော့မည်ကို ဆရာတော်သိသဖြင့်...

"ကဲ... ဒကာ... မပြေးနဲ့နော်၊ တရားခေါ်နေတယ်... ဆက်မှတ်ပါ"

၁၀–မိနစ်ခန့်ကြာသည့်အခါ ထိုဒကာသည် ကိုယ်အနည်းငယ်တွန့်လိမ်လာပြီး...

"တော်ချင်ပြီ ဘုရား"ဟုဆို၏။

"ဒကာ... ဘာဖြစ်လို့ တော်ချင်တာလဲ"

"တပည့်တော်ရဲ့ တင်ပါးနှစ်ဖက်က မီးလောင်နေပါတယ်ဘုရား"

"ဟ... ဒကာ၊ ပါရမီထူးရှိလို့ ဒီလိုတရားမြင်တာ မတော်လိုက်နဲ့၊ ပူတယ်ဆိုရင် ပူတယ်လို့မှတ်"

ဒကာသည် ကြိုးစားမှတ်၏။ နာရီဝက်ခန့် ကြာသောအခါ ဆရာတော်က တစ်ဖန် မေးပြန်၏။

"ဒကာ... ပူနေတုန်းပဲလား၊ တော်ချင်သေးသလား"

"တင်ပါ့... တော်ချင်ပါတယ် ဘုရား"

"အဲဒါဖြင့်ရင် တော်ချင်တယ်, တော်ချင်တယ်...လို့ ဆက်မှတ်သွား"



နောက် နာရီဝက်ခန့်ကြာသောအခါ ဆရာတော်က မေးပြန်၏။

"ပူတာ ပျောက်သွားပြီလား"

"ပူတာ ပျောက်သွားပြီဘုရား"

"အေး... အေး... ဒကာ ဆက်မှတ်နိုင်သေးတယ် မဟုတ်လား၊ ကောင်းတယ်– ပိန်တယ် ဆက်မှတ်ပေါ့"

၁၀–မိနစ်လောက်ကြာသောအခါ "တော်ချင်ပြီ" ဟုဆိုပြန်၏။

"ဘာဖြစ်လို့လဲ ဒကာရဲ့"

"တင်ပါးတစ်ခုလုံးဟာ ရေခဲပေါ်ထိုင်နေရသလိုဖြစ်ပြီး အလွန်အေးနေပါတယ်ဘုရား"

"ဟ... ဒကာ... တရားသိပ်ကောင်းတာပဲ၊ ဒကာ့ကို ဘယ်သူမှ ရေခဲနဲ့မကပ်ဘူး၊ တရားကဖော်ပြနေတာ၊ အေးတယ်– အေးတယ်လို့ ဆက်မှတ်ပါဦး"

ဆရာတော်က အနီးမှ တိုက်တွန်းနေသည့်အတွက် ဒကာသည် မတော်နိုင်သေးဘဲ ဆက်မှတ်ရလေ၏။ ၃–နာရီပြည့်သောအခါတွင် အေးသည့်အတွေ့ပျောက်သွားပြီး ခပ်နွေးနွေးကလေး ဖြစ်နေ၏။ တရားရှုမှတ်ရသည်မှာ အလွန်ကောင်းလာ၏။

"ကဲ... ဒကာ တော်လောက်ပြီ၊ ဘုန်းကြီးရဲ့နည်းကို ဒကာရပြီ၊ နောက်တော့ ဒကာ့ဘာသာ ဆက်မှတ်ယူတော့နော်"

ဆရာတော်သည် မိမိနည်းကို လျှို့ဝှက်မထားဘဲ လိုချင်သူအပေါင်းတို့အား အချိန်မရွေး၊ နေရာမရွေး မိမိ၏ပင်ပန်းမှုကို မငဲ့ကွက်ဘဲ သွန်သင်ပြသပေးသည်မှာ ကြီးမားသော မေတ္တာ ကရုဏာ ပိုင်ရှင် ဖြစ်သောကြောင့်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



## မိမိကိုယ်ကို ညှဉ်းဆဲခြင်းလော

တောင်ကူးဆရာတော်သည် မိမိကိုယ်တိုင် ရှည်လျားသော ဣရိယာပုထ်ဖြင့် တရားရှုမှတ်ရုံသာမက တပည့်အပေါင်းတို့အား အချိန်ကြာကြာ တစ်စပ်တည်း ရှုမှတ်နိုင်အောင်လည်း လမ်းညွှန်ပြသပေး၏။ ထိုသို့ပြသပေးရာ၌ အလွန်ကျော်ကြား၏။

တောင်ကူးဆရာတော်သည် ထိုင်သောဣရိယာပုထ်ဖြင့် ၂၄-နာရီ၊ ရပ်သော ဣရိယာပုထ်ဖြင့် ၂၄-နာရီ၊ လျောင်းသောဣရိယာပုထ်ဖြင့် ၂၄-နာရီ၊ စင်္ကြံသွားသော ဣရိယာပုထ်ဖြင့် မိမိအလိုရှိသလောက် ရှုမှတ်နိုင်၏။

ဆရာတော် သင်ကြားပေးလိုက်သော တပည့်များတွင် အချို့သည် ဆရာတော်နီးပါး ရှုမှတ်နိုင်ကြ၏။

၁၉၇၉-ခု၊ အောက်တိုဘာလက တောင်ကူးရိပ်သာတွင် ကျွန်တော် တရားဝင်နေစဉ်အခါ၌ ရိပ်သာတွင် သီတင်းသုံးနေသော **ဦးကောသရ**သည် ထိုင်၂၄-နာရီ၊ ရပ် ၂၄-နာရီ၊ လျောင်း ၆-နာရီနှင့် စင်္ကြံ ၂၄-နာရီ ရှုမှတ်နိုင်၏။ ဦးကောသရသည် ရဟန်း ၇-ဝါရပြီး ဆက်လက်ရှုမှတ်နေ၏။

အသက် ၁၇-နှစ်အရွယ်ရှိ **ကိုရင်ရေဝတ**သည် ထိုင် ၂၄-နာရီ၊ ရပ် ၁၂-နာရီ ရှုမှတ်နိုင်၏။ အခြား ကိုရင်နှစ်ပါးသည်လည်း **သူ**လောက်နီးပါး ရှုမှတ်နေကြ၏။

၁၉၈၃-ခုနှစ်က တောင်ကူးဆရာတော်ကို ကျွန်တော်သွားရောက်ဖူးမြော်သောအခါ ရိပ်သာတွင် တရားဝင်နေသော **ဦးနာဝိက**(အသက် ၅၆-နှစ်)သည် ထိုင် ၃၅-နာရီ၊ ရပ် ၂၃-နာရီ၊ လျောင်း၂၀-နာရီ အားထုတ်နိုင်ကြောင်း သိရှိခဲ့ရ၏။



ဤသို့ ရှည်လျားသော ဣရိယာပုထ်ဖြင့် တရားရှုမှတ်ခြင်းသည် မိမိကိုယ်ကို မိမိညှဉ်းဆဲခြင်းဖြစ်၍ အတ္တကိလမထာနုယောဂဖြစ်သည်ဟု အချို့က စွပ်စွဲလိုကြ၏။

ကိုယ်တိုင်ကိုယ်ကျ အတွင်းကျကျသိအောင် စူးစမ်းခြင်းမပြုဘဲ အထင်သက်သက်ဖြင့် သူတော်စင်တို့၏ကျင့်စဉ်ကို အပြစ်တင်ဆဖန်ခြင်းသည် အလွန်ဝန်လေးစရာကောင်းသော လုပ်ရပ်ဖြစ်ပေ၏။

ဝိပဿနာတရားကို ရှုပွားရာတွင် သမာဓိထူထောင်နိုင်ရန်အတွက် ကျောင်းကိုက်ခဲသည့်ဝေဒနာကို အနည်းနှင့်အများဆိုသလို သည်းညည်းခံကြရသည်သာ ဖြစ်၏။ ဣရိယာပုထ်ရှည်ရှည်ဖြင့် ရှုမှတ်သူသည် သာမန်ရှုမှတ်သူထက် ဖွဲ့သတ္တိကောင်းကောင်းဖြင့် ဝေဒနာကို ပိုမိုသည်းညည်းခံလိုက်ခြင်းပင်ဖြစ်၏။ တရားသဘောအရ ထင်ပေါ်လာသော နာကျင်ကိုက်ခဲမှုသည် ခန္ဓာကိုယ်၏ ဒုက္ခသစ္စာသဘောကို ဆော်ညွှန်းခြင်း ဖြစ်၏။ ဒုက္ခ၏သရုပ်ကို ကြာကြာရှုမှတ်နိုင်လေလေ၊ ဒုက္ခသစ္စာ၏သဘောကို ပိုမိုသိမြင်လာလေလေပင် ဖြစ်၏။

ခန္ဓာကိုယ်ကို ဆူးပုံပေါ်၌ လှဲချခြင်း၊ မီးပုံကြီးတွင် မီးကင်ခြင်းသည့်အကျိုးမရသော မိမိကိုယ်ကို မိမိညှဉ်းဆဲမှုသည်သာလျှင် အတ္တကိလမထာနုယောဂ ဖြစ်၏။

**မဟာစည်ဆရာတော်ဘုရား**သည် 'တက္ကသိုလ်ဝိပဿနာ တရားတော်' စာအုပ်၊ စာမျက်နှာ ၁၇၂-၌ 'သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါး, သီလ, သမာဓိ, ပညာသုံးပါးဖြစ်အောင် အားထုတ်ခြင်းဟူသမျှသည် ဘယ်လိုပင် အပင်ပန်းခံ၍ အားထုတ်သော်လည်း အတ္တကိလမထာနုယောဂမဟုတ်၊ မဇ္ဈိမပဋိပဒါအကျင့်လမ်းမှန်သာဖြစ်သည်ဟု မြဲမြဲမှတ်ထားရမည်'ဟု အဆုံးအဖြတ်ချတော်မူခဲ့၏။

တစ်ဖန် မဟာစည်ဆရာတော်၏ 'အရိယာဝါသတရားတော်ကြီး'

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်၊ စာမျက်နှာ ၁၁၂–၌…

ကာယေစ ဇီဝိတေစ အနပေက္ခထံ ဥပဋ္ဌာပေတိ။

ကိုယ်နှင့် အသက်ကို မငဲ့ကွက်ဘဲ တရားရေးအတွက် အသက်သေချင်သေပါစေ… စွန့်စွန့်စားစား အားထုတ်ရမည်။ ကိုယ်ထဲ၌ မခံသာသည့် ဒုက္ခဝေဒနာများ ထင်ရှားပေါ်လာလျှင် ၎င်းတို့ကို သည်းခံပြီးရှုမှတ်ရမည်ဟု ဖော်ပြထား၏။

ထို့အပြင် “တရားအားထုတ်လို့ သေတဲ့မသာမရှိ”ဟု မဟာစည်ဆရာတော်သည် ထိုစာမျက်နှာ၌ပင် ရေးသားထားသည်မှာလည်း အထူးအားရဖွယ် ကောင်းလှ၏။ သက်သောင့်သက်သာထိုင်၍ တရားရှုမှတ်နေသည့်အခိုက်၌ ခန္ဓာကိုယ်ကို ထိခိုက်နာကျင် ဒဏ်ရာရစေနိုင်သော ဘေးအန္တရာယ်တစ်စုံတစ်ခုမျှ မရှိပါ။

‘ခန္ဓာကိုယ်သည် ဒုက္ခတုံးကြီးပေတည်း’ဟု မြတ်စွာဘုရားဟောကြားထားသည်နှင့်အညီ တရားရှုမှတ်စဉ် နာကျင်ခံခက်သော ဒုက္ခဝေဒနာများပေါ်လာခြင်းသည် ဒုက္ခသစ္စာသဘောကို ပြံ့ပြံ့ထင်ထင် ဖော်ပြခြင်းပင်တည်း။ ထိုဒုက္ခဝေဒနာကို သည်းညည်းခံ၍ ရှုမှတ်ခြင်းသည် ဒုက္ခသစ္စာကိုမြင်သိရန် အထောက်အကူ မဖြစ်ပါသလော။

တစ်ဖန်တုံလည်း ‘ဝေဒနာဆုံးအောင်လိုက်– လမ်းဆုံးရင်ရွာတွေ့သလို ဝေဒနာဆုံးလျှင် အေးချမ်းတာတွေ့လိမ့်မယ်’ဟု တော်ကူးဆရာတော် အမိန့်ရှိသည်နှင့်အညီ ဣရိယာပုထ်ရှည်ရှည်ဖြင့် ရှုမှတ်နိုင်ရန် အားထုတ်စတွင်သာ နာကျင်ခံခက်သည့် ဝေဒနာကို သည်းခံ၍ ရှုမှတ်ရ၏။ ထိုဝေဒနာကိုကျော်လွန်နိုင်သောအခါ၌ ကြာမျိုးငါးပါးနှင့်ပြည့်စုံသော ရေကန်တွင်း၌ ခန္ဓာကိုယ်ကို စိမ်ထားရသလို အေးငြိမ်းနေပေတော့၏။ အချို့ပုဂ္ဂိုလ်တို့က ဣရိယာပုထ်ရှည်ရှည်ဖြင့် ရှုမှတ်နေသောအခါ၌ မိမိတို့တင်ပါးသည် (သို့မဟုတ်)



ခိုင်နေလျှင် ခြေဖဝါးများသည် ကြမ်းခင်း၌မထိဘဲ ခန္ဓာကိုယ်တစ်ခုလုံး လေထဲ၌လွင့်တက်နေသည့်ပမာ ခံစားနေရကြောင်း ပြောဆိုကြ၏။

ဣရိယာပုထ်ရှည်ရှည်ဖြင့် တရားရှုမှတ်ခြင်းသည် ဝိပဿနာဉာဏ်များကို ပိုမိုလျင်မြန်စွာ ဖြစ်ထွန်းစေနိုင်သည်မှာ ယုံမှားစရာ မရှိချေ။ ထို့ပြင် ရောဂါအမျိုးမျိုးကို ပျောက်ကင်းစေခြင်းအတွက်လည်း အထောက်အကူပြုကြောင်းကို အခန်း (၄)၌ဖော်ပြထားသော သာဓကများက သက်သေခံပါလိမ့်မည်။

## အရိယာစားကျက်၌ မွေ့လျော်သူ

သတ္တဝါတို့သည် ဘေးအန္တရာယ်ကင်းဝေးသော နယ်နိမိတ်အတွင်း၌သာ လှည့်လည်ကျက်စားသင့်ကြ၏။ ထိုဘေးရန်လုံသော နယ်နိမိတ်၏ ပြင်ပသို့ထွက်မိလျှင် အသက်ဆုံးရှုံးသည်အထိ ဘေးရန်ကြုံတွေ့ရတတ်၏။

‘တကယ်ဘေးရန်လုံခြုံသော နယ်နိမိတ်သည်ကား မဟာသတိပဋ္ဌာန်လေးပါးတို့ဖြင့် ကာရံထားသော ဝိပဿနာစားကျက်ပေတည်း။’ ဤစားကျက်သည် အရိယာပုဂ္ဂိုလ်များမွေ့လျော်ရာဌာနဖြစ်သဖြင့် အရိယာစားကျက်ဟူ၍လည်း အမည်တွင်၏။

အရိယာစားကျက်၌ နေထိုင်သောသူသည် မောဟရန်, လောဘရန်, ဒေါသရန်, ဒိဋ္ဌိရန်,မာနရန်, ဣဿာမစ္ဆရိယရန်စသည့် ကိလေသာရန်အပေါင်းမှ ငြိမ်းအေးနေရသည့်အတွက် ‘အပါယ်ဘေး’မှ ကင်းဝေးနေ၏။

သီလလုံခြုံနေသည့်အတွက် သီလစင်ကြယ်ခြင်းဟူသော ‘သီလဝိသုဒ္ဓိ’နှင့် ပြည့်စုံနေ၏။

ဘာဝနာကုသိုလ်နှင့် ဝိပဿနာဉာဏ်ပညာတို့ကို တားဆီးပိတ်ပင်

www.burmeseclassic.com

www.burmeseclassic.com



တတ်သော နီဝရဏအားရန်တို့မှလည်း ကင်းလွတ်နေ၏။

၁။ ကာမစ္ဆန္ဒ = ကာမဂုဏ်အာရုံနှင့်စပ်၍ လိုချင်တပ်မက်ခြင်း၊

၂။ ဗျာပါဒ = အလိုမရှိသည့်အာရုံနှင့် ကြုံတွေ့ရသောအခါ စိတ်ပျက်, စိတ်ဆိုး မုန်းငြိုး ဖြစ်များခြင်း၊

၃။ ထိနမိဒ္ဓ = တရားအလုပ်တွင် ထိုင်းမှိုင်း ပျင်းရိခြင်း၊

၄။ ဥဒ္ဓစ္စ-ကုက္ကုစ္စ = စိတ်ပျံ့လွင့်ခြင်းနှင့် နောင်တတစ်ဖန် ပူပန်ခြင်း၊

၅။ ဝိစိကိစ္ဆာ = ဘုရား, တရား, သံဃာ, ဆရာသမား စသည်တို့၌ယုံမှားခြင်း။

အထက်ပါ နီဝရဏတရားငါးပါး ကင်းစင်သောစိတ်သည် မြ တိမ်ကင်းစင်သည့် လမင်းကဲ့သို့ ကြည်လင်သန့်ရှင်း အေးမြ၏ ထို့ကြောင့် အရိယာစားကျက်၌ နေထိုင်သောသူသည် စိတ်၏ စ ကြယ်တည်ကြည်ခြင်းဟူသော 'စိတ္တဝိသုဒ္ဓိ'နှင့်လည်း ပြည့်စုံ၏။

စင်ကြယ်တည်ကြည်သောစိတ်သည် ထိုးထွင်း၍ သိမြင်နို စွမ်းရှိသဖြင့် ဝိပဿနာဉာဏ် အဆင့်ဆင့်ကို ဖြစ်ပေါ်စေပြီးလျှ နောက်ဆုံး၌ 'မဂ်ဉာဏ်-ဖိုလ်ဉာဏ်'ဖြင့် နိဗ္ဗာန်ကို မျက်မှောက် စေနိုင်၏။

ထို့ကြောင့် အရိယာစားကျက်သည် အလွန်အကျိုးကျေး များ၏။ ဤအကြောင်းကို ကောင်းစွာသိမြင်ကြသော အရိယာပုဂ္ဂို များသည် အရိယာစားကျက်၌သာ မွေ့လျော်ကြ၏။

တော်ကူးဆရာတော်သည် အရိယာစားကျက်၌ မွေ့လျော်



တစ်ဦး ဖြစ်၏။ အချိန်ရသမျှ ဝိပဿနာရှုမှတ်၍သာ ပျော်မွေ့နေ လေ့ရှိ၏။

"ဘုန်းကြီးရဲ့ စိတ်ထဲမှာ မိုးချုပ်မိုးလင်းတာ တယ်မြန်တာပဲ။ ဝိပဿနာရှုမှတ်ရတာ အားမရနိုင်ဘူး"ဟု ဆရာတော် အမိန့်ရှိ၏။

ဝိပဿနာတရား ဟောကြားပြသခြင်း, ကျောင်းအုပ်ချုပ်ခြင်း စသည့်ကိစ္စရပ်များဖြင့် နေ့ပိုင်းကို အချိန်ကုန်လွန်ရသော ဆရာတော်သည် ညဥ့်ပိုင်း၌သာ ဝိပဿနာတရားကို အေးချမ်းစွာ နှလုံးသွင်းခွင့် ရ၏။

သွား- ရပ်- ထိုင်- လျောင်းဟူသော ဣရိယာပုထ်လေးပါးဖြင့် ဝိပဿနာတရားကို ရှုမှတ်နေသည့်အခါ ပျင်းရိငိုက်မျဉ်းခြင်းဟူသည့် ထိနမိဒ္ဓတရားသည် ဆရာတော်၏အနီးအပါးသို့ မသီနိုင်ချေ။ 'ဆရာတော်သည် အိပ်စက်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် လျောင်းအိပ်သည် ဟူ၍ မရှိချေ'။

"အိပ်စက်လိုက်လို့ တရားမှတ်တဲ့အချိန် ဆုံးရှုံးသွားရမှာကို ဘုန်းကြီး သိပ်နမြောတယ်"ဟု ဆရာတော် မိန့်ဆိုဖူး၏။

ဆရာတော်သည် ဖျားနာသည့်အခါ၌ ဖြစ်စေ, ခရီးသွားနေသည့် အချိန်၌ဖြစ်စေ ဝိပဿနာတရားကိုသာ အစဉ်လက်ကိုင်ထား၏။

အနည်းငယ် နေထိုင်မကောင်းဖြစ်လာလျှင် အဖျားဝေဒနာ ပျောက်ကင်းသည်အထိ ဝိပဿနာရှုမှတ်၏။ ချွေးထုတ်လိုလျှင် ရေနွေးတစ်ဝသောက်ပြီး ခြင်းကျားကြီးတစ်လုံးအတွင်း၌ ထိုင်ကာ ခြင်းကျားကြီးပေါ်၌ သက်နှင်းများဖုံးအုပ်ထားစေပြီးလျှင် ဆရာတော်သည် တရားရှုမှတ်နေလေတော့၏။ ထိုအခါ ချွေးကောင်းစွာထွက်ပြီး ကိုယ်ခန္ဓာ လန်းဆန်းသွားလေ၏။

တစ်ခါက အညာရပ်ဒေသမှ တရားပွဲချီးမြှင့်ရန် ဖိတ်ကြားသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော့်ကြွသွား၏။ နေ့ပူညချမ်း ရာသီသရမ်းသည့်အခါ ဖြစ်၏။ နေ့ခင်း တရားပွဲ ဟောပြီးသည့်နောက် ဆရာတော် ရေချိုးမိသဖြင့် အပူရုပ်ပြီး အဖျားဝင်လာ၏။ ဆရာတော်သည် သိမ်ပေါ်သို့တက်၍ လေလုံအောင်သင်္ကန်းဖြင့် ကာရံထားပြီးလျှင် ဝိပဿနာတရား ရှုမှတ် နေလေတော့၏။ ညနေစောင်းအချိန်၌ ဒကာများက တရားချီးမြှင့်ရန် လာပင့်ဆောင်သောအခါ ဆရာတော်သည် နှစ်နာရီကျော် တရားချီးမြှင့် ပေးလိုက်၏။

မဟာစည် ဆရာတော်ဘုရားအား ပူဇော်သည့် ပွဲတော်တစ်ခု၌ တော်ကူးဆရာတော်သည် ဆရာသမားအား ဂါရဝပြုရန် ရန်ကုန်သို့ ကြွလာ၏။ မဟာစည်ရိပ်သာကြီး၌ သီတင်းသုံးနေစဉ် ခုတင်ပေါ်မှ အဆင်းတွင် ခြေချော်သွားသဖြင့် ခြေထောက်ရောင်ရမ်းလာ၏။ ဒကာများက အရိုးဆေးရုံသို့ ပင့်ဆောင်ပေးမည်ဟု လျှောက်ထားသည် ကို ငြင်းဆန်လိုက်ပြီး မိမိတည်းခိုသည့်အခန်း၌ပင် ဝိပဿနာတရား ရှုမှတ်နေ၏။ ဒဏ်ရာနေရာ၌ အလွန်ပြင်းထန်စွာ နာကျင်လှသော ဝေဒနာပေါ်လာသည်ကို နိုင်နင်းအောင် ရှုမှတ်ပြီးသည့်အခါ ဆရာတော် ၏ဒဏ်ရာအနာမှာ သက်သာသွားတော့၏။

မဟာစည် သာသနာ့ရိပ်သာ၏ သိမ်တော်အတွင်း၌ ရဟန်းစုံညီ ဥပုသ်ပြုပြီးသည့်နောက် မဟာစည်ဆရာတော်က တော်ကူးဆရာတော် အား ဤသို့ မေးတော်မူ၏။

"ဦးနန္ဒိယ... ဣရိယာပုထ် ရှည်ရှည်သုံးပြီး ကိုယ်တိုင်လည်း ရှုမှတ်တယ်၊ သူတစ်ပါးတို့ ရှုမှတ်နိုင်အောင်လည်း သင်ပြပေးတယ်လို့ ကြားသိနေရတယ်။ ဟုတ်ပါသလား။ ဦးနန္ဒိယက ဘယ်လောက် ကြာကြာ ရှုမှတ်နိုင်သလဲ"

"မှန်ပါတယ်၊ တပည့်တော်က ထိုင်တဲ့ ဣရိယာပုထ်နဲ့ ၂၄– နာရီ, ရပ်တဲ့ ဣရိယာပုထ်နဲ့ ၂၄–နာရီ, လျောင်းတဲ့ ဣရိယာပုထ်



နဲ့ ၂၄–နာရီ ရှုမှတ်နိုင်ပါတယ်ဘုရား။ ဆရာတော် စစ်ဆေးလိုရင် တပည့်တော် အခု ဒီပရိသတ်ရှေ့မှာ ရှုမှတ်ပြပါ့မယ်ဘုရား။ တပည့် တော်ရဲ့ရှုမှတ်တဲ့နည်းမှာ မှားယွင်းနေတာရှိရင်လည်း ဆရာတော် ပြင်ဆင်ညွှန်ကြားပေးပါဘုရား"

"ဘုန်းကြီး ယုံကြည်ပါတယ်။ သတင်းကြားရတာလည်း ဝမ်း သာပါတယ်။ ဦးနန္ဒိယ ရှုမှတ်တဲ့နည်းမှာ အပြစ်ဆိုစရာ ဘာတစ်ခုမှ မရှိဘူး။ ချီးမွမ်းစရာပဲ ရှိပါတယ်"ဟု မဟာစည် ဆရာတော်က မိန့်ကြားတော်မူလိုက်၏။

**'မဟာစည် ပဋိပတ္တိသာသနာဝင်'** စာအုပ်၏ စာမျက်နှာ ၄၅၈ ၌ တော်ကူးဆရာတော်ကို ဤသို့ချီးကျူးကာ ရေးသားထား၏။

"ဆရာတော် ဦးနန္ဒိယသည် မိမိ၌စွဲကပ်နေသော အကြီးအကျယ် ရောဂါများကို ရှုမှတ်ခြင်းဖြင့်ပင် လုံးဝပျောက်ကင်းစေနိုင်သဖြင့် မိမိထံသို့ ရောက်လာကြသော ရောဂါရှင်တို့အားလည်း အကြီးအကျယ် ရောဂါတို့ကို ပျောက်ကင်းသည့်တိုင်အောင် အပြင်းအထန်အားထုတ် ရှုမှတ်စေသည်။ ထိုသို့ ရှုမှတ်စေခြင်းဖြင့် ရောဂါပေါင်းများစွာပင် ပျောက်ကင်းသွားကြောင်း သိရသည်။ ထို့ပြင် ဆရာတော်သည် တစ်နေ့လုံး တစ်ညဥ့်လုံးလည်း ရပ်လျက် မလှုပ်မယှက် အားထုတ် နေနိုင်သည်ဟူ၍ လည်းကောင်း၊ လျောင်းနေလျှင်လည်း ညဥ့်ဦးမှ မနက်အထိ မကွေးမဆန့် မလှည့်ဘဲ၊ မလှုပ်ရှားဘဲ သစ်တုံးများ ချ ထားဘိသကဲ့သို့ ငြိမ်သက်စွာ ရှုမှတ်နေသည်ဟူ၍လည်းကောင်း ၁၉၅၀ သတိပဋ္ဌာန်ဆရာတော်ထံမှ ကြားသိရသည်။"

တော်ကူး ဆရာတော်ဘုရားကား သူတော်ကောင်းအပေါင်းတို့ ကောင်းသောင်းဖြဖြ ချီးကျူးကြရသော အလွန်ထူးခြားသည့် ပုဂ္ဂိုလ် တစ်ဦး ဖြစ်ချေသည်တကား။

* * *

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၂ )

# တရားလည်းပေါက် ရောဂါလည်းပျောက်

### တရားရှာကောင်း အချိန်မနှောင်း

ယနေ့ကမ္ဘာတွင် အသက်အရှည်ဆုံးလူမျိုးမှာ ဂျပန်လူမျိုးဖြစ်ပြ သူတို့၏ ပျမ်းမျှသက်တမ်းသည် အနှစ် ၇၀–ခန့်ရှိ၏။ မြန်မာပြည်သ တို့၏ ပျမ်းမျှသက်တမ်းမှာ အနှစ် ၅၀–ခန့်ရှိ၏။

ဤစစ်တမ်းအရ ကမ္ဘာ့လူဦးရေအများစုသည် အသက် ၇၀ နှစ်မပြည့်မီ ကွယ်လွန်ကုန်ကြသည်ဟု မှတ်ယူနိုင်၏။

သို့ဆိုလျှင် အသက်၇၀–နှစ်အတွင်းသို့ ချင်းနင်းဝင်ရောက်နေ မှုမက သမားတော်များ လက်လွှတ်ထားရပြီဖြစ်သော ရောဂါသည် မြန်မာအမျိုးကောင်းသားတစ်ဦးသည် ချည့်နဲ့သောခန္ဓာကိုယ်ကို တော ဇေးဖြင့် ထောက်ကူလျက် တရားထူးကို တွေ့အောင်ရှာမည်ဟ ဘဝခရီးနှင်မည်ဆိုလျှင် အချိန်နှောင်းလေပြီဟု ဆိုရအံ့လော။

It is never too old to learn.

'ပညာရှာဖွေရန်အတွက် မည်သည့်အခါမျှ အချိန်မနှောင်းပါ ဟု အင်္ဂလိပ်စကားပုံတစ်ခုက ဆို၏။

မြန်မာ့သမိုင်းတွင် ဦးကျည်ပွေ့သည် အသက်အရွယ်ကြီးပြင်းသောအခါမှ ကျမ်းဂန်များကို လေ့လာကာ ကောင်းစွာစာတတ်မြောက်ခဲ့လေသည်။

ဂေါတမမြတ်စွာဘုရား၏ သာသနာတော်တွင် အသက်အရွယ်အိုမင်းသည့်အခါမှ တရားစစ်တရားမှန်ကို သိမြင်၍ 'သန္တိသုခ'ဟု ဆိုအပ်သော အမြတ်ဆုံးချမ်းသာကို ခံစားခဲ့ကြရသည့် လူပုဂ္ဂိုလ်နှင့် ရဟန်းပုဂ္ဂိုလ်တို့သည် မြောက်မြားစွာပင် ရှိခဲ့ကြပါ၏။ ကလျာဏမိတ္တာဟုဆိုအပ်သော မိတ်ဆွေကောင်းနှင့်ပေါင်းဆုံမိလျှင် အလိုရှိအပ်သောတရားထူးကို မြင်သိနိုင်သည်သာတည်း။

မျက်မှောက်ကာလ၌ ထူးခြားသော သာဓကတစ်ခုကို ထောက်ပြပါဟု ဆိုလျှင် တော်ကူးဆရာတော် ဦးနန္ဒိယကို ညွှန်ပြရမည် ဖြစ်ပေ၏။

### သတိပဋ္ဌာန်ဆေးရုံတော်

မော်လမြိုင်–သံဖြူဇရပ် ကားလမ်းမကြီးပေါ်တွင် မုဒုံမြို့၏ တောင်ဘက် ၅–မိုင်အကွာ၌ တော်ကူးရွာနှင့် တံခွန်တိုင်ရွာဟု အမည်တွင်ကြသည့် ရွာညီနောင်နှစ်ရွာတို့ တည်ရှိကြ၏။

ထိုရွာတို့၏အရှေ့ဘက် ခပ်လှမ်းလှမ်းတွင် တောင်ညိုတန်းများသည် စိမ်းစိမ်းညို့ညို့တည်ရှိကြ၏။ ထိုတောင်တန်းများနှင့် ရွာများအကြားတွင် တောတန်းနှင့် ရာဘာခြံများသည် လန်းဆန်းစိမ်းစိုလျက်ရှိကြ၏။

မော်လမြိုင်– သံဖြူဇရပ် ကားလမ်းမကြီးမှ တော်ကူးရွာတွင်းသို့ ဆိုက်ကားဖြင့်ဖြစ်စေ၊ မော်တော်ကားဖြင့်ဖြစ်စေ ဝင်လာလျှင် ရွာဦး ဆိပ်ရှိ ရာဘာခြံများအကြား၌ စေတီဖြူဖြူဖွေးဖွေးတစ်ဆူကို ဖူးမြော်

www.burmeseclassic.com



ရပေလိမ့်မည်။ ထိုစေတီသည် မဟာသတိပဋ္ဌာန်ကျောင်း ပရိဝုဏ် အတွင်း၌တည်ထားသော စေတီပင်တည်း။

ထိုကျောင်းနှင့် ထိုစေတီတို့ကို တည်ဆောက်ခဲ့သော ပုဂ္ဂိုလ် မြတ်မှာ တော်ကူးဆရာတော်ဘုရားဟု အမည်တွင်နေသည့် ဆရာတော် ဦးနန္ဒိယပင် ဖြစ်ပါသည်။

ဦးနန္ဒိယသည် ယခုဤစာရေးသည့်အချိန်တွင် သက်တော် ၉၅–နှစ် ရှိပြီဖြစ်လျက် အလွန်ချီးကျူးဖွယ် ကြည်ညိုဖွယ်ကောင်းသော ပုဂ္ဂိုလ်တစ်ပါး ဖြစ်၏။

သူ၏ သာယာအေးချမ်းသည့် ရိပ်သာကျောင်းကို 'သတိပဋ္ဌာန် ဝိပဿနာကျောင်း'ဟု အမည်ပေးထားလင့်ကစား ရွာသားအပေါင်း တို့က 'သတိပဋ္ဌာန်ဆေးရုံတော်'ဟု ချစ်စနိုးခေါ်ကြ၏။ အကြောင်း သော်ကား ဆေးရုံနှင့် ဆေးကုဌာနများ၌ ဆေးကုသခြင်းကို ခံယူ ပြီးနောက် ရောဂါမပျောက်ကင်းကြသော လူနာမြောက်မြားစွာတို့သည် ဤရိပ်သာကျောင်း၌ ဝိပဿနာတရား အားထုတ်ရင်း ရောဂါများ ထူးခြားစွာ ပျောက်ကင်းသောကြောင့်ပေတည်း။

## အချိုးကြွေကြွေ အခရေစန်းစန်း

တော်ကူးဆရာတော် ဦးနန္ဒိယသည် ကောဇာသက္ကရာဇ် ၁၃၂၁– ခုနှစ်၊ တပေါင်းလဆန်း ၉–ရက်နေ့တွင် မဟာသတိပဋ္ဌာန်တရား တော်ကို လက်တွေ့ရှုမှတ်ရန်အတွက် **မော်လမြိုင်မြို့ဝ သတိပဋ္ဌာန် ကျောင်းသို့** ကြွတော်မူ၏။

ရောဂါကြောင့် အလွန် အင်အားချည့်နဲ့နေသော ဆရာတော်သည် ၂၃–မိုင်မျှသောခရီးကို မော်တော်ကားဖြင့် ကြွချီခဲ့ရစေကာမူ အလွန်



ပင်ပန်းနွမ်းနယ်သွားရှာ၏။ ထို့ကြောင့် စိတ်ဆန္ဒအတိုင်း ချက်ချင်း တရားအားမထုတ်နိုင်ဘဲ ရက်အနည်းငယ် အနားယူနေရ၏။

"အိုခြင်း, နာခြင်း, သေခြင်းတရားတို့ကို ရက်ရွှေ့ဆိုင်းလို့မရ။ ဘယ်နေ့မှာ ငါသေရမယ်လို့ သေမင်းနဲ့ ချိန်းဆိုထားခြင်းမရှိ။ မြတ်စွာဘုရားရဲ့ မဟာသတိပဋ္ဌာန်တရားဖြစ်တဲ့ ဝိပဿနာတရားကို ငါ အားမထုတ်လိုက်ရဘဲနဲ့ သေမင်းထံလိုက်ပါရလျှင် ငါ့ဘဝ အရှုံး ကြီး ရှုံးပါတော့မယ်။ တစ်နေ့ပြီးတစ်နေ့ ငါ ရက်ရွှေ့ဆိုင်းနေရင် ငါ မိုက်ရာကျတော့မယ်။ ကနေ့ပဲ ငါ တရားရှုမှတ်တော့မယ်"

ဤသို့ ဆင်ခြင်မိပြီးလျှင် ဦးနန္ဒိယသည် ကမ္မဋ္ဌာနာစရိယ **ဆရာတော်ဦးပဏ္ဍိတ**ထံမှ အလုပ်ပေးတရားတော်ကို နာခံယူပြီးလျှင် ဝိပဿနာတရားကို စတင်ရှုမှတ်ပါတော့၏။

မဟာစည် ဆရာတော်ဘုရား၏ ညွှန်ကြားချက်အရ တရားရှာ နိုးသော ယောဂီတစ်ဦးသည် ထိုင်နေသော ဣရိယာပုထ်ဖြင့် တစ်နာရီ ကြာရှုမှတ်ပြီးလျှင် တစ်နာရီကြာ စင်္ကြံလျှောက်၍ ရှုမှတ်ရ၏။

ဤသို့ ထိုင်မှတ် တစ်နာရီ, စင်္ကြံလျှောက်မှတ် တစ်နာရီ အလီလီဖြင့် တစ်နေ့လျှင် ၁၆–နာရီ ရှုမှတ်ရသည့်အပြင် ဆွမ်းစားရန်, ကိုယ်လက်သုတ်သင်ရန်, မိမိနေရာ၌ နားနေရန် သတ်မှတ်ပေးထား သောအချိန် ၄–နာရီအတွင်း၌လည်း ခြေလက်လှုပ်ရှားမှု ကိုယ်အင်္ဂါ လှုပ်ရှားမှုဟူသမျှ၌ အမှတ်သတိကို စူးစိုက်ထားရ၏။

တစ်နည်းဆိုသော် အိပ်ချိန်အဖြစ် သတ်မှတ်ထားသော ည၌ ၁၁–နာရီမှ နံနက်၃–နာရီအထိ အချိန်ပိုင်းကို ချန်လှပ်၍ ကြွင်းသည့် အချိန် နာရီ ၂၀–လုံးလုံး၌ ယောဂီသည် မီးပွတ်ယောက်ျားကဲ့သို့ အဆက်မပြတ် တရစပ် ရှုမှတ်နေရ၏။

မီးပွတ်ယောက်ျားသည် ထင်းပိုင်းနှစ်ခုကို တစ်ခုပေါ်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



မရပ်မနား ပွတ်တိုက်နေမှသာလျှင် အပူရှိန် တဖြည်းဖြည်း မြင့်တက်လာပြီး မီးစွဲမှတ်သို့ရောက်သောအခါ မီးစွဲလောင်နိုင်၏။

ထို့နည်းအတူ ယောဂီပုဂ္ဂိုလ်သည် အဆက်မပြတ် တရားရှုမှတ်ပါမှ သမာဓိတရားသည် တစ်သမတ်တည်း မြင့်တက်သွားပြီးလျှင် ဝိပဿနာဉာဏ်အလင်းကို ထွန်းတောက်လာစေနိုင်ပါသည်။

အကယ်၍ မီးပွတ်ခြင်းကို ရပ်တန့်လိုက်လျှင် ထင်းပိုင်းများ အေးစက်၍ မီးတောက်ရန် ခက်ခဲသကဲ့သို့ တရားရှုမှတ်ခြင်းကို ပြတ်တောင်းပြတ်တောင်း ရပ်နားထားပါလျှင် သမာဓိလျော့ကျပြီး ဝိပဿနာတရားဉာဏ်အလင်း ထွန်းတောက်ရန် ကြန့်ကြာသွားပေလိမ့်မည်။

ဝိပဿနာတရားကို ပွားများအားထုတ်သော ယောဂီသည် ဘုရားအလောင်းတော်၏ထုံးကို နှလုံးမူလျက် "ငါ၏ကိုယ်ခန္ဓာမှ အသွေးအသားများ ခြောက်ခန်းနွမ်းလျသွားသည် ဖြစ်စေကာမူ၊ အရေ၊ အကြော၊ အရိုးမျှသာကျန်စေကာမူ၊ မလျှော့သော ဇွဲလုံ့လနှင့် အမှန်တရားကို မရမနေ ငါရှာဖွေတော့အံ့"ဟု ပြတ်သားခိုင်မာသော စိတ်ဓာတ်ဖြင့် တရားရှုမှတ်ရမည်ဖြစ်၏။

ဦးနန္ဒိယသည် ဤသို့သော ဇွဲလုံ့လဖြင့် တရားရှာမှီးသူ တစ်ယောက်ပါတည်း။

## သမ္မပ္ပဓာန် လေးပါး

ကောင်းစွာတရားအားထုတ်ခြင်းဟုဆိုအပ်သော ဝီရိယ၏ ကိစ္စလေးပါးကို ဘုရားရှင်သည် ဤသို့ညွှန်ကြားတော်မူခဲ့၏။

၁။ ဖြစ်ပြီးပြုမိပြီးသော အကုသိုလ်တရားတို့ကို ပြန်လည် မအောက်မေ့ဘဲ စွန့်ပယ်ထားနိုင်ရန် အားထုတ်ခြင်း၊



၂။ မဖြစ်ရသေးသော အကုသိုလ်တရားတို့ကို မပြုမိအောင် အားထုတ်ခြင်း၊

၃။ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်လာအောင် အားထုတ်ခြင်း၊

၄။ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို အထပ်ထပ်ပွားများလာအောင် အားထုတ်ခြင်းတို့ ဖြစ်ပေ၏။

သိပ္ပံသဘောအရ သေးငယ်သော လျှပ်စီးကြောင်းကို အမ်ပလီဖိုင်ယာခေါ် ချဲ့ကိရိယာဖြင့် အဆတစ်သိန်း၊ အဆတစ်သန်း ကြီးထွားလာအောင် ချဲ့ထွင်ပေးနိုင်၏။

ထို့အတူ ကုသိုလ်တရားတို့ကိုလည်း အထပ်ထပ်ရှုမှတ်ခြင်းဖြင့် အဆပေါင်းကုဋေကုဋာ ကြီးထွားအောင် တိုးချဲ့ပေးနိုင်၏။

ဝိပဿနာတရား အားထုတ်ဆဲအခါ၌ သမ္မပ္ပဓာန်လေးပါးနှင့် အညီ ကျင့်ကြံအားထုတ်နိုင်ပေ၏။

## သတိပဋ္ဌာန် လေးပါး

ဗုဒ္ဓ၏မြတ်စွာသည် မဟာသတိပဋ္ဌာန သုတ်တော်တွင် ဒုက္ခအပေါင်းချုပ်ငြိမ်းရာ အမြတ်ဆုံးနိဗ္ဗာန်ချမ်းသာကို ရဖို့ရာ တစ်ကြောင်းတည်းသော နည်းလမ်းဖြစ်သည့် ဝိပဿနာတရား အားထုတ်နည်းကို ဟောကြားတော်မူခဲ့၏။

'တရားရှာ ကိုယ်မှာတွေ့'ဆိုသလို အမှန်တရားကို ရှာလိုသောသူသည် ဤတစ်လံမျှသော ကိုယ်ခန္ဓာ အတွင်း၌သာ ရှာဖွေရ၏။ ကိုယ်နှင့်စိတ်ဟု ဆိုအပ်သော ရုပ်နာမ်နှစ်ပါးသည် တည်မြဲခြင်းမရှိဘဲ အမြဲတစေ ဖြစ်ပျက်နေကြသောကြောင့် အနိစ္စသဘောကိုဆောင်၏။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခြင်းပျက်ခြင်းသဘောတို့ဖြင့် အမြဲတစေ နှိပ်စက်နေခြင်းကြောင့်လည်း ဆင်းရဲခြင်းဒုက္ခသဘောကိုဆောင်၏။ မတည်မြဲခြင်း၊ ဆင်းရဲခြင်းတို့ကို မတားဆီးနိုင်ခြင်းကြောင့်လည်း အစိုးမရခြင်းဟူသော အနတ္တသဘောကိုဆောင်၏။

'ခန္ဓာကိုယ်အတွင်း၌ အမှတ်သတိကို စူးစိုက်၍ မပြတ်ရှုမှတ်နေသူသည် ထိုအနိစ္စ, ဒုက္ခ, အနတ္တ သဘောတို့ကို ပြံ့ပြံ့ထင်ထင် သိမြင်လာ၏။ ထိုအခါ ခန္ဓာကိုယ်ကို 'ငါကောင်အတ္တကောင်'အဖြစ် လွဲမှားစွာစွဲယူထားသော အတ္တဒိဋ္ဌိကို ပယ်စွန့်နိုင်၏။ ဤခန္ဓာကိုယ်ကို တပ်မက်တွယ်တာနေသော တဏှာလောဘကိုလည်း ကုန်ခန်းသွားအောင် လောင်မြိုက်စေနိုင်၏'

'ထိုတဏှာဒိဋ္ဌိတို့ ကင်းရှင်းသွားပြီးသော ပုဂ္ဂိုလ်သည် တကယ်လွတ်လပ်သော၊ ဒုက္ခဆင်းရဲခြင်းအပေါင်းမှ လွတ်မြောက်သော အရိယာသူတော်စင်အဖြစ်ကို ရရှိလေတော့၏'

ခန္ဓာကိုယ်ကို ရှုမှတ်ရာ၌ အမှန်တရားပေါ်လွင်ထင်ရှားလာရန်အတွက် ဗုဒ္ဓမြတ်စွာသည် **သတိပဋ္ဌာန်တရားလေးပါး**ကို ဟောကြားတော်မူ၏။

၁။ ကာယာနုပဿနာသတိပဋ္ဌာန် = ကာယဟု ဆိုအပ်သော ရုပ်အပေါင်း၌ အမှတ်သတိကိုစွဲကပ်၍ ဉာဏ်ဖြင့်အကြိမ်ကြိမ်အထပ်ထပ်ရှုကြည့်ခြင်း။

၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန် = ဝေဒနာဟု ဆိုအပ်သော ခံစားမှုအပေါင်း၌ အမှတ်သတိကိုစွဲကပ်၍ ဉာဏ်ဖြင့်အကြိမ်ကြိမ်အထပ်ထပ်ရှုကြည့်ခြင်း။

၃။ စိတ္တာနုပဿနာသတိပဋ္ဌာန် = စဉ်ဆက်မပြတ် တရစပ် ဖြစ်နေသော စိတ် အ



ပေါင်း၌ ဖြစ်ဆဲဖြစ်ဆဲ ဖြစ်သောစိတ်ကို သတိစွဲကိုင်လျက် ဉာဏ်ဖြင့်အကြိမ်ကြိမ်အထပ်ထပ် ရှုကြည့်ခြင်း။

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန် = နာမ် ရုပ်ဖြစ်သော တရားဓမ္မတို့၌ အမှတ်သတိကို စွဲကပ်၍ ဉာဏ်ဖြင့် အကြိမ်ကြိမ်အထပ်ထပ် ရှုကြည့်ခြင်း။

မဟာစည် ဆရာတော်ဘုရား ညွှန်ကြားပြသထားသော ဝိပဿနာတရား ရှုနည်းသည် ဤတစ်လံမျှသော ကိုယ်ခန္ဓာအတွင်း၌ အမှတ်သတိကိုထား၍ ကိုယ်စိတ်နှစ်ပါးတွင် ထင်ရှားရာ ပေါ်လွင်ရာကို ရှုမှတ်ရသည်ဖြစ်ရာ သတိပဋ္ဌာန်လေးပါးလုံး၌ အကျုံးဝင်သော ရှုမှတ်နည်းဖြစ်၏။

## ဣရိယာပထ လေးပါး

သတိပဋ္ဌာန်လေးပါးတွင် **'ကာယာနုပဿနာသတိပဋ္ဌာန်'**ကို အစအဦးပြု၍ ရှုမှတ်လေ့ရှိကြ၏။ ထိုသို့ရှုမှတ်ရာတွင် ကိုယ်ခန္ဓာသည် သွား- ရပ်- ထိုင်- လျောင်းတည်းဟူသော ဣရိယာပုထ်လေးပါး အနက် တစ်ပါးပါး၌တည်နေ၏။

ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ၊
သွားလျှင်သွားသည်ဟု သိရမည်။
ဌိတော ဝါ ဌိတောမှီတိ ပဇာနာတိ၊
ရပ်လျှင် ရပ်သည်ဟု သိရမည်။
နိသိန္နော ဝါ နိသိန္နောမှီတိ ပဇာနာတိ၊
ထိုင်လျှင်ထိုင်သည်ဟု သိရမည်။
သယာနော ဝါ သယာနောမှီတိ ပဇာနာတိ၊

www.burmeseclassic.com

www.burmeseclassic.com



လျောင်းအိပ်လျှင် လျောင်းအိပ်သည်ဟု သိရမည်။

ဘုရားပေးသောနည်းမှာ အလွန်ရိုးရှင်း၏။ ကလေးသူငယ်များ ပင်လျှင် လိုက်နာရှုမှတ်နိုင်၏။ သို့သော် တကယ်ရှုမှတ်သည့်အခါ 'တိမ်မယောင်နှင့်နက်၊ လွယ်မယောင်နှင့်ခက်' လာသည်ကို ဒက်ထိ သိမြင်ရမည် ဖြစ်၏။

သွားနေဆဲအခါ၌ သွားနေသည်ဟု အမြဲမှတ်သိနေရန်မှာ တကယ် မလွယ်ပါ။ အဘယ်ကြောင့်နည်း။ စိတ်သည် အဆင်း, အသံ, အနံ့, အရသာ, အထိအတွေ့, ဓမ္မာရုံတည်းဟူသော အာရုံအမျိုးမျိုး၌ လှည့်လည်ကျက်စားတတ်သည့်သဘာဝကြောင့် အာရုံအမျိုးမျိုးသို့ ပျံ့လွင့်သွားတတ်သောကြောင့်ပင်တည်း။

ရေထဲ၌သာ နေလေ့ရှိသော ငါးတစ်ကောင်ကို ကုန်းပေါ်သို့ ဆယ်တင်လိုက်သည့်အခါ ငါးသည်မနေတတ်သဖြင့် လူးလွန့်ခုန်ဆွ နေသကဲ့သို့ အာရုံအမျိုးမျိုးတို့၌ လှည့်လည်ပျော်မွေ့နေလေ့ရှိသော စိတ်သည် တစ်ခုတည်းသော အာရုံ၌ မနေတတ်သဖြင့် လူးလာလှုပ်ရှား နေလေတော့၏။

ထိုသို့ လူးလာလှုပ်ရှားတတ်သော စိတ်၏သဘာဝနှင့် လိုက် လျောညီထွေဖြစ်လာရန် လမ်းလျှောက်သွားသည့်အခါ ခြေ၏ရွေ့လျား ခြင်းတွင် စိတ်၏အမှတ်သတိကို ကပ်ပေး၏။ ခပ်မြန်မြန် လျှောက် သွားသည့်အခါ၌ 'ဘယ်ခြေလှမ်းတယ်... ညာခြေလှမ်းတယ် သို့မဟုတ် လှမ်းတယ်... လှမ်းတယ်'ဟု မှတ်သားရ၏။

ခပ်နှေးနှေး လျှောက်သွားသည့်အခါ 'ဘယ်ခြေကို ကြွတယ်... လှမ်းတယ်... ချတယ်။ ညာခြေကို ကြွတယ်... လှမ်းတယ်... ချ တယ်'ဟူ၍ အဆက်မပြတ် ရှုမှတ်ရ၏။

ထိုမှတစ်ဖန် ပို၍အနုစိတ်ပြီး ရှုမှတ်လိုလျှင် စိတ်သည် ရုပ်ကို



ဦးဆောင်၍ စိတ်ဆန္ဒရှိမှ ရုပ်ကိုလှုပ်ရှားနိုင်သည်နှင့်အညီ ခြေတစ်ဖက်စီ ၏လှုပ်ရှားမှုတွင် 'ကြွချင်တယ်... ကြွတယ်... လှမ်းချင်တယ်... လှမ်းတယ်... ချချင်တယ် ... ချတယ်... ထိတယ်... သိတယ်...' သည်ဖြင့် အဆင့်ဆင့်ခွဲကာ ရှုမှတ်နိုင်၏။

လှုပ်ရှားမှုတစ်ရပ်ကို အဆင့်ပေါင်းများစွာ အနုစိတ်ကာ ခွဲခြား၍ မှတ်သားနိုင်လေလေ အမှတ်သတိ ပို၍မြဲလေလေဖြစ်၏။ အကြောင်း မှာ အာရုံကိုအကြောင်းပြု၍သာ အသိစိတ်ဖြစ်ပေါ်လာနိုင်ပြီးလျှင် စိတ်သည် တစ်စက္ကန့်လျှင် အကြိမ်ပေါင်း ကုဋေတစ်သိန်းမျှ လျင်မြန်စွာ ဖြစ်ပျက်နိုင်သောကြောင့်တည်း။

ထို့အပြင် ကိုယ်ခန္ဓာရွေ့လျားသွားရာ၌ 'ငါသွားသည်'ဟု နှလုံးမသွင်းဘဲ နာမ်တရား၏စေ့ဆော်မှုကြောင့် ရုပ်တရားက ရွေ့လျား သွားခြင်းဖြစ်သည်ကို မှန်ကန်စွာ နှလုံးသွင်းတတ်ရန်လည်း လို၏။

ရပ်သည့် ဣရိယာပုထ်, ထိုင်သည့်ဣရိယာပုထ်, လျောင်းသည့် ဣရိယာပုထ်တို့၌လည်း အလားတူပင် ယထာဘူတကျကျ မှန်မှန် ကန်ကန်နှလုံးသွင်း၍ ရှုမှတ်တတ်ရန်လိုပေ၏။

## ဝိပဿနာရှုည်တိုင်

လူတစ်ယောက်သည် နိုးကြားစွာရှိနေသည့်အခါ 'သွား, ရပ်, ထိုင်, လျောင်း' စသည့်ဣရိယာပုထ် လေးပါးအနက် ထိုင်သော ဣရိယာပုထ်ဖြင့်သာ အနေများ၏။ ထို့ကြောင့် ဝိပဿနာတရားပွား များသောအခါ၌ ထိုင်သည့် ဣရိယာပုထ်ကို အများအားဖြင့် အဓိက ထားလေ့ရှိ၏။

ကိုယ်အထက်ပိုင်းကို မတ်မတ်ထား၍ ခြေထောက်နှစ်ဖက်ကို

www.burmeseclassic.com



မဖိမညှပ်စေဘဲ တင်ပျဉ်ခွေ၍ဖြစ်စေ၊ ဒူးတုပ်၍ဖြစ်စေ ကြာကြာထိုင်နိုင်မည့်အနေအထားဖြင့်ထိုင်၍ တရားစတင်ရှုမှတ်သည့်အခါ မည်သည့်အာရုံကို ရှုမှတ်ရမည်နည်း။

ထင်ရှားသောအာရုံကို ရှုမှတ်ရပေလိမ့်မည်။ ငြိမ်သက်စွာ ထိုင်နေသည့်အခါ၌ မှန်မှန်အသက်ရှူနေခြင်းသည် ထင်ရှားသော အာရုံဖြစ်၏။ ထို့ကြောင့် အသက်ရှူသွင်းခြင်း ရှူထုတ်ခြင်းတွင် သတိကပ်၍ ဘာဝနာပွားနိုင်၏။ ဤသို့ ဘာဝနာပွားခြင်းကို **'အာနာပါနကမ္မဋ္ဌာန်း'** စီးဖြန်းသည်ဟု ခေါ်၏။

မြတ်စွာဘုရားမှအစပြု၍ ယခု မျက်မှောက်ခေတ်အထိ အရိယာပုဂ္ဂိုလ် မြောက်မြားစွာတို့သည် အာနာပါနကမ္မဋ္ဌာန်းကိုပင် အခြေခံထားလျက် မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ တက်လှမ်းသွားခဲ့ကြ၏။

အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းသည့်နည်းကို မြတ်စွာဘုရားအတိအကျ ညွှန်ကြားထားတော်မူ၏။ သို့ရာတွင် ကျမ်းဂန်၌ ရေးသားဖော်ပြထားသည်ကို လက်တွေ့အကောင်အထည်ဖော်ကြသည့်အခါ ကမ္မဋ္ဌာနာစရိယဆရာတော်တို့သည် အယူအဆချင်း နည်းနိဿယချင်း မသိမသာကွာခြားတတ်ကြ၏။

အရေးကြီးသည်မှာ ထင်ရှားပြတ်သားသော အာရုံကို ရှုမှတ်ပါမှ အမှတ်သတိ စွဲမြဲမည်ဖြစ်၏။ အာရုံမထင်ရှားလျှင် အမှတ်သတိသည်လည်း ဝိုးတိုးဝါးတားဖြစ်သွားမည် မုချတည်း။

အချို့သော ပုဂ္ဂိုလ်များအဖို့ အသက်ရှူရှိုက်လိုက်သောအခါတွင် ဝင်လေထွက်လေက နှာသီးဖျားကို တိုးထိသည့်အထိအတွေ့သည် ထင်ရှား၏။ ထိုအထိအတွေ့ကို သတိကပ်လျက် 'ထိတယ်...သိတယ်...ထိတယ်...သိတယ်'ဟု စွန်းလွန်းဆရာတော်၊ မိုးကုတ်ဆရာတော်ဘုရားတို့ ညွှန်ကြားသည့် နည်းအတိုင်း ကမ္မဋ္ဌာန်းရှုမှတ်



နိုင်၏။

သို့သော် လူများစွာတို့အဖို့ဝယ် သမာဓိမရှိမီကာလ၌ ဝင်လေထွက်လေက နှာသီးဖျားကို အလွန်ညင်သာစွာ တိုးထိသွားခြင်းကို ထင်ရှားစွာ မသိကြချေ။ ထို့ကြောင့် ထိုမထင်မရှားသော အထိအတွေ့ကို အာရုံပြု၍ သမာဓိကို ထူထောင်ရခြင်းသည် အလွန်နှောင့်နှေးကြန့်ကြာတတ်၏။

ငြိမ်သက်စွာ ထိုင်နေ၍ မှန်မှန်အသက်ရှူရှိုက်လိုက်သည့်အခါ ခန္ဓာကိုယ်တစ်ခုလုံးကို စစ်ဆေးကြည့်လျှင် ဝမ်းဗိုက်သည် မြင့်ချည်နိမ့်ချည် ရွေ့လျားနေသည်ကို ထင်ထင်ရှားရှားသိမြင်နိုင်၏။ ချက်တိုင်အပေါ်၌ လက်ဝါးတစ်ဖက်ကို အသာကပ်ထားလျှင် အသက်ရှူသွင်းသည့်အခါ၌ ဝမ်းဗိုက်ဖောင်းတက်လာသည်ကို လည်းကောင်း၊ အသက်ရှူထုတ်သောအခါ၌ ဝမ်းဗိုက် ပိန်ကျုံ့နိမ့်ဆင်းသွားသည်ကို လည်းကောင်း ပိုမိုထင်ရှားစွာ သိမြင်ရမည်ဖြစ်၏။

ထို့ကြောင့် မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားထံတွင် နည်းခံယူပြီးလျှင် မြန်မာနိုင်ငံတွင်းသာမက ကမ္ဘာ့နိုင်ငံများစွာအထိ ဝိပဿနာအောင်စည်ကြီးကို ဆော်ရွမ်းလျက် အောင်မြင်ထူးခြားစွာ သာသနာပြုတော်မူခဲ့သော မဟာစည် ဆရာတော်ဘုရားသည် အသက်ရှူရှိုက်သည့်အခါ ဝမ်းဗိုက် 'ဖောင်းခြင်း ပိန်ခြင်း'ကိုမူ 'ဝိပဿနာချည်တိုင်'အဖြစ် သတ်မှတ်တော်မူခဲ့၏။

## စိတ်နွားရိုင်းကလေး

စိတ်သည် နွားရိုင်းကလေးနှင့် တူ၏။ နို့စို့အရွယ် နွားရိုင်းငယ်ကလေးကို မိခင်နွားမထံပါးမှ ခွဲထုတ်ပြီးနောက် တိုင်တစ်တိုင်တွင်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးဖြင့်ချည်ထားသည် ဆိုပါစို့။

နွားရိုင်းငယ်သည် မိခင်ထံသို့ ပြန်သွားလိုသည်ဖြစ်၍ ရုန်းကန် လှုပ်ရှားကာ တိုင်ကိုပတ်ချာလှည့်၍ ပြေးလွှားနေပေလိမ့်မည်။ ထိုသို့ ချည်တိုင်ကို အခေါက်ခေါက်အခါခါ ရစ်ပတ်မိလေသောအခါ ကြိုး စသည် တဖြည်းဖြည်းတိုလာ၏။ ကာလအတန်ငယ်ကြာသောအခါ ကြိုးကလည်းတို၊ နွားငယ်ကလေးလည်း မောဟိုက်လာသည်ဖြစ်၍ နွားငယ်သည် တိုင်ခြေရင်း၌ပင် ဝပ်စင်း၍ အိပ်နားရလေ၏။

'ထို့အတူ ပုထုဇဉ်၏ စိတ်ရိုင်းသည်လည်း ကမ္မဋ္ဌာန်းအာရုံတည်း ဟူသော ချည်တိုင်တွင် သတိတည်းဟူသော ကြိုးဖြင့် ချည်နှောင် ထားသည့်အခါရုန်းမထွက်နိုင်တော့ဘဲ နောက်ဆုံးတွင် ယဉ်ပါးကာ ကမ္မဋ္ဌာန်းတည်းဟူသော ချည်တိုင်ရင်း၌ ဝပ်စင်းလျက် ခဏိကသမာဓိ ဥပစာရသမာဓိ, အပ္ပနာသမာဓိသို့ အဆင့်ဆင့်ရောက်ရလေ၏။

ခဏိကသမာဓိဟူသည်မှာ ခဏခေတ္တမျှ အာရုံတစ်ခုတည်း၌ စိတ်တည်ငြိမ်နေခြင်းကို ဆို၏။ ဥပစာရသမာဓိသည် ဈာန်-မဂ်- ဖိုလ် အနီးသို့ ချဉ်းကပ်ရောက်ရှိလာသော စိတ်တည်ကြည်မှု သမာဓိကို ဆိုလိုသည်။ အပ္ပနာသမာဓိ ဟူသည်မှာ ဈာန်- မဂ်- ဖိုလ်သို့ ရောက်ရှိလာသော စိတ်တည်ကြည်မှုသမာဓိကို ဆိုလို၏။

ဝိပဿနာရှုမှတ်စ ယောဂီသည် ငြိမ်သက်စွာထိုင်လျက် အသက် ရှူသွင်းသောအခါ ဝမ်းဗိုက်ဖောင်းလာခြင်းကို 'ဖောင်းတယ်'၊ အသက် ရှူထုတ်သောအခါ ဝမ်းဗိုက်ကျုံ့သွားခြင်းကို 'ပိန်တယ်'၊ ဤသို့ဖြင့် 'ဖောင်းတယ်- ပိန်တယ်၊ ဖောင်းတယ်- ပိန်တယ်'ဟု နှလုံးသွင်းကာ ရှုမှတ်နေ၏။ မိနစ်အနည်းငယ်ကြာသောအခါ ထိုယောဂီ၏စိတ်သည် အိမ်အကြောင်း, ရုပ်ရှင်အကြောင်း, မိဘဆွေမျိုးအကြောင်း, အစား အသောက်အကြောင်း စသည့် ယခင်ကျက်စားဖူးသော အာရုံတစ်ခုခု



အမှတ်ပြု၍ စဉ်းစားနေပါလိမ့်မည်။ ထိုသို့စဉ်းစားနေခြင်းကို ယောဂီက သတိမမူမိလျှင် ထိုစဉ်းစားသောစိတ်အစဉ်သည် ရှည်လျားစွာ ဖြစ်ပေါ် နေပေလိမ့်မည်။ သတိမူမိသောအခါ၌မူ စိတ်ကူးအစဉ်သည် တိခနဲ ပြတ်တောက်သွားတော့၏။ ထိုအခါ မူလအာရုံဖြစ်သော 'ဖောင်း တယ်- ပိန်တယ်'ကို ပြန်လည်ရှုမှတ်ရ၏။

ထိုသို့ ချည်တိုင်ဖြစ်သော ကမ္မဋ္ဌာန်းအာရုံမှဖယ်ခွာ၍ ပြင်ပ အာရုံသို့ စိတ်ကူးရောက်သွားခြင်းကို 'စိတ်ထွက်သွားခြင်း'ဟု ခေါ် ဝေါ်တပ်ပြုကြ၏။ ရှုမှတ်မှု များပြားလာပြီး သမာဓိဖြစ်လာသောအခါ ထိုသို့စိတ်ထွက်ခြင်းသည် နည်းပါးလာ၏။ စိတ်ကူးခြင်း, စိတ်ဆိုးခြင်း, စိတ်ပျက်ခြင်း စသည့်ဖြစ်ပေါ်သမျှသော စိတ်တို့ကို ရှုမှတ်ခြင်းသည် 'စိတ္တာနုပဿနာ'ဖြစ်၏။

တရားရှုမှတ်သော ယောဂီသည် မိနစ် ၂၀-၃၀-ခန့် ရှုမှတ်သည့် အခါ ခြေထောက်၌ဖြစ်စေ၊ အခြားကိုယ်ခန္ဓာ တစ်နေရာရာ၌ဖြစ်စေ ကျင်ခြင်း, အေးခြင်း, ယားယံခြင်း, ထုံကျဉ်ခြင်း, ကိုက်ခဲခြင်း စသော ဝေဒနာတစ်မျိုးမျိုးကို ခံစားလာရတတ်၏။ ထိုဝေဒနာ ထင်ရှားလာ သောအခါ ဝေဒနာနုပဿနာဘက်ကိုလှည့်၍ 'ပူလျှင် ပူတယ်၊ ယားလျှင် ယားတယ်၊ ထုံလျှင် ထုံတယ်' စသည်ဖြင့် ရှုမှတ်ရ၏။

စူးစူးစိုက်စိုက် ရှုမှတ်နိုင်လျှင် ဝေဒနာသည် ထင်ရှားနေသော အခြေမှ မထင်ရှားသည့်အခြေသို့ ကူးပြောင်းသွားတတ်၏။ ဝေဒနာ ထင်မရှားဖြစ်လာသည့်အခါ မူလချည်တိုင်အာရုံဖြစ်သော 'ဖောင်း တယ် - ပိန်တယ်'ကို ရှုမှတ်ရ၏။

အကယ်၍ ဖြစ်ပေါ်နေသောဝေဒနာကို စူးစူးစိုက်စိုက် မရှုမှတ် ပါက ဝေဒနာသည် မခံမရပ်နိုင်သည့်အခြေသို့ ကြီးထွားလာတတ် ၏။ ထိုအခါ အမှတ်သတိဖြင့် ခြေထောက်များ၏ အနေအထားကို

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲပေးနိုင်၏။ သို့မဟုတ် ယားသည့်နေရာ၊ ကျဉ်သည့်နေရာ ကို ပွတ်သပ်ပေးနိုင်၏။ ဝေဒနာ မထင်ရှားသောအခါ ၌ မူလချည်ထို ကမ္မဋ္ဌာန်းကို တစ်ဖန် ရှုမှတ်ရမည်ဖြစ်၏။

ဤနည်းဖြင့် စိတ်နွားရိုင်းကလေးကို ယဉ်ပါးအောင် တဖြည်း ဖြည်း ဆုံးမပေးရ၏။

## ထူးခြားသော တရားရှုမှတ်နည်း

တော်ကူးဆရာတော်သည် သူတကာကဲ့သို့ လွယ်လွယ်ကူ ထိုင်ချ၍မရပါ။ ခန္ဓာကိုယ်က သာမန်လူတို့ထက် ပိုဝနေ၏။ ယေ ကြောဆွဲသောရောဂါနှင့် ဒူးနာရောဂါတို့က ဒူးကိုကွေးညွတ်၍မရအော တားဆီးထားကြ၏။ အသားပိုများတွဲရရွဲနှင့် နှင်းခူအနာကြီးတို့ လည်း ခြေထောက်နှစ်ဖက်ကို ကြမ်းပေါ်တွင် လှဲချလို့မရအော ဟန့်တားထားကြပြန်၏။

ဆရာတော်ဘုရားသည် ထိုင်ထ၍မရ၊ လမ်းလျှောက်၍လည် မရသည့်အတွက် အများတကာ တရားရှုမှတ်ကြသည့် ထိုင်သေ ဣရိယာပုထ်နှင့် စင်္ကြံလျှောက်သော ဣရိယာပုထ်တို့ဖြင့် ဝိပဿန မရှုမှတ်နိုင်ချေ။ ကြွင်းသည့် ဣရိယာပုထ်နှစ်မျိုးဖြစ်သော ရပ်သေ ဣရိယာပုထ်နှင့် လျောင်းသော ဣရိယာပုထ်တို့ကို ဆရာတေ အသုံးပြုရ၏။

ဤဣရိယာပုထ် နှစ်မျိုးဖြင့် ဝိပဿနာရှုမှတ်ခြင်းသည် လွ မယောင်နှင့် အလွန်ခဲယဉ်းလှပေ၏။ လက်တွေ့ရှုမှတ်ကြည့်လျှ ခက်ခဲကြောင်းကို အလွယ်တကူမြင်သိလာနိုင်၏။

ပေါင် ၁၅၀-လေးသော လူတစ်ယောက် မတ်တတ်ရပ်နေသ



ခါ သူ၏ ကိုယ်အလေးချိန်အားလုံးသည်ခြေဖဝါးနှစ်ဘက်ပေါ်တွင် က်ရောက်၏။ 'သက်ရောက်မှုတိုင်းတွင် တူညီသော ဆန့်ကျင်ဘက် က်ရောက်မှုရှိသည်'ဟု ရူပဗေဒနိယာမအရ ပေါင် ၁၅၀ နှင့်ညီမျှသော ပြန်အားသည် ဧရိယာသေးငယ်သော သူ့ခြေဖဝါး နှစ်ဘက်ပေါ် င် သက်ရောက်ကြ၏။

ထို့ကြောင့် အချိန်အနည်းငယ်ကြာမျှ ငြိမ်သက်စွာ မတ်တတ်ရပ် လျှင် ခြေဖဝါးနှစ်ဖက် ပူလောင်လာ၏၊ ကျိန်းစပ်လာ၏၊ ဆူးချွန်နှင့် က်သလို နာကျင်လာ၏။ တစ်နာရီကြာ မတ်တတ် ရပ်ကြည့်လျှင် ဒနာကို ကောင်းစွာ နားလည်လာမည်ဖြစ်၏။

လျောင်းအိပ်သော ဣရိယာပုထ်ဖြင့် ဝိပဿနာရှုမှတ်ခြင်းသည် သော ဣရိယာပုထ်ဖြင့် ရှုမှတ်ရသည်ထက်ပို၍ခက်၏။ ကိုယ်နှင့် ထောက်များကို မလှုပ်ရှားဘဲ ဖျာပေါ်၌ ပက်လက်အိပ်နေသည့်အခါ ာမိကျောပြင်ပူလာ၏၊ ခြေထောက်များ ညောင်းလာ၏။ ဖနောင့် ာက်သည် စူးရှစွာနာလာ၏။ 'ထိနမိဒ္ဓ'ဟူသော စိတ်လေးလံ ိုင်းခြင်းလည်း လွှမ်းမိုးလာ၏။ တရားကို စွဲစွဲမြဲမြဲ မရှုမှတ်နိုင်လျှင် ဦး၍ အိပ်ပျော်သွားတော့၏။ အိပ်မပျော်လျှင်လည်း ကိုယ်ကို င်းလှည့်လိုသောဆန္ဒသည် လွန်စွာပြင်းပြလာ၏။

တော်ကူး ဆရာတော်ဘုရားသည် ဤခက်ခဲလှသော ဣရိယာ နှစ်မျိုးဖြင့် နာရီပေါင်းများစွာ သည်းညည်းခံ၍ ရှုမှတ်နိုင်ခြင်းမှာ န်အံ့သြဖွယ် ကောင်းလှပေ၏။

## တရားမှတ်ချိန်နည်း မခေါင်ရဲ

အရှင်အာနန္ဒာမထေရ်သည် ပထမသင်္ဂါယနာမတင်မီ ညဉ့်တွင်

www.burmeseclassic.com

www.burmeseclassic.com



သောတာပန်အဆင့်မှ ရဟန္တာအဆင့်သို့ တက်လှမ်းနိုင်ရေးအတွက် ညဥ့်လုံးပေါက်စင်္ကြံလျှောက်၍ တရားရှုမှတ်ခဲ့၏။ ဤသို့ ကြိုးမားသော လုံ့လဥဿာဟဖြင့် အားထုတ်ခဲ့ခြင်းကြောင့် ဉာဏ်စဉ် အဆင့်ဆင့်တက်ကာ အရုဏ်မတက်မီအချိန်ကလေးတွင် အာသဝေါ ကုန်ခန်းသော ရဟန္တာအရှင်မြတ်အဖြစ်သို့ ရောက်ရှိခဲ့ပေ၏။

သို့အတွက် စိတ်ကို မပျံ့လွင့်စေဘဲ တစ်နာရီကြာအောင် စင်္ကြံလျှောက်လျက် ဝိပဿနာရှုမှတ်ခြင်းသည် သမာဓိကိုရင့်ကျက် စေနိုင်သည့်အပြင် ဝိပဿနာဉာဏ် ထွန်းပေါက်ရန်အတွက်လည်း အထောက်အကူပြု၏။ တစ်နာရီကြာမျှကောင်းစွာ စင်္ကြံလျှောက် နိုင်သောသူသည် ထိုင်သောဣရိယာပုထ်ဖြင့် နောက်တစ်နာရီကြာ မျှ ငြိမ်သက်စွာ ဝိပဿနာရှုမှတ်ရန် မခဲယဉ်းလှတော့ချေ။

သမာဓိမရှိသူအဖို့ကား ခြေလက်အင်္ဂါများကို မလှုပ်ရှားဘဲ တစ်နာရီတင်းတင်းပြည့်အောင် တရားရှုမှတ်ခြင်းသည် အလွန်ခဲယဉ်း လှသော အလုပ်ဖြစ်၏။ တစ်နာရီပြည့်ပြီးသည့်နောက် ဣရိယာပုထ် မပြောင်းလဲဘဲ နောက်ထပ် တစ်နာရီကြာအောင် ငြိမ်သက်စွာရှုမှတ်ရန် အတွက်မူ အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း။

မဟာစည် ဆရာတော်၏ ဩဝါဒကိုခံယူကြသော တရားရိပ် သာများ၌ တစ်နာရီကြာ စင်္ကြံလျှောက်ခြင်းတစ်လှည့်၊ တစ်နာရီကြာ ထိုင်မှတ်ခြင်းတစ်လှည့်ဖြင့် တစ်နေ့လျှင် ၁၆ နာရီကြာမျှ ယောဂီ အပေါင်းတို့အား စုပေါင်း၍ တရားရှုမှတ်စေ၏။ ထို့နောက် တရား နာခြင်း, တရားအစစ်အဆေးခံယူခြင်း, ကိုယ်လက်သုတ်သင်ခြင်း, စားသောက်ခြင်း စသည်တို့အတွက် သမ္ပဇညနှင့် ယှဉ်လျက် တရား မှတ်ချိန် ၄-နာရီ သတ်မှတ်ထားခြင်း၊ အိပ်ချိန်အဖြစ် ညဥ့် ၁၁- နာရီမှ နံနက်၃- နာရီအထိ သတ်မှတ်ထားခြင်းတို့ကို လေးလေးစားစား



နှင့် ပြည့်ပြည့်ဝဝ လိုက်နာနိုင်ကြသော ယောဂီများသည် မကြာမီပင် သမာဓိကို ထူထောင်လာနိုင်ကြတော့၏။

ဤသို့ သမာဓိထူထောင်သောအရာ၌ တော်ကူးဆရာသည် အလွန်ထူးခြားသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်၏။ ယောဂီအပေါင်းတို့ ထိုင်၍ တရားမှတ်နေကြသောအခါ၌ ဆရာတော်သည် မတ်တတ်ရပ်၍ တရားရှုမှတ်၏။ တစ်နာရီပြည့်၍ ယောဂီအပေါင်းတို့က စင်္ကြံလျှောက် လျက် တရားရှုမှတ်ကြသောအခါ တော်ကူးဆရာတော်သည် ဣရိယာပုထ်ကိုမပြောင်းဘဲမတ်တတ်ပင် တရားဆက်မှတ်နေ၏။ ယောဂီအပေါင်းတို့က တစ်နာရီကြာ စင်္ကြံလျှောက်ပြီး၍ တစ်ဖန် ထိုင်လျက် တရားရှုမှတ်ကြသောအခါ၌လည်း တော်ကူးဆရာတော် သည် မတ်တတ်ရပ်လျက်ပင် တရားဆက်ပြီးရှုမှတ်နေ၏။

တပေါင်း၊ တန်ခူး၊ ကဆုန်လများသည် မော်လမြိုင်မြို့၌ ပူပြင်းသောလများ ဖြစ်ကြ၏။ သို့အတွက် ယောဂီများသည် အခွင့် သာတိုင်း ယပ်တောင်ဖြင့် ယပ်ခတ်ကြ၏။ သစ်ပင်ရိပ်များတွင် ခိုနား၍ စင်္ကြံလျှောက်ကြ၏။

တော်ကူးဆရာတော်က ယပ်တောင်ကို မကိုင်၊ တစ်ရက် တစ် ကြိမ် ရေချိုးရန်ကိုပင် တရားရှုမှတ်ချိန် ယုတ်လျော့သွားမှာစိုး၍ နှစ်ရက်ကြာမှ တစ်ခါ ရေချိုး၏။

“သူများတစ်တွေ ရပ်နားနေတဲ့အချိန်၊ ရေချိုးနေတဲ့အချိန်တွေ မှာ ဘုန်းကြီးက မရပ်မနားဘဲ တရားရှုမှတ်နေတော့ တရားမြန်မြန် တက်တာပေါ့ကွယ်”

“ဆရာတော်က သူတကာထက်သာလွန်အောင် ဉာဏ်စဉ် မြန် မြန်တက်အောင်လို့ အပြင်းအထန် တရားအားထုတ်နေတာလား ဘုရား”

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ ဘုန်းကြီးမှာ သူတကာထက် သာလွန်လိုတဲ့ စိတ်ထားမျိုး မရှိပါဘူး၊ ဉာဏ်စဉ်တက်တာ မတက်တာကိုလည်း အရေးမစိုက်ဘူး၊ ဉာဏ်စဉ်တက်တာ မတက်တာ ကိုယ့်ကိစ္စမှ မဟုတ်ဘဲ၊ ဘုန်းကြီး အချိန်ရှိသရွေ့ ကြိုးစားပြီး တရားရှုမှတ်နေတာက တရားကိုချစ်မြတ်နိုးလို့ပါပဲ။ တရားမရှုမှတ်ဘဲ အလဟဿကုန်သွားမယ့်အချိန်ကို ဘုန်းကြီး သိပ်နှမြောတယ်လေ"

တရားအားထုတ်နေကြသော ယောဂီအပေါင်းတို့ အလွန်အတုယူဖွယ် ကောင်းလှပေသည်တကား။

## လက်ဖက်ရည်ပွဲ ရှောင်ကာလွှဲ

မော်လမြိုင်မြို့ပေါက်ဝ သတိပဋ္ဌာန်ရိပ်သာကျောင်း၏ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးပဏ္ဍဝသည် နံနက်စောစော ဆွမ်းခံကြွပြီး၍ ပြန်ရောက်လာသောအခါတွင် တော်ကူးဆရာတော် ဦးနန္ဒိယအား လက်ဖက်ရည်ပွဲသို့ ဖိတ်ခေါ်လေ့ရှိ၏။

ကမ္မဋ္ဌာနာစရိယ ဆရာတော်က မိမိအား ခင်မင်ရင်းနှီးမှုဖြင့် လက်ဖက်ရည်ပွဲသို့ ဖိတ်ကြားသည်ကို တော်ကူးဆရာတော်သည် ငြင်းဆန်ရန် မသင့်ချေ။ သို့သော် မိမိတရားရှုမှတ်ခြင်းကို ရပ်ဆိုင်း၍ လက်ဖက်ရည်ဝိုင်းသို့ ဆင်းလာရသည့်အတွက် တရားရှုမှတ်မှု ပျက်ပြားသွားရသည်ကို အလွန်နှမြောမိ၏။

ထို့ကြောင့် ဆရာတော် ဦးပဏ္ဍဝ ခွင့်လွှတ်နိုင်မည့် နည်းလမ်းကို ရှာကြံရန် ဆုံးဖြတ်လိုက်၏။ နောက်တစ်နေ့ နံနက်တွင်ပင် မိမိ၏ အကြံအစည်ကို အကောင်အထည်ဖော်ရန်ကိုလည်း စိတ်ပိုင်းဖြတ်လိုက်၏။



တော်ကူးဆရာတော်သည် ပေါင်ကြော်ဆွဲသောရောဂါ, ဖျားနာသောရောဂါ, မူးဝေသောရောဂါနှင့် နှင်းခူနာစသည်တို့ကြောင့် ဆွမ်းခံမကြွနိုင်ပါ။

နံနက်သုံးနာရီအချိန် ညဥ့်၏တိတ်ဆိတ်ခြင်းကို ဖြိုခွင်း၍ ရိပ်သာကျောင်း၏ ခေါင်းလောင်းသံများ ညံစီစီပေါ်ထွက်လာကြသောအခါ ယောဂီများသည် အိပ်ရာမှ လူးလဲထကြ၏။ မျက်နှာသစ်ခြင်း၊ ကိုယ်လက်သုတ်သင်ခြင်းတို့ကို ပြုလုပ်ပြီးကြသောအခါ စင်္ကြံလျှောက်လျက် ဝိပဿနာတရားကို စတင်ရှုမှတ်ကြ၏။

နံနက်လေးနာရီ ထိုးသောအခါ ဓမ္မာရုံကျောင်းပေါ်တွင် စုဝေးကြပြီးလျှင် ဘုရားဝတ်ပြုပြီး တရားဆက်လက်ရှုမှတ်ကြ၏။

ငါးနာရီထိုးသောအခါ၌ ဆွမ်းစားကျောင်းသို့ အမှတ်သတိဖြင့် ဇိတန်းကာ သွားရောက်ကြပြီးလျှင် အရုဏ်ဆွမ်းအဖြစ် ဆန်ပြုတ်ကို ပဲကတ္တီပါပြုတ် စသည်နှင့် သုံးဆောင်ကြ၏။

ခန္ဓာဝန်ကို ထမ်းဆောင်နိုင်ရေးနှင့် တရားအလုပ်ကို ဆက်လက်အားထုတ်နိုင်ရေးအတွက် ဝမ်းရေးကိစ္စကို ဖြည့်တင်းပြီးကြသောအခါ စင်္ကြံလျှောက်၍ တရားအားထုတ်ကြပြန်၏။

ခြောက်နာရီထိုးသောအခါ ဓမ္မာရုံပေါ်၌ တစ်ဖန်စုပေါင်းထိုင်လျက် တရားရှုမှတ်ကြ၏။

တော်ကူးဆရာတော် ဦးနန္ဒိယကား အရုဏ်ဆွမ်းကိစ္စပြီးချိန်မှစ၍ မိမိသီတင်းသုံးရာ ကျောင်းကလေး၏ တံခါးဝ၌ရပ်လျက် တရားရှုမှတ်နေ၏။

နံနက် ၈–နာရီအချိန်ခန့်တွင် ဆရာတော် ဦးပဏ္ဍဝ ဆွမ်းခံကြွရာမှ ပြန်ရောက်လာသောအခါ ခါတိုင်းကဲ့သို့ပင် လက်ဖက်ရည်ဆွမ်းသုံးဆောင်ရန်အလို့ငှာ တော်ကူးဆရာတော်အား အော်ခေါ်လျက်

www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ကြား၏။

"တော်ကူးဆရာတော် ဦးနန္ဒိယ... ဦးနန္ဒိယ... ကြွပါဦး လက်ဖက်ရည်ဆွမ်း ဘုဉ်းပေးပါဦး"

နှစ်ခွန်းသုံးခွန်းအော်ခေါ်၍ ပြန်ထူးသံကို မကြားရသောအခါ ဆရာတော် ဦးပဏ္ဍဝသည် တော်ကူးဆရာတော် သီတင်းသုံးသော ကျောင်းကလေးသို့ လှမ်းမျှော်ကြည့်လိုက်၏။ တံခါးဝ၌ ငြိမ်သက်စွာ မတ်တတ်ရပ်ကာ တရားရှုမှတ်နေသော ဦးနန္ဒိယကို မြင်တွေ့ရသဖြင့်

"ဪ... လက်စသတ်တော့ တော်ကူးဆရာတော်က တရားရှုမှတ် နေတာကိုး... ကောင်းပြီလေ... ဆက်ရှုမှတ်ပါ"

ထိုနေ့၏ နောက်ကာလ၌ ဆရာတော်ဦးပဏ္ဍဝသည် ဦးနန္ဒိယ၏ အလိုဆန္ဒကို ရိပ်စားမိသဖြင့် လက်ဖက်ရည်ကြမ်း ဘုဉ်းပေးရန်အတွက် မဖိတ်ခေါ်တော့ချေ။

## ဝေဒနာလွန်ကဲ ကျားသို့စဲ

"ဆရာတော်ဘုရားက ဣရိယာပုထ်တစ်မျိုးတည်းမှာ အကြာကြီး ရှုမှတ်တဲ့အခါ နာကျင်ကိုက်ခဲတဲ့ ဝေဒနာတွေ မပေါ်ဘူးလားဘုရား"

"ပေါ်တာပေါ့... အားကြီးပေါ်တာပေါ့... ဘုန်းကြီးလောက် ဝေဒနာပြင်းတာ ဘုန်းကြီးပဲ ရှိလိမ့်မယ်ထင်တယ်။ ဘုန်းကြီး လယ်သမားဘဝတုန်းက ကြီးကျယ်ပြင်းထန်တဲ့ ဝေဒနာအမျိုးမျိုး ခံစားခဲ့ရတယ်။ ဘုန်းကြီးဘဝမှာလည်း ကုလို့မပျောက်နိုင်တဲ့ရောဂါ အမျိုးမျိုးစွဲကပ်နေတယ်။ ဒီဝေဒနာတွေအားလုံးက ဝိပဿနာရှုမှတ်တဲ့ အခါမှာ ပြန်ပေါ်လာကြတယ်"

"ဝေဒနာတွေက ဘယ်လိုအဆင့်ဆင့် ပေါ်ပါသလဲဘုရား"



"ပထမ ဘုန်းကြီး တစ်နာရီကြာ မတ်တတ်ရပ်ပြီး 'ဖောင်းတယ်– ပိန်တယ်'ကို ရှုမှတ်တယ်။ ဒီလို တစ်နာရီကြာ... တစ်နာရီကြာ ရှုမှတ်တဲ့အခါမှာ ဝေဒနာအသေးစားတွေပဲ ပေါ်ပါတယ်။ ဘုန်းကြီး သည်းခံပြီး ဝေဒနာကိုရှုမှတ်လိုက်တဲ့အခါ နာကျင်ကိုက်ခဲတဲ့ဝေဒနာ ဟာ ပျောက်ပျက်သွားတယ်။

"သည့်နောက်...ဝေဒနာကို ကောင်းကောင်းနိုင်လာတဲ့အခါ နှစ်နာရီကြာတိုးပြီး 'ဖောင်းတယ်– ပိန်တယ်'ကို ရှုမှတ်ပါတယ်။ ဒီလို အချိန်တိုးပြီးရှုမှတ်တဲ့အခါမှာ ယခင်က မပေါ်ဖူးတဲ့ဝေဒနာအလတ်စားတွေ ပေါ်လာတယ်။ အစကနဦးပေါ်တဲ့ဝေဒနာက အရေပြားပူတယ်, ယားတယ်, ထုံကျဉ်တယ်, နာကျင်တယ်ဆိုတဲ့ အပေါ်ယံ ကြောဝေဒနာတွေလောက်ပဲ။ သည့်နောက်ပေါ်တဲ့ ဝေဒနာတွေက အသားထဲ၊ အကြောထဲက နာကျင်ကိုက်ခဲတဲ့ဝေဒနာတွေ ဖြစ်ပါတယ်။ ဒီဝေဒနာတွေကိုလည်း ဘုန်းကြီးသည်းညည်းခံပြီး ရှုမှတ်လာနိုင်တဲ့အခါ ဘုန်းကြီး ၃–နာရီ၊ ၄–နာရီ စသည်ဖြင့် အဆင့်ဆင့်တိုးပြီး မှတ်ပါတယ်။ အဲသလိုတိုးမှတ်တော့ ပိုပြီးနက်ရှိုင်းတဲ့ အရိုးထဲ, ရိုးတွင်းခြင်ဆီထဲက ဝေဒနာတွေပေါ်လာကြတယ်"

"နာကျင်ကိုက်ခဲတဲ့ ဝေဒနာတွေပေါ်လာတော့ ဆရာတော် စိတ်မပျက်မိဘူးလား"

"ဟင့်အင်း... ဘုန်းကြီးစိတ်မပျက်ဘူး၊ စိတ်လည်း မဆိုးဘူး၊ စိတ်ဓာတ်လည်းမကျဘူး။ နာကျင်ကိုက်ခဲတယ်ဆိုတဲ့ ဆင်းရဲတဲ့ ဝေဒနာတွေဟာ ဒုက္ခသစ္စာရဲ့ လက္ခဏာတွေပဲ မဟုတ်လား။ တို့ မြတ်စွာဘုရားက ကိုယ်နှင့်စိတ်ဆိုတဲ့ ရုပ်နာမ်နှစ်ပါးဟာ ဒုက္ခ အစု အပုံသာ ဖြစ်တယ်လို့ ဟောထားတယ် မဟုတ်လား။ ဒီတော့ ဆင်းရဲတဲ့ ခံစားချက်တွေကို တွေ့ရတာဟာ ဒုက္ခသစ္စာကို တွေ့ရတာပဲလို့

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးသဘောပေါက်ပါတယ်။ ဒါ့ကြောင့် ဘုန်းကြီး စိတ်မပျက်တဲ့အပြင် ဝမ်းတောင်သာမိသေးတယ်”

“ပြင်းထန်တဲ့ ဝေဒနာတွေ ကွယ်ပျောက်သွားအောင် ဘယ်လို ရှုမှတ်ပါသလဲ ဘုရား”

“သည်းခံရင် နိဗ္ဗာန်ရောက်တယ်ဆိုတဲ့ စကားကို ဒကာကြားဖူးတယ်မဟုတ်လား။ အဲဒီစကားက ဝိပဿနာရှုမှတ်တဲ့အခါမှာ ပိုမှန်ပါတယ်။ ဝိပဿနာရှုမှတ်တော့ နာကျင်ခံခက်တဲ့ ဒုက္ခဝေဒနာတွေပေါ်လာတဲ့အခါ သည်းညည်းခံပြီး ဒုက္ခသဘောကိုသိအောင် ရှုမှတ်နိုင်မှ နိဗ္ဗာန်ရတယ်။ တရားက ဒုက္ခသဘော ဖော်ပြတာကို ကိုယ်က မရှုမှတ်ချင်ဘဲ ရှောင်ဖယ်ရှောင်ဖယ်လုပ်နေရင် ဒုက္ခသစ္စာကို ဘယ်မြင်တော့မလဲ။ ဒုက္ခသစ္စာမမြင်ရင် သစ္စာလေးပါးကိုမမြင်ဘူး။ မဂ်ဖိုလ်မရနိုင်ဘူးပေါ့။

“နောက်တစ်ချက်က ဝိပဿနာရှုမှတ်တယ်ဆိုတာ ငါစွဲ အတ္တစွဲကို ဖြုတ်ဖို့ရှုတာ။ ကိုက်တယ် – ကျဉ်တယ်ဆိုတဲ့ ဝေဒနာတွေ ပေါ်လာရင် ငါ့ပေါင်ကိုက်တယ်၊ ငါ့ခြေကျဉ်တယ်၊ ငါနာနေတယ်လို့ နှလုံးမသွင်းရဘူး။ ကိုက်ခဲထုံကျဉ်တဲ့ ဝေဒနာတွေ ပေါ်လာတာက အသားချင်းဖိညှပ်မိလို့ဖြစ်စေ၊ သွေးလည်ပတ်မှု မနှံ့စပ်လို့ဖြစ်စေ၊ သမာဓိရင့်လာလို့ ယခင်မထင်ရှားတဲ့ဝေဒနာဟာ ထင်ပေါ်လာလို့ဖြစ်စေ၊ ပြီးတော့ တရားသဘောအရ ပေါ်လာတာဖြစ်စေ၊ အကြောင်းအမျိုးမျိုးကြောင့် ပေါ်လာတာ။ ဘယ်လိုအကြောင်းနဲ့ပဲပေါ်ပေါ် ရုပ်ဟာဖောက်ပြန်တတ်တဲ့သဘောရှိလို့ ဝေဒနာပေါ်လာတာပဲလို့ ယူဆရမယ် ဒကာကြီး”

“ဝေဒနာဟာ ရုပ်မှာ ပေါ်လာတယ်လို့ ထင်ရပေမယ့် အမှန်အားဖြင့်က ရုပ်က ဝေဒနာကိုမခံစားတတ်ဘူး။ ဒါကြောင့် နာကျင်တာကို



ရုပ်ကမသိဘူး။ ဘယ်သူက သိနေတာလဲ ဒကာကြီး”

“စိတ်က သိနေပါတယ် ဘုရား”

“ဟုတ်ပြီ၊ ငါသိတယ်လို့ မပြောနဲ့နော်။ နာကျင်ကိုက်ခဲတဲ့အထဲမှာ ငါဆိုတာမပါဘူး။ ရုပ်နဲ့နာမ်ပဲ ရှိတယ်။ ရုပ်မှာ ဖောက်ပြန်မှုကြောင့် ဝေဒနာပေါ်တယ်။ နာမ်က အဲဒီဝေဒနာကို သိတယ်။ နာတာကို ရုပ်ကမသိဘူး။ နာမ်က သိနေတာ။ အဲသလို ရုပ်နာမ်သဘောအရ နာကျင်ကိုက်ခဲတာဖြစ်ပေါ်ပြီး သိသိနေတဲ့အထဲမှာ ငါဝင်မပါရင် ငါအနေသာကြီးပဲ။ ပွဲကြည့်ပရိသတ်အဖြစ်နဲ့ ဘေးက ထိုင်ကြည့်နေရုံပေါ့”

“တင်ပါ့ဘုရား၊ တပည့်တော်တို့က ခန္ဓာကိုယ်မှာ နာကျင်ကိုက်ခဲလာရင် အဲဒီအကိုက်အခဲကို ကိုယ်ကိုယ်တိုင် ခံစားနေရတာပဲလို့ ထင်မြင်မိပါတယ် ဘုရား”

“ဒါပေါ့ ဒကာကြီး၊ အစအဆုံးမထင်တဲ့ သံသရာတစ်ခုလုံးမှာ စွဲမြဲလာတဲ့ ‘**ငါစွဲ**’ကို လွယ်လွယ်နဲ့ ဘယ်ဖျောက်နိုင်ပါ့မလဲ။ ဒါပေမဲ့ ဝိပဿနာ ရှုမှတ်ချက်တိုင်းမှာ ဖောင်းတက်လာတဲ့ ဝမ်းဗိုက်က ရုပ်၊ ရှုသိတာက နာမ်၊ ပိန်ကျသွားတဲ့ ဝမ်းဗိုက်က ရုပ်၊ မှတ်သိတာက နာမ်၊ နာကျင်ကိုက်ခဲမှုဖြစ်အောင် ဖောက်ပြန်တာကရုပ်၊ ဝေဒနာကို သိနေတာက နာမ်။ အဲသလို အထပ်ထပ်အဖန်ဖန် ရှုမှတ်နေတဲ့အခါ ရုပ်နဲ့နာမ်ကို ပိုင်းခြားပြီးသိလာတဲ့ ‘**နာမရူပပရိစ္ဆေဒဉာဏ်**’ ဖြစ်ပေါ်လာတယ် ဒကာကြီး။

“ဒါကြောင့် ဝေဒနာပေါ်လာရင် မလွှတ်နဲ့။ ဒုက္ခသစ္စာဖော်ပြတာပဲလို့ သဘောပိုက်ပြီး ဝမ်းမြောက် ဝမ်းသာ ဝေဒနာကိုရှုမှတ်ရမယ်။ ကျားကြီးက သားကောင်ကို ဖမ်းပြီးရင်မလွှတ်တမ်းခဲထားသလို ဝေဒနာကို စွဲစွဲမြဲမြဲရှုမှတ်ရမယ် ဒကာကြီး”

www.burmeseclassic.com

www.burmeseclassic.com



တော်ကူးဆရာတော်ဘုရား၏ နှလုံးသွင်းရှုမှတ်ပုံသည် အလွန်မှတ်သားစရာ ကောင်းပါသည်။ နာကျင်ခံခက်သော ဝေဒနာဆိုးပေါ်လာလျှင် စိတ်ဆိုး စိတ်ပျက်ခြင်းမဖြစ်ဘဲ ဝမ်းမြောက်ဝမ်းသာလက်ခံ၍ ဝေဒနာကို ရှုမှတ်ရပါမည်။ နာကျင်သော ဝေဒနာသည်အာရုံကို လွန်စွာဆွဲဆောင်နိုင်စွမ်းသောသတ္တိရှိရာ ဝေဒနာကို ရှုမှတ်ရသည်မှာ ပိန်– ဖောင်းကို ရှုမှတ်ရသည်ထက် ပို၍ ပိုင်ပိုင်နိုင်နိုင် စွဲစွဲမြဲမြဲရှိပေ၏။

'ဝေဒနာကို သည်းခံနိုင် ကျော်လွန်နိုင်ပါမှ ဣရိယာပုထ်ကိုမပြောင်းဘဲ ကြာကြာရှုမှတ်နိုင်ပေမည်။ ထိုသို့ ကြာကြာရှုမှတ်နိုင်ပါမှသမာဓိ မြင့်တက်လာမည်။ သမာဓိ မြင့်တက်လာပါမှ ဝိပဿနာဉာဏ်စဉ်များ အဆင့်ဆင့်ဖြစ်ပေါ်လာပေမည်။"

မဟာစည် ဆရာတော်ဘုရား သက်တော်ထင်ရှားရှိစဉ်က တရားဝင်ကြသောယောဂီများ ရိပ်သာမှမထွက်မီ ဆရာတော်ကို လာရောက်ကန်တော့ကြသောအခါ...

"တရားရှုမှတ်လို့ ကောင်းပါရဲ့လား"

"ကောင်းပါတယ် ဘုရား"

"ဝေဒနာကိုနိုင်အောင် ရှုမှတ်နိုင်ရဲ့လား"

"ဝေဒနာကို ကောင်းကောင်းတော့ မနိုင်သေးပါဘုရား"

"အင်... ဝေဒနာကို နိုင်အောင်ရှုမှတ်မှ ဟန်ကျမယ်။ မရှုမှတ်နိုင်သေးရင် ဆက်ပြီးကြိုးစားကြ"ဟု မိန့်ကြားလေ့ရှိပါသည်။

### တရားသဘောအရ ဝေဒနာပြ

"မြို့ဝ သတိပဋ္ဌာန်ကျောင်းမှာ ဆရာတော် တရားဝင်နေတုန်းကထူးခြားတဲ့ အတွေ့အကြုံတွေကို အမိန့်ရှိပါဦးဘုရား"

"ဘုန်းကြီး အတွေ့အကြုံကတော့ ဝေဒနာတိုက်ပွဲချည်းပါပဲ။ ကြီးကျယ်တဲ့ တိုက်ပွဲတွေကိုတိုက်ရတော့ အနိုင်ရတဲ့အခါမှာလည်း ကြီးကြီးကျယ်ကျယ် ကျေနပ်မှုရတာပေါ့ကွယ်"

ဆရာတော်သည် မေးမြန်းသည့်အခါ၌ သာမန်မျှသာ ဖြေဆိုသော်လည်း တရားပြနေသည့်အခါများတွင် မိမိအတွေ့အကြုံများကို အလျဉ်းသင့်သလို ထုတ်ဖော်ပြောပြပြီး ယောဂီများအား အားပေးလေ့ရှိ၏။

"ဘုန်းကြီးတို့ တရားမှတ်တုန်းက ပြာပူပေါ် နင်းထားရသလို၊ သံပြားပူပေါ်မှာ ကျောခင်းထားရသလို၊ မီးခဲပေါ်မှာ ထိုင်နေရသလို ခံစားရတာပဲကွဲ့။ ဒါတွေက တရားသဘောအရ ပေါ်လာကြတာပါပဲ။ ကိုယ့်ကို တကယ်ပူလောင်စေတာ မဟုတ်ပါဘူး။ သည်းခံပြီး ဇွဲရှိရှိနဲ့ရှုမှတ်သွားရင် ဝေဒနာတွေ တဖြည်းဖြည်းပျောက်သွားတာပါပဲ" ဟု၍ ဝေဒနာကို သည်းမခံနိုင်သည့် ယောဂီများကို ဤသို့ပြောဆိုကာ ကြိုးစားရန် တိုက်တွန်းတတ်၏။

"ဘုန်းကြီး တရားစမှတ်တုန်းက လက်နှစ်ဖက်ဟာ မြောက်တက်သွားကြပြီး သူတို့ဘာသာ ကနေကြတယ်။ သုံးရက်တိတိ ရှုမှတ်ပြီးတော့ အဲဒီကတဲ့အမူအရာ ပျောက်သွားတယ်"

တရားရှုမှတ်စဉ် ကသည့်အမူအရာဖြစ်ပေါ်လာသော ယောဂီများကို စိတ်မပူရန် အားပေးသည့်အနေဖြင့် ဆရာတော်သည် မိမိ၏အတွေ့အကြုံကို ထုတ်ဖော်ပြောပြတတ်၏။

"ဘုန်းကြီး မြို့ပေါက်ဝ သတိပဋ္ဌာန်ရိပ်သာက ကျောင်းလေးမှာ နေတင်ပေါ်လျောင်းအိပ်ပြီး တရားမှတ်တဲ့အခါ ခြေနှစ်ဘက်ဟာ ဆိမ်းမရအောင် တုန်ခါလာကြတယ်။ ပြီးတော့ ခြေနှစ်ဘက်စီ



www.burmeseclassic.com

www.burmeseclassic.com



မြောက်တက်ပြီး အထိန်းမပါဘဲပြုတ်ကျလာတော့ ခုတင်ကြမ်းခင်းကို ဒိန်းခနဲဆောင့်ဆောင့်မိတယ်။ ဦးခေါင်းနဲ့ လက်နှစ်ဘက်တို့ကလည်း သူတို့သဘောအလျောက်၊ မြောက်တက်ပြီး ဒိန်း... ဒိန်းနဲ့ ခုတင်ကို ဆောင့်နေကြတယ်။ ဒါတွေဟာ တရားသဘောသက်သက်ပါပဲ။ ကိုယ့်ပယောဂ ဘာမှမပါဘူး။

"မသိနားမလည်တဲ့ လူတွေက ဘုန်းကြီးရူးနေပြီလို့ ထင်ကြမှာပေါ့။ ဒါကြောင့် သူများမမြင်အောင် အခန်းတံခါးကို ချက်ထိုးပိတ်ပြီးမှ တရားရှုမှတ်တယ်။ ဝေဒနာ ဘယ်လောက်ပြင်းပြင်း ဘုန်းကြီးကတော့ မလျှော့တဲ့ဝီရိယနဲ့ ရှုမှတ်နေတာပဲ။ အခုလို တရားမှတ်လို့ပေါ်လာတဲ့ ဝေဒနာဟာ အင်မတန်ပြင်းထန်ပေမဲ့ ဘုန်းကြီး လူဝတ်ကြောင်ဘဝက ခံစားခဲ့ရဖူးတဲ့ဝေဒနာကို မမီပါဘူး"

ဤသို့လည်း မိမိအတွေ့အကြုံကို ထုတ်ဖော်ပြောကာ ယော တို့အား စိတ်ဓာတ်တက်ကြွလာစေ၏။ လူဝတ်ကြောင်ဘဝက ကြုံတွေ့ခဲ့ရသည့် ဒုက္ခဝေဒနာများကိုလည်း ထုတ်ဖော်ပြောဆိုတတ်၏။

## ကင်းကိုက်လို့အော် မခံမနိုင်သနော်

"ဘုန်းကြီး လယ်သမားဘဝက ပြင်းထန်တဲ့ ဒဏ်ရာဒဏ်ချက် အမျိုးမျိုးကို ခံခဲ့ရတယ်ကွဲ့။ တစ်နေ့... အိမ်အောက်မှာ ကင်းခြေများ ကြီးတစ်ကောင်က ဘုန်းကြီးရဲ့ခြေထောက်ကို ကိုက်လိုက်တာ ယော ပေါက်,ပေါက်သွားတယ်။ မကြာပါဘူး... ကင်းဆိပ်တက်ပြီး ခြေထောက်ကြီး ရောင်လာတော့တယ်။ မီးလောင်ခံနေရသလို အင်မတန် နာကျင်တဲ့ဝေဒနာက လှိုင်းလုံးကြီးလို ဝမ်းဗိုက်ဆီ တလိမ့်လိမ့် တက်လာတယ်။ နာလွန်းလို့ အသံထွက်အောင်ငိုရတယ်၊ ခုနစ်အိမ်ကြား

အိမ်ကြားပေါ့။ လူတွေ သတင်းလာမေးကြတယ်။ ဒါပေမဲ့ ဒနာသက်သာအောင် ဘယ်သူမှ လုပ်မပေးနိုင်ဘူး။

"ညဦးကနေ မနက်မိုးလင်းတဲ့အထိ ဘုန်းကြီး အော်ငိုရတာ၊ န်းကြီးအကြံရလို့ ခြေထောက်ကို အောက်လင်းမီးအိမ်နဲ့ ကင်တာ စ်ဆိတ်ကလေးသက်သာတယ်။ မီးကင်တာများသွားလို့ မနက်ကျ အသားကျက်လုမတတ် ဖူးရောင်အက်ကွဲနေတာကို တွေ့ရ ယ်။

"အဲဒီကင်းကိုက်တဲ့ ဝေဒနာကို ဘုန်းကြီး မှတ်မိနေသေးတယ်။ ဒီဝေဒနာနဲ့ နှိုင်းစာကြည့်ရင် တရားမှတ်လို့ ပေါ်တဲ့ ဝေဒနာက ပျော့ကလေးပဲပေါ့။ ဒကာကြီး စဉ်းစားကြည့်လေ။ တရားမှတ်နေတဲ့ ခိုက်မှာ ဘယ်သူကမှ ကိုယ့်ကိုလာမကိုက်ဘူး။ သက်သောင့်သက်သာ နေရာက တရားသဘောနဲ့ပေါ်လာတဲ့ဝေဒနာပဲ။ ဒီဝေဒနာတွေဟာ န်းကြီးခြေထောက်ကို ငုတ်နဲ့တိုက်မိတုန်းက ဟက်တက်ကွဲ ကြေသွား ဒနာလောက် မဆိုးရွားပါဘူး။ ဘုန်းကြီးလှည်းပေါ်က လွင့်စဉ် ီး သစ်တုံးအလေးကြီးတွေကပါ ကိုယ်ပေါ်ပိကျလာတဲ့ ဝေဒနာ ောက်လည်း မကြီးကျယ်ပါဘူး"

## တရားရှုလည်း မျက်ရည်ရွဲ

"အဲ... မြို့ပေါက်ဝ သတိပဋ္ဌာန်ကျောင်းမှာ ဘုန်းကြီး တရားရှု တုန်းက အလွန်ပြင်းထန်တဲ့ ဝေဒနာတွေ ပေါ်ပေါက်လာလို့ ကြီး ခဏခဏ မျက်ရည်ကျခဲ့ရပါတယ်။ ရုပ်ပြီးမှတ်စဉ်အခါမှာ ခြေပြတ်ထွက်မလောက် ဝေဒနာကြီးပေါ်လို့ ငိုခဲ့ရတယ်။ ပြီး မှတ်စဉ်အခါမှာလည်း ငိုခဲ့ရတယ်။ လျှောင်းပြီးမှတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါမှာလည်း ငိုခဲ့ရတယ်...။

"ဘုန်းကြီးမျက်ရည်ကျတာ ဝမ်းနည်းလို့ ကျတာမဟုတ်ဘူး။ စိတ်ပျက်အားငယ်လို့လည်း မဟုတ်ဘူး။ ဝေဒနာကို သည်းမခံနိုင်လို့လည်း မဟုတ်ဘူး။ ဝေဒနာ ပြင်းထန်လွန်းတဲ့အခါ မျက်ရည်ကျတတ်တဲ့ သဘာဝအလျောက် ကျလာခြင်းပဲ ဖြစ်တယ်။ ဘုန်းကြီး ဝမ်းနည်းတဲ့ မျက်ရည်လို့ မထင်မှတ်ဘူး။ ဝမ်းမြောက်တဲ့ မျက်ရည်လို့ ယူဆတယ်။ ဝေဒနာပေါ်တာ တရားတွေ့နေတာဖြစ်လို့ ဘုန်းကြီး ဝမ်းသာနေပါတယ်။ ပီတိဖြစ်နေတယ်။ ဒါကြောင့် ပီတိမျက်ရည်လို့ ခေါ်နိုင်တာပေါ့...

"ဝေဒနာ ဘယ်လောက်ပြင်းပြင်း၊ မျက်ရည် ဘယ်လိုကျကျ ဘုန်းကြီး တရားရှုမှတ်တာ လျော့မသွားဘူး။ ခွဲလုံ့လကို နောက်မဆုတ်တမ်း တောင့်ခံထားတော့ နောက်ဆုံးမှာ ဝေဒနာအားလုံးကို ကျော်လွန်သွားနိုင်တာပဲ။ ဝေဒနာတွေ လွန်မြောက်သွားတဲ့အခါမှာတော့ ကြာမျိုးငါးပါးနဲ့ပြည့်စုံတဲ့ အနောတတ်ရေအိုင်မှာ ကိုယ်ကို ဆင်းစိမ်ထားရသလို အလွန်တရာအေးချမ်းလှတယ် ဒကာကြီး။"

## ကိလေသာ တိုက်ပွဲကြီး

"ဝိပဿနာတရား ရှုမှတ်တယ်ဆိုတာ လောဘ, ဒေါသ, မောဟဆိုတဲ့ကိလေသာ ဗိုလ်ချုပ်ကြီးနဲ့ တိုက်ပွဲ ဆင်နေရတာပါပဲ။ မာနဆိုတဲ့ ထောင်လွှားခြင်း, ဒိဋ္ဌိဆိုတဲ့အယူမှားခြင်း, ကုက္ကုစ္စဆိုတဲ့ ပူပန်ခြင်းစတဲ့ ဗိုလ်မှူးတွေနဲ့လည်း တိုက်ခိုက်ရတယ်။ ဒီကိလေသာတိုက်ပွဲမှာ ဘုရားပေးထားတဲ့ တရားလက်နက်ဟာ အင်မတန် အစွမ်းထက်တယ်။ ကိလေသာဗိုလ်တွေကို တစ်ကောင်ပြီးတစ်ကောင် ပိုင်းဖြတ်နိုင်တယ်။



ဘယ်ဟာမှ မခံနိုင်ဘူး...

"ဒကာကြီး တရားထိုင်တဲ့အခါ မကြာခင် ညောင်းတာ၊ ကိုက်တာ၊ ကိုက်ခဲတာတို့ ပေါ်လာတယ် မဟုတ်လား၊ ပေါ်လာတော့ ထချင်တယ် မဟုတ်လား၊ ထော်ချင်အောင် ဘယ်သူက စေ့ဆော်ပေးနေတာလဲ။ လိုချင်တပ်မက်ခြင်းဆိုတဲ့ လောဘက ယခင်ကျက်စားဖူးတဲ့ ကောင်းတဲ့အဆင်းတွေ၊ သာယာတဲ့အသံတွေ၊ မွှေးကြိုင်တဲ့အနံ့တွေ၊ ချိုမြိန်တဲ့အရသာတွေ၊ နူးညံ့တဲ့အတွေ့အထိတို့နဲ့ မြူဆွယ်နေလို့ ဝိပဿနာအာရုံကို ရပ်ပစ်လိုက်ချင်တာ မဟုတ်လား။

"ဒေါသဆိုတဲ့ ကိလေသာဗိုလ်ချုပ်က နည်းနည်းနာလာ ညောင်းလာတာနဲ့ အလိုမကျဖြစ်လာအောင် သည်းညည်းမခံနိုင်အောင် လှုံ့ဆော်တယ်လေ။ မောဟဆိုတဲ့ အဝိဇ္ဇာဗိုလ်ချုပ်က ရုပ်နာမ်ရဲ့သဘောအမှန်ကိုမသိအောင် အမိုက်မှောင်ထဲမှာပဲ တွေဝေနေအောင် အမှောင်ချထားတယ်လေ။ အဲသလို အမှောင်ချထားလို့ လောဘမြူဆွယ်ပြတဲ့ ကာမဂုဏ်အာရုံတွေကို ကောင်းတယ်၊ အနှစ်ရှိတယ်လို့ထင်နေတာ၊ တကယ်ကောင်းရဲ့လား၊ အနှစ်ရှိရဲ့လားလို့ ဆန်းစစ်ကြည့်ရင် ကောင်းဘူးဆိုတဲ့ အနိစ္စ, ဒုက္ခသဘောတွေကို မြင်သိလာမယ်။ အဲသလို မြင်သိဖို့ အခွင့်မရအောင်၊ တစ်နည်းပြောရရင် ဝိပဿနာအားမထုတ်နိုင်အောင် လောဘ, ဒေါသ, မောဟတို့က တားဆီးနေကြတယ်။

"အဲဒီတော့... လူတိုင်းက ကိုယ့်ဘဝကို ကိုယ်ဆုံးဖြတ်ရမယ်။ လောဘ, ဒေါသ, မောဟ တို့ ခြယ်လှယ်နေတာကို ပူပူလောင်လောင် ခံစားရပြီး အပါယ်သွားရမယ့် လမ်းစဉ်ကို လိုက်မလား၊ ဘုရားရဲ့ ဝိပဿနာဓားစကြာနဲ့ ကိလေသာဗိုလ်ချုပ်တွေကို အကုန်ခုတ်ထွင်ပြီးတော့ လွတ်မြောက်တဲ့လူသားအဖြစ်နဲ့ ချမ်းသာအစစ်ကို စိုးပိုင်တဲ့

www.burmeseclassic.com



ဘဝလမ်းစဉ်ကို လိုက်မလား...

"ဒီနှစ်လမ်းပဲ၊ အင်မတန်သေချာတယ်။ မြတ်စွာဘုရားက လက်သည်းပေါ်မှာ မြေမှုန့်အနည်းငယ်တင်ပြီးတော့ သာဝကများ မေးတယ်။ လက်သည်းခွံပေါ်မှာရှိတဲ့ မြေမှုန့်နဲ့ ကမ္ဘာမြေကြီးမှာရှိ မြေမှုန့် ဘယ်ဟာများသလဲလို့။ သတ္တဝါတွေသေကြတော့ သုဂတိ ရောက်တဲ့အရေအတွက်က လက်သည်းခွံပေါ်မှာရှိတဲ့ မြေမှုန့်လော ပါပဲတဲ့။ အပါယ်လားကြတဲ့ သတ္တဝါအရေအတွက်က ကမ္ဘာမြေကြီးမှ ရှိတဲ့ မြေမှုန့်လောက်များတာတဲ့...

"ပြီးတော့ ဘဘုရားက ပြောသေးတယ်။ ငရဲ၊ တိရစ္ဆာန် ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်ဘုံဟာ သတ္တဝါတို့ရဲ့ ထာဝ စံနေအိမ်ပဲတဲ့။ လူ့ရွာ၊ နတ်ရွာဆိုတာ သတ္တဝါတွေ ခေတ္တခဏ အလည်အပတ်လာကြတဲ့ ဘုံဌာနတွေတဲ့။ ဒီဘဝပြီးဆုံးရင် အပါယ် ပြန်သွားကြတာပဲ၊ လူတွေ သတိတရားရဖို့ သိပ်ကောင်းတယ်နော်

"ဘုန်းကြီးတို့က ကောင်းမှန်းသိလွန်းလို့ ဝိပဿနာတရား အားထုတ်ဖို့ လူတကာကို တိုက်တွန်းနေတာ၊ တရားအားထုတ်ထား အပါယ်တံခါးပိတ်မယ်၊ ဘာဝနာမပွားရင် အပါယ်လားဖို့ ကော်ယော် သေချာတယ်။"

## ဓမ္မဩသဓဆေး ရောဂါပြေး

"ဆရာတော် တရားရှုမှတ်လို့ ရောဂါတွေ ထူးထူးဆန်းဆန်း ပျောက်ကင်းပုံကို အမိန့်ရှိပါဦး ဘုရား"

"ဘုန်းကြီး ဝိပဿနာတရား အားထုတ်ဖို့အတွက် မော်လမြိုင် မြို့ပေါက်ဝ သတိပဋ္ဌာန်ရိပ်သာကျောင်းကို သွားတုန်းက အဖျား ရောဂါသက်သာခါစမို့ ဆွမ်းငါးလုတ်လောက်ပဲ ဘုဉ်းပေးနိုင်သေး



တယ်။ အဖျားရောဂါသာ သက်သာလာတာ၊ တခြားရောဂါတွေ အစုံကြီးရှိသေးတယ်-မုတ္တရောဂါ၊ ပေါင်ကြောဆွဲရောဂါ၊ မူးဝေတဲ့ ရောဂါ၊ နှင်းခူရောဂါ၊ လမ်းကောင်းကောင်းတောင် မလျှောက်နိုင်ဘူး။ ကိုယ်ဘာသာ ထိုင်လို့မရဘူး။ မတ်တတ်ရပ်လည်း တုတ်ကောက်အကူ နဲ့ ရပ်ရတယ်...။

"အဲဒီရောဂါတွေဟာ ဆေးကုလို့ မပျောက်တဲ့ရောဂါတွေပဲ၊ ဆေးသုဉ်း နဝင်းသုဉ်းတဲ့... ဘုန်းကြီး သုံးလကြာ တရားမှတ်ပြီးတဲ့ အခါ အဲဒီရောဂါတွေ အကုန်လုံးလောက် ပျောက်ကင်းသွားကြတယ်။ နှင်းခူကြီးနဲ့ အသားပိုအသားလုံးတွေ တွဲရရွဲထွက်နေတဲ့ ရောဂါလောက် ကျန်တယ်။ ဒါကြောင့် သုံးလပြည့်ပြီးတာနဲ့ ဘုန်းကြီး ဆွမ်းခံ ထွက်နိုင်တော့တာပဲ...

"သုံးလပြည့်တော့ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးပဏ္ဍိတက ဘုန်းကြီးကို တရားစစ်မေးပြီး မှတ်ချက်ချတယ်။ 'ဦးနန္ဒိယကို စိုင် ကော်သွားပြီ'တဲ့။ သူဆိုလိုတာက မမျှော်လင့်ဘဲနဲ့ စိုင်ကော်ပြီး ချို ရောက်သွားတဲ့ အဓိပ္ပာယ်တော့ မဟုတ်ပါဘူး။ ဝိပဿနာကို အားထုတ်ကြတဲ့ သူတပည့်တွေ အများကြီးထဲမှာ ဘုန်းကြီးတစ်ပါး တည်း ထွန်းထွန်းပေါက်ပေါက် ဖြစ်သွားပြီဆိုတာကို ဆိုလိုတာပဲ..."

## နှင်းခူရောဂါ အမြစ်ပါကျွတ်

"ဘုန်းကြီးဖြစ်တဲ့ နှင်းခူရောဂါဟာ အင်မတန်ဆိုးတယ်။ အနာ တွေတရွဲရွဲနှင့် ခြေဖမိုးနှစ်ဖက်ဟာ ဖားပြုပ်ကြီးတွေလို ဖြစ်နေ တယ်။ နှင်းခူတွေကြားထဲမှာ ခြေဖမိုးနဲ့ ခြေချောင်းကြားတွေမှာ အသားပို အသားလုံးတွေ တွဲလောင်းတွဲလောင်းနဲ့ သဖန်းသီးပြွတ်သီးနေသလို

www.burmeseclassic.com

www.burmeseclassic.com



သီးနေကြတယ်။ အင်မတန် စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့ ရောဂါပါ

“အဲဒီ နှင်းခူရောဂါက သိပ်ခေါင်းမာတယ်။ ဆေးဘယ်လော ထည့်ထည့်မပျောက်ဘူး။ ဘုန်းကြီး ဝိပဿနာတရားမှတ်လို့ တခြာ ရောဂါတွေ အကုန်လုံးပျောက်သွားပေမယ့် ဒီနှင်းခူက မပျောက်ဘဲ တင်းခံနေတယ်။ ဘုန်းကြီး စိတ်မလျှော့ပါဘူး။ ‘နေသေးသပချုံထဲက ချုံသွေးသပ တမြမြ’ပေါ့လေ။ ဘုရားပေးထားတဲ့ ခမ္မောသမဆေးက ဒီလောက်အစွမ်းထက်တာ သင်းခံနိုင်ရိုးလား၊ တစ်နေ့ကျ ပျောက် ပျောက်ရမယ်လို့ ဘုန်းကြီး ယုံကြည်ပါတယ်...

“သည့်နောက်မှာ ဣရိယာပုထ် တစ်ခုတည်းနဲ့ ၁၂–နာရီပေါ် အောင် ဘုန်းကြီး တရားရှုမှတ်တယ်။ ဥပမာ ညဉ့်ဦးပိုင်းကစပြီ မတ်တတ်ရပ်တဲ့ ဣရိယာပုထ်နဲ့ တရားမှတ်ရင် နောက်နေ့ မိုးလင်းတဲ့ အထိ မူလရပ်နေတဲ့အတိုင်းပဲ ရှုမှတ်သွားတယ်။ ရေမသောက်ဘူး ဆီးမသွားဘူး၊ တံတွေးမထွေးဘူး၊ ယားယံလို့လည်း မကုတ်ဘူး မလှုပ်ရှားဘဲနဲ့ သစ်သားတိုင်လုံးလို မတ်မတ်ထောင်ပြီး တရားမှတ်နေ တယ်။

“ဘုန်းကြီးက လျောင်းတဲ့ ဣရိယာပုထ်နဲ့ တရားမှတ်ရင်လည်း မလှုပ်မရှားဘဲ သစ်သားတုံးပစ်ချထားသလို ပက်လက်လျောင်းနေပြီး ညဉ့်ဦးပိုင်းကနေ မိုးလင်းတဲ့အထိ ဝိပဿနာရှုမှတ်နိုင်တယ်”

တော်ကူးဆရာတော်ဦးနန္ဒိယသည် အားရပါးရ လုပ်ကိုင်တ သလို လုပ်ခဲ့သည့်အတိုင်းလည်း အားရပါးရ ပြောဆိုတတ်ပါသည် လူတစ်ဘက်သားတို့ အကျိုးကျေးဇူးပွားများအောင် စေတနာထားပြီ ပြောဆိုနေခြင်း ဖြစ်သည်။

အလွန်ရိုးသားသော လယ်သမားအဖြစ်နှင့် နှစ်များစွာ ကျင်လည် ခဲ့ရသည်နှင့်အညီ တော်ကူးဆရာတော်ဘဝ၌လည်း ဟိတ်ဟန်မထာ



ဘဲ ရိုးရိုးဘွင်းဘွင်း ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်ပါသည်။ မွန်သံ ဝဲဝဲနှင့် အကျိုးကိုလိုလားသော မွန်မြတ်သည့်စိတ်ထားဖြင့် ပြောဆိုနေ သော ဆရာတော်၏စကားများမှာ နားထောင်၍မဝနိုင်အောင်ရှိပါ၏။

“ဆရာတော် မလှုပ်ရှားဘဲ အကြာကြီးတရားရှုမှတ်နိုင်တာဟာ သိပ်အံ့သြစရာကောင်းတာပဲ၊ ဘယ်လိုလုပ်ပြီး ဆရာတော် ဒီလို မှတ်နိုင်ရတာလဲ”

“ဒကာကြီး မှတ်ထား... ဘုန်းကြီး ပြောပြမယ်။ ဝေဒနာတစ်မျိုး ကို တစ်ခါပျောက်ကင်းအောင် ရှုမှတ်ပြီးရင် အဲဒီဝေဒနာဟာ သုံးကြိမ်လောက် ထပ်ပေါ်လာဦးမယ်။ ပေါ်လာတိုင်း ဝေဒနာပျောက် အောင်ရှုမှတ်နိုင်ပြီး သုံးနာရီလောက်ဆက်မှတ်လို့ အဲဒီဝေဒနာ ပြန် မပေါ်ရင် အဲဒီဝေဒနာကို လုံးဝနိုင်ပြီလို့ မှတ်ပေတော့။ ပေါ်တဲ့ဝေဒနာ အမျိုးမျိုးကို အဲသလိုနိုင်အောင် ရှုမှတ်သွားရင် နောက်ကို တစ်နေ့လုံး နေလို့လည်း ယားတဲ့ဝေဒနာ မပေါ်တော့ဘူး။ တစ်ညဉ့်လုံးနေလို့လည်း မပေါ်တော့ဘူး။ သီတာရေစင်ကို ချိုးသုံးနေရသလို အေးမြငြိမ်းချမ်းနေ တာပဲ ဒကာကြီး။ ဒါကြောင့် ဣရိယာပုထ်တစ်မျိုးနဲ့ အကြာကြီးနေနိုင် တာပေါ့”

“ဆရာတော် အဲသလို ကြာကြာရှုမှတ်တော့ နှင်းခူလည်း ပျောက်တာပဲလား ဘုရား”

“အဲ... ပျောက်တာပဲ၊ လနဲ့ချီပြီး တော်တော်ကြာကြာကို မှတ် ယူရတယ်။ ဆေးလည်းထည့်... တရားလည်း မှတ်ပေါ့ကွယ်။ နောက်တော့ နှင်းခူတွေ အမြစ်ပါကျွတ်ထွက်ကြတာပဲ။ တစ်လုံးတစ်လုံး ကျွတ်ထွက်သွားတဲ့နေရာမှာ နည်းတဲ့တွင်းမဟုတ်ဘူး၊ ချိုင့်ကျန်ရစ် တာလေ၊ လက်မ,ထိုးထည့်လို့ရတယ်။ အမာရွတ်တွေ ခုထိရှိသေး သပေါ့။ အဲ... တစ်ချိန်တည်းလောက်မှာပဲ အသားပိုအရုံးတွေက

www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်လုံးပြီးတစ်လုံး ကြွေကျကုန်တယ်။ အခု ဘုန်းကြီး ခြေ
ထောက်မှာ ဘာအနာ ဘာအလုံးမှ မရှိတော့ပါဘူး”

ရောဂါပျောက်ကင်းသည့် သမိုင်းတွင် ထူးခြားစွာ မှတ်တမ်းတင်
အပ်သော ဖြစ်ရပ်တစ်ခုပါပေ။

## ဆင်ရေယုန်ကြီး သေမှီနီးပြန်

တော်ကူးဆရာတော် ဘုရားသည် ဝိပဿနာ ရှုမှတ်ခြင်းကြောင့်
ရောဂါပျောက်ကင်းသည်ကို ကိုယ်တွေ့ကြုံခဲ့ရသဖြင့် ဝိပဿနာ
တရားဆေးသည် ၉၆–ပါးသော ရောဂါဝေဒနာအားလုံးကို ပျောက်ကင်း
စေနိုင်သည်ဟု စွဲမြဲစွာယုံကြည်၏။

မိမိဖျားနာတိုင်း ဝိပဿနာဆေးကြီးကို ယုံကြည်စွာမှီဝဲ၏။ မှီ
ဝဲတိုင်းလည်း ရောဂါပျောက်ကင်းခဲ့၏။

သက်တော် ၈၈–နှစ်၌ တော်ကူးသတိပဋ္ဌာန်ကျောင်းဝယ် သီတင်း
သုံးနေစဉ် ဆရာတော်တွင် ဆင်ရေယုန်ပေါက်လာ၏။ ထိုရေယုန်သည်
ရေချိုးမှား၍လားမသိ၊ တစ်ရက်နှစ်ရက် ငုပ်လျှိုးသွားပြီးနောက်
ပြန်ကန်ထွက်လာ၏။ ရေယုန်နာတို့သည် သပျစ်သီးအတွဲလိုက် ခို
နေသလို ပြွတ်ခဲနေကြ၏။

အခြေအနေမကောင်း၍ ဆရာတော်အား ဒကာများက မုဒုံမြို့
ပြည်သူ့ဆေးရုံသို့ ပင့်ခေါ်သွားကြ၏။ ထိုမှတစ်ဖန် မော်လမြိုင်မြို့
သံဃာ့ဆေးရုံသို့ ဆရာတော်အား ပင့်ဆောင်သွားကြ၏။

ဆရာဝန်များက ကြိုးစား၍ ကုသပေးကြ၏။ ဆရာတော်၏
ရောဂါမှာ လျော့ပါးခြင်းမရှိဘဲ အသက်ဘေးကိုပင် စိုးရိမ်ရသည့်
အခြေသို့ ဆိုက်ရောက်လာ၏။



ဆေးရုံကဆင်းလျှင် ဆင်းနိုင်ကြောင်း ဆရာဝန်က ခွင့်ပြုသည့်
အတွက် တော်ကူးရွာသို့ပြန်ရန် စီစဉ်ကြ၏။ ထိုအခါ ဆရာတော်အား
ခင်မင်လေးစားမိသော သူနာပြုဆရာမတစ်ဦးက...

“ဆရာတော် ပြန်ကြွရမှာကို ဝမ်းနည်းမိပါသလား”ဟု မေး
လျှောက်၏။

“ဟင့်အင်း... ငါပြန်ချင်နေတာနဲ့ အတော်ပဲ”ဟု ဆရာတော်က
ရုတ်ခြည်းပြောလိုက်သဖြင့် မေးလိုက်မိသည့် ဆရာမပင် အံ့အားသင့်
သွားရ၏။

ဆရာတော်သည် အသက်အရွယ်လည်းကြီး၊ ရောဂါကြီးနှင့်
လည်း ရင်ဆိုင်နေရသဖြင့် မကြာမီပျံလွန်လိမ့်မည်ဟု ဆရာဝန်များ၊
သူနာပြုများနှင့် ဒကာများက ယူဆထားကြ၏။

ဆရာတော်ဘုရားက မိမိကျောင်းကလေးသို့ ပြန်ရောက်သော
အခါ ဝိပဿနာတရားကို အားရပါးရ ရှုမှတ်လေတော့၏။ မကြာ
မီပင် ရောဂါအခြေအနေမှာ ကောင်းမွန်လာပြီး တစ်စတစ်စ ပျောက်
ကင်းသွားတော့၏။

## ဤတောင်ကြီးကို ကျော်နိုင်လေဦးမလား

တော်ကူးဆရာတော်သည် သက်တော် ၇၀– ပြည့်နှစ်တွင်
ရောဂါမျိုးစုံ ဖိစီးနှိပ်စက်ခံနေရသည်ဖြစ်၍ ထိုရောဂါတောင်ကြီး
ကို မကျော်ဖြတ်နိုင်တော့ဟု ဆေးဆရာများက မှတ်ချက်ချခဲ့ကြ၏။

ဆရာတော်သည် တောင်ဇရပ်ကိုထောက်လျက် ဝိပဿနာတံခါးဝ
သို့ ကြွသွားတော်မူပြီးလျှင် သူမတူသောဇွဲလုံ့လဖြင့် စွဲစွဲမြဲမြဲ
နှစ်နှစ်ကိုက်ကိုက် တရားရှုမှတ်ခြင်းကြောင့် ရောဂါအလုံးစုံတို့ ကင်းပ
သွားခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သက်တော် ၈၈–နှစ်တွင် တစ်ဖန် အတွင်းငုပ်သော ဆီးရေယုန်နာ အကြီးအကျယ်ဖြစ်ပြန်ရာ မော်လမြိုင်မြို့ဆေးရုံကြီးသို့ တက်၍ ဆေးကုသခံခဲ့ရ၏။ နောက်ဆုံးတွင် မသက်သာသဖြင့် ဆရာဝန်များနှင့်တကွ ဒကာများက ဆရာတော် ပျံလွန်လိမ့်မည် ဟု ယုံကြည်ကြ၍ တော်ကူးမဟာသတိပဋ္ဌာန်ကျောင်းသို့ ဆရာတော်အား ပြန်လည် ပင့်ဆောင်ခဲ့ကြ၏။ ဆရာတော်သည် စိတ်ဓာတ်ကျခြင်း မရှိဘဲ ဝိပဿနာတရားကို စွဲစွဲမြဲမြဲရှုမှတ်လေရာ အသက်ဘေးကို ခြိမ်းခြောက်နေသော ရောဂါဆိုးသည် အံ့သြစွာပင် ပျောက်ကင်းခဲ့ ပြန်ပေတော့၏။

ဆရာတော်သည် သက်တော် ၉၄–နှစ် ပြည့်မြောက်၍ ၉၅–နှစ်အတွင်းသို့ တစ်လကျော် ချင်းနင်း ဝင်ရောက်လာသောအခါ ၁၃၄၆–ခု၊ တော်သလင်းလပြည့်ကျော် ၁၄–ရက်နေ့၌ ရုတ်တရက် လေဖြတ်ခြင်းကို ခံရသဖြင့် ခြေလက်များ အကြောသေသွားကြ၏။ ဤကား ဆရာတော်ကျော်ဖြတ်ရမည့် တတိယမြောက်နှင့် အမြင့်မား ဆုံးတောင်ကြီးပေတည်း။

ထိုနေ့က နေ့ဆွမ်းစားရန် ဆွမ်းဝိုင်းဆက်ကပ်ခြင်းကို ဆရာတော် ခံယူ၏။ ထို့နောက် ဆွမ်းဘုဉ်းပေးရန် လက်များကို လှုပ်ကြည့်သည့် အခါ လှုပ်၍မရတော့ချေ။ ကပ္ပိယနှင့် ဒကာများက ဆွမ်းခွံ့ပေးကြရ၏။ ဆွမ်းစားပြီးနောက် မတ်တတ်ရပ်ရန် ကြိုးစား၍ ထကြည့်သည့်အခါ ခြေနှစ်ဖက်မှာ မလှုပ်ရှားနိုင်တော့ကြောင်းကို တွေ့မြင်ကြရ၏။

ဆရာတော်အား အိပ်ရာ၌ လဲလျောင်းနေစေပြီးလျှင် မြန်မာ အကြောနှိပ်ဆရာ, ဆေးဆရာနှင့် ဆရာဝန်တို့ကို ပင့်ဆောင်ကာ ဆရာတော်အား ကုသစေကြ၏။ ဆရာတော်သည် ကုသမှုကို အသာတကြည်လက်ခံ၏။ သို့သော် မိမိရောဂါကို တကယ်ပျောက် ကင်းစေနိုင်သည့် ဆေးဝါးမှာ ဓမ္မောသဓဆေးဖြစ်သည်ဟု ယုံကြည် ထား၏။



သို့အတွက် အကြောဆရာ၊ ဆေးဆရာနှင့် ဆရာဝန်တို့ ပြန် သွားကြသည့်အခါ ဆရာတော်သည် ဝိပဿနာတရားကို ရှုမှတ် လေ၏။ လျောင်းပြီး ရှုမှတ်သည့်အခါ ရောဂါဝေဒနာသည် မထင် ရှားပေါ်လာ၏။ သို့အတွက် ထိုင်၍ ရှုမှတ်ရပြန်၏။ ဤတွင်လည်း ဝေဒနာမှာ သိသိသာသာမပေါ်လွင်သေးချေ။

သို့အတွက် ဆရာတော်သည် မတ်တတ်ရပ်သည့် ဣရိယာပုထ် ဖြင့် တရားရှုမှတ်နိုင်ရန်စီစဉ်၏။ ဆရာတော်၏ ကြီးမားသော ကိုယ်ခန္ဓာကို ထူမ, ပေးရန်အတွက် ရဟန်းသုံးပါး သို့မဟုတ် လူသုံးယောက်လိုအပ်၏။ ဆရာတော်သည် ခုတင်ခြေရင်း၌ ရပ်နေပြီး လျှင် မိမိလက်ဝဲဘက်လက်ကို မြှောက်ထားလျက် ခုတင်တန်းနှင့် ချည်ထားစေ၏။ ဆရာတော်ကို သူ၏လက်ယာဘက် ချိုင်းအောက်မှ ဒကာတစ်ဦးအား မ,ချီထားစေ၏။ အခြားရဟန်း သို့မဟုတ် ဒကာ တစ်ဦးက ဆရာတော်၏ နောက်ကျောဘက်မှနေ၍ ဆရာတော်အား ထိန်းပေးရ၏။ ဤအနေအထားဖြင့် ဆရာတော်သည် ၅–နာရီ၊ ၆– နာရီကြာမျှ တစ်စပ်တည်း ရှုမှတ်၏။

သုံးလေးရက်မျှ ဆရာတော် ရှုမှတ်ပြီးသောအခါ ဆရာတော်သည် ခြေလက်များကို အတော်အသင့် လှုပ်ရှားနိုင်လာ၏။ ထိုအခါ လက်လှုပ်ရှားသော လေ့ကျင့်ခန်းများကို ပြုလုပ်သည့်အပြင် ဝါးတန်း နှစ်တန်းတို့၏အလယ်၌ စင်္ကြံလျှောက်သော လေ့ကျင့်ခန်းကိုပါ ဆရာတော် ပြုလုပ်၏။ တစ်ခါတစ်ခါ စင်္ကြံလျှောက်လျှင် မွန်းလွဲ ၁–နာရီမှ ညနေ ၅ နာရီ ၆–နာရီအထိ ကြာညောင်းတတ်ရာ ဆရာတော်အား ဝိုင်းဝန်းထိန်းပေးရသည့်ရဟန်းများ သို့မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဒကာများအား ထိုမျှကြာအောင် အားလပ်ချိန်ရ,မရကို ဆရာတော် ကြိုမေးထားလေ့ရှိ၏။ ၅-နာရီကြာ စင်္ကြံလျှောက်မည်ဟု ဆုံးဖြတ်ထားလျှင် မည်မျှပင်ပန်းသည်ဖြစ်စေ သတ်မှတ်ချိန်ရောက်သည်အထိ အလွန်ကြီးမားသော ဇွဲလုံ့လဖြင့် လျှောက်နေတော့၏။

တစ်လခန့် ကြာညောင်းသောအခါတွင် ဆရာတော်သည် အဖေးအကူမပါဘဲ ကျောင်းတွင်း ကျောင်းပြင်သို့ စင်္ကြံလျှောက်နိုင်လာ၏။ ထိုအခါ ဆရာတော်နာမကျန်းသည့် သတင်းကို ကြားသိရသော ရပ်ဝေးဒကာများက ဆေးဝါးအမျိုးမျိုးကို လာရောက်လှူဒါန်းကြရာ ထိုဆေးဝါးများထဲတွင် အလွန်အစွမ်းထက်သည့် မိုရီယာမင်းအားဆေးလည်း ပါဝင်လာ၏။

ဒကာများက ဆရာဝန်တစ်ဦးအား ပင့်ဆောင်၍ ဆရာတော်အား မိုရီယာမင်းအားဆေးတစ်လုံးကို ထိုးစေ၏။ မွန်းလွဲ၃-နာရီအချိန်တွင် ဆေးသွင်းပြီး၏။ ညဦး ၁၀-နာရီခန့်အချိန်တွင် ဆရာတော်၏ ခြေလက်များ ကွေးတက်လာကြ၏။ လျှာသည်လည်း လိပ်ခွေသွားသဖြင့် ဆရာတော် စကားပြော၍မရတော့ချေ။

ဆရာတော်၏ ခြေဖျံများပေါ်တွင် ဒကာနှစ်ယောက်၊ ပေါင်များပေါ်တွင် ဒကာနှစ်ယောက်၊ လက်များပေါ်တွင် ဒကာနှစ်ယောက်စသည်ဖြင့် ဒကာခြောက်ယောက် ခုနစ်ယောက်တို့သည် ဆရာတော်အား တစ်ပြိုင်နက် နင်းနှိပ်ပေးကြ၏။ သုံးနာရီခန့်ကြာသောအခါ အကြောတက်ခြင်းရပ်သွားပြီး ဆရာတော် သတိရလာ၏။ ခြေလက်များကို လှုပ်ရှား၍မရ၊ စကားပြော၍မရသဖြင့် ဆရာတော် မျက်ရည်ကျရ၏။ စောစောပိုင်းက လေဖြတ်ထားသည့်တိုင်အောင် စကားပြောနိုင်သဖြင့် တရားဟောကြားခဲ့၏။ ယခုမူ တရားမဟောနိုင်တော့ပြီဖြစ်၍ ဝမ်းနည်းကာ မျက်ရည်ကျခြင်းဖြစ်၏။



သို့သော် ဆရာတော်ကား စိတ်မလျှော့။ အခွင့်သာသည်နှင့် တစ်ပြိုင်နက် မိမိခန္ဓာကိုယ်အားထုမ,ထားစေကာ ကြာမြင့်စွာ တရားရှုမှတ်လေ၏။ ဆရာတော် အတော်အတန် နာလန်ထူလာနိုင်သောအခါ ဆရာတော်အား ဒုတိယအကြိမ် မိုရီယာမင်း ထိုးပြန်၏။ ဆရာဝန်နှင့် ဒကာများက ပထမအကြိမ် ဆရာတော်၏ အကြောတက်ခြင်းမှာ ဆေးကြောင့်မဟုတ်၊ ဆရာတော်၏ရောဂါကြောင့်ဖြစ်သည်၊ ဆရာတော်အား မိုရီယာမင်းထိုးပေးလျှင် ခွန်အားပြည့်လာပြီး မြန်မြန်နာလန်ထူလာနိုင်မည်ဟု ယုံကြည်ကြ၏။

ဆရာတော်သည် ဆေးထိုးခြင်းကို မတားမြစ်သော်လည်း ဆရာဝန်ပြန်သွားသောအခါ ဒကာများအား ယခင်အတိုင်း မိမိ၏အကြောများ ပြန်တက်လိမ့်မည်ကို ပြောကြားထား၏။ မှန်ပေစွ။ ညဦး ၁၀-နာရီတွင် ယခင်အကြိမ်အတိုင်း ဆရာတော် အကြောများတက်၍ ခြေလက်များ ကွေးကောက်လာကြပြန်လေပြီ။ သေမင်းနိုင်ငံသို့ ဆရာတော် လိုက်ပါမသွားရအောင် အကြိတ်အနယ် နင်းနှိပ်ကုသကြရပြန်၏။

ဆရာတော်၏ အလွန်ခိုင်မြဲသော စိတ်ဓာတ်နှင့် အလွန်ကြီးကျယ်သော ဇွဲဝီရိယတို့ကြောင့် ဆရာတော်သည် တစ်စတစ်စ နာလန်ထူလာပြန်၏။ စကားပြောရန်အတွက်လည်း တစ်, နှစ်, သုံး, လေး စသည်ဖြင့် ပြန်လည်သင်အံယူရ၏။ ဆရာတော် စကား အသင့်အတင့် ပြောဆိုလာနိုင်သောအခါ...

"ဒကာတို့...ဘုန်းကြီးကို မိုရီယာမင်းဆေး မထိုးကြနဲ့တော့၊ ဆေးကကောင်းပါတယ်၊ ဘုန်းကြီးသွေးသားက မကောင်းတော့၊ ဘုန်းကြီးက လူလုပ်တဲ့ဆေးကို တစ်ခါတစ်ရံပဲ သုံးဆောင်ပါတယ်။ ဘုရားဆေးကိုသာ အမြဲသုံးဆောင်ပါတယ်။ ဘုန်းကြီးနဲ့တည့်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ခမ္မောသခဆေးကြီးကိုပဲ ဘုန်းကြီး အေးအေးချမ်းချမ်း မှီဝဲပါရစေ။ ကုသိုလ်ကံနဲ့ အကြောင်းအထောက်အပံ့ရသေးရင် ဘုန်းကြီး ဆက်ပြီး တရားဟောပြနိုင်မှာပေါ့ကွယ်”

ဆရာတော်၏ ခံယူချက်ကား အားကျစရာပင်။ ၂၇-၄-၈၅ ရက်နေ့၌ ဤစာအုပ်၏ စာမူကြမ်းကို ဆရာတော်အား တင်ပြရန် ဆရာတော်၏ ထံမှောက်သို့ ကျွန်တော်ရောက်သွားသောအခါ ဆရာတော်၏ အခြေအနေမှာ အတော်ကောင်းမွန်လာပေပြီ။ စကားကို နားလည်လောက်အောင် ပြောကြားလာနိုင်၏။ ဆွမ်းကိုလည်း အတော်အသင့် ဘုဥ်းပေးနိုင်၏။ တရားစကားကိုလည်း အသင့်အတင့် ဟောပြောနိုင်၏။

“ယောဂီတွေက ဘုန်းကြီးရောဂါပျောက်မှ တရားပြနိုင်မယ်လို့ ထင်မှတ်နေကြတာ။ အခုနေ့တိုင်း ဘုန်းကြီးကိုယ်တိုင် တရားအားထုတ်ပြီး လက်တွေ့တရားပြနေတာကို ယောဂီတို့ မမြင်ကြဘူးကွယ့်”ဟု ဆရာတော်သည် ရယ်မောလျက် မိန့်တော်မူ၏။

မှန်ပေ၏။ ဆရာတော်သည် ‘စံနမူနာများဖြင့် သင်ပြနည်း’ (Teaching by examples)ဟူသည့် ခေတ်အမီဆုံးနည်းဖြင့် တရားဆက်ပြနေပါတကား။

ဆရာတော်၏ မှတ်ဉာဏ်မှာ ထက်မြက်လျက်ပင် ရှိသေး၏။ နားပသာဒနှင့် မျက်စိပသာဒတို့လည်း ကြည်လင်နေကြသေး၏။ ဒကာအပေါင်းက ဆရာတော် မကျော်လွှားနိုင်တော့ဟု ထင်မှတ်ထားခဲ့သည့် တတိယတောင်ကြီးကိုလည်း ဆရာတော်သည် အောင်မြင်စွာဖြတ်ကျော်နိုင်ခဲ့လေပြီတကား။

* * *

အခန်း ( ၃ )

# အသံမထွက်တဲ့အထိတရားပြမယ်

### အကောင်းဆုံးတရား

ရှေးဂရိ တွေးခေါ်ရှင်ကြီး ဆိုကရေးတီးပြောဆိုခဲ့သော အောက်ပါစကားသည် အလွန်မှတ်သားဖွယ် ကောင်း၏။

‘ကိုယ်ကျင့်တရားကို ကောင်းမွန်မြင့်မြတ်စေသော သစ္စာတရားများသည် ကောင်းမြတ်ခြင်းဂုဏ်ကို ဆောင်၏။ ထိုတရားများကို သိသောသူသည် ထိုကောင်းမြတ်ခြင်းဂုဏ်တို့နှင့် ပြည့်စုံလာ၏။ မည်သူမဆို အကောင်းဆုံးတရားကို သိရှိထားလျှင် ထိုတရားနှင့် ဆန့်ကျင်သည့် အပြုအမူကို တမင်တကာပြုလုပ်မည် မဟုတ်ပေ။ သိနားမလည်ခြင်းကြောင့်သာလျှင် ထိုအမှန်တရားနှင့် ဆန့်ကျင်ကာ ပြုလုပ်နေကြသည်။’

ကိုယ်ကျင့်တရားကို တကယ် ကောင်းမွန်မြင့်မြတ်စေသော သစ္စာတရားတို့မှာ လူတိုင်း၏သန္တာန်၌ ကိန်းအောင်းနေသော လောဘ, ဒေါသ, မောဟတို့ကို ငြိမ်းသတ်ဖယ်ရှားနိုင်သည့်တရားတို့ ဖြစ်ကြ၏။

‘ရလေလိုလေ အိုတဏှာ’ဟု ဆိုအပ်သော ကာမဂုဏ်ချမ်းသာများကို ခံစားခြင်း၌ မည်သည့်အခါမျှ မရောင့်ရဲမတင်းတိမ်နိုင်သည့်

www.burmeseclassic.com

www.burmeseclassic.com



လောဘတရားကို ငြိမ်းအေးစေမှသာလျှင် 'ငါ, ငါ့ဖို့, ငါ့ မယားဖို့' ဟူသည့် အတ္တဆန်ခြင်းကို ပယ်ဖျောက်နိုင်လျက် အများအကျိုးအတွက် သယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်၏။

'ဘယ်သူနာနာ ငါမနာရင်ပြီးရော'ဟူသည့် ရက်စက်ကြမ်းကြုတ်ခြင်းသဘောရှိသော သတ္တဝါအချင်းချင်း ကိုယ်ချင်းမစာနာဘဲ ညှဉ်းဆဲနှိပ်စက်တတ်သော ဒေါသတရားကို ဖယ်ရှားနိုင်မှသာလျှင် အများသတ္တဝါတို့ ပျော်ရွှင်ချမ်းသာအောင် မေတ္တာထားလာ နိုင်မည်ဖြစ်၏။

'ဘာဒုစရိုက်ပဲလုပ်ရလုပ်ရ ဒီဘဝ ငါကောင်းစားရင်ပြီးရော' ဟူသည့် မသိ, မိုက်မဲခြင်းသဘောကို ဆောင်သော၊ 'မကောင်းမှုပြုလျှင် မကောင်းကျိုးကိုခံရမည်၊ ကောင်းမှုပြုလျှင် ကောင်းကျိုးကိုစံရမည်'ဟူသည့် ကံ, ကံ၏အကျိုးကို မျက်ကွယ်ပြုတတ်သော မောဟတရားကို ဖယ်ရှားနိုင်မှသာလျှင် ဘုရား, တရား, သံဃာတို့၏အကျိုးကျေးဇူးကြီးမားမြင့်မြတ်ပုံကို မျက်ဝါးထင်ထင် သိမြင်လာမည်ဖြစ်၏။

'ဤလောဘ, ဒေါသ, မောဟ တည်းဟူသော အမိုက်တကာ့ထိပ်ခေါင် အချုပ်အနှောင်တကာ့ ခေါင်ချုပ်ဖြစ်သည့် တရားဆိုးတို့ကို ဝိပဿနာတရားကသာလျှင် အမြစ်ပါမကျန်အောင် ဖယ်လှန်ဆွဲနုတ်နိုင်ပါသည်။'

'ငါဘုရား ဟောကြားသည့် တရားသဘောကို မသိ နားမလည်သောသူသည် ငါဘုရား၏ထံပါး၌ ရှိနေလင့်ကစား ငါဘုရားနှင့် စကြဝဠာတံတိုင်းအကွာအဝေးမျှ ကွာဝေးနေပေ၏။ ငါဘုရား၏ တရားတော်ကို သိနားလည်ပြီးသောသူသည် စကြဝဠာတံတိုင်း၌ တည်နေစေကာမူ ငါဘုရား၏ရင်ခွင်၌ ရှိသည်မည်၏။'

တော်ကူးဆရာတော်သည် ဤဘဘုရား၏ စကားတော်ကို မကြားခဏ မြွက်ကြားတတ်၏။ ဆရာတော်သည် ဘုရား၏ တရားတော်ကို ကောင်းစွာနားလည်ပြီးသူဖြစ်၍ ဘုရားနှင့် နီးကပ်စွာတည်နေသောသူ ဖြစ်၏။ ဘုရား၏ အရိပ်အာဝါသကို ခိုလှုံနေရခြင်းသည် သစ်ပင်ရိပ်, မိဘရိပ်တို့တွင် ခိုနားရသည်ထက် အဆ,ရာထောင်မက သာလွန်မြင့်မြတ်သည်ကိုလည်း ကောင်းစွာသိရှိပြီးသူဖြစ်၏။



ထို့ကြောင့် ဆရာတော်သည် မိမိကိုယ်တိုင် မှီဝဲသုံးဆောင်ခဲ့ပြီး၍ အတုမရှိသည့် ကောင်းကျိုးချမ်းသာနှင့် ပြည့်စုံသော 'ဓမ္မောသဓအမြိုက်ဆေးကြီး'ကို သတ္တဝါတို့အား ဖြန့်ဝေတိုက်ကျွေးလျက် ရှိသေ၏။

"သတ္တဝါတို့၏ ကောင်းကျိုးချမ်းသာကို မျှော်ကိုးလျက် အသံမထွက်တဲ့အထိ ငါတရားပြမယ်"ဟု ကြွေးကြော်ခဲ့သည်နှင့်အညီ တော်ကူးဆရာတော်ဘုရားသည် သက်တော် ၉၅–နှစ်တိုင်အောင် တရားအမွေကို ဖြန့်ဝေခဲ့ပြီးလေပြီ။ ယခုအခါ ဝိပဿနာတရားကို ဟောကြားပြသနေဆဲပင် ရှိနေသည်တကား။

## သေမင်းခေါ်တော့ မအားလို့မရ

တော်ကူးဆရာတော်သည် မိမိသိမြင်ထားသော ဝိပဿနာတရား၏ ထူးခြားလှသည့် အမြိုက်အရသာနှင့် ကြီးမားလှသောအကျိုးကျေးဇူးတို့ကို ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား မျှဝေပေးလို၏။

ထို့ကြောင့် ရော်ဘာခြံပတ်လည်ဝိုင်းနေသည့် တော်ကူးသတိပဋ္ဌာန်ကျောင်းသို့ ရောက်လာသမျှသော ပရိသတ်အပေါင်းအား ဝိပဿနာတရား အားထုတ်ကြရန် မရမက တိုက်တွန်းနှိုးဆော်လေ့ရှိ၏။

အချို့က ဆရာတော်ကို အားနာ၍ တစ်ထိုင်စာမျှ တရားမှတ်ကြ၏။ အချို့က တစ်ရက်၊ အချို့က ရက်သတ္တတစ်ပတ်၊ အချို့က

www.burmeseclassic.com

www.burmeseclassic.com



တစ်လ၊ နှစ်လစသည်ဖြင့် တရားမှတ်ကြ၏။ အချို့ကမူ "မအား
သေးဘူး ဘုရား၊ ဘာလုပ်စရာ ညာလုပ်စရာရှိသေးတယ်၊ အားတော့
တရားဝင်ပါ့မယ် ဘုရား"ဟု အဖြေပေးကာ ရှောင်ထွက်သွားကြ၏။
"အေး... ဒကာတို့၊ ဘယ်နေ့ကျမှ သေရမယ်လို့ သေမင်းန
စာချုပ်ချုပ်ထားတာ ရှိသလား၊ လူဆိုတာ ကွေးတဲ့လက် မဆန့်မီ
ဆန့်ထားတဲ့လက်ကို မကွေးမီ သေနိုင်တာပဲ၊ လူဆိုတာသေမျိုး
မဟုတ်လား။ သေမင်းခေါ်တဲ့အခါမှာ ငါမအားသေးဘူးလို့ ငြင်းလို့
ရမလား...
"မကြာခင်ကပဲ တို့ကျောင်းနားက ရော်ဘာခြံမှာ ငမဲဆိုတဲ့
ဒကာ၊ ရော်ဘာပင်အကိုင်းခြောက်တွေကို တက်ခုတ်တာ လိမ့်ကျပြီးသေ
ရော။ ဟိုရွာအစွန်နားက ငဖြူဆိုတာ ရေကူးတတ်လျက်နဲ့ ခြေသလုံး
ကြွက်တက်ပြီး မကူးခတ်နိုင်လို့ ရေနစ်ပြီးသေရော။ ငနီဆိုတာ
တောင်ခြေမှာ ဂဝံကျောက်တူးတာ မြေပြိုကျပြီး ဖိမိလို့ သေသွားပြ
ရော...
"ဟိုတလောတုန်းက မော်လမြိုင်မြို့ကနေ ရွှေဂွန်းကိုသွားတဲ့
နှစ်ထပ်သင်္ဘောပေါ်မှာ ခရီးသည်တွေပြည့်ကျပ်နေတာပဲ။ ဆိပ်ကမ်း
သင်္ဘောခွာတော့ လက်တွေပြကြ... ပဝါဖြူတွေခါယမ်းကြနဲ့ တပျေ
တပါး နှုတ်ဆက်ကြတာပေါ့လေ။ မကြာခင် မြစ်လယ်မှာ သင်္ဘော
မြုပ်ပါလေရော။ ခရီးသည်တွေ အများကြီး သေဆုံးသွားကြတာ
မကြားမိဘူးလား...
"အေး... လူတွေက နေ့တိုင်းသေနေကြတာပဲ၊ ငါ့အလှည့်
မရောက်သေးလို့ ငါမသေသေးတာကို ငါအကြာကြီး နေရဦးမယ်
မျှော်လင့်မနေနဲ့။ ကိုယ့်အလှည့်က အချိန်မရွေးရောက်လာနိုင်တယ်
ဝိပဿနာမရှုမှတ်သေးဘဲနဲ့ သေသွားရင် ဘယ်ရောက်မယ်ထင်သလဲ



...တစ်ရာမှာ ကိုးဆယ့်ကိုးယောက်က အပါယ်ရောက်တာပဲ...
"အဲဒီတော့ အခုလုပ်စရာ လောကီအလုပ်တွေက အရေးကြီးတာ
...ား၊ အပါယ်ရောက်သွားတာက အရေးကြီးတာလား၊ သေသေချာချာ
...ဦးစားကြည့်စမ်းပါ...
"မြတ်စွာဘုရားက သတ္တဝါတွေကို သနားတော်မူလွန်းလို့ 'ရှိသမျှ
...စွတွေကို ခဏဘေးချိတ်ထားစမ်းပါ။ ဦးခေါင်းထက်က ဆံပင်
...လောင်နေရင်တောင်မှ အဲဒီမီးလောင်တာကို မငြိမ်းသတ်မီ
...သနာတရားကို အလျင်အားထုတ်လိုက်ပါတဲ့၊ ရင်ဝကို လှံစူးနေရင်
...ည်း အဲဒီလှံကို မဆွဲနုတ်မီ ဝိပဿနာတရားကို အလျင်ဦးအောင်
...အားထုတ်လိုက်စမ်းပါ'လို့ မှာကြားတော်မူခဲ့ပါတယ်။"

## အပါယ်လား, မလား သိလိုသလား

"ဒကာတို့ အခုနေအခါ သေသွားရင်အပါယ်လားမလား၊ သုဂတိ
... လားမလားဆိုတာကို မသိချင်ဘူးလား။ သိချင်ရင် သိနိုင်တဲ့
...ဆောက်အထားတွေကို ဘုန်းကြီး ပြောပြမယ်...
"တောလိုက်မုဆိုးတစ်ယောက်ဟာ တောထဲမှာ သမင်, ဒရယ်
...တဲ့ သားကောင်ငယ်များကို ဖမ်းဆီး သတ်ဖြတ်ပြီး အသားရောင်းစား
... အလုပ်နဲ့ အသက်မွေးဝမ်းကျောင်းနေရတယ်။ တစ်နေ့ကျတော့
...ာကြီးမျက်မည်းထဲမှာ ရေအလွန်ဆာလို့ ရေလိုက်ရှာတာ ကျောင်း
...ခမ်းတစ်ခုကို ရောက်လာတယ်။ သောက်ရေအိုးဆီ တန်းသွားပြီး
...အိုးကိုဖွင့်ကြည့်လိုက်တော့ ရေတစ်စက်မှ မရှိဘူးတဲ့...။
"ဟာ... ဒီကျောင်းမှာနေတဲ့ ရဟန်းတွေက သိပ်ပျင်းရိကြတာပဲ
...က်ရေတောင်မခပ်ထားကြဘူး"လို့ မုဆိုးက မြည်တွန်တောက်တီး

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာကို ရဟန်းတစ်ပါးကကြားပြီး ကျောင်းတွင်းမှ ထွက်လာ တယ်...

"ဟဲ့– ဒကာ... မနက်ကပဲ ငါသောက်ရေအိုးကို ရေဖြည့်ထားတာ ဘယ့်နှယ်ကြောင့် ရေမရှိရမှာလဲ"လို့ ပြောပြောဆိုဆို ရဟန်းက ရေအိုးကိုဖွင့်ကြည့်လိုက်တော့ ရေအပြည့်ရှိနေတာကို တွေ့ရတယ် ခရုသင်းနဲ့ ရေကိုခပ်ပြီးကမ်းပေးတယ်။ မုဆိုးလည်း နှစ်ခွက်,သုံးခွက် ကုန်အောင် သောက်ချလိုက်တယ်။

ရေသောက်ပြီးတော့ မုဆိုးက စဉ်းစားတယ်။ "ငါ့ကြမ္မာက တယ်ဆိုးပါလား၊ အသက်ရှင်လျက်နဲ့ လူပြိတ္တာဖြစ်နေရပြီ။ မကောင်း အသက်မွေးမှုကိုရပ်ဆိုင်းပြီး ကုသိုလ်ကောင်းမှုကိုပြုမှပဲ"တဲ့၊ အဲ သတိသံဝေဂရပြီး ရဟန်းဝတ်ခွင့်ပြုဖို့ တောင်းပန်တယ်။

ရဟန်းဖြစ်တဲ့အခါ **'မာလကတိဿ'**လို့ အမည်တွင်တယ်။ သူ ကမ္မဋ္ဌာန်းတရားရှုမှတ်စေတဲ့အခါ နှစ် ၅၀– လောက် မုဆိုးအလုပ် ကျင်လည်ခဲ့ရတဲ့အကြောင်းတွေကိုပဲ တဝဲလည်လည် စဉ်းစားနေ တယ်။ ဒါကြောင့် ကမ္မဋ္ဌာန်းအလုပ်မှာ မပျော်မွေ့ဘဲ "ရဟန်းတရား ကို မကျင့်နိုင်တော့ဘူး"လို့ ဝန်ချတောင်းပန်ရှာတယ်။

ဆရာရဟန်းက "ထင်းစိမ်းများများခွေပြီး စုပုံထားပါဦး"လို့ အမိန့်ရှိတယ်။

မာလကတိဿက ရေသဖန်းပင်စတဲ့ သစ်စိမ်းများကို ရှာ စုဆောင်းပြီး အပုံကြီးဖြစ်အောင် စုပုံထားတယ်။

"မာလကတိဿ... ဒီထင်းပုံကြီးကို မီးရှို့စမ်း"လို့ ဆရာတော်က အမိန့်ရှိပြန်တယ်။

မာလကတိဿက အမိန့်အတိုင်း ထင်းပုံကြီးကို မီးရှို့တယ် ထင်းတွေက စိမ်းစိုနေလို့ မလောင်ကြဘူး။ အဲသည်အခါ ဆရာရဟန်း အဘိညာဉ်တန်ခိုးနဲ့ အဝီစိငရဲက ပိုးစုန်းကြူးအရွယ်လောက် ခဲကလေးကိုယူပြီး သစ်စိုပုံကြီးပေါ်မှာ ပစ်ချတယ်။ သစ်စိုပုံကြီးဟာ သစ်ရွက်ခြောက်ပုံကြီး မီးလောင်သလို တဟုန်းဟုန်း ထလောင်ပြီး ပြာဖြစ်သွားတယ်။

"မာလကတိဿ... အသင်လူထွက်ရင် ဒီလိုပြင်းထန်တဲ့ အဝီစိ မှာလောင်ကျွမ်းခံရမယ်။ ရဟန်းတရားအားထုတ်မှ အပါယ်ဘေးက လွတ်မယ်"လို့ အမိန့်ရှိလိုက်တယ်။

"မာလကတိဿဟာ အလွန်ထိတ်လန့်ကြောက်ရွံ့သွားလို့ လူ ထွက်တော့ဘဲ ရဟန်းတရားကို အပြင်းအထန်အားထုတ်တယ်။ မျဉ်းလာတဲ့အခါ လည်ပင်းလောက်နက်တဲ့ ရေထဲမှာဆင်းနေပြီး ကောက်ရိုးခွေကိုရေဆွတ်ပြီး ဦးခေါင်းပေါ်တင်ထားတယ်။ အဲသလို –နှစ်လောက်ကြာအောင် စွန့်စွန့်စားစားအားထုတ်လိုက်တဲ့အခါ မာလကတိဿဟာ မဂ်သုံးတန် ဖိုလ်သုံးတန်ရပြီး အနာဂါမ် ဖြစ်သွားတယ်။ မြတ်စွာဘုရားရဲ့တရားတော်ဟာ ဒါလောက်အထိ အားကိုးနိုင် တာနော်။ အချိန်မနှောင်းမီ သတိသံဝေဂရပြီး တရားအားထုတ်ရင် ဘဝမှာတင် ဆင်းရဲမှုငြိမ်းအေးသွားလိမ့်မယ်။ နို့မဟုတ်ရင်တော့ ငရဲမှာကျရဖို့ရှိတယ်။"

## သေခါနီးမှာထင်တဲ့ နိမိတ်

"လူတိုင်းလူတိုင်းဟာ သေခါနီးမှာ မရဏာသန္နဇော စောကြတယ်။ သေသည့်အခါမှာ ကိုယ်လားရောက်ရမယ့် ဘုံဋ္ဌာနရဲ့ ဂတိနိမိတ်ကို မြင်တွေ့ရလေ့ရှိတယ်။

"သီဟိုဠ်နိုင်ငံက တောင်ပေါ်ကျောင်းတစ်ခုမှာ သီတင်းသုံးနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



သောဏာမထေရ်ဟာ ရဟန္တာဖြစ်နေပြီ။ သူ့ရဲ့ခမည်းတော်က မုဆိ[...] အလုပ်နဲ့ချည်း အသက်မွေးနေတယ်။ အိုမင်းမစွမ်းဖြစ်လာတဲ့အချိန်မှ[...] သားထံမှာပဲ ရဟန်းဝတ်တယ်၊ သေခါနီးတဲ့ အချိန်မှာ ငရဲနိမိတ်ထင်လာ[...] တယ်...

"မျက်လုံးမျက်ဆန်ပြူးလာပြီး... လက်ကြီးတကားကားနဲ့ 'ဟဲ့[...] သား... မောင်းဟဲ့... ခြောက်ဟဲ့'နဲ့ အော်နေတယ်။ သားရဟန္တာ[...] သိပြီ။ ဒီအတိုင်းသာ သေသွားရင် ငါ့ခမည်းတော်ကြီး ငရဲလားမှာ[...] သိပြီ။ ငါကဲ့သို့သော သားရှိလျက်နဲ့ ငါ့ခမည်းတော် ငရဲလားမယ်ဆို[...] မဖြစ်ကောင်းဘူးလို့ စဉ်းစားမိပြီး ကိုရင်တွေကိုခေါ်တယ်။ စေတီတေ[...] ကို ပန်းမျိုးစုံနဲ့ ရင်ပြင်အပြည့် ပူဇော်ထားစေပြီး ခမည်းတော်[...] ညောင်စောင်းနဲ့တကွ ရင်ပြင်ပေါ်ကို ပင့်ဆောင်လာကြတယ်။

"ခမည်းတော်ဘုရား... ခမည်းတော်အတွက် စေတီရင်ပြင်အပြ[...] ပန်းတွေပူဇော်ထားပါတယ်။ ခမည်းတော် ကြည်ညိုပါဘုရား"[...] သတိပေးနှိုးဆော်လိုက်တော့ ခမည်းတော်ဟာ ရွှင်လန်းလာပြီး မျက်[...] ကြည်လင်လာတယ်။ မကြာခင်မှာပဲ... မရဏာသန္နဇော စောခါ[...] ဂတိနိမိတ်ထင်လာပြန်တယ်။ လက်ယာဘက်လက်ကိုဆန့်ပြီး 'သား[...] ဖယ်ယော့၊ သားရဲ့မိထွေးလုလုတွေခေါ်နေပြီ' လို့ပြောတယ်။ ခမည်းတေ[...] ကို နတ်သမီးတွေလာခေါ်နေပြီဆိုတာကိုသိလို့ ရဟန္တာမထေရ်ဟ[...] ကျေနပ်ဝမ်းမြောက်သွားပါတယ်။

"အဲဒီတော့ သေခါနီးလို့ မရဏာသန္နဇော စောတဲ့အချိန်[...] လူနာရဲ့ မျက်နှာထားနဲ့ လက်အမူအရာတွေကိုကြည့်ပြီး သူသေတဲ့အ[...] အပါယ်သွားမလား၊ သုဂတိဘုံရောက်မလားဆိုတာကို သိနိုင်တ[...] ကွဲ...

"တချို့ဝက်ထောင်မှူးတွေ သေခါနီးမှာ လှံနဲ့လာထိုးတာမြင်ရ[...]



ဝက်လိုတကျည်ကျည်အော်နေတာ၊ နွားထောင်မှူးတွေ သေခါနီးမှာ နွားနက်ကြီးတွေလာကိုက်လို့ လက်ကားရားနဲ့အော်နေတာ... သူများကို နှိပ်စက်ညှဉ်းဆဲထားတဲ့လူတွေ သေခါနီးမှာ တအင့်အင့်တအအနဲ့ ခရိုမဆုံဖြစ်နေတာတွေ အများကြီးကို ဘုန်းကြီးကြားသိနေရပါတယ်။ ကောင်းရာသုဂတိကိုလားမယ့် လူတွေကျတော့ မျက်နှာကြည်ကြည် လင်လင်နဲ့ ညင်ညင်သာသာသေကြရတာပဲ။"

## လားရာဂတိကို ကြိုသိမြင်

"တဲခွန်တိုင်ရွာထဲက ဝက်သတ်တဲ့ ဒကာတစ်ယောက်... ဝက်ထိုးတဲ့လှံတွေကို အရွယ်အစားစား လုပ်ထားတယ်။ ထက်မြနေအောင်လည်း သွေးထားတယ်။ ဝက်မသတ်ခင်မှာ အရက်တစ်ခွက်နှစ်ခွက် သောက်လိုက်တယ်။ ပြီးတော့ ဝက်ကို ချက်ကောင်းနေရာမှန်းပြီး ရှတ်ခနဲထိုးလိုက်ရင် ဝက်ဟာ အင့်လို့ တစ်ချက်သာ အော်နိုင်ပြီးတော့ သေသွားတယ်။ ဝက်သတ်ရာမှာ သိပ်တော်တယ်လို့ လူတွေက ချီးမွမ်းကြတာပေါ့...

"အဲ... ဘုန်းကြီးဆီမှာ တရားလာအားထုတ်တဲ့ လူတွေရဲ့ ပြောစကားကို ကြားရဖန်များတော့ သူနည်းနည်း ထိတ်လန့်လာပြီး ဒီကျောင်းကို ရောက်လာတယ်၊ ဘုန်းကြီးက သူ့ကိုတရားပြပြီး တရားမှတ်ခိုင်းတယ်။

"သမာဓိကလေး နည်းနည်းရလာတဲ့အခါ သူ့ကိုလှံအရွယ်အမျိုးမျိုးနဲ့ လာထိုးတဲ့အာရုံတွေပေါ်လာရော။ 'အင့်...အ' လို့ သူ ညည်းတွားနေတယ်။ သူ့မျက်နှာကလည်း ကြောက်ရွံ့ထိတ်လန့် နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးကြာတော့ သူ့မျက်စိပွင့်လာပြီး... 'တော်ပြီဘုရား၊ တပည့်တော်ပြန်ဦးမယ်' ဆိုပြီး ထပြန်သွားပါရော။ ဘုန်းကြီးတားလို့ တောင်မနေတော့ဘူး။ ဒါပေမဲ့ တစ်လနှစ်လကြာတော့ သူတစ်ခေါက် ရောက်လာပြီး တရားရှုမှတ်ပြန်တယ်။ အာရုံဆိုးတွေ ပေါ်လာပြန်ရော။ ဘုန်းကြီးက အနားမှာနေပြီး သူ့ကိုဆက်မှတ်ဖို့ အားပေးတယ်။ သူ တော်တော်လေး မှတ်နိုင်လာတယ်။

"အဲသလို... နည်းနည်း... နည်းနည်း မှတ်ဖန်များလာတော့ အာရုံဆိုးတွေပျောက်သွားပြီး သူကောင်းကောင်း တရားမှတ်နိုင်လာပါတယ်။ အခုတော့ ဝက်မသတ်တော့ဘူး။

"စဉ်းစားကြည့်စမ်း... သူသာ ဝိပဿနာမရှုမှတ်ခဲ့ရင် သေခါနီး အချိန်မှာ ငရဲနိမိတ်ထင်လာမှာ သေချာတယ်။ အဲဒီအခါ ကြောက် ကြောက်လန့်လန့်နဲ့ သူသေသွားလိမ့်မယ်။ သေပြီးရင် ငရဲရောက်မှာ မသေချာဘူးလား။ အခုဝိပဿနာတရားရှုမှတ်လိုက်တော့ ငရဲနိမိတ်ကို သူနိုင်သွားပြီ။ နောက်ထပ်ပေါ်စရာလည်း အကြောင်းမရှိတော့ဘူး။ ဒါကြောင့် အခု သူသေရင် ကောင်းမွန်တဲ့သုဂတိဘုံကို ရောက်မယ် မဟုတ်လား။ ဒါကြောင့် ရှေးပညာရှိတို့က 'ခန္ဓာနဲ့မဆပ်ဘဲ တရားနဲ့ ရှာဆပ်လိုက်' လို့ မှာကြားခဲ့တယ်ကွဲ့...

"အခုပြောနေတဲ့ ဝက်ထောင်မှူးအကြောင်းလိုပဲ အင်မတန် မှတ်သားစရာကောင်းတဲ့ သာဓကတစ်ရပ်က မောင်သိန်းလှိုင်ရဲ့ အကြောင်းပဲ။ ဘုန်းကြီးဆီကို သူ ညနေတိုင်းလာတယ်။ သူ့ကိုတွေ့ပြီး ဒကာ မေးမြန်းကြည့်စမ်း။"

## သံဝေဂယူသင့်သော ဇာတ်လမ်းတစ်ပုဒ်

ကျွန်တော် တက္ကသိုလ်ကျောင်းသား ဘဝကတည်းကပင် **ဦးသိန်း**လှိုင်အား သိကျွမ်းခဲ့ရပါသည်။ ဦးသိန်းလှိုင်သည် ကျွန်တော်၏ ဇာတိချက်မြှုပ်ရာ ကမာဝက်ရွာ၌ သုံးလေးနှစ်မျှ ကာကွယ်ရေး ခေါင်းဆောင်အဖြစ် ထမ်းရွက်ခဲ့၏။



ဦးသိန်းလှိုင်သည် ရဲစွမ်းသတ္တိအလွန်ကောင်း၏။ ကြံရည် ဖန်ရည်လည်းရှိ၏။ ရွာအစွန်အဖျားတစ်နေရာ၌ အကြမ်းဖက် သောင်းကျန်းသူများ ချဉ်းကပ်လာသည်ကိုကြားလျှင် တစ်ဦးတည်းဖြစ်စေ၊ ယ်သားအချို့နှင့်ဖြစ်စေ မဆုတ်မဆိုင်းဘဲ ချက်ချင်းသွားရောက်ပြီး နှိမ်နှင်းလေ့ရှိ၏။

အကြမ်းဖက်သောင်းကျန်းသူများက သူ့ကိုအလွန်ကြောက်ရွံ့ကြ၏။ 'အပြိုက်' ဟု ရွာသားများက အမည်ပေးထားကြ၏။ အပြိုက်ဟူသောအမည်မှာ ကျွန်တော်တို့၏ ရွာမှ ပွဲတိုင်းကျော် အောင်ပွဲခံခဲ့သည့် တိုက်နွား၏ အမည်ဖြစ်၏။

"အကြမ်းဖက်သောင်းကျန်းသူတွေက တိုက်ပွဲအတွေ့အကြုံ နည်းကြတယ်မဟုတ်လား။ သေနတ်သံကြားရင် ကြောက်လန့်ပြီး ဟိုပစ် သည်ပစ် အရမ်းလှည့်ပတ်ပစ်ပြီး ထွက်ပြေးကြတာပဲ။ ငါက ခေါင်း အေးအေးနဲ့ ချက်ကောင်းကို သေသေချာချာချိန်ပြီးပစ်တော့ သူတို့ကို ထိမှန်တာပေါ့။ အဲဒါကြောင့် ငါ့ကို သူတို့ကြောက်ကြတာပဲ" ဟု ဦးသိန်းလှိုင်က ကျွန်တော့်အား ရှင်းပြပါသည်။

"ကာကွယ်ရေး ခေါင်းဆောင်ဆိုတော့ လက်သံပြောင်ရတာပေါ့ ကွာ။ တိုက်ရဲရတယ်၊ သတ်ရဲရတယ်၊ တိုက်ပွဲတွေမှာ အကြမ်းဖက် သောင်းကျန်းသူတော်တော်များများကို သတ်ခဲ့ရတာပဲ။ တောတိရစ္ဆာန် တွေ၊ ဝက်တွေ၊ နွားတွေကိုလည်း သတ်ခဲ့ဖူးတာပဲ။ အရက်လည်း သောက်တယ်။ မကောင်းမှုဒုစရိုက်တွေကို အမျိုးစုံအောင် လုပ်ခဲ့ဖူးတယ် ဆိုပါတော့"

www.burmeseclassic.com



ဦးသိန်းလှိုင်က သူ၏ကြမ်းတမ်းသော ဘဝဇာတ်လမ်းကို ကျွန်တော့်အား ပြောပြပါသည်။ သူသည် ယခုအခါ အသက် ၆၀ ကျော်ပြီဖြစ်၍ သူ၏ဇာတိဖြစ်သည့် တံခွန်တိုင်ရွာ၌ နေထိုင်လျက်ရှိ၏။ တော်ကူးဆရာတော့်ထံ တရားအားထုတ်ခဲ့ပြီးသည့်နောက် ဆရာတော်၏တပည့်ရင်းတစ်ယောက်ဖြစ်လာသဖြင့် ဆရာတော့်ကျောင်းသို့ နေ့စဉ်လာပြီး ကျောင်းကိစ္စကြီးငယ်များကို ဆောင်ရွက်ပေး၏။

"ဦးသိန်းလှိုင် တရားအားထုတ်တဲ့ အတွေ့အကြုံကို ပြောပြပါလား"

ကျွန်တော်က ခင်မင်ရင်းနှီးဖူးသူတစ်ယောက်အနေနှင့် အားမနာတမ်း မေးမြန်းလိုက်ပါ၏။

"ဟာ... ဆရာတော်ကြီးထံမှာ ငါတရားအားထုတ်တုန်းက မျက်စိတောင်မမှိတ်ရဲဘူးကွဲ့၊ မှိတ်လိုက်တာနဲ့ ငရဲလုပ်သားတွေ ကြွာသံပေးပြီး လှံတွေနဲ့ ငါ့ဆီလာကြတော့တာပဲ၊ ငါ့ကိုထိုးကြတော့ ငါ့ကိုယ်ဟာ ဟိုစောင်းလိုက်... ဒီယိမ်းလိုက်ဖြစ်နေတာကွဲ့ 'အောင်မလေး... အောင်မလေး'လို့လည်း အော်နေရတာကွဲ့...

"ဆရာတော်က ငါ့အနားမှာ စောင့်နေပြီး 'သိန်းလှိုင်... မင်း မကြောက်နဲ့၊ မင်းကို ဘာဘေးအန္တရာယ်မှ မဖြစ်စေရဘူး။ တရားကို သာ မလွတ်အောင်မှတ်၊ မြင်တယ်ဆိုရင် မြင်တယ်လို့မှတ်၊ ကြောက်တယ်ဆိုရင် ကြောက်တယ်လို့မှတ်..."

"ငါလည်း အားခဲပြီးမှတ်တာပဲ၊ ဒါပေမဲ့ ဆက်တိုက် ကြာကြာ မမှတ်ရဲဘူး၊ ငါ့ခြေထောက်ကို ဓားနဲ့လှီးတာလည်း ခံစားရတယ်၊ ငါ့ဗိုက်ကို လှံနဲ့ထိုးတာကိုလည်း ခံရတယ်။ ဒါကြောင့် ရပ်လိုက်၊ အမောဖြေလိုက် အကြောက်ပြေတော့ တစ်ခါ ဆက်မှတ်လိုက်နဲ့ ဆယ်ရက်လောက် မှတ်ယူရတယ်။ အဲဒီတော့မှ ငရဲလုပ်သားတွေ



လှံနဲ့ထိုး၊ ဓားနဲ့လှီးတဲ့ အာရုံတွေကို လွန်မြောက်သွားတယ်...

"ဒါပေမဲ့ မကြာပါဘူး၊ ဝေဒနာတစ်မျိုးဆန်းလာပြန်တယ်။ ဒီတစ်ကြိမ်မှာ ငါ့ဗိုက်ကြီးဟာ တဖြည်းဖြည်းဖောင်းလာတယ်။ ဗိုက်ကြီးဟာ အတင်းပဲ ရုထွက်လာတယ်။ အသက်ရှူရတာလည်း တစ်စ တစ်စနဲ့ ပိုပိုကျပ်လာတယ်။ ပြိတ္တာဘဝကို ခံစားနေရသလိုပါပဲ။ 'အိ... အင့်... အိ... အင့်...'နဲ့ အသံကို အတင်းညှစ်ထုတ်ပြီးတော့ ညည်းညူနေရတယ်...

"ဆရာတော်က ငါ့အင်္ကျီကော်လာကို ဆွဲကိုင်ထားပြီး 'မောင်သိန်းလှိုင်... ဘာဖြစ်နေတာလဲ၊ ဘာဖြစ်ဖြစ်ကွာ၊ မကြောက်နဲ့၊ စိတ်အားမငယ်နဲ့၊ မြင်တာတွေကို မလွတ်တမ်းမှတ်ကွာ' လို့ အားပေးတယ်။

"ငါလည်း ရပ်လို့မရဘူး။ ဆက်မှတ်နေရတယ်။ ဗိုက်ကြီးက အလွန်အမင်း ဖောင်းထွက်လာလို့ ဗိုက်အရေခွံဟာ ပါးပါးကလေးပဲ ကျန်တာကိုငါမြင်နေရတယ်။ 'ဟ...ငါ့ဗိုက်တော့ ကွဲထွက်တော့မှာပဲ၊ သွားပြီ... ဗိုက်ကွဲရင် ငါသေတော့မှာပဲ' လို့ ထိတ်လန့်နေမိတယ်...

"ကွဲချင်လည်းကွဲကွာ၊ ဖြစ်ချင်ရာဖြစ်ပစေတော့လို့ သဘောထားကို ပြင်လိုက်ပြီး ဗိုက်ဖောင်းနေတာကို 'ဖောင်းတယ်၊ ဖောင်းတယ်'လို့ ဆရာတော့်အားကိုးနဲ့ ဆက်မှတ်နေတယ်။

"အမှတ်ကလေးနိုင်လာတဲ့အခါ ဖောင်းနေတဲ့ ဝမ်းဗိုက်ဟာ မသိမသာ နည်းနည်းချင်း ပြန်ပိန်ချပ်လာတယ်၊ ကြာတော့ နဂိုအတိုင်း ပြန်ဖြစ်သွားတယ်...

"ဆရာတော်ရဲ့ ကျေးဇူးကြောင့်ပေါ့ကွာ... ဆရာတော်က အမြဲ အနားမှာနေပြီး အားပေးစောင့်ရှောက်လို့ ငါ သမာဓိတော်တော်ရလာ တယ်။ တစ်ခါတစ်ခါ တရားရှုမှတ်ရင် အချိန်တော်တော်ကြာ ရှုမှတ်နိုင်လာတယ်။ အဲ... တစ်ညနေမှာတော့ မျှော်စင်မှာထိုင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တရားမှတ်နေရင်းနဲ့… ငါ့ဘဝမှာ အထူးခြားဆုံး အတွေ့အကြုံကို ခံစားလိုက်ရတာပဲ”

“ဟာ… ဟုတ်လား၊ ဘယ်လိုခံစားလိုက်ရတာလဲ”

“အဲဒီနေ့က ဓမ္မာရုံမှာ နံနက် ၆–နာရီကတည်းက ငါထိုင်ပြီး တရားအားထုတ်နေတယ်။ ဆရာတော်က သူ့ကျောင်းပေါ်မှာ တရားထိုင်နေတဲ့လူတွေကို နည်းပေးလမ်းပြလုပ်လိုက်၊ ဓမ္မာရုံဘက် ဆင်းလာလိုက်နဲ့ လူးလာတုံ့ခေါက် လျှောက်သွားနေပါတယ်။ ငါတရားမှတ်လို့ စိတ်တော်တော်တည်ငြိမ်လာတဲ့အခါမှာ ဟိုအဝေးကြီးမှာ မီးပွင့်စိမ်းစိမ်း ကလေးတစ်ခုကို လှမ်းမြင်နေရတယ်။ ပိုးစုန်းကြူးလိုလို၊ စီးကရက်မီး လိုလိုပါပဲ။ မီးကို ‘မြင်တယ်– မြင်တယ်’လို့ တစ်အောင့်ကြာလောက် မှတ်နေပြီးတော့ ဘာမှထူးမခြားနားတာနဲ့ မီးစအာရုံကို ငါလျစ်လျူရှု လိုက်တယ်။ ‘ဖောင်းတယ်– ပိန်တယ်’ကိုပဲ ပြန်မှတ်နေလိုက်တာပေါ့။

“အဲဒီမီးစက ပျောက်မသွားဘူးကွဲ့။ တော်တော်လေးကြာတော့ နည်းနည်းနီးလာပြန်တယ်။ နောက်တစ်ခါ တော်တော်လေးကြာတော့ နည်းနည်းနီးလာပြန်တယ်။ ‘အင်း… ဒီမီးစက ငါ့ကို ဒုက္ခပေးမလား မသိဘူး’လို့ ငါနည်းနည်းစိုးရိမ်လာမိတယ်။

“ဟာ… အဝေးကြီးရှိသေးတာပဲလေလို့ ကိုယ့်ကြောက်စိတ်ကို ပြန်ဖြေပြီး ‘ဖောင်းတယ်– ပိန်တယ်’လို့ တစ်ဖန် ရှုမှတ်နေလိုက် ပြန်တယ်။

“ဆယ်နာရီခွဲတော့ ဆွမ်းစားဖို့ အုန်းမောင်းခေါက်သံကို ကြားရ တယ်။ ငါ ထကြည့်တယ်… ထလို့မရဘူး။ လှုပ်ချကြည့်ပြန်တော့လည်း မရဘူး။ တရားက ချုပ်ကိုင်ထားတယ်။ မီးစိမ်းကိုကြည့်လိုက်တော့ တော်တော်နီးနေပြီ။ အရွယ်လည်း တော်တော်ကြီးလာတယ်။ ‘ဟ… ဒီမီးစကို ငါလျစ်လျူရှုလို့မရဘူး၊ ရှုမှတ်ဦးမှပါပဲ’လို့ သဘောရပြီး



မီးစကို ‘မြင်တယ်– မြင်တယ်’ ရှုမှတ်ပါတယ်။ ရှုမှတ်နေရင်းမှာ မီးစဟာ တဖြည်းဖြည်း ပိုနီးလာပြီးတော့ အရွယ်လည်း ပိုကြီးလာတယ်။

“ငါ့ကိုယ်နဲ့ တစ်တောင့်ထွာအကွာလောက် ရောက်လာတဲ့အခါ မီးစကြီးဟာ ဝုန်းခနဲမီးတုတ်ကြီးလို ထတောက်ပြီး ငါ့ရင်ညွန့်ထဲကို တစ်ရှိန်ထိုး တိုးဝင်လာတယ်။ ငါလည်း ‘ဟိုက်’လို့ အသံထွက်အောင် အော်လိုက်ပြီးတော့ ဗိုင်းခနဲ ပက်လက်လန်လဲကျသွားတော့တယ်။ တစ်ခါတည်း သတိလစ်ပြီး မေ့မြောသွားပါရော။ လဲနေပေမယ့် ငါ့ ခြေထောက်နှစ်ဘက်က တင်ပျဉ်ခွေအနေအထားအတိုင်းပဲတဲ့…

“ငါသတိရလာတဲ့အချိန်မှာ လူတွေဝိုင်းအုံပြီး ယပ်ခတ်ပေးနေတာ ကို သတိထားမိတယ်။ နှာနှပ်ပေးတဲ့လူကနှပ်၊ ငိုတဲ့လူကငို၊ အဲဒီ အချိန်ဟာ ညနေ ၃–နာရီလောက်ရှိပြီ။ ပြီးတော့ ဆရာတော်ရဲ့ အသံကိုကြားရတယ်။ ‘ဟေ့… ဖယ်ကြ ဖယ်ကြ၊ ဒါတရားသဘောပဲ၊ ဘာမှ စိုးရိမ်စရာမရှိဘူး။ မောင်သိန်းလှိုင်၊ ဟေ့… မောင်သိန်းလှိုင်၊ ငါခေါ်တာကြားရဲ့လား၊ ကြားရင်ထူးစမ်းကွာ’လို့ ဆရာတော်ရဲ့ ပြောသံကို သဲ့သဲ့ကလေးကြားနေရလို့ ငါလည်း အားယူပြီး ‘ဘုရား’လို့ တိုးတိုးထူးလိုက်တယ်။

“ဟော… မောင်သိန်းလှိုင် သတိရလာပြီ… မောင်သိန်းလှိုင် ခင်းတရားမင်းမှတ်နေ မရပ်လိုက်နဲ့၊ မင်းကို မင်းအိပ်ရာဆီ တို့ ရွှေ့ပြောင်းပေးမယ်”လို့ ဆရာတော်ရဲ့အသံကို ဆက်ကြားရတယ်။ ငါလည်း တရားဆက်မှတ်နေလိုက်တယ်။ ရင်ဘတ်တစ်ခုလုံး ပူလောင် နေတယ်။ ‘ပူတယ်– ပူတယ်’လို့ မှတ်နေရတယ်။

“ငါ့ကို ငါ့အိပ်ရာဆီ သယ်သွားကြပြီးတော့ အသာအယာချ ပေးကြတယ်။ ဆရာတော်က လူတွေကို ဖယ်ခိုင်းလိုက်ပြီး–

“မောင်သိန်းလှိုင် တရားဆက်မှတ်နေနော်၊ မကြောက်နဲ့၊ ငါ

www.burmeseclassic.com

www.burmeseclassic.com



စောင့်နေမယ်"လို့ဆိုတယ်။ ငါလည်း တရားကိုပဲ တွင်တွင်မှတ်နေရင်းနဲ့ အိပ်ပျော်သွားပါတယ်။

"နောက်တစ်နေ့ မိုးလင်းတော့ ငါ့ရင်ဘတ်ကို ကြည့်ကြတယ်။ မီးလောင်ထားတဲ့ဒဏ်ရာက ကြောက်စရာကြီးပဲ၊ တကယ် မီးလောင်ထားတဲ့အတိုင်းဖြစ်နေတယ်။ ဆရာတော်က ဘာဆေးမှ မထည့်ပေးဘူး။ တရားကိုသာဆက်မှတ်ခိုင်းတယ်။ပက်လက်လျောင်းနေရင်းနဲ့ပဲ တရားကိုဆက်မှတ်တာ ခုနစ်ရက်လောက်ကြာတော့ မီးလောင်ဒဏ်ရာဟာ သက်သာလာပြီး ကောင်းသွားတယ်။

"အဲဒီနောက်မှာတော့ ငါတရားကောင်းကောင်းမှတ်လို့ ရသွားပြီ။ ကြောက်စရာ၊ လန့်စရာတွေ ဘာမှမပေါ်တော့ဘူး။'ငရဲကြီးလွတ်အောင် ငရဲကလေးခံစားပြီးပြီ'လို့ ဆရာတော်က အမိန့်ရှိပါတယ်။ တရားရက်ရှည်မှတ်ပြီး ကုသိုလ်ကောင်းမှုတွေကို ဆက်ကာဆက်ကာလုပ်နေရလို့ အခုငါ့သေမှာကို မကြောက်တော့ဘူး။ ငါ့အပေါ်မှာတင်နေတဲ့ ဆရာတော်ရဲ့ကျေးဇူးဟာ အင်မတန်ကို ကြီးမားပါတယ်ကွာ။"

ဆရာတော်၏ ကျေးဇူးကို ပြန်လည်ပေးဆပ်သည့်အနေဖြင့် ဦးသိန်းလှိုင်သည် ဆရာတော်၏ အမြဲတမ်းကပ္ပိယဒကာအဖြစ်ကို ခံယူထားပါ၏။

## ဒါနသီလမျှလောက် အသေမဖြောင့်

"ကဿပမြတ်စွာဘုရားရဲ့ သာသနာတော်မှာ **'ရေကပတ္တမထေရ်'**ဟာ အနှစ်နှစ်သောင်းမျှသီလလုံအောင် ရဟန်းတို့ရဲ့ သိက္ခာပုဒ်များကို စောင့်ထိန်းနေခဲ့တယ်။ တစ်ကြိမ်မှာတော့ မြစ်ကမ်းပါးမှာ ရပ်ထားတဲ့ လှေပေါ်မှာထိုင်နေခိုက် သမန်းမြက်တစ်ပင်ကို ကိုင်ကြည့်



ရင်း လှေက ရုတ်တရက်ထွက်ခွာသွားလို့ အဲဒီမြက်ပင်က ပြတ်သွားပါလေရော။

"ရဟန်းတော်များဟာ မြက်မနုတ်ရဘူးလို့ မြတ်စွာဘုရားသိက္ခာပုဒ်ပညတ်ထားတဲ့အတွက် ရေကပတ္တမထေရ်ဟာ အာပတ်သင့်သွားတယ်။ အဲဒီအာပတ်ဟာ တခြားရဟန်းတစ်ပါးပါးထံမှာ ပန်ကြားပြီး အာပတ်ဖြေလိုက်ရင် ပြေပျောက်သွားနိုင်တယ်။ ဒါပေမဲ့ အဲဒီလိုပန်ကြားဖို့ အနီးအနားမှာ ရဟန်းတစ်ပါးမှ မရှိဘူးတဲ့။

"ရေကပတ္တမထေရ် ပျံလွန်ခါနီးမှာ မိမိရဲ့စင်ကြယ်လှတဲ့ သီလကို ပြန်လည်ဆင်ခြင်ကြည့်တယ်။ အဲဒီအခါမှာ အာပတ်မဖြေခဲ့သေးတဲ့ သမန်းမြက်တစ်ပင် နုတ်မိတဲ့အာပတ်ကို သတိရလာတယ်။ ဖြူစင်လှတဲ့ အဝတ်ဖြူပေါ်မှာ အမည်းစက်တစ်စက်က ထင်းထင်းပေါ်လွင်နေသလို ပေါ်လွင်လာတယ်။ အဲဒီအပြစ်ငယ်ကို စိတ်ထဲစွဲပြီး ပျံလွန်သွားလို့ နိုးပင်ကြားမှာ မြွေနဂါးဖြစ်လိုက်ရတယ်ကွဲ့။

"ဒါကြောင့် သီလလုံလှပြီလို့လည်း သိပ်စိတ်မချရသေးဘူး။ ဒါနနဲ့ သီလတို့က ယုတ်ကြမ်းတဲ့ လောဘ,ဒေါသတို့ကို ချိုးနှိမ်နိုင်ကြပေမယ့် နိုးကြားထကြွနေတဲ့ လောဘ, ဒေါသ ကိလေသာတို့ကို ပယ်သတ်နိုင်ကြဘူး။ ဝိပဿနာတရားကသာ မဂ်ဉာဏ်ကိုဖြစ်ပေါ်စေပြီး မဂ်ဉာဏ်များက ကိလေသာများကို ငြိမ်းသတ်ပေးနိုင်တယ်...

"ဒါကြောင့် အသေတတ်အောင် ဝိပဿနာတရားကို အခွင့်သာခိုက် ရှုမှတ်လိုက်ကြပါ။"

## ဆရာကောင်းမဖြင့် စရိုးမတွင်

"ဘုန်းကြီးတို့ အသက် ၅၅–နှစ်မှ ၇၀–အထိ...၁၅–နှစ်လုံးလုံး

www.burmeseclassic.com

www.burmeseclassic.com



တရားရှာခဲ့တယ်။ သွန်သင်ညွှန်ပြပေးမယ့် ဆရာကောင်းများကို မတွေ့ရလို့ တရားကို မည်မည်ရရမရခဲ့ဘူး။ အဲဒီ ၁၅-နှစ်ကာလမှာ ဘုန်းကြီးသိခဲ့ရတဲ့တရားဟာ အခု ဒီရိပ်သာမှာ တစ်မနက်တရားမှတ်ပြီး သိရတာလောက် မရှိဘူး။

"ဒကာ၊ ဒကာမတို့က အင်မတန် ကုသိုလ်ကောင်းကြလို့ တရားရိပ်သာကို ရောက်လာကြပြီ။ ဒီရိပ်သာကပြန်ရင် ရွှေငွေဥစ္စာတွေ တစ်ပုံတစ်ခေါင်းကြီး သယ်သွားနိုင်ကြလိမ့်မယ်။ ဝိပဿနာ တရား ရှုမှတ်တယ်ဆိုတာ တစ်ခါမှတ်ရင် ရွှေဒင်္ဂါးတစ်ကျပ်ပဲ။ တစ်နေ့မှတ်ရင် ရွှေဒင်္ဂါးတွေ တစ်လှည်းတိုက်လောက် ရတာပေါ့...

"ဝိပဿနာတရားအားထုတ်တယ်ဆိုတဲ့ ဘာဝနာ ပွားများခြင်း ဟာ အကြီးကျယ်ဆုံး ကုသိုလ်အလုပ်ပဲ။ မြတ်စွာဘုရားက ဒီလို ဟောကြားထားတယ်။ တစ်နေ့ကို အသပြာငွေတစ်ထောင်သုံးပြီး ဆေးသက်န်းလှူဒါန်းလို့ရတဲ့ ကုသိုလ်ဟာ နွားနို့တစ်ညှစ်စာလောက် မေတ္တာဘာဝနာပွားများတဲ့ ကုသိုလ်ကိုမမီဘူး။ မေတ္တာဘာဝနာ ကုသိုလ်ထက် ကိလေသာများကို ခြောက်ခန်းစေတဲ့ ဝိပဿနာ ဘာဝနာကုသိုလ်ဟာ ပိုမိုပြီးကြီးကျယ်မြင့်မြတ်တယ်'တဲ့။

"မသာတစ်ခေါက် ကျောင်းဆယ်ခေါက်' ဆိုတဲ့စကားကို ဒကာတို့ ကြားဖူးကြမှာပါ။ ဘုန်းကြီးကျောင်းကို ဆယ်ခေါက်သွားပြီး ဘုန်းကြီး များကို ရှိခိုး၊ ငါးပါးသီလခံယူတာထက် အသုဘ တစ်ခေါက်ပို့တာက ပိုပြီးကုသိုလ်များတယ်လို့ ဆိုလိုပါတယ်။ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ ဒကာကြီးတို့ တွေးမိကြရဲ့လား။ မသာလိုက်ပို့ပြီး 'ငါလည်း တစ်နေ့ ကျရင် ဒီလိုပဲသေရမှာပါလား၊ ဘဝဆိုတာ မမြဲပါလား'လို့ နှလုံးသွင်း တဲ့သူဟာ ဝိပဿနာအသိဉာဏ်လေးရလိုက်တာပဲ။ ဒါကြောင့် ကုသိုလ် အကျိုး အလွန်ကြီးမားတာပေါ့...



"ဆရာမပြေရင် ငါးပိဖုတ်တာတောင် ဟန်မကျဘူးနော်... ငါး ပိဖုတ်မတတ်တော့ ယောက်မပြားပေါ်က ငါးပိကွာကျပြီး မီးဖိုထဲ ရောက်သွားလို့ ညှော်နံ့တထောင်းထောင်းထွက်လာတယ် မဟုတ်လား။ ဝိပဿနာတရားလည်း မရှုမှတ်တတ်ရင် ညှော်နံ့သင်းသလိုပဲ အကျိုး မရှိဘူး...

"အခုအခါမှာ ဝိပဿနာတရား ရှုမှတ်နည်းကို ကောင်းကောင်း နည်းညွှန်ပြနိုင်တဲ့လူဟာ ကလျာဏမိတ်ဆွေကောင်းပဲ။ အဲဒီ မိတ်ဆွေကောင်းနဲ့ပေါင်းဖက်ရရင် ဒီဘဝမှာ ကြီးပွားတိုးတက်တော့ မှာလို့ မှတ်ပေတော့။"

## အာနာပါန ဣရိယာပထနှင့် သမ္ပဇည

တော်ကူးဆရာတော်သည် ဝိပဿနာရှုမှတ်ပုံကို သွန်သင်ပြသ သည့်အခါ မဟာစည်ဆရာတော်၏ နည်းနိဿယအတိုင်း သတိ ပဋ္ဌာန်လေးပါးကို ညွှန်ကြားပြသတော်မူ၏။

ထိုသတိပဋ္ဌာန် လေးပါးအနက် ကာယာနုပဿနာတွင် အကျုံးဝင် သော အာနာပါန, ဣရိယာပထနှင့် သမ္ပဇညတရားတို့ကို အထူး အလေးထား၍ ညွှန်ကြားတော်မူ၏။

အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းရာတွင် အသက်ရှူသွင်းသော အခါ ဝမ်းဗိုက်ဖောင်းလာသည်ကို 'ဖောင်းတယ်'ဟု ရှုမှတ်စေပြီး အသက်ရှူထုတ်သည့်အခါ ဝမ်းဗိုက် ပိန်ကျုံ့သွားခြင်းကို 'ပိန်တယ်'ဟု ရှုမှတ်စေ၏။ 'ဖောင်းတယ် ပိန်တယ်'ကို ဝိပဿနာချည်တိုင်အဖြစ် အသုံးပြုတော်မူ၏။

ဣရိယာပထပိုင်း၌ သွား- ရပ်-ထိုင်- လျောင်းသည့် ဣရိယာပုထ်

www.burmeseclassic.com

www.burmeseclassic.com



လေးပါးကို ဆရာတော် အညီအမျှအလေးထား၍ သင့်လျော်သလို အသုံးချတော်မူ၏။ ယောဂီတစ်ဦးသည် ထိုင်သောဣရိယာပုထ်ဖြင့် ဝိပဿနာရှုမှတ်ရန် ပို၍အားသန်လျှင် ထိုင်သောဣရိယာပုထ်ကို အခြားဣရိယာပုထ်ထက် ပို၍အားပြုစေ၏။ ထို့အတူ ရပ်သော ဣရိယာပုတ်ကို ပို၍အားသန်လျှင် ရပ်သောဣရိယာပုထ်ကို ပို အသုံးပြုစေ၏။

သို့အတွက် ဆရာတော်၏ သတိပဋ္ဌာန် ရိပ်သာကျောင်းအတွင် ဝယ် နေရာအမျိုးမျိုး၌ ဣရိယာပုထ်အမျိုးမျိုးဖြင့် ဝိပဿနာရှုမှတ် နေကြသော ယောဂီများကို မြင်တွေ့နိုင်၏။

ဆရာတော်သည် မူးဝေတတ်သည့် ရောဂါရှိကြသော ယောဂီမျာ ကိုလည်းကောင်း၊ ခါးနာ, ခါးကုန်း, ဇက်ကြောတက်ခြင်း, ဒူးကိုက်ခြင် စသည့်ရောဂါ စွဲကပ်နေကြသော ယောဂီများကိုလည်းကောင်း မတ် တတ်ရပ်သော ဣရိယာပုထ်ဖြင့် တရားရှုမှတ်စေ၏။ ကောင်းစွာ မရပ်နိုင်လျှင် တိုင်ကိုမှီ၍ရပ်စေ၏။ သို့မဟုတ် ကြိုးတန်းဝါးတန်း စသည်တို့ကိုကိုင်လျက် မတ်တတ်ရပ်စေ၏။

သာမန် ယောဂီများအတွက်လည်း ရပ်သော ဣရိယာပုထ်သည် အကျိုးထူး၏။ ထိုင်သော ဣရိယာပုထ်ဖြင့် တရားမှတ်ချိန်များလာ သောခါ တင်ပါးနှစ်ဘက်သည် မခံရပ်နိုင်အောင် နာကျင်ကိုက်ခဲလာ တတ်၏။ သို့မဟုတ် ပူလောင်ကျိန်းစပ်လာတတ်၏။ ဤသို့သောအခါ များ၌ မတ်တတ်ရပ်၍ တစ်လှည့်ရှုမှတ်လိုက်ခြင်းသည် ထိုကိုက် ကျိန်းစပ်သော ဝေဒနာကို သက်သာစေ၏။

မည်သည့်ဣရိယာပုထ်ဖြင့် တရားရှုမှတ်သည်ဖြစ်စေ၊ သ သမ္ပဇဉ်နှင့်အမြဲယှဉ်စပ်နေရန် အရေးကြီး၏။ **သမ္ပဇဉ်တရား ၄–ပါး** ရှိရာ…



(၁) 'သတ္ထကသမ္ပဇဉ်'သည် အမှုတစ်ခုကိုမပြုမီ အကျိုးရှိသည် မရှိသည်ကို ကြိုတင်၍ ဆင်ခြင်ရသော အသိတရားဖြစ်၏။ အကျိုးရှိ သည့်အမှုကိုသာ ပြုသင့်၏။ အကျိုးမရှိသောအမှုကို မပြုသင့်ပေ။

(၂) 'သပ္ပာယသမ္ပဇဉ်'သည် အကျိုးရှိသောအမှုကိုပြုရန်ကိုပင် ကာလ, ဒေသ, ရာသီအားဖြင့် သင့်လျော်လျောက်ပတ်မှု ရှိသည် မရှိသည်ကို ထပ်မံ၍ဆင်ခြင်သော အသိတရားဖြစ်၏။ ပြုရန်အခါ မသင့်သေးလျှင် စောင့်ဆိုင်းသင့်၏။ အချိန်အခါရာသီ သင့်လျော် မှ ပြုလုပ်သင့်၏။

(၃) 'ဂေါစရသမ္ပဇဉ်'သည် သတိပဋ္ဌာန်လေးပါးတို့၏ အာရုံ အသီးသီး၌ အမှတ်သတိကို မပြတ်မလပ်စေဘဲ အမြဲ သတိယှဉ်စပ်နေ သော အသိဉာဏ်ဖြစ်၏။ ရူပါရုံတစ်ခုကို မြင်လျှင်မြင်တယ်၊ အသံ တစ်ခုကို ကြားလျှင် ကြားတယ်၊ အနံ့တစ်ခုကို နံလျှင် နံတယ်၊ အရသာတစ်ခုကိုသိလျှင် သိတယ်၊ လက်ကိုကွေးလျှင် ကွေးတယ်၊ ဆန့်လျှင် ဆန့်တယ်၊ ရွေ့လျှင် ရွေ့တယ်-စသည်ဖြင့် ပေါ်လာသမျှ သောအာရုံကို မလွတ်အောင် ရှုမှတ်ရ၏။ ခြေ, လက်, ကိုယ်, ဦးခေါင်း, မျက်စိစသည်တို့ကို လှုပ်ရှားသောအမှုတိုင်း၌ သတိကိုကပ်၍ ရှုမှတ်ရ ၏။

ဤဂေါစရသမ္ပဇဉ်သည် သမာဓိကိုထူထောင်ရာ၌ အလွန်အရေး ပါ၏။ တရားထိုင်နေသည့် အချိန်အတွင်း၌သာ ဝိပဿနာအာရုံများကို ရှုမှတ်ရသည် မဟုတ်။ ထမင်းစားသောအခါ၊ ရေချိုးသောအခါ၊ အဝတ်အစားလဲလှယ်သောအခါ၊ အိမ်သာတက်သည့်အခါ၊ စကား ပြောဆိုသည့်အခါ စသောအခါများစွာတို့၌လည်း ကိုယ်အမူအရာ၊ နှုတ်အမူအရာ စသည်တို့ကို သတိမကင်းလွတ်အောင် ရှုမှတ်နေရန်လို ၏။ မရှုမှတ်နိုင်လျှင် ထူထောင်ထားပြီးသော သမာဓိသည် လျော့ကျ

www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်၏။ မီးပွတ်ယောက်ျားက ထင်းပိုင်းနှစ်ခုကို မပွတ်တိုက်တော့ဘဲ ရပ်နားလိုက်သည့်အခါ အပူချိန်ယုတ်လျော့ပြီး အေးစက်သွားသကဲ့သို့တည်း။

(၄)'အသမ္မောဟသမ္ပဇဉ်'သည် တွေဝေမှုကင်းသော အသိဉာဏ်ဖြစ်၏။ ဂေါစရသမ္ပဇဉ် ပြည့်စုံလာသောအခါ အသမ္မောဟသမ္ပဇဉ်သည်လည်း ပြည့်စုံလာပေတော့၏။

## မိဘမမှာ စောင့်ရှောက်ကာ

ဝိပဿနာရိပ်သာများသို့ တရားအားထုတ်ရန် လာရောက်ကြသောသူများသည် အကြောင်းအမျိုးမျိုးဖြင့် ရိပ်သာသို့ ရောက်လာကြခြင်း ဖြစ်၏။ ဗုဒ္ဓတရားတော်၏ အနှစ်သာရကို တကယ် သိနားလည်၍ ဝိပဿနာအားထုတ်သူများမှာ အလွန်နည်း၏။အချို့မှာ စူးစမ်းလို၍ စမ်းကြည့်လို၍ ရိပ်သာသို့ ရောက်လာကြ၏။ အချို့မှာ မိဘသားချင်းများသေဆုံးခြင်း၊ စီးပွားဥစ္စာပျက်ခြင်း စသည့် ဗျသနတရားတစ်ပါးပါးနှင့်ကြုံတွေ့၍ ပူဆွေးသောကဖြစ်ကာ ရိပ်သာသို့ ရောက်လာကြ၏။

အချို့မှာ ရတနာသုံးပါးကို ကြည်ညိုသော သဒ္ဓါတရား သက်သက်ဖြင့် တရားအားထုတ်ရန် လာရောက်ကြ၏။ အချို့မှာ တရားအားထုတ်ပြီးသူများက အလွန်ကောင်းပါသည်ဟု ပြောဆိုတိုက်တွန်းမှုဖြင့် ရိပ်သာသို့ လာရောက်ကြ၏။

တော်ကူးဆရာတော်၏ သတိပဋ္ဌာန်ကျောင်းသို့ လာရောက်ကြသော ရဟန်းရှင်လူ ယောဂီအပေါင်းတို့တွင် အထက်ပါယောဂီအမျိုးအစားများ ပါဝင်ကြသည့်အပြင် အခြား ထူးခြားသောယောဂီအမျိုးအစားနှစ်မျိုးလည်း ပါဝင်ကြ၏။

ထိုယောဂီနှစ်မျိုးတို့ကား ဣရိယာပုထ်ရှည်ရှည်ဖြင့် ရှုမှတ်နိုင်သောနည်းကို ဆည်းပူးလိုသော ယောဂီနှင့် ရောဂါဝေဒနာပျောက်ကင်းလိုသော ယောဂီတို့ ဖြစ်ကြ၏။

မည်သည့်ရည်ရွယ်ချက်ဖြင့် ရိပ်သာသို့ ရောက်လာသည်ဖြစ်ပေစေ၊ ရောက်လာသမျှသော ယောဂီအပေါင်းတို့အား ဆရာတော်သည် သားသမီးအရင်းသဖွယ် အကျိုးထူးများ ခံစားကြရအောင် စောင့်ရှောက်ပေး၏။

ရိပ်သာအများစုတို့သည် ကျန်းမာသန်စွမ်းသော သူများကိုသာ တရားအားထုတ်ခွင့် ပြုကြ၏။ မကျန်းမာသောသူများသည် အခြားယောဂီများ၏ တရားရှုမှတ်ခြင်းကို အနှောင့်အယှက်ဖြစ်စေနိုင်၏။ ထို့အတွက် မကျန်းမာသောသူများကို ရိပ်သာများစွာတို့က လက်မခံကြပါ။

တော်ကူးဆရာတော်ကား ရောဂါကြီးသူများကိုလည်း လက်ခံ၏၊ စိတ်မနှံ့သော၊ ရူးသွပ်သောသူများကိုလည်း လက်ခံ၏၊ အသက်ကြီးရင့်၍ အိုမင်းမစွမ်း ဖြစ်နေသူများကိုလည်း လက်ခံ၏။ ဝေဒနာရှင်အပေါင်းတို့အား ဗုဒ္ဓ၏တရားအမြိုက်ဆေးကို တိုက်ကျွေး၍ ချမ်းသာသုခကို ရရှိခံစားစေလို၏။

ဆရာတော်၏ ဖြူစင်သောမေတ္တာနှင့် မွန်မြတ်သောစေတနာတို့ကို ခံယူချိုးသုံး၍ မြတ်ဗုဒ္ဓ၏ ဝိပဿနာအမြိုက်ဆေးကြီးကို သောက်သုံးကြရသော ရောဂါဝေဒနာရှင်အပေါင်းတို့သည် အံ့သြစဖွယ် ထူးခြားစွာ ချမ်းသာသွားကြသည်သာ ဖြစ်၏။

ဆရာတော်နှင့် တွေ့ဆုံသူတိုင်းသည် ဆရာတော်၏ ကြီးမြတ်သော မေတ္တာကို တစ်သက်မမေ့နိုင်တော့ပါ။ ဆရာတော်၏ ရိုးစင်းမွန်မြတ်သော စေတနာ၏ အကျိုးကျေးဇူးကိုလည်း တစ်သက်တာခံစား၍

www.burmeseclassic.com

www.burmeseclassic.com



မကုန်တော့ပါ။ ဝိပဿနာတရားတော်၏ ကြီးကျယ်မြင့်မြတ်သော အကျိုးတရားများကိုလည်း တစ်သံသရာလုံး သုံးဆောင်ခံစား၍ကုန်နိုင်တော့မည် မဟုတ်ပါ။

## ဣရိယာပုထ်ရှည်ရှည် မှတ်နိုင်ကြသည်

တော်ကူး ဆရာတော်ဘုရားထံ နည်းနာခံယူကြသော ယောဂီများသည် ဣရိယာပုထ်တစ်မျိုးစီဖြင့် ထူးခြားရှည်လျားစွာ တရားရှုမှတ်လာနိုင်ကြတော့၏။

မည်သို့သော အစွမ်းထက်သည့်နည်းများဖြင့် ဆရာတော် ညွှန်ကြားလိုက်လေသနည်း။

ခေတ်သစ် ပညာရေးပါရဂူတို့၏အမြင်တွင် တပည့်တို့၏ ပါဝင်လှုပ်ရှားမှုကို အများဆုံးရရှိပြီး သင်ကြားပို့ချနေခြင်းကို သင်ကြားပို့ချနေမှန်းမသိဘဲ သင်ကြားမှု ပြီးမြောက်သွားသော သင်ကြားစနစ်သည် အကောင်းဆုံး သင်ပြနည်းဖြစ်သည်ဟု သတ်မှတ်ကြ၏။

ဆရာတော်၏ နည်းပြသင်ကြားသော စနစ်သည် ဤခေတ်သစ်အမြင် ပညာရေးစနစ်နှင့် ကိုက်ညီလှပေတော့၏။

ယောဂီတစ်ဦးအား ဣရိယာပုထ်လေးမျိုးဖြင့် တရားရှုမှတ်နည်းကို ပြောကြားပြီးသည့်နောက် ထိုယောဂီကြိုက်နှစ်သက်ရာ ဣရိယာပုထ်ဖြင့် တရားရှုမှတ်စေ၏။ ဆရာတော်က ထိုယောဂီ၏အနီးသို့ မကြာမကြာ ချဉ်းကပ်လာပြီး မလျှော့သောဇွဲလုံ့လဖြင့် တရားရှုမှတ်ရန် အားပေး၏။ နာကျင်ကိုက်ခဲသောဝေဒနာနှင့် ဆုံတွေ့ရလျှင် စိတ်အားမညှိုးငယ်ဘဲ ဝမ်းမြောက်ရွှင်လန်းစွာဖြင့် သည်းခံ၍ ဆက်လက်ရှုမှတ်ရန်တိုက်တွန်း၏။ ဣရိယာပုထ်ကို ပြောင်းလိုသောအခါ



ချက်ချင်းမပြောင်းစေဘဲ ပြောင်းလိုသောဆန္ဒကို ရှုမှတ်စေ၍ ငါးမိနစ်ခန့် ဆက်နေနိုင်အောင် တိုက်တွန်း၏။ ငါးမိနစ်နေပြီးလျှင် နောက်ထပ် ငါးမိနစ်နေနိုင်အောင် ဆက်လက်မှတ်စေ၏။ ဤသို့ ငါးမိနစ်စီ နှစ်ပြန်သုံးပြန် ရှုမှတ်မိလျှင် ပြောင်းလိုသောဆန္ဒသည် ပပျောက်သွားတတ်သဖြင့် ဣရိယာပုထ်ကို မပြောင်းရဘဲ ဆက်လက်ရှုမှတ်နိုင်၏။

"သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ၊ အကျဉ်းချုပ်အားဖြင့် စွဲလမ်းရာဖြစ်သော ခန္ဓာငါးပါးတို့သည် ဆင်းရဲကြောင်းတို့ပေတည်းလို့ ဘုရားဟောထားတယ် မဟုတ်လား။ ခန္ဓာကိုယ်မှာ ဒုက္ခဝေဒနာပေါ်နေတာဟာ တရားကဒုက္ခသဘောကိုဖော်ပြနေတာပဲ။ ဒီလိုဖော်ပြနေတာကို ငါသည် တရားကိုတွေ့နေရတယ်၊ ဒုက္ခသစ္စာကို မြင်တွေ့နေရတယ်လို့ နှလုံးသွင်းပြီး ဝမ်းမြောက်ဝမ်းသာနဲ့ ရှုမှတ်ပါ" ဆရာတော်သည် ဤသို့အားပေးစကားပြောကြားကာ ဝေဒနာကို သည်းခံရန် တိုက်တွန်း၏။

"တို့ကျောင်းကို မနေ့ကရောက်လာတဲ့ ကိုရင်လေးနှစ်ပါးကို မြင်မိကြရဲ့လား၊ ဟ...ဒီကိုရင်တွေက အင်မတန်ဇွဲကောင်းတယ်။ အခုမတ်တတ်ရပ်ပြီး တရားမှတ်နေတာ နှစ်နာရီပေါက်သွားပြီ..." ဤသို့ အားကျဖွယ်စကားကို လည်းကောင်း...

"မနှစ်က ဒီလိုအချိန်ပေါ့၊ မင်းတို့ရွာကလယ်သမားကြီး ဦးရှိန်ဆိုတာလေ၊ ဒီရိပ်သာမှာ တရားလာမှတ်တယ်။ မှတ်ခါစ တစ်ရက်နှစ်ရက်မှာ ကိုက်တယ်၊ နာတယ်လို့ ညည်းနေတာပေါ့၊ ဟော့-ဒကာရှိန်၊ တို့တစ်တွေ လယ်လုပ်တာ ဒီတရားမှတ်တာထက် အဆပေါင်းများစွာ ပိုပင်ပန်းပါတယ်ကွာ၊ နေပူထဲမှာလည်း လုပ်ရတယ်၊ မိုးရေထဲမှာလည်း နေရတယ်။ မှက်တွေ၊ မျှော့တွေရဲ့ အကိုက်အတွယ်ကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ခံရသေးတယ်။ အခု တရားမှတ်တာက ဘာသောအန္တရာယ်မှ မရှိဘူး။ ပြီးတော့ အရိပ်မှာတရားမှတ်နေရတာ။ ပေါ်နေတဲ့ ဝေဒနာကလေးလောက်ကို မဖြုံစမ်းပါနဲ့ကွာ၊ မှတ်သာမှတ်" ဤသို့ အားတက်ဖွယ်စကားကိုလည်းကောင်း…

"မနှစ်က သိမ်ကျောင်းကျွတ်မှာ ကလော့သော့ရွာ၊ တောင်ပေါက်ရွာစတဲ့ ခုနစ်ရွာက ဘုန်းကြီးတွေစုပြီး ဒီမှာ တရားလာမှတ်ကြတယ်ကွဲ။ သူတို့ရဲ့ ဒကာတွေက ဒီမှာ အလျင်တရားလာမှတ်သွားကြတာ။ ဒကာတွေက ၆-နာရီပေါက်အောင် တရားမှတ်နိုင်ကြတော့ သူတို့ကိုးကွယ်တဲ့ဘုန်းကြီးတွေကို သွားလျှောက်ကြတယ်။ 'အရှင် ဘုရားတို့၊ အရှင်ဘုရားတို့က ဝိပဿနာတရားကို ကိုယ်တွေ့သိမြင်အောင် အားမထုတ်ကြဘူး၊ ဝိပဿနာကိုလည်း မဟောကြား မသင်ပြပေးနိုင်ဘူးဆိုရင် တပည့်တော်တို့ ကျောင်းခွဲရလိမ့်မယ်'တဲ့။

"အဲသည်တော့ အဲဒီဘုန်းကြီးတွေ မနေနိုင်ကြတော့ဘဲ ဒီမှာလာအားထုတ်လိုက်ကြတာ၊ သူတို့ဒကာတွေ ၆-နာရီပေါက်ရင် သူတို့က ၁၂-နာရီပေါက်အောင် အားထုတ်မှဆိုပြီး ဖွဲကြီးကြီးနဲ့ တရားအားထုတ်လိုက်ကြတာ ဆယ်ရက်ကျော်ကျော်လောက် အားထုတ်ပြီးတာနဲ့ ၁၂-နာရီ ပေါက်ကုန်ကြတော့တာပဲ" ဤသို့ နှစ်သက်အားကျဖွယ်သော သာဓကများကိုလည်းကောင်း…

"ဒီကျောင်းမှာ အခုလောလောဆယ် ညနေစောင်းကနေ နောက်နေ့မနက် အရုဏ်တက်တဲ့အထိ မတ်တတ်ရပ်ပြီး တရားမှတ်နေနိုင်တဲ့ ကိုရင်တွေရှိတယ်။ ဟိုဦးပဥ္စင်းကေသရဆိုရင် ၂၄-နာရီပေါက်အောင် မတ်တတ်ရပ်နိုင်တယ်။ ထိုင်မှတ်တာလည်း ၂၄-နာရီနေနိုင်တယ်" ဤသို့ ကြည်ညိုသဒ္ဓါထက်သန်လာစေသော သာဓကများကိုလည်းကောင်း ဆရာတော်သည် အလျဉ်းသင့်သလို ပြော်ဆိုအားပေးတတ်၏။

ဤသို့အားပေးစကားပြောကြားရာ၌ 'အတုမြင် အတတ်သင်ကာ' မလျှော့သောခွဲဖြင့် တရားအားထုတ်စေလိုသော စေတနာသန့်သန့်ဖြင့် ဆရာတော် တိုက်တွန်းပြောကြားခြင်းဖြစ်၏။ မခံချင်စိတ် ဖြစ်ပေါ်လာစေလိုသော ဆန္ဒမျိုးကား ဆရာတော်၏သန္တာန်၌ မဖြစ်ပါ။

"တရားဆိုတာက သူခေါ်မှ လိုက်သွားလို့ရတာ၊ သူမခေါ်ဘဲနဲ့ လိုက်သွားလို့မရဘူး။ မနေ့က သုံးနာရီပေါက်အောင် မှတ်နိုင်ခဲ့ပေမယ့် ကနေ့ ၃-နာရီပေါက်အောင် မှတ်နိုင်ချင်မှ မှတ်နိုင်တယ်။ အေး… တရားကခေါ်ရင်တော့ တွန့်ဆုတ်တွန့်ဆုတ် လုပ်မနေနဲ့၊ ဆုံးတဲ့အထိ လိုက်သွား။ ၆- နာရီပေါက်အောင် တစ်ခါမှတ်နိုင်ရင် မှတ်တဲ့နည်း သိသွားပြီ၊ နောက်မှတ်ချင်ရင် ထပ်မှတ်နိုင်တာပေါ့။ ဥပမာ- ဆိုးဒယားကို တစ်ခေါက်သွားဖူးတဲ့လူဟာ နောက်တစ်ခေါက်ထပ်သွားဖို့ ဝန်လေးဦးမလား၊ ဘိလပ်ကိုသွားဖူးရင်လည်း နောက်တစ်ခေါက်သွားတတ်မယ်မဟုတ်လား၊ တရားသဘောလည်း ဒီအတိုင်းပါပဲ"

ဤသို့လမ်းညွှန်တတ်သော ဆရာတော်၏ စကားကို သုံးသပ်ကြည့်လျှင် ရှုမှတ်လိုသည့်စိတ်ဆန္ဒမရှိဘဲ အတင်းဖွတ်မိုတ်ပြီး တရားရှုမှတ်ခြင်းမျိုးကို ဆရာတော် မလိုလားပါ။ ယခု ရှုဆဲအကြိမ်၌ ဣရိယာပုထ်ရှည်ရှည် မမှတ်နိုင်သေးလျှင် မမှတ်နှင့်ဦး။ နောက်တစ်ကြိမ် မှတ်ချင်စိတ်ထက်သန်လာသည့်အခါမှ ရှုမှတ်ခြင်းမျိုးကိုသာ ဆရာတော် လိုလား၏။

"ဣရိယာပုထ် လေးပါးရှိတဲ့အနက် ကြိုက်တဲ့ ဣရိယာပုထ်တစ်မျိုးနဲ့ ကြာကြာရှုမှတ်နိုင်အောင် ကြိုးစားပါ။ စစ်တိုက်တာမျိုးပေါ့။ စစ်ကြောင်းတစ်ကြောင်းက ရန်သူခံတပ်ကို ထိုးဖောက်နိုင်ရင် ရန်သူ

www.burmeseclassic.com

www.burmeseclassic.com



ကစဉ့်ကလျားပြေးပြီ မဟုတ်လား။ အဲဒီအခါမှာ အခြား စစ်ကြောင်းတွေက အလွယ်တကူ ချီတက်လာနိုင်ကြမယ်မဟုတ်လား။ တရားအားထုတ်တဲ့အခါမှာလည်း ဣရိယာပုထ်တစ်ဘက်နဲ့ အနိုင်ရပြီးလျှင် ကျန်သုံးဘက်နဲ့ နည်းနည်းလေ့ကျင့်လိုက်တာနဲ့ ရှုမှတ်လာနိုင်တော့တာပဲ”

ဆရာတော်သည် ရိုးရှင်းသော ဥပမာများဖြင့် ရိုးသားပွင့်လင်းစွာ ပြောဆိုတတ်၏။ ဆရာတော်၏ သဘောထားမှာလည်း အလွန်ရိုးစင်း ဖြောင့်မတ်သည့်အတွက် ဆရာတော်အား ဖူးမြင်ခွင့် ရသူတိုင်းက ဆရာတော်အား ချစ်ခင်လေးစားသွားသည်သာ ဖြစ်၏။ ဆရာတော်နှင့် ဆက်ဆံရသည်မှာလည်း ကြောက်ရွံ့ရိုသေနေရသော ဆရာတော်တစ်ပါးကဲ့သို့ မဟုတ်ဘဲ ဖခင်အရင်းနှင့် ဆုံစည်းနေသလို ခံစားကြရသဖြင့် ယောဂီတိုင်းကပင် ဆရာတော်နှင့် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆက်ဆံနိုင်ကြ၏။

ဤသို့ ထူးကဲမြင့်မြတ်သော မေတ္တာစေတနာတို့ကြောင့် ညှို့ဓာတ်သံလိုက်ဓာတ်ပါဝင်လာသော ဆရာတော်၏ သွန်သင်ပြသမှုသည် ယောဂီအပေါင်းတို့အား ဣရိယာပုထ်ရှည်လျားစွာဖြင့် တရားရှုမှတ်နိုင်ခြင်းဟူသော အောင်မြင်မှုများကို ပေးဆောင်နိုင်ပါတော့သည်။

## ဝေဒနာဆိုးကို ဘယ်လိုချိုးနှိမ်မလဲ

ဣရိယာပုထ်ရှည်ရှည်ဖြင့် တရားရှုမှတ်ခြင်းကို အနှောင့်အယှက်ဖြစ်စေသောအဓိက အကြောင်းရင်းမှာ နာကျင်ကိုက်ခဲသော ဝေဒနာပင်ဖြစ်၏။

နာကျင်ကိုက်ခဲလာလျှင် လူတိုင်းပင် ဆက်မမှတ်ချင်တော့။ ဣရိယာပုထ်ကို ပြောင်းချင်လာတော့၏။



ဣရိယာပုထ်ကို ပြောင်းလဲလိုက်တိုင်း ရှုမှတ်ခြင်းသည် အသစ်အသစ် ဖြစ်လာသည့်အတွက် ဣရိယာပုထ်ရှည်ရှည်ဖြင့် ရှုမှတ်သည့် အကျိုးအာနိသင်ကို မရရှိနိုင်တော့ပါ။

နာကျင်ကိုက်ခဲသည့် ဝေဒနာဆိုးများကို မည်ကဲ့သို့ ချိုးနှိမ်ပယ်သတ်ရမည်နည်း။

မှန်ကန်စွာ နှလုံးသွင်းမှုသည် ဝေဒနာဆိုးကို ချိုးနှိမ်နိုင်သော နည်းကောင်းတစ်လက်ပင် ဖြစ်၏။

ဝေဒနာကို ငါနှင့်ထပ်တူပြု၍ “ငါနာသည်၊ ငါခံစားနေရသည်၊ ငါ၏ဝေဒနာသည် ဆိုးရွားလာချေ၏”ဟု နှလုံးသွင်းနေလျှင် ဝေဒနာသည် ပို၍သာ ဆိုးရွားလာလိမ့်မည်။

ဝေဒနာသည် မည်သည့်နေရာ၌ ပေါ်ပေါက်နေသနည်း။ မည်သူက ခံစားရသနည်း။ ဝိပဿနာ ရှုမှတ်နေသည့်အခါ၌ ပရမတ္ထသဘောဖြင့် ဆင်ခြင်စောကြောတတ်ရန်လို၏။

တစ်လံမျှလောက်သော ယောဂီ၏ခန္ဓာကိုယ်တွင် ‘ငါ’မရှိပါ။ ‘လူသတ္တဝါ’ဟူ၍လည်း မရှိပါ။ အမှန်ရှိသော အရာများကား စိတ်, စေတသိက်နှင့် ရုပ်တရားတို့သာတည်း။

စိတ်နှင့် စေတသိက်တို့သည် ဖြစ်အတူ, ချုပ်အတူ, အာရုံအတူ, မှီရာဝတ္ထု တူညီကြသဖြင့် ၎င်းတို့ကို စုပေါင်း၍ နာမ်တရားဟု ခေါ်ဆိုကြ၏။ နာမ်တရားသည် အာရုံကိုသိတတ်၏။ ရုပ်တရားကား အာရုံကို မသိတတ်ချေ။

“ဤကိုယ်ကာယ၊ တစ်လံမျှ၌၊ နှစ်ဝနာမ်ရုပ်၊ ဖြစ်၍ချုပ်၏။ နာမ်ရုပ်နှစ်ပါး၊ အလွတ်ထား၍၊ ဤကားလိပ်ပြာ၊ ဤကားငါနှင့်၊ ဤမှာဇီဝ၊ ဤအတ္တဟု၊ ညွှန်ပြဖွယ်ရာ၊ မရှိပါသည်၊ ခန္ဓာနာမ်ရုပ်သျှပါတကား။”

www.burmeseclassic.com

www.burmeseclassic.com



ဒူးခေါင်း၌ နာကျင်ကိုက်ခဲသော ဝေဒနာ ပေါ်နေသည် ဆိုပါစို့။ ထိုဝေဒနာသည် ဒူးခေါင်း၌ရှိသော အာရုံကြောများ ဖိညှပ်နေခြင်းကြောင့်လည်း ဖြစ်ပေါ်လာနိုင်၏။ ဒူးခေါင်းကို ကွေးညွှတ်ထားရသည့်အတွက် သွေးလည်ပတ်မှုဖြည်းနှေးကာ အောက်ဆီဂျင်ဓာတ် အရနည်း၍ ဝေဒနာပေါ်လာသည်လည်း ဖြစ်နိုင်၏။

မည်သည့်အကြောင်းကြောင့် ဝေဒနာပေါ်လာသည်ဖြစ်စေ၊ ရုပ်ဖောက်ပြန်မှုကြောင့် ဝေဒနာပေါ်လာခြင်း ဖြစ်၏။ ထိုဝေဒနာသည် ရုပ်ဖောက်ပြန်သောနေရာ၌ ပေါ်လာသော်လည်း ထိုရုပ်က ထိုဝေဒနာကို မခံစားတတ်ပါ။ နာကျင်ကိုက်ခဲနေသည်ကို မသိပါ။

သိနေသည်က နာမ်တရားပင်ဖြစ်၏။ နာမ်က ဝေဒနာကိုသိ၍ ဝေဒနာစေတသိက်က ဝေဒနာ၏အရသာကို ခံစား၏။ ငါသိ၍ ငါ ခံစားနေရသည် မဟုတ်ပါ။ ထို့ကြောင့် ငါနာစရာအကြောင်းမရှိပါ။

ခန္ဓာကိုယ်တစ်နေရာ၌ ရုပ်ဖောက်ပြန်ခြင်းကို အကြောင်းပြု၍ အာရုံကြောများက သတင်းပို့နေသော ဝေဒနာအာရုံကို စိတ်က မှတ်သိရမည့်တာဝန်အရ မှတ်သိရုံမှတ်သိနေလျှင် 'ငါ'ဟူသည့် တကယ်မရှိသောတရားက ကြားဝင်၍ နာကျင်ခံခက်နေခြင်းသဘောသည် မဖြစ်ပေါ်လာနိုင်တော့ပါ။

နာမ်တရားသည် ရုပ်ဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသော ဝေဒနာကို သိမှတ်ရုံသာ တာဝန်ရှိသည့်အတွက် နာမ်တရား၌ နာကျင်ခံခက်သော အဖြစ်မျိုးလည်း ဖြစ်ပေါ်စရာမရှိပါ။ နှလုံးသွင်းမှား၍ 'ငါ'ကနာကျင်ကိုက်ခဲနေသည်ဟု သဘောပိုက်မိမှသာလျှင် ဒေါမနဿ ဝေဒနာ ဖြစ်ပေါ်လာပြီး နာကျင်ခံခက်လာပါသည်။

နာမ်တရားက မှတ်သိသော တာဝန်မျှကိုသာ ဆောင်ရွက်နေပါလျှင် အာရုံကြောများ၏ သတင်းပို့မှုသည် တစ်စတစ်စအားလျော့လာ



ပြီး မကြာမီ ရုပ်တန့်သွားမည်ဖြစ်၍ ဝေဒနာဆိုးသည်လည်း ပျောက်ကွယ်သွားမည် ဖြစ်၏။

ထို့ကြောင့် တော်ကူးဆရာတော်သည် ဝေဒနာဆိုးများပေါ်လာလျှင် တရားသဘောအရ ဒုက္ခသစ္စာ ပေါ်လာခြင်းဖြစ်၍ ထိုဒုက္ခသစ္စာကို ပိုင်းခြား၍ သိခွင့်ရရန် ပြင်ပပုဂ္ဂိုလ်တစ်ဦးက ဝေဒနာကို မှတ်သား၍ နေသလို ငါစွဲမပါဘဲရှုမှတ်စေ၏။ ဒေါမနဿ မဖြစ်စေဘဲ ဝမ်းမြောက်ဝမ်းသာ ရှုမှတ်စေ၏။

"ဒုက္ခဝေဒနာပေါ်နေတာကို နိုင်အောင်မှတ်။ တစ်ချက်မှတ်ရင် ရွှေတစ်ကျပ်ရတာပဲ။ ဘဝသံသရာတစ်လျှောက်လုံး သုံးမကုန်အောင် ရွှေတုံးတွေကို ကောက်ယူသွား... ဒုက္ခဝေဒနာဆိုတာ အမြဲတည်နေတဲ့ တရား မဟုတ်ဘူး။ 'သဗ္ဗေသင်္ခါရာ အနိစ္စာ' အလုံးစုံသောတရားတို့ဟာ အနိစ္စချည်းပဲတဲ့။ မတည်မြဲဘဲ ပျောက်ပျက်သွားရမှာပဲတဲ့။ အဲဒီဝေဒနာဆုံးအောင် လိုက်သွားပါ။ လမ်းဆုံးရင် ရွာတွေ့ဆိုသလို ဒုက္ခဆုံးရင် အင်မတန် အေးချမ်းတဲ့နေရာကို ရောက်သွားလိမ့်မယ်။"

ဆရာတော်၏ အားပေးစကားများသည် အလွန်စူးရှ ထက်မြက်လှ၏။ တရားသဘော ပြည့်ဝနေသည်နှင့်အညီ အကျိုးတရားလည်း ထိရောက်လှပေတော့၏။

## ဥယျာဉ်ခြံမြေကို ပေါင်းသင်ရှင်းလင်းသည့်ပမာ

တော်ကူးဆရာတော်သည် လူဝတ်ကြောင်ဘဝက တောထဲဝင်၍ ထင်းခုတ်, သစ်ခုတ်ရ၏။ ဥယျာဉ်ခြံမြေကိုလည်း အသီးအနှံ စိုက်ပျိုးရန်အတွက် ပေါင်းသင်ရှင်းလင်းရ၏။ ဤဘဝအတွေ့အကြုံများကို ဝိပဿနာတရားရှုမှတ်ရာတွင် လက်တွေ့အသုံးချ၏။

www.burmeseclassic.com

www.burmeseclassic.com



"တို့မျှား ထင်းခုတ်တုန်းက ဓားထက်ထက်နဲ့ ခုတ်ရင် အပင်ငယ်ကလေးတွေက တိခနဲတိခနဲ ပြတ်သွားကြတယ်။ သစ်ပင်ကြီးကြီးတွေကို ခုတ်တဲ့အခါကျရင် ဓားငယ်ငယ်နဲ့ခုတ်လို့ မပြတ်နိုင်ဘူး။ ပုဆိန်ကောင်းကောင်းနဲ့ ပေါက်ရတယ်။ အမေရိကန်လုပ်တဲ့ ပုဆိန်ကြီးတွေဆိုရင် ပိုကောင်းတယ်။ တစ်ချက်ပေါက်ရင် သစ်ဖတ်ကလေးတစ်ဖတ် ပွံ့ထွက်တယ်။ တစ်ခါခုတ်တစ်ဖတ်... တစ်ခါခုတ်တစ်ဖတ် တစ်မနက်လောက် ဖွဲ့ရှိရှိနဲ့ထိုင်ခုတ်လိုက်ရင် အပင် ဘယ်လောက်ကြီးကြီး လဲတော့တာပဲကွဲ့။

"ဝိပဿနာတရားရှုမှတ်တဲ့အခါမှာ စိတ်ထက်ထက်နဲ့ မှတ်လိုက်ရင် ဝေဒနာအသေးအမွှားလေးတွေက တိခနဲ တိခနဲပျောက်သွားတာပဲ။ ဝေဒနာကြီးကြီးကျတော့ သဒ္ဓါ, သတိ, ဝီရိယ, သမာဓိ, ပညာဆိုတဲ့ ဗိုလ်ငါးပါးကို လက်ကိုင်ထားပြီး မနားတမ်းရှုမှတ်ရတယ်ကွဲ့။ ဘုရားပေးထားတဲ့ လက်နက်တွေက သိပ်ထက်တာပေါ့ကွယ်၊ ဘာဝေဒနာ ဘာရောဂါမှ မခံနိုင်ဘူး။ အကုန်ကြေညက်သွားကြတာပဲ"

ဆရာတော်က သူ၏ဘဝအတွေ့အကြုံနှင့်ယှဉ်ပြီး အားပေးစကားများကို အားရပါးရ မပြတ်ပြောကြားနေသည့်အတွက် တရားရှုမှတ်နေသော ယောဂီများမှာ စိတ်အားတက်ကြွသွားကြ၏။ ပြင်းထန်သော ဝေဒနာများနှင့် နပန်းလုံးနေရသောအခါများ၌ ဆရာတော်၏ အားပေးစကားများသည် အလွန်အားတက်စေသော အားဆေးများပင် ဖြစ်ကြ၏။

"ဥယျာဉ်ခြံမြေ တစ်ကွက်ကို သီးနှံပင်များ မစိုက်ပျိုးမီ ပေါင်းသင်ရှင်းလင်းကြရတယ် မဟုတ်လား။ ပထမ အသေးစားချုံနွယ်အပင်ငယ်တွေကို ဓားနဲ့ ခုတ်ထွင်ရှင်းလင်းရတယ်။ ပြီးတော့ အပင်ကြီးတွေဆီက အကိုင်းအခက်တွေကို ခုတ်ဖြတ်ရတယ်။ ပြီးတော့ ပင်စည်ကို လွှကြီးနဲ့ တိုက်ဖြတ်ရတယ်။ လွှကြီးနဲ့ လူနှစ်ယောက် ဟိုဘက်ဒီဘက်ကိုင်ပြီး တစ်ချက်ဆွဲလိုက်ရင် 'ရစ်'ဆိုပြီး လွှစာမှုန့်တွေ အဖတ်နှစ်ဆယ်လောက် ထွက်လာတယ်။ နောက်တစ်ကြိမ်ထပ်ဆွဲရင် 'ရစ်'ဆိုပြီး လွှစာမှုန့်တွေထပ်ထွက်လာပြန်တယ်။ ဒီလိုနဲ့ မကြာခင် အပင်ကြီးလဲတော့တာပဲ...



"အဲဒီလို အပင်ငယ်အပင်ကြီးတွေကို ခုတ်ပိုင်းပြီးတဲ့နောက် ခြံကို လျစ်လျူရှုထားလိုက်ရင် ဘာဖြစ်မလဲ။ အကိုင်းအခက်, အလက်, အရွက်တွေ ပြန်စည်ပင်လာကြတယ် မဟုတ်လား။ အဲဒီတော့ တစ်ခါခုတ်ပိုင်းရပြန်ရော။ ဒီလိုပဲ အမြစ်တွေကျန်နေတော့ ထပ်ကာထပ်ကာတက်လာတာပဲ။ မတက်အောင် ဘာလုပ်ရမလဲ။ အမြစ်တွေကို တစ်ခုပြီးတစ်ခုအကုန်လုံး ထုတ်ပစ်လိုက်ရမယ် မဟုတ်လား။ အမြစ်တွေကို တူးထုတ်လိုက်ပြီး မီးပုံရှို့လိုက်ရင် နောက်ထပ်အပင်တွေ မတက်နိုင်တော့ဘူး...

"ဝိပဿနာ ရှုမှတ်တဲ့အခါမှာလည်း အဲဒီဥယျာဉ်ခြံ ပေါင်းသင်ရှင်းလင်းတဲ့နည်းကို သုံးရတယ်။ ဝေဒနာကြီးငယ်တွေကို နှိမ်ပြီးတဲ့အခါ ငါကိစ္စပြီးပြီရယ်လို့ ရပ်မထားလိုက်နဲ့။ ရပ်ထားရင် အပင်တွေ ပြန်စည်ပင်လာသလို နာကျင်ခံခက်တဲ့ ဒုက္ခဝေဒနာတွေ ပြန်ဝေဆာလာလိမ့်မယ်။ နောက်ထပ် ဒုက္ခဆင်းရဲတွေ မပေါ်ပေါက်လာအောင် အမြစ်တွေပါ တူးလှန်ပစ်ရမယ်။ အဲ... အမြစ် တွေကို တူးထုတ်ပြီးရင် တစ်သက်လုံး အေးအေးချမ်းချမ်း ရှုမှတ်နိုင်ပြီပေါ့။"

အမှန်မှာ ဘုရားပေးသော ဝိပဿနာလက်နက်ဖြင့် တဏှာ အရင်းအမြစ်ကို တူးဖြိုလိုက်နိုင်လျှင် ဒုက္ခဆင်းရဲသည် အပြီးအပိုင် ချုပ်ငြိမ်းရပေတော့မည်။ ထို့ကြောင့် ဆရာတော်၏ ဥပမေယျစကားများသည် ရိုးရိုးရှင်းရှင်းနှင့် အလွန်ပင် စူးရှထိမိလှပေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



တော်ကူးဆရာတော်နှင့် တောသူတောင်သား လယ်သမားများသည် အကြိုက်ညီစရိုက်ညီ အလွန်လိုက်ဖက်ညီကြ၏။ ဆရာတော်သည် ဟိတ်ဟန်မထားဘဲ မိဘက သားသမီးများကို ကူညီဖေးမဖေးမသည့်ပမာ ဝိပဿနာတရားကို ဖေးဖေးမမ သွန်သင်ညွှန်ပြပေးသည့်အတွက် စရိုက်ကြမ်းသော လယ်သမားကြီးများသည်ပင်လျှင် ရက်အနည်းငယ်မျှ လေ့ကျင့်ပြီးသည်နှင့်တစ်ပြိုင်နက် သုံးနာရီကြာ၊ လေးနာရီကြာ တရားရှုမှတ်နိုင်ကြတော့သည်။ ရှည်လျားသော ဣရိယာပုထ်ကို အလိုရှိကြသောပုဂ္ဂိုလ်များသည် ဣရိယာပုထ်တစ်မျိုးတွင် ၁၂-နာရီ၊ ၁၅-နာရီ၊ ၂၄-နာရီ စသည်ဖြင့် ရှုမှတ်လာနိုင်ကြတော့၏။

## တစ်နေ့တစ်လံ မုဂ်ဘယ်ပြေးမလဲ

တောင်ညိုတောင်တန်းများ အထပ်ထပ်ဆီးတားနေသော ကျိုက်ထီးရိုးဘုရားကို ဖူးမြော်လိုသူများသည် တစ်တောင်တက် တစ်တောင်ဆင်းနှင့် ပင်ပင်ပန်းပန်းသွားကြရ၏။ ခုနစ်မိုင်ကျော်ရှည်လျားသော တောင်ပေါ်ခရီးလမ်းသည်လည်း သွား၍မဆုံးနိုင်အောင် ရှည်ဝေးလွန်းလှသည်ဟုထင်မိကြ၏။ သို့စေကာမူ တစ်လှမ်းပြီးတစ်လှမ်း မှန်မှန်လှမ်းတက်သွားကြသော ဘုရားဖူးအပေါင်းတို့သည် ၆-နာရီခန့်ကြာသည့်အခါ ဘုရားဆီသို့ ရောက်သွားကြသည်သာဖြစ်၏။

လူတို့၏ အာရုံခံစားမှုသည် အပြောင်းအလဲကိုသာ ဂရုထားလေ့ရှိ၏။ ဥပမာ- အလွန်ပူသောရေတွင် နှစ်စိမ်ထားသော လက်ကိုထုတ်၍ သာမန်မျှ အေးသောရေထဲသို့ နှစ်ချလိုက်လျှင် အလွန်တရာ အေးမြသွားသည်ဟု ထင်မှတ်ကြ၏။ ထို့အတူပင် အလွန်ပင်ပန်းသော အခက်အခဲကို ကျော်ဖြတ်နိုင်သောအခါ အလွန်တရာအေးချမ်းသည့်သုခကို ခံစားကြရတော့၏။



ကျိုက်ထီးရိုးဘုရားဖူးများသည် အလွန်ပင်ပန်းခက်ခဲသော တောင်တန်းခရီးရှည်ကိုလွန်မြောက်၍ စေတီရင်ပြင်ပေါ်သို့ ရောက်သွားကြသောအခါ အတိုင်းမသိ ကြည်နူးမှုကို နှစ်နှစ်ရရ ပြည့်ပြည့်ဝဝ ခံစားကြရတော့၏။

ဝိပဿနာ ရှုမှတ်သောအလုပ်သည် ဝေဒနာအထပ်ထပ်နှင့် ရင်ဆိုင်တိုက်ခိုက်ရသော ရှည်လျားခက်ခဲသည့် တိုက်ပွဲကြီးဖြစ်ရာ ထိုတိုက်ပွဲကို အနိုင်ရလိုက်သည့်အခါ၌ ဖော်မပြနိုင်လောက်သော ချမ်းသာမှု၊ ကျေနပ်မှု၊ အေးချမ်းမှုတို့ကို လန်းတင့်ဝေဆာ ခံစားနိုင်ပါတော့၏။

ထူးခြားသည်ကား ဝိပဿနာချမ်းသာသည် ကြက်သီးမွေးညင်းထသကဲ့သို့ ခဏတစ်ဖြုတ်သာချမ်းသာစွာ ခံစားရသောခဏိကပီတိမျိုးမဟုတ်ချေ။ ဖရဏာပီတိဂွမ်းဆီထိသည့်အသွင် တစ်သက်တာလုံး အေးချမ်းသာယာစွာ ခံစားနိုင်သော သုခချမ်းသာအစစ်ဖြစ်၏။

လောက၌ နွားရိုင်းလေးအသွင် တုံ့ခေါက်လူးလာ အဖန်ဖန်အခါခါ ပြေးလွှားရန်းကန်နေသောစိတ်ဆင်ရိုင်းကို ပျပ်ဝပ်ညွှတ်စင်းအောင် ဆုံးမထိန်းချုပ်ရခြင်းသည် အခက်အခဲဆုံးအလုပ်ဖြစ်သည်နှင့်အညီ စိတ်ကိုအောင်နိုင်သည့် အောင်ပွဲသည်လည်း အကြီးကျယ်ဆုံးသော အောင်ပွဲဖြစ်ပေတော့၏။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာက "စစ်ပွဲတစ်ရာအောင်နိုင်ခြင်းထက် မိမိစိတ်ကိုအောင်နိုင်ခြင်းသည် ပို၍ ကြီးကျယ်မြင့်မြတ်လှပေ၏"ဟု မြွက်ကြားထားခဲ့ခြင်း ဖြစ်ပေ၏။

တော်ကူးဆရာတော်သည် စိတ်အောင်ပွဲ၏ အနှစ်သာရကို ကောင်းစွာ သိနားလည်ထားပြီးဖြစ်၏။ မိမိသိနားလည်သလို ယောဂီအပေါင်းတို့အားလည်း သိစေလို၏။ သို့အတွက် ယောဂီအပေါင်းတို့

www.burmeseclassic.com

www.burmeseclassic.com



အား အောင်ပွဲခံနိုင်သည်အထိ မလျှော့သော ဖွဲလုံ့လဖြင့် တရားကိုရှုမှ
ကြရန် အမြဲမပြတ်တိုက်တွန်း နှိုးဆော်တော်မူသည်။

“အရိုးကြေကြေ အရေခန်းခန်းဆိုတဲ့ စတုရင်္ဂဝီရိယနဲ့ ကြိုးစ
မှတ်ကြပေါ့… ‘မနိုင်ဘူး’ဆိုတဲ့စကားကို ဘယ်တော့မှ မပြောကြ
လုလုပ်ရင် ဘာမဆိုဖြစ်နိုင်တယ်။ ‘ဖောင်းတယ်– ပိန်တယ်’ တ
ကြိမ်ရှုမှတ်တိုင်း နိဗ္ဗာန်နဲ့ တစ်လှမ်းနီးသွားပြီလို့မှတ်။ ဥပမာ
မော်လမြိုင်မြို့ကိုသွားဖို့ ခြေလှမ်းတစ်ထောင်လှမ်းရတယ်ဆိုရင် ဖ
လှမ်း,လှမ်းပြီးတဲ့လူဟာ နောက်တစ်လှမ်း ထပ်လှမ်းလိုက်ရင် ပန်းတိုင်
ရောက်ပြီ မဟုတ်လား။ အေး… နိဗ္ဗာန်သွားတဲ့ သတိပဋ္ဌာန် လမ်း
ကြီးပေါ်မှာ တစ်လှမ်းချင်းသာ လှမ်းနေပါ။ လမ်းဆုံးတာနဲ့တစ်ပြိုင်နက်
နိဗ္ဗာန်ကိုရောက်မှာပဲ။”

## အရိယာစားကျက်နှင့် ဘီလုံးငှက်

ဆရာတော်သည် တော်ကူးသတိပဋ္ဌာန်ကျောင်းသို့ ဝိပဿန
တရားအားထုတ်ရန် လာရောက်ကြသော ရဟန်းရှင်လူအပေါင်းတို့အ
တစ်သက်တာပတ်လုံး အမှတ်တရားနှင့် မွေ့လျော်စွာ နေထိုင်တတ်
နည်းညွှန်သင်ပေးလိုက်၏။

ဝိပဿနာတရားဟူသည် တစ်လ နှစ်လမျှအားထုတ်၍ ဉာဏ်
တရား ကြားနာခွင့်ရလျှင် ပြီးဆုံးသွားပြီဟူသည့်သဘော မရှိပါ။

ဆရာတော်သည် ဟိုအခမ်းအနား၊ သည်အခမ်းအနား စသည်
ဖြင့် အလုပ်မများလိုပါ။ မည်သည့်ဂုဏ်ပကာသနကိုမျှ မလိုလားပါ
အချိန်ရသမျှ ဝိပဿနာရှုမှတ်လျက်သာနေလို၏။

နေ့ဘက်တွင် ယောဂီများအား တရားဟော တရားပြနေရသည်
အတွက် ဆရာတော် မအားလပ်ရပါ။ ညဥ့်ဘက်တွင်သာ ကိုယ်ပိုင်
တရားရှုမှတ်ချိန်အဖြစ် တစ်ညဉ့်လုံး ရှုမှတ်နေတတ်သည်။ လျောင်း၍
ရှုမှတ်နေစဉ်အခါ၌ ခေတ္တမျှ အိပ်ပျော်ချင် အိပ်ပျော်သွားလိမ့်မည်ဟု
ထင်မှတ်ရသော်လည်းဆရာတော်သည် အမြဲတစေ အမှတ်သတိဖြင့်
နိုးကြားလျက်ရှိပေသည်။ စက္ကန့်တိုင်းသည် တရားရှုမှတ်ချက်နှင့်သာ
ကုန်လွန်သွားရသည်။

“ဝိပဿနာဆိုတာ အရိယာတို့ရဲ့ စားကျက်ပဲ၊ ဘယ်သူမဆို
သည်စားကျက်မှာရှိနေရင် အန္တရာယ်ကင်းတယ်၊ သည်စားကျက်ကနေ
ထွက်သွားရင်တော့ ဘီလုံးငှက်လို စွန်သုတ်ချီသွားတာမျိုးကို ခံရတတ်
တယ်။

“ဘီလုံးငှက်ကလေးရဲ့မိခင်က မိမိအစာရှာသွားဆဲအခိုက်မှာ
နွားခြေရာခွက်ထဲမှာပဲနေ၊ အပြင်မထွက်ပါနဲ့လို့ သားငယ်ကို အ
တန်တန် မှာထားခဲ့တယ်။ ဘီလုံးငှက်ကလေးက ပြင်ပလောကကို
ကြည့်ချင်လွန်းတော့ နွားခြေရာခွက်ထဲကနေထွက်ပြီး အပေါ်တက်
လာတယ်။ ထိုအခိုက်မှာပဲ စွန်တစ်ကောင်ကမြင်လို့ ဘီလုံးငှက်ကလေး
ကို ရုတ်ခနဲ သုတ်ချီသွားတော့တယ်။

“စွန်လက်သည်းကြားမှာ ညှပ်ပါသွားရတဲ့ ဘီလုံးငှက်ကလေးက
‘ငါတော့ အမေ့စကားကို နားမထောင်မိတာ မှားပြီ မှားပြီ’လို့
ညည်းညူရှာသတဲ့…

“ဒီတော့ စွန်ကြီးက ‘မင်းဘာမှားသလဲ’လို့ မေးတယ်။

“ကျွန်တော်ဟာ အမေမှာတဲ့အတိုင်း ကျွန်တော့်စားကျက်ထဲမှာ
နေနေရင် အခုလိုစွန်သုတ်ချီသွားတာကို ခံရမှာမဟုတ်ဘူးဗျ”လို့
ဖြေတယ်။

“ကဲ… ဒီလိုဆို မင်းကို မင်းရဲ့စားကျက်မှာ ငါပြန်ချပေးမယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းလွတ်အောင်ရှောင်စမ်းကွာ”ဆိုပြီး စွန်ကြီးက ဘီလုံးငှက်ကလေး[ကို] မူလနွားခြေရာခွက်အနီးမှာ ပြန်ချပေးလိုက်သတဲ့...

“ဒီတော့ ဘီလုံးငှက်ကလေးက လက်ခမောင်းခတ်ပြီး ‘ကျွန်တော်[ကို] ကို မိအောင်ဖမ်းစမ်းဗျ’လို့ ကြုံးဝါးလိုက်သတဲ့။

“စွန်ကြီးက ဒေါသထွက်ပြီး ကြီးမားတဲ့အဟုန်နဲ့ ထိုးဆင်းလာ သတဲ့။ ဘီလုံးငှက်ကလေးက နွားခြေရာခွက်ထဲပြေးဆင်းလိုက်တယ်။ စွန်ကြီးက သူ့ကိုလှမ်းဆွဲတာ မမီလိုက်ဘဲ စွန်ရဲ့ရင်ဘတ်က တွင် နှုတ်ခမ်းနဲ့ ဆောင့်မိတဲ့အတွက် ရင်ကွဲပြီး စွန်ကြီးသေပါရောတဲ့။

“အဲဒီတော့...မမေ့လျော့ မပေါ့ဆကြနဲ့၊ ဝိပဿနာဆိုတဲ့ အရိယာစားကျက်မှာသာ အမြဲနေကြပါလို့ ဘဘုရားက အတန်တ[န်] မှာကြားသွားပါတယ်။ ဘဘုရား ပရိနိဗ္ဗာန်မစံမီ နောက်ဆုံး မှာကြား သွားတဲ့ စကားကလည်း...

‘ဟန္ဒဒါနိဘိက္ခဝေ အာမန္တယာမိဝေါ

ဝယဓမ္မာသင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ’ တဲ့။

“ချစ်သား ချစ်သမီးအပေါင်းတို့၊ သင်တို့ကို နောက်ဆုံးစကားဖြ[စ်] ငါဘုရား မှာကြားခဲ့ပါမယ်။ သင်္ခါရတရားတို့ဟာ ပျက်စီးခြင်းသဘော ရှိကြတယ်။ မမေ့မလျော့တဲ့ သတိတရားနဲ့ သီလ၊ သမာဓိ၊ ပညာ တို့ကိုပြီးပြည့်စုံအောင် ကြိုးစားအားထုတ်ပြီး နေရစ်ကြပါ”လို့...

“ဘဘုရားမရှိတော့ပေမယ့် ဘဘုရားပေးခဲ့တဲ့ အမွေအနှစ်တရား တွေက ကျန်ရှိနေသေးတယ်။ နောက်ဆုံး ပရိနိဗ္ဗာန် မစံဝင်မီအချိန်အထိ ဘဘုရား အတန်တန်မှာကြားခဲ့တဲ့အတိုင်း သတိတရားနဲ့ ပြည့်စုံအောင် ဝိပဿနာစားကျက်မှာသာ နေရစ်ကြပါနော်။”

## ရုပ်နှင့်နာမ်ကို ခွဲခြားသိဖို့

“ဒကာတို့၊ ဝိပဿနာ ရှုမှတ်တယ်ဆိုတာ ဘာကိုရှုမှတ်ရသလဲ”

“သတိပဋ္ဌာန်လေးပါးကို ရှုမှတ်ရပါတယ်”

“သတိပဋ္ဌာန်လေးပါးဆိုတာ ဘာတွေတုံး”

“ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်တို့ပါဘုရား”

“ဟုတ်ပြီ၊ ဒကာတို့ ရှင်းရှင်းလင်းလင်းသိသွားအောင် ဘုန်းကြီး နည်းနည်းထပ်ရှင်းပြမယ်နော်။ ကာယဆိုတဲ့ ရုပ်အစုမှာ သတိပဋ္ဌာန် ရှုမှတ်သတိကိုကပ်ပြီး အနုပဿနာ–အကြိမ်ကြိမ်အထပ်ထပ် ရှုမှတ်နေ ခြင်းကို ကာယာနုပဿနာသတိပဋ္ဌာန်လို့ခေါ်တယ်။ အဲဒီတော့ ရုပ် ဆိုတာ ဘာလဲလို့ ဒကာတို့သိဖို့ လိုလာတယ်။

“ရုပ်ဆိုတာ ပူမှုအေးမှုစတဲ့ ဆန့်ကျင်ဘက် သဘောတွေကြောင့် ပြောင်းလဲဖောက်ပြန်တတ်တဲ့သဘောကိုခေါ်တယ်။ ဒကာတို့ရဲ့ ခန္ဓာ ကိုယ်ကို သတိထားကြည့်စမ်း၊ နေပူထဲမှာရပ်နေတဲ့အခါ ခန္ဓာကိုယ်ဟာ ပူမနေဘူးလား။ တစ်ခါ ရေခဲရေထဲမှာ စိမ်နေရင် ခန္ဓာကိုယ်ဟာ အေးမနေဘူးလား။ အဲသလို ပူလိုက်အေးလိုက် ဖောက်ပြန်တတ်တဲ့ ခန္ဓာကိုယ်ကို ဘာလို့ခေါ်မလဲ”

“ရုပ်လို့ ခေါ်ပါတယ် ဘုရား”

“ဟုတ်ပြီ၊ ခန္ဓာကိုယ်ဟာ ရုပ်နော်၊ ခြေ လက်တို့ကလည်း ရုပ်ပဲ၊ မျက်စိ၊ နှာခေါင်း၊ ပါးစပ်တို့ကလည်း ရုပ်ပဲနော်။ အဲဒီရုပ်ကို ဘုရားကထပ်ပြီး ဓာတ်ခွဲပြတယ်။ ဓာတ်ခွဲလိုက်ရင် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးကို တွေ့မယ်...

“ပထဝီက ခက်မာခြင်း၊ နူးညံ့ခြင်းဆိုတဲ့ အဖတ်သဘောကို

www.burmeseclassic.com

www.burmeseclassic.com



ဆောင်တယ်။ အာပေါက ယိုစီးခြင်း၊ ဖွဲ့စည်းခြင်းဆိုတဲ့ အရည်သဘော ကို ဆောင်တယ်။ တေဇောကပူခြင်း၊ အေးခြင်းဆိုတဲ့ အပူသဘောကို ဆောင်တယ်။ ဝါယောက တွန်းကန်ခြင်း၊ ရွေ့ရှားခြင်းဆိုတဲ့ လေ သဘောကို ဆောင်တယ်။

"အဲဒီဓာတ်ကြီးလေးပါးဟာ ကြီးကျယ်တဲ့အစုအဝေးတွေ ဖြစ်ပေါ် စေနိုင်လို့ မဟာဘုတ်လေးပါးလို့လည်းခေါ်တယ်။ ဒီမဟာဘုတ် လေးပါးကို မှီခိုနေတဲ့ ဥပါဒါရုပ်တွေလည်း ၂၄–ပါးရှိတယ်။ ရူပါရုံ ဆိုတဲ့ အဆင်း(ဝဏ္ဏ)၊ သဒ္ဒါရုံဆိုတဲ့ အသံ(သဒ္ဒ)၊ ဂန္ဓာရုံဆိုတဲ့ အနံ့(ဂန္ဓ)၊ ရသာရုံဆိုတဲ့ အရသာ(ရသ)၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အတွေ့အထိ (ပထဝီ, တေဇော, ဝါယော) စသည်တို့ဟာ ဥပါဒါရုပ်တွေပဲ။

"တစ်ခါ အဲဒီအာရုံငါးပါးတို့က လာရောက်ထိတိုက်တာကို ခံယူနိုင်တဲ့ အခံဓာတ်ကလည်း ငါးပါးရှိတယ်။ ဒီအခံဓာတ် ငါးပါးက မျက်စိအကြည်ဓာတ်လို့ခေါ်တဲ့ စက္ခုပသာဒရုပ်၊ နားအကြည်ဓာတ်လို့ ခေါ်တဲ့ သောတပသာဒရုပ်၊ နှာအကြည်ဓာတ်လို့ခေါ်တဲ့ ဃာနပသာဒ ရုပ်၊ လျှာအကြည်ဓာတ်လို့ခေါ်တဲ့ ဇိဝှာပသာဒရုပ်၊ ကိုယ်အကြည်ဓာတ် လို့ခေါ်တဲ့ ကာယပသာဒရုပ်၊ ဒီပသာဒရုပ်တွေလည်း ဥပါဒါရုပ်တွေပဲ။

"ရူပါရုံနဲ့ စက္ခုပသာဒရုပ်တို့ ထိတိုက်ကြတဲ့အခါ မြင်သိစိတ်လို့ ခေါ်တဲ့ စက္ခုဝိညာဏဓာတ်ဖြစ်ပေါ်တယ်။ သဒ္ဒါရုံနဲ့ သောတပသာဒတို့ ထိတိုက်ကြတဲ့အခါ ကြားသိစိတ်လို့ခေါ်တဲ့ သောတဝိညာဏဓာတ် ဖြစ်တယ်။ ဂန္ဓာရုံနဲ့ ဃာနပသာဒတို့ ထိတိုက်ကြတဲ့အခါ နံ့သိစိတ်လို့ ခေါ်တဲ့ ဃာနဝိညာဏဓာတ်ဖြစ်တယ်။ ရသာရုံနဲ့ ဇိဝှာပသာဒတို့ တိုက်ထိတဲ့အခါ စားသိစိတ်လို့ခေါ်တဲ့ ဇိဝှာဝိညာဏဓာတ် ဖြစ်တယ်။ ဖောဋ္ဌဗ္ဗာရုံနဲ့ ကာယပသာဒတို့ ထိတိုက်ကြတဲ့အခါ ထိသိစိတ်လို့ခေါ်တဲ့ ကာယဝိညာဏဓာတ်ဖြစ်တယ်။



"အသိစိတ်တွေကို နာမ်လို့ခေါ်တယ်။ နာမ်ဆိုတာ သိတတ်တဲ့ သဘောပဲ။ နာမ်ကို ဓာတ်ခွဲလိုက်ရင် လေးမျိုးရတယ်။ ခံစားမှုအစုလို့ ခေါ်တဲ့ ဝေဒနာက္ခန္ဓာ၊ မှတ်သားမှုအစုလို့ခေါ်တဲ့ သညာက္ခန္ဓာ၊ ပြုပြင်စီရင်မှုအစုလို့ခေါ်တဲ့ သင်္ခါရက္ခန္ဓာ၊ သိမှုအစုလို့ခေါ်တဲ့ ဝိညာဏက္ခန္ဓာတို့ ဖြစ်ကြပါတယ်။

"ဒကာတို့ အကျဉ်းမှတ်ထားရမှာက ဖောက်ပြန်တတ်တဲ့ သဘောက ရုပ်။ သိတတ်တဲ့သဘောက နာမ်။ ရုပ်နဲ့နာမ်တို့ဟာ တည်မြဲကြဘူး။ အမြဲဖြစ်ဖြစ်ပြီး ပျက်ပျက်နေကြတာပဲ။ ရုပ်က လက်ဖျစ်တစ်တွက်အခိုက်မှာ အကြိမ်ပေါင်း ကုဋေခြောက်ထောင် လောက်ဖြစ်ပြီး ပျက်သွားကြတယ်။ နာမ်ကတော့ လက်ဖျစ်တစ်တွက် အချိန်မှာ အကြိမ်ပေါင်း ကုဋေတစ်သိန်းခန့် ဖြစ်ပျက်သွားတယ်လို့ မြတ်စွာဘုရား ဟောကြားတယ်။ သိပ်အံ့သြစရာကောင်းတာနော်။

"ဒကာတို့ ထိုင်နေတဲ့အခိုက်မှာ တင်ပါးနဲ့ ကြမ်းပြင်ထိနေ တာကို သိနေရတယ်မဟုတ်လား။ အဲဒီထိခိုက်မှုကို ဆန်းစစ်လိုက်ရင် ဖောဋ္ဌဗ္ဗာရုံနဲ့ ကာယပသာဒတို့ ထိတိုက်တာကိုတွေ့ရမယ်။ အဲဒီ ထိတိုက်မှုဟာ တစ်စပ်တည်း တစ်ပြင်တည်းမဟုတ်ဘဲ လျှပ်တစ်ပြက် မှာ ကုဋေခြောက်ထောင်လောက် ထိလိုက်ပျက်လိုက် ဖြစ်နေတာနော်။ အဲဒီထိတိုက်မှုကို လိုက်လိုက်သိနေတဲ့နာမ်ကတော့ ၁၇–ဆ ပိုမြန်တယ်။ လျှပ်တစ်ပြက်မှာ ကုဋေတစ်သိန်းခန့်သိလိုက် ပျောက်လိုက်ဖြစ်နေ တယ်။

"တစ်နေရာတည်းမှာ ခပ်ကြာကြာကလေးထိုင်လိုက်တော့ ပူတာ၊ အေးတာ၊ တောင့်တာ၊ ကိုက်ခဲတာ၊ ညောင်းညာ၊ ထုံကျဉ် တာတွေ ဖြစ်ပေါ်လာတယ်မဟုတ်လား။ ပူတယ်ဆိုတာ တေဇောဓာတ် လွန်ကဲ တဲ့ ရုပ်ဖောက်ပြန်မှု၊ တောင့်တင်း,ကိုက်ခဲ,ညောင်းညာ, ထုံကျဉ်တာတွေ

www.burmeseclassic.com

www.burmeseclassic.com



က ပထဝီဓာတ်လွန်ကဲတဲ့ ရုပ်ဖောက်ပြန်မှုတွေ၊ ထိုင်းမှိုင်းလေးလံတာက အာပေါဓာတ်လွန်ကဲတဲ့ ရုပ်ဖောက်ပြန်မှု၊ စကြိုလျှောက်တဲ့အခါ ခြေကြွတက်တာက တေဇောဓာတ်နဲ့ ဝါယောဓာတ်ရဲ့ လွန်ကဲမှု၊ ရှေ့သို့ဘေးသို့ ရွေ့သွားတာက ဝါယောဓာတ်ရဲ့ လွန်ကဲမှု၊ ခြေအောက်ကျသွားတာက အာပေါဓာတ်ရဲ့လွန်ကဲမှု၊ ခြေဖဝါးနဲ့ ကြမ်းပြင်ထိသွားတာက ပထဝီဓာတ်ရဲ့လွန်ကဲမှု၊ ဒီလွန်ကဲမှု၊ ယုတ်လျော့မှုတွေအားလုံးက ရုပ်ဖောက်ပြန်မှုတွေပဲ မဟုတ်လား။ အဲဒီ ရုပ်ဖောက်ပြန်မှုတွေကို လိုက်လိုက်ပြီးသိနေတာက နာမ်မဟုတ်လား။

"အဲသလို ဖောက်ပြန်နေတဲ့ သဘောတွေဟာရုပ်ပဲ။ ရုပ်ဖောက်ပြန်တာကို လိုက်သိနေတာက နာမ်ပဲ။ အဲသလို ရုပ်နဲ့နာမ်ကိုခွဲခြားပြီးသိရမယ်။ ပုတီးတစ်ကုံးကို ကြည့်လိုက်တဲ့အခါ ပထမ ပုတီးလုံးတွေနဲ့ သီကုံးထားတဲ့ကြိုးတို့ဟာ တစ်ခုတည်း တစ်ပေါင်းတည်းလို့ပဲ မြင်လိုက်တယ်။ သေသေချာချာပြန်ကြည့်တော့ ပုတီးလုံးတွေကတခြား ကြိုးကတခြားပဲရယ်လို့ ကွဲပြားပြီးတော့ မြင်လာတယ်။ ရုပ်နာမ်တို့ကိုလည်း အစက တစ်ပေါင်းတည်းပဲရယ်လို့ ထင်မှတ်နေရတယ်။ အမှတ်အသိနဲ့ ရှုဖန်များလာတဲ့အခါ ရုပ်ကတခြား နာမ်ကတခြား ဖြစ်တာကို ခွဲခြားပြီး မြင်သိလာတယ်။ အဲသလို ရုပ်နဲ့နာမ်တို့ကို ခွဲခြားပြီးသိတဲ့ဉာဏ်ဟာ ပထမဦးဆုံးဖြစ်ပေါ်လာတဲ့ ဝိပဿနာဉာဏ်ပါပဲ။

## ရုပ်နာမ်ပေါ်သိ နိဗ္ဗာန်အထိ

"ဒကာတို့ ဝိပဿနာရှုတယ်ဆိုတာ ကိုယ်မှာထင်ရှားရှိတဲ့ ပရမတ်တရားတွေကို ရှုရတယ်နော်။ ကိုယ်မှာထင်ရှားရှိတဲ့ ပရမတ်တရားတွေက ရုပ်နဲ့နာမ်ပဲ။ အဲဒီရုပ်နဲ့နာမ်ကို မပြတ်ရှုမှတ်ရတယ်။ ဘယ်အထိ ရှုရမလဲလို့ဆိုရင် နိဗ္ဗာန်မုခ်ဝသို့ရောက်တဲ့အထိ ရှုနေရလိမ့်မယ်။



"ရုပ်က မတည်မြဲဘဲ အမြဲပြောင်းလဲဖောက်ပြန်နေတဲ့သဘောရှိတယ်နော်။ ပူလိုက်၊ အေးလိုက်၊ တင်းလိုက်၊ ကိုက်လိုက်၊ ထုံကျဉ်လိုက်၊ ရွေ့လိုက် စသည်ဖြင့် ရုပ်ဟာအမြဲဖောက်ပြန်နေတယ်။ အဲဒီ ဖောက်ပြန်မှုဟာလည်း ကြာမှတစ်ခါဖြစ်တာမဟုတ်ဘူး။ တစ်ခါဖောက်ပြန်ပြီးတော့ အကြာကြီး တည်နေတာလည်း မဟုတ်ဘူး။ တစ်စက္ကန့်အတွင်းမှာ ကုဋေပေါင်းများစွာ ဖြစ်လိုက်ပျက်လိုက် ဖြစ်လိုက်ပျက်လိုက် ဖြစ်နေတာနော်။

"အဲဒီရုပ် အဖြစ်အပျက်ကို လိုက်သိနေတဲ့နာမ်ကလည်း တစ်စက္ကန့်မှာ ကုဋေတစ်သိန်းလောက် ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက် ဖြစ်နေတာပဲ။ အဲဒီရုပ်နာမ်အဖြစ်အပျက်တို့ကို ရှုရှုစိုက်စိုက် နှလုံးသွင်းပြီးရှုမှတ်နေတဲ့ ယောဂီဟာ သမာဓိတည်လာတဲ့အခါ ရုပ်နာမ်အဖြစ်အပျက်ကို ဉာဏ်မျက်စိနဲ့ ထင်ထင်ရှားရှားပဲ မြင်သိလာပါတော့တယ်။

"အဲဒီရုပ်နာမ်အဖြစ်အပျက်ကို မလျှော့သော လုံ့လဝီရိယနဲ့ မှန်မှန်ရှုမှတ်သွားတဲ့ ယောဂီဟာ ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့်ဖြစ်ပေါ်ပြီး သောတာပတ္တိမဂ်ဉာဏ်နဲ့ သောတာပတ္တိဖိုလ်ဉာဏ်တို့ကို ရရှိလာလိမ့်မယ်။ အဲဒီအခါ ပုထုဇဉ်အနွယ်ပြတ်ပြီး အရိယာအနွယ်ဖြစ်တဲ့ သောတာပန်ပုဂ္ဂိုလ်ဖြစ်လာတယ်။ သောတာပန်ဖြစ်ပြီးတဲ့နောက် ရုပ်နာမ်အဖြစ်အပျက်ကိုပဲ တစ်ဖန်ရှုမှတ်ရင် သကဒါဂါမိမဂ်နဲ့ သကဒါဂါမိဖိုလ်တို့ကို မျက်မှောက်ပြုရမယ်။ သကဒါဂါမ်ဖြစ်လာပြီပေါ့။ နောက်တစ်ဖန် ရုပ်နာမ်အဖြစ်အပျက်ကို ထပ်ရှုမှတ်ရင် အနာဂါမ်ဖြစ်လာမယ်။ နောက်တစ်ဆင့် ရုပ်နာမ်အဖြစ်အပျက်ကို

www.burmeseclassic.com

www.burmeseclassic.com



ထပ်ရှုမှတ်ရင် အရဟတ္တဖိုလ်ဆိုက်ပြီး ရဟန္တာဖြစ်လာလိမ့်မယ်။

"အဲဒါကြောင့် ရုပ်နာမ်အဖြစ်အပျက်ကိုသာ မပြတ်ရှုမှတ်နေတဲ့ ယောဂီဟာ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်လို့ခေါ်ဆိုအပ်တဲ့ လောကုတ္တရာတရားကိုးပါးလုံးကို မကြာမတင် မျက်မှောက်ပြုရမယ်လို့ ဘုရားရှင် ဟောကြားတော်မူတယ်။ ဒါကြောင့် ဝိပဿနာအလုပ်ဆိုတာ အထွတ်အထိပ်ရောက်တဲ့ အကောင်းဆုံးအလုပ်ဖြစ်တယ်ဆိုတာကို အမြဲမှတ်သားထားကြပါ။"

## ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့်

"ဝိပဿနာရှုမှတ်နေတဲ့အခါမှာ ဝိပဿနာဉာဏ်တွေ တစ်ဆင့်ပြီး တစ်ဆင့် ဖြစ်ပေါ်လာကြပါတယ်။ ဒီဉာဏ်တွေဟာ သမာဓိ ရင့်ကျက်လာတဲ့အတွက်ကြောင့် ကိလေသာမြူ အညစ်အကြေးတွေကို ဖောက်ထွင်းပြီးတော့ သိမြင်လာတဲ့ ဘာဝနာမယဉာဏ်တွေပဲပေါ့။ ဒီဉာဏ်တွေအကြောင်းကို ဗဟုသုတအဖြစ်နဲ့သိရှိထားအောင် ဘုန်းကြီး အကျဉ်းချုပ် ပြောပြမယ်။

(၁) "ဖောင်းတယ်၊ ပိန့်တယ်ကို ရှုမှတ်နေတဲ့အခါ ဝါယောဓာတ်ရဲ့ တွန်းကန်မှုကြောင့် ဝမ်းရေတစ်စတစ်စ မြင့်တက်လာတာကရုပ်၊ ဝါယောဓာတ်ရဲ့ တွန်းကန်မှုနဲ့ ဝမ်းရေမြင့်တက်လာတာကို သိနေတာကနာမ်၊ ဝါယောဓာတ်ရဲ့ တွန်းကန်မှု ယုတ်လျော့သွားပြီး ဝမ်းရေ နိမ့်ဆင်းသွားတာက ရုပ်၊ အဲသလို နိမ့်ဆင်းသွားတာကို သိတာက နာမ်။ ရုပ်ကလည်း ပုတီးစေ့များသီကုံးထားသလို တစ်ခုပြီးတစ်ခု ဖြစ်ပျက်နေတယ်။ နာမ်ကလည်း အလားတူပဲ တစ်ခုပြီးတစ်ခု ဖြစ်ပျက်နေတယ်။ အဲသလို ဖြစ်ပျက်နေကြတဲ့ ရုပ်အစဉ်နဲ့ နာမ်အစဉ်



တို့ကို ခွဲခြားပြီးသိနေတဲ့ဉာဏ်ကို **နာမရူပ ပရိစ္ဆေဒဉာဏ်**လို့ ခေါ်တယ်။ ပူတယ်၊ ကိုက်တယ်၊ ထုံတယ် စသည်တို့ကို ရှုမှတ်တဲ့အခါမှာလည်း ရုပ်နဲ့နာမ်ကို ကွဲပြားအောင် ရှုမှတ်သွားကြရမယ်နော်။

(၂) "ပြီးတော့ ရူပါရုံအတိုက်ဓာတ်နဲ့ စက္ခုပသာဒအခံဓာတ်တို့ ထိတိုက်မိလို့ စက္ခုဝိညာဏ် (မြင်သိစိတ်)ဖြစ်လာတယ်။ သဒ္ဒါရုံအတိုက် ဓာတ်နဲ့ သောတပသာဒအခံဓာတ်တို့ တိုက်မိလို့ သောတဝိညာဏ် (ကြားသိစိတ်)ဖြစ်လာတယ်။ ဂန္ဓာရုံအတိုက်ဓာတ်နဲ့ ဃာနပသာဒအခံ ဓာတ်တို့ ထိတိုက်မိလို့ ဃာနဝိညာဏ် (နံသိစိတ်)ဖြစ်လာတယ်။ ထချင်တဲ့စိတ်ဖြစ်လို့ ထခြင်းဖြစ်ပေါ်တယ်။ သွားချင်တဲ့စိတ်ဖြစ်လို့ သွားခြင်းဖြစ်ပေါ်တယ်။ လက်ကွေးချင်တဲ့စိတ်ဖြစ်လို့ လက်ကွေးခြင်း ဖြစ်လာတယ် စသည်ဖြင့် အကြောင်းကြောင့် အကျိုးဖြစ်လာတာကို ပိုင်းခြားပြီးသိတဲ့ဉာဏ်ဟာ **ပစ္စယပရိဂ္ဂဟဉာဏ်**ဖြစ်ပါတယ်။ ဒီဉာဏ်က နံပါတ် (၂) ဝိပဿနာဉာဏ်ပဲ။

(၃) "ရုပ်နဲ့ နာမ်တို့ဟာ ဖြစ်ပြီးပျက်သွားကြတယ်။ မတည်မြဲကြဘူး။ မတည်မြဲတဲ့သဘောဟာ အနိစ္စပဲ။ ရုပ်နာမ်တို့ဟာ မတည်မြဲဘဲ အမြဲဖြစ်ပျက်နေကြတဲ့အတွက် ချမ်းသာတဲ့တရားတွေ မဟုတ်ဘူး။ ဆင်းရဲတဲ့တရားတွေသာ ဖြစ်ကြတယ်။

"ဒါကြောင့် ဒုက္ခပဲ။ ရုပ်နာမ်တို့ဖြစ်ပြီးပျက်နေကြတာကို မဖြစ်ပါစေနဲ့လို့လည်း တားလို့မရဘူး။ မပျက်ပါစေနဲ့လို့လည်း ဆွဲထားလို့မရဘူး။ မိမိအလိုသို့မလိုက်ဘဲ သဘာဝသဘောအရ ဖြစ်ပျက်နေတာဖြစ်လို့ ရုပ်နာမ်တို့ဟာ အနတ္တတွေပဲ။ အဲသလို ရုပ်နာမ်တို့ရဲ့ အဖြစ်အပျက်နဲ့ ယှဉ်စပ်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတို့ကို မြင်သိလာတဲ့ ဉာဏ်ဟာ **သမ္မသနဉာဏ်**ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၄) “ရုပ်နာမ်တို့ရဲ့ ဖြစ်ခြင်းပျက်ခြင်းကို ထင်ထင်ရှားရှားသိမြင်လာတဲ့ ဉာဏ်ကို **ဉဒယဗ္ဗယဉာဏ်**လို့ခေါ်တယ်။ ဒီဉာဏ်အနုပိုင်းမှာ အရောင်အလင်းခေါ်တဲ့ သြဘာသတွေ ဖြစ်ပေါ်လာတယ်။ ဝမ်းမြောက်ခြင်းခေါ်တဲ့ ပီတိ၊ ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးခြင်းဆိုတဲ့ ပဿဒ္ဓိ၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းဆိုတဲ့ သုခတို့လည်း ဖြစ်ပေါ်လာကြပါတယ်။

“စိတ်စေတသိက်တို့ကို အလွန်ကြည်လင်စေတတ်တဲ့ အဓိမောက္ခခေါ်တဲ့ သဒ္ဓါလည်းဖြစ်ပေါ်လာတယ်။ ကောင်းကောင်းမွန်မွန် ရှုမှတ်နိုင်အောင် ချီးပင့်တတ်တဲ့ ပဂ္ဂဟခေါ်တဲ့ ဝီရိယလည်း အားကောင်းလာတယ်။ ရှုမှတ်တဲ့အာရုံကို ပြတ်သားစွာ ရှုမှတ်နိုင်တဲ့ဉာဏ်လည်းဖြစ်ပေါ်လာတယ်။ ရှုမှတ်တဲ့အာရုံမှာ စွဲမြဲစွာတည်တဲ့ သတိတရားဥပဋ္ဌာနလည်း ဖြစ်ပေါ်လာတယ်။ ရှုမှတ်တဲ့အခါ ကြောင့်ကြမစိုက်ရဘဲ အလိုအလျောက် ရှုမှတ်နေနိုင်တဲ့ ဥပေက္ခာသဘောလည်း ဖြစ်ပေါ်လာတယ်။ ဖော်ပြပြီးခဲ့တဲ့ သြဘာသ၊ ပီတိ၊ ပဿဒ္ဓိ၊ သုခ၊ အဓိမောက္ခ၊ ပဂ္ဂဟ၊ ဥပဋ္ဌာန၊ ဥပေက္ခာသဘောတို့ကို တပ်မက်နှစ်သက်တဲ့ နိကန္တိခေါ် အလွန်သိမ်မွေ့လှတဲ့ တဏှာလည်း ဖြစ်ပေါ်လာပါတယ်။

“ဒီတရားဆယ်ပါးဟာ ဝိပဿနာလုပ်ငန်းကို ညစ်ညမ်းနှောင့်နှေးစေတတ်ကြတဲ့ ဥပက္ကိလေသာတွေပဲ။ ဒီဥပက္ကိလေသာတွေကို သာယာနေရင် တရားဆက်မတက်တော့ဘူး။ ဒါကြောင့် ဒီဥပက္ကိလေသာတွေကို ကျော်လွန်နိုင်အောင် ရှုမှတ်ရတယ်။ အလင်းကိုမြင်ရင် မြင်တယ်၊ မြင်တယ်လို့မှတ်။ ဝမ်းမြောက်ခြင်းပီတိဖြစ်ရင် ဝမ်းမြောက်တယ်၊ ဝမ်းမြောက်တယ်လို့မှတ်။ ချမ်းသာခြင်းသုခဖြစ်နေရင် ချမ်းသာတယ် ချမ်းသာတယ်လို့မှတ်။ အဲသလို ရှုမှတ်လို့ ဥပက္ကိလေသာတွေကို ကျော်လွန်သွားနိုင်တဲ့အခါ ရုပ်နာမ်အဖြစ်အပျက်ကိုပဲ ဆက်လက်ရှုမှတ်နေရမယ်။



(၅) “သမာဓိအားကောင်းလာတဲ့အခါမှာ ရုပ်နာမ်တို့ရဲ့ အဖြစ်အပျက်ကို ပိုပြီးထင်ထင်ရှားရှား မြင်သိလာမယ်။ ရုပ်နာမ်တို့ရဲ့ အဖြစ်အပျက်ဟာ မြန်ဆန်လွန်းတဲ့အတွက် အဖြစ်ကိုမမြင်နိုင်တော့ဘဲ အပျက်ကိုသာမြင်လာတော့တယ်။ ဥပမာပြရရင် ကန်ရေပြင်ပေါ်မှာ မိုးရေပေါက်များရွာကျတဲ့အခါ ပူဖောင်းကလေးများဖြစ်လာတာကို မမြင်ရဘဲ ပူဖောင်းကလေးတွေ ပျက်ပျက်သွားတာကိုသာ မြင်သလိုပဲ။ ရုပ်နာမ်တို့ရဲ့ အပျက်သဘောကိုသာ သိတဲ့ဉာဏ်ကို **ဘင်္ဂဉာဏ်**လို့ခေါ်တယ်။

(၆) “ရုပ်နာမ်တို့ရဲ့ ပျက်ခြင်းကိုသာ ခဏမစဲအောင် မြင်တွေ့ဖန်များတဲ့အခါ အလုံးစုံသော ၃၁ ဘုံမှာရှိကြတဲ့ သင်္ခါရတရားတို့ဟာ ဒီလိုပဲ ခဏတိုင်းခဏတိုင်း ပျက်ခြင်းသဘောရှိကြပါကလားလို့ မြင်သိလာပါတယ်။ ဥပမာနှိုင်းပြရရင် ချမ်းချမ်းသာသာနေထိုင်လိုတဲ့ လူတစ်ယောက်က ကျားဆိုး၊ ခြင်္သေ့ဆိုး၊ မြွေဆိုးတို့နဲ့ ရင်ဆိုင်တိုးရတဲ့အခါ အကြီးအကျယ် ထိတ်လန့်ကြောက်ရွံ့လာသလိုပါပဲတဲ့။ အဲသလို ကြောက်မက် ဖွယ်ကောင်းတဲ့ ရုပ်နာမ်တို့ရဲ့သဘောကို မြင်သိလာတဲ့ ဉာဏ်ဟာ **ဘယဉာဏ်**ဖြစ်ပါတယ်။

(၇) “ရုပ်နာမ်သင်္ခါရတို့ရဲ့အပြစ်ကို မြင်လာရတဲ့အခါ ရုပ်နာမ်တို့မှာ မမွေ့လျော်နိုင်တော့ဘဲ ငြီးငွေ့လာတော့တယ်။ ဥပမာဆိုရရင် အနောတတ်အိုင်မှာ ပျော်မွေ့လေ့ရှိတဲ့ ရွှေဟင်္သာမင်းဟာ ဒွန်းစဏ္ဍားရွာတံခါးအနီးမှာရှိတဲ့ ညစ်နောက်တဲ့အိုင်ငယ်မှာ မပျော်မွေ့နိုင်သလိုပဲ။ ယူဇနာသုံးထောင်ကျယ်ဝန်းတဲ့ ဟိမဝန္တာမှာ ကျက်စားလေ့ရှိတဲ့ ခြင်္သေ့မင်းဟာ ရွှေလှောင်ချိုင့်အတွင်းမှာ မပျော်ပိုက်သလိုပါပဲ။ ယောဂီဟာ ရုပ်နာမ်သင်္ခါရမှာ ငြီးငွေ့လာတယ်။ ရုပ်နာမ်ကို ငြီးငွေ့ဖွယ်အဖြစ် ရှုမြင်တဲ့ ဉာဏ်ကို **နိဗ္ဗိဒါဉာဏ်**လို့ခေါ်တယ်။

(၈) “ရုပ်နာမ်တို့ရဲ့ အပျက်သဘောကိုသာ တရစပ်မြင်တွေ့နေရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ယောဂီဟာ ရုပ်နာမ်ကို သာယာလိုတဲ့စိတ်ကင်းပြီး ရုပ်နာမ်သင်္ခါရတို့ဟာ အိုင်းအမာကြီးနဲ့တူတယ်။ ရုပ်နာမ်သင်္ခါရတို့ ကျင်လည်နေကြတဲ့ ၃၁ ဘုံဆိုတာ မီး ၁၁ ပါးတို့နဲ့ အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ဌာနတွေပဲလို့ ဟုတ်တိုင်းမှန်ရာ အပြစ်ကို မြင်လာပါတယ်။ အဲသလို ရုပ်နာမ်တို့ရဲ့ အပြစ်ကိုမြင်သိတဲ့ဉာဏ်ဟာ **အာဒီနဝဉာဏ်**ဖြစ်ပါတယ်။

(၉) "ရုပ်နာမ်သင်္ခါရကို ငြီးငွေ့ဖွယ်အဖြစ် ရှုမြင်လာတဲ့အခါ ယောဂီရဲ့ စိတ်ဟာ ရုပ်နာမ်သင်္ခါရမှာ မကပ်ငြိ မတွယ်တာတော့ဘူး။ အာလယ ကင်းပြတ်ပြီး ခပ်သိမ်းသောသင်္ခါရတို့မှ လွတ်မြောက်လိုတဲ့စိတ် ဖြစ်ပေါ်လာတယ်။ ပမာနှိုင်းဆိုရရင် ပိုက်ကွန်အတွင်း ရောက်နေတဲ့ ငါးက ကွန်တွင်းမှလွတ်မြောက်ချင်သလို ကျော့ကွင်းမှာမိနေတဲ့ သမင်ပျိုက ကျော့ကွင်းမှ လွတ်မြောက်ချင်သလို၊ လှောင်ချိုင့်အတွင်း ပိတ်လှောင်ခံနေရတဲ့ တောကြက်ဖက လှောင်ချိုင့်မှ လွတ်မြောက်ချင်သလို၊ မြွေခံတွင်းမှာရောက်နေတဲ့ဖားငယ်က မြွေခံတွင်းမှ လွတ်မြောက်ချင်သလို၊ ရန်သူအဝိုင်းခံနေရတဲ့ ယောကျ်ားက ရန်သူလက်မှ လွတ်မြောက်ချင်သလို၊ ယောဂီကလည်း ရုပ်နာမ်သင်္ခါရ အနှောင်အဖွဲ့မှ လွတ်မြောက်လိုတယ်။ ဒီအခါမှာ ယောဂီရဲ့ သန္တာန်မှာ **မုစ္စိတုကမျတာဉာဏ်**ဖြစ်တယ်။

(၁၀) "ရုပ်နာမ်သင်္ခါရ အနှောင်အဖွဲ့မှ လွတ်မြောက်လိုတဲ့ ယောဂီဟာ လွတ်မြောက်နိုင်ရေးအတွက် ရုပ်နာမ်သင်္ခါတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာရေးသုံးပါးတင်ကာ အပြင်းအထန် ရှုမှတ်တော့တယ်။ အဲဒီအခါမှာ **ပဋိသင်္ခါဉာဏ်**ဖြစ်ပေါ်လာတယ်။

"ဥပမာနှိုင်းပြရရင် တံငါသည်တစ်ယောက်ဟာ ငါးအုပ်တဲ့ ဆောင်းကို ရေမှာနှစ်ချပြီး ဆောင်းဝထဲသို့ လက်ကိုသွင်းကာ ငါးရှာဖမ်း



တယ်။ အဲဒီအခါမှာ ရေမြွေဟောက်တစ်ကောင်ကို လည်မျိုမှာ ဆုပ်ကိုင်မိပြီး ငါးကြီးတစ်ကောင်မိပြီအထင်နဲ့ ဆွဲတင်လိုက်တယ်။ လည်ရေးသုံးရစ်ကို မြင်တဲ့အခါ မြွေဟောက်မှန်းသိသာလာလို့ ထိတ်လန့်သွားတယ်။ ရေမြွေဟောက်ပေါက်လိုက်ရင် သေနိုင်တဲ့အပြစ်ဘေးကို မြင်လာတယ်။ ဒါကြောင့် မြွေကိုဆုပ်ကိုင်ထားပေမယ့် မြွေကိုမမြင်ချင်တော့ဘူး။ အင်မတန်ငြီးငွေ့လာပြီး လွှင့်ပစ်နိုင်ဖို့အတွက် မိမိလက်ကို ရစ်ပတ်ထားတဲ့မြွေကိုယ်ကို ဖြေထုတ်ပြီးတော့ လက်မောင်းကို မြှောက်လိုက်တယ်။ မြွေပင်ပန်းသွားအောင် မြွေကိုမိမိဦးခေါင်းအထက်မှာ နှစ်ကြိမ်သုံးကြိမ် ပတ်ပတ်လှည့်ပြီးတော့ ဝေးရာအရပ်သို့ လွှင့်ပစ်လိုက်တယ်။ ပြီးတဲ့အခါ ချက်ချင်းပဲ ဘေးကင်းရာကန်ပေါင်ပေါ်သို့ တက်ပြီးနေလိုက်တယ်။

"ဒီဥပမာမှာ ရေမြွေဟောက်ကို လည်မျိုဌာဆုပ်ကိုင်မိပြီး ငါးအထင်နဲ့ နှစ်သက်မိတဲ့အခါဟာ ခန္ဓာကိုယ်အတ္တဘောကို ရစအချိန်မှာ နှစ်သက် မိတာနဲ့တူတယ်။ မြွေရဲ့လည်ရေးသုံးရစ်ကိုမြင်တဲ့အချိန်ဟာ ရုပ်နာမ် သင်္ခါရတို့ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို မြင်တဲ့အချိန်နဲ့တူတယ်။ မြွေကိုမြင်ပြီး ကြောက်ရွံ့တဲ့အခါဟာ ဘယဉာဏ်ဖြစ်တဲ့အခါနဲ့တူတယ်။ မြွေဆိုးရဲ့အန္တရာယ်ကို မြင်သိတဲ့အခါဟာ အာဒီနဝဉာဏ်ဖြစ်တဲ့အခါနဲ့တူတယ်။ မြွေကို ဆုပ်ကိုင်ထားရတာကို မပျော်ပိုက်ဘဲ ငြီးငွေ့တဲ့အခါဟာ နိဗ္ဗိဒါဉာဏ်ဖြစ်တဲ့အခါနဲ့တူတယ်။ မြွေကို လွှင့်ပစ်လိုတဲ့အဖြစ်ဟာ မုစ္စိတုကမျတာဉာဏ်ဖြစ်တဲ့အခါနဲ့ တူတယ်။ မြွေရဲ့ဘေးရန်မှ လွတ်နိုင်အောင် မြွေကိုမိမိရဲ့ဦးခေါင်းအထက်သို့ မြှောက်တင်ပြီး အားနည်းအောင် နှစ်ပတ်သုံးပတ်လှည့်မွှေ့တဲ့အခြင်းအရာဟာ ရုပ်နာမ်သင်္ခါရတို့မှာ တပ်မက်တွယ်တာမှုနည်းသွားအောင် ရုပ်နာမ်သင်္ခါရတို့ကို လက္ခဏာရေးသုံးပါးတင်ပြီး ကြိုးစားရှုမှတ်ခြင်းနဲ့ တူ

www.burmeseclassic.com



တယ်။ မြွေရဲ့ဘေးရန်မှကင်းလွတ်သွားတဲ့အခါဟာ ပဋိသင်္ခါဉာဏ် ဖြစ်ပေါ်တဲ့အခါနဲ့တူတယ်။

(၁၁) "ပဋိသင်္ခါနုပဿနာဉာဏ်ရဲ့ ရုပ်နာမ်သင်္ခါရတို့မှာ လက္ခဏာရေး သုံးပါးထင်အောင် ရှုမှတ်နေတဲ့ ယောဂီဟာ ရုပ်နာမ် သင်္ခါရမှာ တည်မြဲခြင်း နိစ္စသဘောမရှိဘူး၊ ချမ်းသာခြင်း သုခ သဘောမရှိဘူး မြဲမြံနိုင်ခံ့ခြင်းဆိုတဲ့ မုဝသဘောမရှိဘူး၊ မိမိအလိုသို့ လိုက်စေနိုင်တဲ့ အတ္တသဘောလည်း မရှိဘူးဆိုတာတွေကို သိမြင်လာတယ်။ ဒါကြောင့် ရုပ်နာမ်သင်္ခါရတို့ဟာ အတ္တမှကင်းဆိတ်တယ်၊ အခါခပ်သိမ်း ဖောက် ပြန်ခြင်းကင်းတဲ့ အဝိပရိဏာမဓမ္မအဖြစ်မှလည်း ကင်းဆိတ်တယ်၊ အဲသလို အတ္တမှရော၊ အတ္တနဲ့ဆိုင်တဲ့ ဥစ္စာမှရော ကင်းဆိတ်တဲ့အတွက် ကြောင့် သုညတသဘောကိုဆောင်တယ်။ အနှစ်သာရကင်းမဲ့တဲ့အတွက် ကြောင့် အနှစ်မရှိတဲ့ ကျူပင်၊ ကြက်ဆူပင်၊ ရေသဖန်းပင်၊ ပေါက်ပင်၊ ရေမြှုပ်စိုင်၊ ရေပွက်၊ တံလျှပ်၊ ငှက်ပျောတုံး စသည်တို့နဲ့ သဏ္ဌာန် တူတယ်။

"အဲဒီအခါ ဝိပဿနာရှုမှတ်နေတဲ့ယောဂီဟာ ရုပ်နာမ်သင်္ခါရတို့ ကို ငါ၊ ငါ့ဥစ္စာရယ်လို့ မစွဲလမ်းမမှတ်ယူတော့ဘဲ ဥဒါသိန်မှုပြီး လျစ် လျူရှုကာနေလိုက်တော့တယ်။ ဥပမာနှိုင်းပြရမယ်ဆိုရင် အကျင့်ဖောက် ပြန်နေတဲ့ ဇနီးရှိတဲ့ယောကျာ်းတစ်ဦးဟာ မိမိရဲ့ဇနီးကို ချစ်မြတ်နိုးနေ သမျှ ကာလပတ်လုံး စိတ်ဆင်းရဲနေရတယ်။ အဲဒီဇနီးကို ကွာရှင်း လိုက်တဲ့ အခါမှာ အဲဒီမိန်းမက တခြားယောကျာ်းနဲ့ ဖောက်ပြားနေ တာကို မြင်ရပေမယ့် ငါနဲ့မဆိုင်တော့ဘူးလို့ ဥဒါသိန်ပြုပြီး လျစ်လျူရှု ထားနိုင်တော့တယ်။

"သင်္ခါရတရားကို လျစ်လျူရှုလိုက်တဲ့အခါမှာ ဘာမှ ကြောင့်ကြ စိုက်စရာမလိုတော့ဘဲ ဝိပဿနာအာရုံကို သူ့အလိုအလျောက် ကောင်း



စွာ ရှုမှတ်နိုင်လာတယ်။ အဲဒီအခါမှာ သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်လာ ပြီလို့ မှတ်ယူတယ်။

(၁၂) "သင်္ခါရုပေက္ခာဉာဏ်ကို ပိုင်ဆိုင်ပြီးတဲ့ ယောဂီဟာ သမာဓိ ရင့်သန်ပြီး ပူပန်ခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ အမတဓာတ် နိဗ္ဗာန်မြတ် ကို ငြိမ်သက်တဲ့ သန္တိအနေဖြင့် ရှုမှတ်နိုင်တယ်ဆိုရင် သင်္ခါရတရား များကိုစွန့်ပြီး နိဗ္ဗာန်သို့ ပြေးဝင်သွားတော့တယ်။ နိဗ္ဗာန်ကို မရှုမှတ်နိုင် သေးဘူးဆိုရင် သင်္ခါရတရားကိုပဲ အဖန်ဖန်တလဲလဲ အာရုံပြုနေရ တယ်။

"သင်္ခါရုပေက္ခာဉာဏ်ကို ပင်လယ်ကူး သင်္ဘောပေါ်မှာ ကုန်သည် များ ယူဆောင်သွားကြတဲ့ အရပ်မျက်နှာသိတဲ့ ဒိသာကာက ကျီးနဲ့ ဥပမာနှိုင်းကြတယ်။ ကမ်းခြေကိုလည်းမမြင်ရ၊ အရပ်မျက်နှာကိုလည်း မသိတဲ့အခါမှာ ဒိသာကာက ကျီးကိုလွှတ်ကြတယ်။ ကျီးဟာ သင်္ဘော နဲ့ ရွက်တိုင်ဖျားမှာနားပြီး အရပ်လေးမျက်နှာသို့ရော၊ ထောင့်လေး ထောင့် အရပ်သို့ရော၊ အစဉ်လိုက်ပျံသန်းသွားတယ်။ တကယ်လို့ ကမ်းခြေကိုတွေ့ရင် အဲဒီကျီးဟာ သင်္ဘောဆီ ပြန်မလာတော့ဘူး။ ကမ်းခြေအရောက် ပျံသွားတော့တယ်။ တကယ်လို့ ကမ်းခြေကို မတွေ့ရင် သင်္ဘောဆီသို့ပဲ ပြန်လာတယ်။

"သင်္ခါရုပေက္ခာဉာဏ်ဟာလည်း နိဗ္ဗာန်ကို လှမ်းမြင်ရင် နိဗ္ဗာန်သို့ ပြေးဝင်သွားတော့တယ်။ နိဗ္ဗာန်ကို မမြင်နိုင်ရင်တော့ သင်္ခါရတရားကိုပဲ ပြန်ပြီး အာရုံပြုရပါတယ်။

"သင်္ခါရုပေက္ခာဉာဏ်ရင့်သန်ပြီး အထွတ်အထိပ်သို့ရောက်တဲ့ အခါမှာ မဂ်အပွနာဝီထိ ဖြစ်ပေါ်တယ်။ ဘဝင်စလန၊ ဘဝင်္ဂုပစ္ဆေဒလို့ ဘဝင်နှစ်ကြိမ်လှုပ်ပြီး ဘဝင်အစဉ်ပြတ်သွားတယ်။ ပြီးတော့ မနောဒွါရာ ဝဇ္ဇန်းစိတ်ဖြစ်တယ်။ အဲဒီနောက်မှာ ပရိကမ်၊ ဥပစာ၊ အနုလုံလို့

www.burmeseclassic.com

www.burmeseclassic.com



အမည်ရတဲ့ **အနုလောမဉာဏ်**ဖြစ်ပေါ်ပါတယ်။ အဲဒီဉာဏ်က အနိစ္စ ဒုက္ခ၊ အနတ္တလက္ခဏာသုံးပါးမှာ တစ်ပါးပါးကို အာရုံပြုတယ်။ အဲဒီနောက်မှာ နိဗ္ဗာန်ကိုအာရုံပြုတဲ့ ဂေါတြဘုစိတ်ဖြစ်တယ်။ ဒီစိတ်ဟာ ပုထုဇဉ်အနွယ်ကိုဖြတ်တဲ့ **ဂေါတြဘုဉာဏ်**ပဲ။ ဂေါတြဘုစိတ်ဖြစ်ပြီးတာ နဲ့တစ်ပြိုင်နက် မဂ်စိတ်တစ်ကြိမ် ဖိုလ်စိတ် နှစ်ကြိမ်ဖြစ်ပြီး အပ္ပနာဝီထိ ပြီးဆုံးသွားတယ်။

"မဂ်အပ္ပနာဝီထိဟာ တစ်စက္ကန့်ရဲ့ ကုဋေတစ်သိန်းပုံ ရှစ်ပုံလောက် အတွင်းမှာ ပြီးဆုံးသွားတယ်။ ဒီတိုတောင်းတဲ့အချိန်အတွင်းမှာ **အနုလောမဉာဏ်၊ ဂေါတြဘုဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်**ရယ်လို့ ဉာဏ်လေးပါး ဖြစ်ပေါ်သွားကြတယ်။

"ဆီမီးဟာ မီးစာကိုလောင်၊အမှောင်ပယ်ရှင်း၊ အလင်းရောင် လွှမ်း၊ ဆီခန်းစေမှုဆိုတဲ့ လေးခုသောကိစ္စတို့ကို တစ်ပြိုင်နက်တည်း ပြီးစေသလို မဂ်ဉာဏ်ကလည်း ဒုက္ခသစ္စာကို ပိုင်းခြားပြီးသိခြင်း၊ သမုဒယသစ္စာကိုပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို ဖြစ်ပေါ်လာစေခြင်းဆိုတဲ့ ကိစ္စလေးချက်ကို တစ်ပြိုင်နက် တည်း ပြီးမြောက်စေတယ်။

"မဂ်ဉာဏ်ဖြစ်ပြီးတာနဲ့တစ်ပြိုင်နက် မဂ်ရဲ့အကျိုးဖြစ်တဲ့ ဖိုလ် ဉာဏ်ဖြစ်ပေါ်လာတယ်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရပြီးတဲ့ပုဂ္ဂိုလ်ဟာ ပုထုဇဉ် မဟုတ်တော့ဘူး။ အရိယာအနွယ်ဝင် **သောတာပန်**ဖြစ်သွားပြီး အမြဲ မရွေး နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ဖလသမာပတ် ဝင်စားနိုင်တယ်။ (၁၃)"မဂ်ဝီထိ ပြီးဆုံးသွားတဲ့အခါ ဘဝင်စိတ်ကျတယ်။ ဘဝင်ကျပြီး တော့ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်တို့ကို ပြန်လည်ဆင်ခြင်တဲ့ ပစ္စ ဝေက္ခဏာ ဝီထိများဖြစ်ပေါ်တယ်။ ဒီဝီထိမှာ မဟာကုသိုလ်ဉာဏ် သမ္ပယုတ် ဇောစိတ်တို့နဲ့ယှဉ်တဲ့ဉာဏ်ကို **ပစ္စဝေက္ခဏာဉာဏ်**လို့ခေါ် တယ်။



"သောတာပန်ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်ဟာ ရုပ်နာမ်ခန္ဓာကို ထပ်ရှုမှတ်ရင် **သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာ** အထိ တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက် သွားနိုင်ပါတယ်။ ရဟန္တာဖြစ်တဲ့အခါ ကိလေသာ အညစ်အကြေးတွေ လုံးဝကင်းစင် ချုပ်ငြိမ်းသွားကြပြီ။ ဘုရားနဲ့ ပစ္စေကဗုဒ္ဓါတို့မှလွဲရင် အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တဲ့အတွက် လူနတ်ဗြဟ္မာတို့ရဲ့ လှူဒါန်းပူဇော်ခြင်း ကိုခံယူထိုက်တဲ့ ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်လာပါတော့တယ်။"

## ဝိသုဒ္ဓိခုနစ်ပါး ပြည့်စုံသွား

"ဗုဒ္ဓမြတ်စွာဘုရားရဲ့ လမ်းဟာ ကိလေသာ အညစ်အကြေးမှ ခင်ကြယ်ရေးလမ်းစဉ်ပဲ။ ကိလေသာကင်းစင်နေတဲ့လူဟာ ဒုစရိုက်ခပ် သိမ်းမှ ကင်းဝေးပြီး သုစရိုက်ခပ်သိမ်းနဲ့ ပြည့်စုံနေတယ်။ လူချမ်းသာ နတ်ချမ်းသာတို့ထက် အဆပေါင်းများစွာသာလွန်တဲ့ နိဗ္ဗာန်ချမ်းသာကို လည်း ခံစားနေရတယ်။

"ကိလေသာ ကင်းစင်ရေးအတွက် ဗုဒ္ဓက မဂ္ဂင်ရှစ်ပါးလမ်းစဉ်ကို ချမှတ်ပေးခဲ့တယ်။ သည်မဂ္ဂင်ရှစ်ပါးလမ်းစဉ်ဟာ သတိပဋ္ဌာန်ဝိပဿနာ လမ်းစဉ်ပဲ။

"တစ်ခါမဂ္ဂင်ရှစ်ပါးကို သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ ဆိုပြီး သိက္ခာသုံးပါးအဖြစ် ပိုင်းခြားနိုင်သေးတယ်။

"သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတဲ့ မဂ္ဂင်သုံးပါးကို **သီလသိက္ခာ**လို့ခေါ်တယ်။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတဲ့ မဂ္ဂင်သုံးပါးကို **သမာဓိသိက္ခာ**လို့ခေါ်တယ်။ သမ္မာဒိဋ္ဌိနဲ့

www.burmeseclassic.com

www.burmeseclassic.com



သမ္မာသင်္ကပ္ပမဂ္ဂင် နှစ်ပါးကိုတော့ **ပညာသိက္ခာ**လို့ခေါ်တယ်။

(၁) "ဝိပဿနာရှုမှတ်နေတဲ့ယောဂီဟာ ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့ကို လွန်ကျူးခြင်းမရှိတဲ့အတွက် သီလလုံခြုံနေပါတယ်။ သီလလုံခြုံနေတဲ့သူဟာ သီလစင်ကြယ်နေတာဖြစ်လို့ **သီလဝိသုဒ္ဓိ**နဲ့ ပြည့်စုံတယ်လို့ ဆိုနိုင်ပါတယ်။

(၂) "တစ်ခါ ဝိပဿနာရှုရင်းနဲ့ ခဏိကသမာဓိ၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိတွေရလာတဲ့အခိုက်မှာ စိတ်အစဉ်မှာ နီဝရဏ အညစ်အကြေးတွေ ကင်းစင်နေတဲ့အတွက် စိတ်စင်ကြယ်ခြင်းဆိုတဲ့ **စိတ္တဝိသုဒ္ဓိ**နဲ့လည်း ပြည့်စုံတယ်လို့ ဆိုနိုင်ပါတယ်။

(၃) "ဝိပဿနာရှုမှတ်လို့ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်ပေါ်လာတဲ့အခါ ရုပ်နဲ့နာမ်ကိုခွဲခြားပြီး သိမြင်လာတယ်။ ခန္ဓာငါးပါးအပေါင်းအစု တဲ့ ကိုယ်စိတ်နှစ်ပါးဟာ ရုပ်နဲ့နာမ်မျှသာဖြစ်တယ်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမရယ်လို့ မဟုတ်ဘူး။ အဲသ ရုပ်နာမ်နှစ်ပါးကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါးစသည်ဖြင့် ထ မှတ်စွဲလမ်းနေတဲ့အမြင်မှားခြင်း ဒိဋ္ဌိမှ စင်ကြယ်သွားတဲ့ဉာဏ် **ဒိဋ္ဌိဝိသုဒ္ဓိ**လို့ခေါ်တယ်။

(၄) "တစ်ခါ ဝိပဿနာ ဆက်လက်ပွားများလို့ ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပေါ်လာတဲ့အခါ အကြောင်းနဲ့အကျိုးကို ဝေဖန်ခွဲခြားပြီး သိမြင်လာ တယ်။ သွားလိုတဲ့အကြောင်းကြောင့် သွားခြင်းဖြစ်လာတယ်။ ရပ်လို အကြောင်းကြောင့် ရပ်ခြင်းဖြစ်လာတယ်။ တစ်ဖန် ရုပ်နာမ်တို့ အကြောင်းကိုရှာတဲ့အခါ ရူပကာယဆိုတဲ့ ကိုယ်ခန္ဓာဟာ အဝိဇ္ဇာ တဏှာ၊ ဥပါဒါန်၊ ကံဆိုတဲ့ ဇနကအကြောင်းလေးပါးကြောင့် ဆ ဖြစ်ပေါ်လာတယ်။ ဖြစ်ပေါ်ပြီးတဲ့နောက် အာဟာရဆိုတဲ့ ဥပထမ္ဘ အကြောင်း အထောက်အပံ့ကြောင့် ဆက်လက်ပြီး ဖြစ်လိုက်ပျက်လိုက် တည်ရှိနေတယ်။ နာမကာယခေါ်တဲ့ နာမ်တရားရဲ့အကြောင်းကို ရှာဖွေတဲ့အခါ စက္ခုပသာဒနဲ့ ရူပါရုံထိတိုက်မိတဲ့အကြောင်းကြောင့် စက္ခုဝိညာဏ်ဖြစ်ပေါ်လာတယ်။ သောတပသာဒနဲ့ သဒ္ဒါရုံထိတိုက်မိတဲ့ အကြောင်းကြောင့် သောတဝိညာဏ်ဖြစ်ပေါ်လာတယ်။

"အဲသလိုဆိုင်ရာဆိုင်ရာအကြောင်းတွေကြောင့်သာ နာမ်နဲ့ရုပ်တို့ ဖြစ်ပေါ်လာကြတယ်။ ဣဿရဖန်ဆင်းရှင်၊ တန်ခိုးရှင်တစ်ဦးဦးက ဖန်ဆင်းထားတဲ့အကြောင်းကြောင့် ဖြစ်လာတာမဟုတ်ဘူး။ သည်လို သိမြင်လာတဲ့အခါမှာ ကင်္ခါဆိုတဲ့ယုံမှားခြင်းကို ဝိတရဏ= လွန်မြောက်လျက်၊ ဝိသုဒ္ဓိ=ဉာဏ်အမြင်စင်ကြယ်သွားတယ်။ **ကင်္ခါဝိတရဏဝိသုဒ္ဓိနဲ့** ပြည့်စုံလာတယ်လို့ ဆိုနိုင်ပါပြီ။

(၅) "ယောဂီဟာ ဝိပဿနာဆက်ရှုမှတ်တော့ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်တို့ ဖြစ်ပေါ်လာကြတယ်။ ဥဒယဗ္ဗယဉာဏ်အနုပိုင်းမှာ အရောင်အလင်း ဩဘာသ၊ ပီတိ၊ ပဿဒ္ဓိ၊ သုခ၊ အဓိမောက္ခ၊ ပဂ္ဂဟ၊ ဥပေက္ခာနဲ့ ထက်မြက်တဲ့ အသိဉာဏ်ဆိုတဲ့ ဥပက္ကိလေသာတွေ ဖြစ်ပေါ်လာကြတဲ့အခါ ဒီကိလေသာတို့ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ထင်ပြီး သာယာနေတတ်တယ်။ အကြားအမြင်နဲ့ပြည့်စုံတဲ့ ယောဂီတို့က ဥပက္ကိလေသာ ၁၀ ပါးဆိုတာ အရိယမဂ်ရဲ့ ရှေ့အဖို့ဖြစ်တဲ့ ဝိပဿနာခရီးလမ်းမှန်မဟုတ်။ ကောက်ကျစ်လွဲချော်တဲ့ ခရီးလမ်းမှားပဲ။ ဥပက္ကိလေသာတို့မှ လွတ်မြောက်တဲ့ ဝိပဿနာလမ်းစဉ်ကသာလျှင် အရိယမဂ်ရဲ့ ရှေ့အဖို့ဖြစ်တဲ့ ဝိပဿနာခရီးလမ်းမှန် ဖြစ်ပါတယ်။

"အဲသလို ဝိပဿနာခရီးလမ်းမှန်ကို လမ်းမှားမှ ခွဲခြားပြီးတဲ့ဉာဏ်အမြင် စင်ကြယ်သွားခြင်းကို **မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ**လို့ခေါ် အပ်ပါတယ်။ ဝိသုဒ္ဓိငါးပါးရသွားပြီနော်။

(၆) "ဥပက္ကိလေသာတို့မှ လွတ်ကင်းသွားတဲ့ ဥဒယဗ္ဗယဉာဏ်အစစ်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းမှစတင်ပြီး ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်အထိ အဆင့်ဆင့်ဉာဏ်အမြင် စင်ကြယ်သွားတာကို **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ**လို့ခေါ်ပါတယ်။

(၇) "သီလဝိသုဒ္ဓိမှစပြီး အောက်ဝိသုဒ္ဓိ ၆ ပါးကို အစဉ်အတိုင်း အားထုတ်ပြီးတဲ့အခါ ပထမမဂ်ဉာဏ်ရဲ့ ရှေ့နားမှာ အနုလုံသို့ရောက်လျှင် ဝိသုဒ္ဓိ ၆ ပါးပြည့်စုံပါပြီ။ အဲဒီအခါ အနုလောမဉာဏ်၊ ဂေါတြဘုဉာဏ်၊ မဂ်ဉာဏ်တို့ ဆက်တိုက်ဖြစ်ပေါ်လာကြတယ်။ မဂ်ဉာဏ်လေးပါးနဲ့ယှဉ်တဲ့ ဉာဏ်အမြင်စင်ကြယ်သွားခြင်းကို **ဉာဏဒဿနဝိသုဒ္ဓိ**လို့ခေါ်တယ်။

"**သောတာပတ္တိမဂ်ဉာဏ်**ဟာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဆိုတဲ့ ကိလေသာနှစ်ပါးကို အလျှင်းပယ်သတ်လိုက်တယ်။ သံယောဇဉ်အနေနဲ့ပြောရင် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသဆိုတဲ့ သံယောဇဉ်သုံးပါးကို အလျှင်းပယ်သတ်ပြီးတော့ အပါယ်လားစေတတ်တဲ့ ကာမရာဂသံယောဇဉ်နဲ့ ပဋိဃသံယောဇဉ်တို့ကိုလည်း ပယ်သတ်ပေးတယ်။ ဒါကြောင့် **သောတာပန်**ဟာ အပါယ်မလားတော့ဘူး။ လူ့ဘုံ၊ နတ်ဘုံတို့မှာ အလွန်ဆုံး ခုနစ်ဘဝပဲ ပဋိသန္ဓေနေတော့မယ်။ ပြီးရင် နိဗ္ဗာန်စံဝင်မယ်။

"**သကဒါဂါမိမဂ်ဉာဏ်**ဟာ အပါယဂါမနိယမှ ကြွင်းကျန်တဲ့ ရုန့်ရင်းတဲ့ ကာမရာဂ သံယောဇဉ်နဲ့ ပဋိဃသံယောဇဉ်တို့ကို ပယ်သတ်တယ်။ ပထမ မဂ်က ပယ်သတ်ပြီးတဲ့ ကိလေသာနှစ်ပါးအပြင် နောက်ထပ် ဘာကိလေသာကိုမှ မပယ်သတ်ပေမယ့် ကြွင်းကျန်နေတဲ့ ကိလေသာတို့ကို ပိုပြီးပါးလျားသွားစေပါတယ်။ **သကဒါဂါမိ**ပုဂ္ဂိုလ်ဟာ လူ့ပြည်သို့ တစ်ကြိမ်သာ ပြန်လာဖို့ရှိတယ်။ ပြီးရင် အထက်ဘုံများက



တစ်ဆင့် နိဗ္ဗာန်စံဝင်သွားလိမ့်မယ်။

"**အနာဂါမိမဂ်ဉာဏ်**က သိမ်မွေ့တဲ့ ကာမရာဂသံယောဇဉ်နဲ့ ပဋိဃသံယောဇဉ်တို့ကို ပယ်သတ်တယ်။ ကိလေသာအနေနဲ့က ဒေါသကိလေသာကို ပယ်သတ်တယ်။ ဒါကြောင့် **အနာဂါမ်**ဖြစ်ရင် ဘယ်တော့မှ စိတ်မဆိုးတော့ဘူး။ အနာဂါမ်ပုဂ္ဂိုလ်ဟာ လူ့ပြည်ကို တစ်ဖန်ပြန်မလာတော့ဘူး။ သုဒ္ဓါဝါသဗြဟ္မာဘုံများမှတစ်ဆင့် နိဗ္ဗာန်ကို စံဝင်သွားတော့မယ်။

"**အရဟတ္တမဂ်ဉာဏ်**က ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာဆိုတဲ့ သံယောဇဉ်ငါးပါးကို ပယ်သတ်တယ်။ လောဘ၊ မောဟ၊ မာန၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပဆိုတဲ့ ကိလေသာ ခုနစ်ပါးကိုလည်း ပယ်သတ်တယ်။ ရဟန္တာပုဂ္ဂိုလ်မှာ သံယောဇဉ်နှောင်ကြိုးတွေ၊ ကိလေသာ အညစ်အကြေးတွေ လုံးဝမရှိတော့ဘူး။ **ရဟန္တာ**အရှင်မြတ်များဟာ အသက်ရှင်ဆဲကာလမှာ သဉပါဒိသေသ နိဗ္ဗာန်ကို ခံစားနေကြရတယ်။ ပရိနိဗ္ဗာန်စံလွန်ကြတဲ့အခါ အနုပါဒိသေသ နိဗ္ဗာန်ကို ခံစားကြရတယ်။

"ဒကာ ဒကာမအပေါင်းတို့ ဝိပဿနာ ရှုမှတ်တဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်သို့ ဦးတည်နေတဲ့ တစ်ကြောင်းတည်းသော မဂ်လမ်းမကြီးပေါ်မှာ လမ်းလျှောက်နေတာပါ။ လျှောက်သွားရင်းနဲ့ ဝိပဿနာဉာဏ်စဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ရရှိသွားလိမ့်မယ်။ ဝိသုဒ္ဓိခုနစ်ပါးနဲ့လည်း တစ်ဆင့်ပြီးတစ်ဆင့် ပြည့်စုံလာလိမ့်မယ်။ မဂ်လမ်းမပေါ်မှာ မှန်မှန်သာ လျှောက်နေပါ။ ရောဂါအမျိုးမျိုးတို့ ပျောက်ကင်းပြီး ကာယသုခနဲ့ပြည့်စုံလာလိမ့်မယ်။ သောက၊ ပရိဒေဝစတဲ့ စိတ်ပူပန်စရာအားလုံး ကင်းငြိမ်းပြီး စိတ္တသုခနဲ့ပြည့်စုံလာလိမ့်မယ်။ အဲ နောက်ဆုံးမှာတော့ ကာယသုခ၊ စိတ္တသုခတို့ထက် ပိုပြီးငြိမ်းအေးချမ်းသာတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ ပျောက်ပျက်ခြင်းမရှိတဲ့ **သန္တိသုခခေါ် နိဗ္ဗာန်ချမ်းသာကို** မုချမသွေ ခံစားကြရလိမ့်မယ်။

"ဒါကြောင့် ဒကာ၊ဒကာမတို့ အချိန် ၅ မိနစ်ပဲရရ၊ ဆယ်မိနစ်ပဲရရ အကျိုးကျေးဇူးအများဆုံး၊ အဖိုးတန်ဆုံး လက်ငင်းချမ်းသာမှုကို အပေးနိုင်ဆုံးဖြစ်တဲ့ ဝိပဿနာအလုပ်ကို ကြိုးစားအားထုတ်ကြပါနော်။ မမေ့မလျော့ခြင်းဆိုတဲ့ အပ္ပမာဒတရားကို လက်ကိုင်ထားပြီး ကာယသုခ၊ စိတ္တသုခတို့ကို ကိုယ်စီကိုယ်ငှ ရယူခံစားကြပြီးလျှင် သန္တိသုခသို့ ချောချောမောမော အဆောတလျင် တက်လှမ်းနိုင်ကြပါစေသော်။"

*

အခန်း ( ၄ )

# ထူးဆန်းစွာ ရောဂါပျောက်ခြင်းများ

## ဘုရားပေးသည့် တရားဆေးကြီး

ဝိပဿနာတရား ရှုမှတ်သူများသည် ရောဂါများ ထူးဆန်းစွာ ပျောက်ကင်းကြသည့်အကြောင်းကို တက္ကသိုလ်ဝိပဿနာစာအုပ်တွင် မဟာစည်ဆရာတော်ဘုရား ရေးသားထားတော်မူခဲ့၏။

တော်ကူးဆရာတော်ဘုရားသည် ရှည်လျားသော ဣရိယာပုထ်ဖြင့် ဝိပဿနာတရားကို စွဲစွဲမြဲမြဲ ရှုမှတ်ရာတွင် ရောဂါဆိုးများ တစ်ခုပြီးတစ်ခု ကွာကျသွားခဲ့ကြ၏။ သက်တော် ၇၀ ပြည့်နှစ်အခါ၌ ဆေးသုဉ်းနဝင်းသုဉ်းပြီဟု သမားတော်များနှင့် ဗေဒင်ဆရာများက သတ်မှတ်ခဲ့ကြသော်လည်း သက်တော် ၉၆ နှစ်ကျော်သည်အထိ ဆရာတော်ဘုရားသည် ကျန်းမာရွှင်လန်းစွာဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့ပေသည်။

မိမိကိုယ်တိုင် သုံးစွဲခဲ့ပြီးသော ဓမ္မဩသဓခေါ် တရားအမြိုက်ဆေးကြီးကို ဆရာတော်သည် အများပြည်သူတို့အား ရောဂါခပ်သိမ်း ပျောက်ငြိမ်း၍ သားဘယာခပ်သိမ်း ကင်းဝေးကြစေရန် မှန်ပြောသော

www.burmeseclassic.com

www.burmeseclassic.com



စေတနာဖြင့် တိုက်ကျွေးပေးခဲ့၏။

ဝိပဿနာတရားသည် စိတ်အညစ်အကြေးအားလုံးကို ဆေးကြော နိုင်သော တစ်ခုတည်းသော ဆေးကြီးလည်းဖြစ်၏။

ပူဆွေးခြင်းသောကနှင့် ငိုကြွေးခြင်း ပရိဒေဝတို့ကို ငြိမ်းအေးစေ နိုင်သော တစ်ခုတည်းသော အစွမ်းထက်သည့်ဆေးကြီးလည်းဖြစ်၏။

ကိုးဆယ့်ခြောက်ပါးသော ရောဂါဝေဒနာအမျိုးမျိုးကို နေရောင် အောက်၌ နှင်းစက်များ လွင့်ပျောက်သွားကြသလို ကင်းပျောက်သွား စေနိုင်သော ဆေးမြတ်ဆေးထူးလည်းဖြစ်၏။

ဒိဋ္ဌိစွဲ၊ မာနစွဲ၊ တဏှာစွဲတို့ကို ပယ်ဖျောက်ပေးနိုင်သည့် တစ်ခု တည်းသော ဆေးစွမ်းကောင်းလည်းဖြစ်၏။

မဂ်ဖိုလ်နိဗ္ဗာန်သို့ ပေါက်ရောက်စေနိုင်သော တစ်ကြောင်းတည်း သော မဂ်လမ်းမကြီးလည်းဖြစ်၏။

တော်ကူးဆရာတော်သည် ဝေနေယျသတ္တဝါအပေါင်းတို့အား သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းနိုင်ကြစေခြင်းအကျိုးငှာ ကြီးမားသော မေတ္တာစေတနာ ဝီရိယတို့ဖြင့် ဝိပဿနာတရားအလုပ်ကို ညွှန်ကြား ပြသလျက်ရှိသည်။

ဝိပဿနာအလုပ်ကို ကျိုးကျိုးနွံနွံ အားထုတ်သူများသည် မြင့်မား သော လောကီ လောကုတ္တရာ အကျိုးစီးပွားများကို ရရှိခံစားကြရသည့် အပြင် ရောဂါမျိုးစုံမှ ပျောက်ကင်းသော အပိုဆုလာဘ်ကြီးကိုလည်း လက်ငင်းရရှိသွားကြ၏။

"သိပ္ပံနည်းနဲ့ ဖော်စပ်ထားတဲ့ ဆေးတွေကို ကြာကြာစားရင် ဘေးဥပဒ်ဖြစ်တတ်တယ်။ ဘုရားပေးတဲ့ သြသဓဆေးက ကြာကြာ စားလေ ကောင်းလေပဲ။ ကြံကို အဖျားပိုင်းကနေ အရင်းပိုင်းသို့ စုပ် စားရသလို ကြာလေချိုလေ အရင်းနီးလေ အရသာရှိလေပါပဲ။



ဒီဆေးကြီးတစ်လက်နဲ့ ရောဂါ ၉၆ ပါးလုံး အကုန်ပျောက်တယ်။ မူးဝေတဲ့ရောဂါ၊ ကိုက်ခဲတဲ့ရောဂါတို့ဆိုရင် သုံးလေးရက်အတွင်း ပျောက်တာပဲ။ နှစ်ရှည်လများ ကုလို့မပျောက်တဲ့ ဒူလာ၊ ပါဒရက်၊ ချောင်းဆိုး၊ ရင်ကျပ်၊ သွေးတိုး၊ လေနာ၊ အဖျဉ်း၊ အလုံး၊ လိပ် ခေါင်းစတဲ့ရောဂါတွေလည်း မကြာပါဘူး။ တရားစွဲစွဲမြဲမြဲ ရှုမှတ်ရင် ရောဂါပျောက်ကုန်တာပဲ။

"သတိထားဖို့ စကားတစ်ခွန်းကိုတော့ ဘုန်းကြီးကြိုတင်မှာထား ချင်တယ်။ တရားအလုပ်မှာ လောဘမစွက်နဲ့။ ရောဂါပျောက်ချင်တဲ့ လောဘစွက်ရင် တရားအတက်နှေးသွားမယ်။ တရားအတက်နှေးရင် ရောဂါပျောက်ဖို့ကလည်း နှောင့်နှေးသွားလိမ့်မယ်။ ဝိပဿနာအာရုံကို သာ စူးစူးစိုက်စိုက်မှတ်ပါ။ ဖောင်းတယ်၊ ပိန်တယ် မှတ်နေရင်းက ရောဂါရဲ့ဝေဒနာဟာ ထင်ပေါ်လာလိမ့်မယ်။ အဲဒီအခါမှာ ဝေဒနာ နုပဿနာရှုတဲ့အနေနဲ့ ရောဂါရဲ့ဝေဒနာကို စူးစူးစိုက်စိုက် ရှုပေတော့။ တရားဆေးရဲ့ အစွမ်းသတ္တိက ရောဂါမှာစုဝေးပြီး ရောဂါကို ညက်ညက် ကြေသွားအောင် ချေမှုန်းပေးလိမ့်မယ်။ ဝေဒနာပျောက်တဲ့အခါ ရောဂါလည်း ပျောက်သွားလိမ့်မယ်နော်။"

ဆရာတော်သည် ဣရိယာပုထ်ရှည်ရှည်ဖြင့် ဝေဒနာကို ကြာကြာ စူးစိုက်မှတ်နိုင်အောင် စောင့်ရှောက်ကာ အားပေး၏။ ဆရာတော်၏ ညွှန်ကြားချက်အတိုင်း ရိုသေစွာ ကြိုးစားကာ တရားအားထုတ်ကြ သော ရောဂါဝေဒနာရှင်များစွာတို့သည် ရောဂါဘေးတို့မှ ကင်းဝေး သွားခဲ့ကြ၏။

ဆရာတော်၏ မှတ်တမ်းမှ ထူးဆန်းစွာ ရောဂါပျောက်ကင်းကြ ကုန်သော ယောဂီတို့၏အကြောင်းအရာများကို ဆက်လက်ရေးသား ဖော်ပြပါမည်။

www.burmeseclassic.com

www.burmeseclassic.com



## မူးဝေရောဂါ ပျောက်ကင်းသည့်နမူနာ

သွေးအားနည်းသူများနှင့် ရာသီသွေးအဆင်းများသော အမျိုးသမီးများသည် မကြာခဏ မူးဝေတတ်ကြ၍ ဆေးရုံ ဆေးခန်းများမှ ညွှန်ကြားသည့်ဆေးများကို မှီဝဲကြသော်လည်း အချို့တို့မှာ ရောဂါ မပျောက်ဘဲ တပိန်ပိန် တလိမ်လိမ်ဖြစ်နေကြ၏။

မုဒုံမြို့နယ်၊ တံခွန်တိုင်ရွာနေ ဦးသိန်းလှိုင်၏ အသက် ၁၃ နှစ် မှ ၁၈ နှစ်အထိ အရွယ်ရှိကြသော သမီးပျိုလေးဦးတို့သည် မကြာမကြာ မူးဝေသောရောဂါကို ခံစားကြရ၏။ ဖခင်၏ တိုက်တွန်းမှုဖြင့် တော်ကူးဆရာတော်ဘုရားထံ ဝိပဿနာတရားရှုမှတ်ကြ၏။ ဆရာတော်က မတ်တတ်ရပ်သည့် ဣရိယာပုထ်ဖြင့် ကြာကြာရှုမှတ်နိုင်အောင် အားထုတ်စေ၏။ သုံးရက်မြောက်သည့်နေ့၌ သုံးနာရီကြာ၍ တစ်စပ်တည်း ရှုမှတ်နိုင်လာကြ၏။ မူးဝေသော ဝေဒနာကိုလည်း စူးစူးစိုက်စိုက် ရှုမှတ်နိုင်လာကြ၏။ ဝေဒနာကိုနိုင်အောင် ရှုမှတ်နိုင်လာကြသောအခါ အမူးရောဂါလည်း ပျောက်ကင်းသွားကြ၏။

ကျိုက္ခမီမြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူအချို့သည် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းကြည်၏ ဆောင်ကြဉ်းပေးမှုကြောင့် ဆရာတော်ဘုရား၏ သတိပဋ္ဌာန်ကျောင်း၌ ဝိပဿနာတရား ပွားများခွင့်ရကြ၏။ ငါးရက်မြောက်သောနေ့၌ ၄ နာရီမှ ၆ နာရီအထိကြာသော ဣရိယာပုထ်တို့ဖြင့် တရားရှုမှတ်လာနိုင်ကြ၏။ သူတို့တွင် စွဲကပ်နေသော အမူးရောဂါသည်လည်း ပျောက်ခြင်းမလှ ပျောက်ကင်းသွားပေ၏။

အချို့အသက်အရွယ် ကြီးရင့်သောအမူးရောဂါ ဝေဒနာရှင်များ လာရောက်သည့်အခါ ဆရာတော်သည် ကြိုးတန်း သို့မဟုတ် ဝါး



တန်းကိုကိုင်ထားစေပြီးလျှင် မတ်တတ်ရပ်သော ဣရိယာပုထ်ဖြင့်ပင် တရားရှုမှတ်စေ၏။ မူးဝေလာသည့်အခါ လဲမကျစေရန် စီစဉ်ပေးထားခြင်းဖြစ်၏။ အချို့ဝေဒနာရှင်တို့ကိုမူ တိုင်လုံးအနီးတွင် မတ်တတ်ရပ်၍ ရှုမှတ်စေပြီး မူးလာလျှင် တိုင်ကိုဖက်ထားစေလျက် ဆက်လက်ရှုမှတ်စေ၏။ အမူးဝေဒနာပျောက်အောင် နိုင်နင်းစွာရှုမှတ်နိုင်ကြသည့်အခါ အမူးရောဂါမှ ပျောက်ကင်းခွင့်ရရှိကြပေတော့၏။

## ဇက်ကြောတက်ရောဂါ ပျောက်ကင်းပွာ

ရုံးများတွင် တကုန်းကုန်းလုပ်နေကြသည့် ရုံးလုပ်သားများ၊ စာအရေးအဖတ်များသည့် စာပေလုပ်သားများ၊ ကုန်ထုတ်လုပ်ငန်းတစ်ခုခုတွင် ကြာရှည်စွာ ခေါင်းငုံ့ကာလုပ်ကိုင်ကြရသူများ စသောလုပ်သားများသာမက ကျောင်းသူကျောင်းသားများနှင့် အိမ်ရှင်မများသည်လည်း ဇက်ကြောတက်သည့်ရောဂါကို အနည်းနှင့်အများဆိုသလိုခံစားကြရ၏။

ဇက်ကြောတက်လျှင် တော်တော်အနေခက်၏။ ဇက်ကို မကြာမကြာ ကရုကရုမြည်အောင် လှည့်ပေးနိုင်မှ ခေတ္တသက်သာခွင့်ရ၏။ နင်းနှိပ်ပေးလျှင်လည်း ယာယီသက်သာခွင့်ရ၏။ ဇက်ကြောတက်ခြင်းကို ထာဝစဉ်ပျောက်ကင်းစေသောဆေးဟူ၍လည်း မရှိပါ။

ရန်ကုန်တက္ကသိုလ်တွင် ကျွန်တော်ပညာသင်ကြားစဉ်က ခဏခဏဇက်ကြောညောင်းလာတတ်ပါသည်။ ကိုယ့်ဇက်ကို ကိုယ်နှိပ်၍ သက်သာစေပါသည်။ အမေရိကန်နိုင်ငံ၌ ကျွန်တော် ပညာလေ့လာစဉ်အခါ၌ ဇက်ကြောတက်သည့်ရောဂါ ပိုဆိုးလာ၏။ စိတ်ညစ်စရာကောင်းအောင် ရောဂါပိုဆိုးလာသည့်အခါ အမေရိကန်အကြော

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ဆီသွားရ၏။ အမေရိကန်အကြောဆရာဝန်တို့က မြန်မာအကြောဆရာဝန်တို့လို နှိပ်မပေးတတ်ပါ။ စက်ကိုသုံး၍ အကြောဖြေပေး၏။ မထိရောက်လှပါ။ အခကြေးငွေကမူ မသေးလှ။ ထို့ကြောင့် နောက်ထပ်၍ မသွားဝံ့တော့ပါ။

မြန်မာနိုင်ငံသို့ ပြန်ရောက်ပြီးသည့်နောက်၌လည်း ဇက်ကြောတက်သည့်ရောဂါသည် ကျွန်တော့်ကို ကောင်းကောင်း ညှဉ်းဆဲလျက်ပင်ရှိ၏။ ကျွန်တော်က စာအရေး စာအဖတ်များ၍ ဇက်ကြောတက်သည်ဟု ထင်မှတ်၏။ သို့သော် ဆောင်ရွက်စရာအလုပ် လေးငါးခုဆုံလာ၍ စိတ်ရှုပ်လာသည့်အခါ ပိုပြီးဇက်ကြောတက်လာသည်ကို သတိပြုမိ၏။ ထို့ကြောင့် ဤရောဂါသည် စိတ်နှင့် တိုက်ရိုက်ဆက်နေသော ရောဂါတစ်မျိုးပါပေ။

ရန်ကုန်မဟာစည်သာသနာ့ရိပ်သာ၌ ဉာဏ်စဉ်နာခွင့်ရသည်အထိ ကျွန်တော် ဝိပဿနာရှုမှတ်ပြီးသောအခါ၌ ဇက်ကြောတက်သောရောဂါသည် ထူးထူးခြားခြားပင် သက်သာပျောက်ကင်းနေလေ၏။ တော်ကူးဆရာတော်ဘုရားထံ တရားရှုမှတ်ကြသူများစွာတို့သည်လည်း ဇက်ကြောတက်သည့်ရောဂါမှ သက်သာလွတ်ကင်းခွင့် ရရှိကြ၏။

ရေးမြို့၊ အောင်မင်္ဂလာရပ်ကွက်မှ မခင်လေးရွှေသည် တော်ကူးဆရာတော်ထံ ၉ ရက်ကြာ ဝိပဿနာရှုမှတ်ပြီးသည့်အခါ၌ မိမိ ၆ နှစ်ကြာ ခံစားခဲ့ရသည့် ဇက်ကြောတက်သောဝေဒနာမှ လုံးလုံးလျားလျား လွတ်မြောက်သွားတော့၏။

မုဒုံမြို့မှ မငွေစိန်သည် မတ်တတ်ရပ်သော ဣရိယာပုထ်ဖြင့် သုံးနာရီကြာအောင် ရှုမှတ်လာနိုင်သောအခါ သူခံစားနေရသည့် နောက်ကြောတက်သည့်ရောဂါနှင့် ဒူးခေါင်းနာရောဂါတို့သည် တစ်စတစ်စ သက်သာလာကာ ပျောက်ကင်းသွားကြ၏။



## ပေါင်ဆွဲဒူးနာ ပျောက်ကင်းသည့်နမူနာ

ပေါင်တစ်ဘက်အကြောဆွဲ၍ ကောင်းစွာလမ်းမလျှောက်နိုင်သူများနှင့် ဒူးခေါင်းနာသူများသည် ရောဂါနှင့် သင့်မြတ်သည့်ဆေးဝါးများကို ရှာဖွေမှီဝဲရသည်မှာ မလွယ်ကူပါ။ အများအားဖြင့် ဆေးသာစုံသွားသည်။ ရောဂါမှာ မြဲလျက်သာ ကျန်ရစ်၏။ ဤရောဂါများသည်လည်း ဓမ္မသြသဓဆေးကြီးနှင့်ကုသလျှင် မကြာမတင် ပျောက်ကင်းသွားနိုင်ပေ၏။

တော်ကူးဆရာတော်ဘုရားသည် ညာခြေဆွဲသောရောဂါ၊ မူးဝေသောရောဂါ၊ မျက်စိလည်သောရောဂါ၊ အဏ္ဍဝုမိ (မုတ်)ရောဂါ စသည်တို့ကို နှစ်ရှည်လများ ခံစားခဲ့ရ၏။ မော်လမြိုင်မြို့၊ ဝ မဟာသတိပဋ္ဌာန်ကျောင်းတိုက်၌ ဆရာတော် တရားမှတ်စဉ်အခါဝယ် လက်ယာဘက်ပေါင်ကြောကြီးသည် အလွန်အမင်း တောင့်တင်း၍ ထိုးအောင့်ကိုက်ခဲလာသဖြင့် မျက်ရည်တောက်တောက်ကျကာ အသံထွက်အောင် အော်နေရ၏။ ဆရာတော်သည် မလျှော့သော ဇွဲသတ္တိတို့ဖြင့် နေ့စဉ် ၆ နာရီကြာသော ဣရိယာပုထ်ဖြင့် သုံးလကြာအောင် ရှုမှတ်ပြီးသောအခါ ထိုမခံမရပ်နိုင်သော ဝေဒနာသည် ရေပုံးထဲကရေကို သွန်လောင်းလိုက်သည့်ပမာ လျှောဆင်းသွားပြီး ပျောက်ကင်းသွားပေ၏။ ဆရာတော်၏ ရောဂါတို့သည်လည်း ပျောက်ကင်းသွားကြလေ၏။

မုဒုံမြို့နယ်၊ တောင်ပေါက်ကျေးရွာမှ အသက် ၆၀ နှစ်အရွယ်ရှိသော ဦးဝေါသည် တော်ကူးဆရာတော်ဘုရားထံမှောက်၌ ဝိပဿနာတရားရှုမှတ်၏။ ၇ ရက်မျှ ရှုမှတ်ပြီးသောအခါ သူ၌ ၅ နှစ်ကြာ စွဲကပ်နေသည့် ခြေဆွဲရောဂါသည် ပျောက်ကင်းသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မုဒုံမြို့နယ် ကောဟပီထော်ရွာမှ ဒေါ်သိန်းတင်သည် ခြေဆွဲသော ရောဂါစွဲကပ်၍ တစ်လမျှကြာသောအခါ တော်ကူးဆရာတော်ထံ တရားလာအားထုတ်၏။ သူ၏ ခြေဆွဲရောဂါသည်လည်း ၇ ရက် အတွင်း၌ပင် ပျောက်ကင်းသွား၏။

ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့မှ ဒေါ်ချိုသည် သစ်ပင်ပေါ်မှလိမ့်ကျ သဖြင့် အကြောထိခိုက်ပြီး ခြေတစ်ဖက်ဆွဲသွား၏။ ရန်ကုန် မဟာစည် သာသနာ့ရိပ်သာ၌ ဒေါ်ချိုတရားအားထုတ်နေစဉ် မော်လမြိုင်မြို့ဝ မဟာသတိပဋ္ဌာန်ကျောင်းတိုက်မှ သီလရှင်တစ်ပါးနှင့်ဆုံမိ၏။ ထိုသီလ ရှင်၏ အကျိုးဆောင်မှုကြောင့် ဒေါ်ချိုသည် တော်ကူးမဟာသတိပဋ္ဌာန် ကျောင်းသို့ရောက်လာ၏။ ဒေါ်ချိုသည် ဣရိယာပုထ်၏ အရှည်ကာလ ကို တဖြည်းဖြည်းတိုး၍ တရားရှုမှတ်လာရာ ၄ နာရီကြာအောင် တရစပ် ရှုမှတ်နိုင်သောအခါ၌ ရောဂါဝေဒနာယုတ်လျော့လာ၏။ တစ်လခန့်ကြာသောအခါ၌ ၇ နာရီပေါက်အောင် တစ်စပ်တည်း ရှု မှတ်နိုင်လာ၏။ ထိုအခါ ခြေဆွဲရောဂါသည် လုံးဝပျောက်ကင်းသွား တော့၏။

မုဒုံမြို့မှ အသက် ၄၈ နှစ်အရွယ်ရှိသော ဒေါ်ထွားရင်သည် ဒူးနာသည့်ရောဂါကို ၂ နှစ်ကြာအောင် ခံစားခဲ့ရ၏။ တော်ကူး မဟာသတိပဋ္ဌာန်ကျောင်းသို့လာ၍ တရားအားထုတ်ရာ ၂၀ ရက်ကြာ သည့်အခါ၌ ထိုင်သောဣရိယာပုထ်ဖြင့် ၅ နာရီ၊ ရပ်သော ဣရိယာပုထ် ဖြင့် ၅ နာရီ တစ်စပ်တည်း ရှုမှတ်နိုင်လာ၏။ မကြာမီ ပင် သူ၏ ဒူးနာရောဂါသည် ပျောက်ကင်းသွား၏။

မုဒုံမြို့ ပေါ်တော်မူကျောင်းတိုက်၌ သီတင်းသုံးသော ဦးဥတ္တမ သည် ဒူးဆစ်တစ်ဘက်၌ ဂုံညင်းအနေအထား ချွတ်ယွင်းသည့်အတွက် နှစ် ၂၀ ကြာမျှ လမ်းမလျှောက်နိုင်ချေ။ တော်ကူးဆရာတော်ဘုရားထံ



၌ ဝိပဿနာတရားရှုမှတ်ရာ ဆရာတော်၏ အားပေးမှုကြောင့် ရပ် ထိုင် သွား ဣရိယာပုထ်တစ်မျိုးစီ၌ ၆ နာရီကြာမျှ တစ်စပ်တည်း တရားရှုမှတ်နိုင်လာ၏။ ၃ လနှင့် ၁၀ ရက် ရှုမှတ်ပြီးသောအခါ၌ ဦးဥတ္တမသည် အခြားရဟန်းသံဃာများနှင့်အတူလိုက်၍ ဆွမ်းခံကြွ သွားနိုင်သည့်အခြေအနေသို့ ဆိုက်ရောက်လာ၏။

သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်ရွာနေ ဒေါ်ဖွားကြည်သည် ဒူး နာရောဂါကို ၁၀ နှစ်ကြာမျှ ခံစားနေရ၏။ တော်ကူးဆရာတော်ဘုရား ထံ၌ ဝိပဿနာတရားရှုမှတ်ရာ ရက် ၂၀ အတွင်း၌ပင် ဒူးနာရောဂါ သက်သာလာပြီး ပျောက်ကင်းသွားပါတော့၏။

## ထုံကျဉ်ကိုက်ခဲ ပျောက်မည်မလွဲ

ထုံကျဉ်ခြင်းနှင့် ကိုက်ခဲခြင်းတို့သည် အကြောအခြင်နှင့်ဆိုင်သော ရောဂါများဖြစ်ကြ၏။ ကယ်လဆီယမ်စသည့်သတ္တုဓာတ်များနှင့် ဗီတာ မင်များ ချို့တဲ့မှုကြောင့် ဖြစ်ပေါ်လာကြသည်ဟု ယူဆရ၏။ သို့ သော် ဤရောဂါဝေဒနာများနှင့် လုံးဝကင်းလွတ်နေသည့်လူဟူ၍မရှိပါ။

တောနယ်များ၌ ထုံကျဉ်ကိုက်ခဲသည့် ဝေဒနာကို မခံသာအောင် ခံစားကြရသည့်အခါ စုတ်တံဖြင့် ဆေးထိုးကြ၏။ အနှိပ်သည်များထံ၌ သွား၍ အနှိပ်အနယ်ခံကြ၏။ သို့သော် ယာယီသာ သက်သာခွင့်ရ သည်။ မကြာမြင့်မီပင် ဒုံဟောင်းအတိုင်း ဝေဒနာခံစားကြရပြန်၏။

အေပီစီ, အင်နယ်ဂျက်ဆင်, ပွန်စတင် စသည့် အကိုက်အခဲ ပျောက်ဆေးတို့ကို မှီဝဲလျှင်လည်း ထူးမခြားနားပင်။ ဝေဒနာကို ခံသာအောင် အာရုံကြောများကို ခေတ္တလွှမ်းမိုးပေးထားရုံသာရှိသည်။ ရောဂါဇာစ်မြစ်ကို မထုတ်ပယ်ပစ်နိုင်ပါ။ ထို့ကြောင့် မကြာမီဘာစ်ဖန်

www.burmeseclassic.com

www.burmeseclassic.com



ထုံကျဉ်ကိုက်ခဲလာကြပြန်ပါသည်။

ဤရောဂါများအတွက်လည်း အန္တရာယ်အကင်းဆုံးနှင့် အကျိုးကျေးဇူးအများဆုံးဆေးမှာ ဓမ္မသြသဓဆေးကြီးပင်ဖြစ်၏။ ဤဆေးကြီးကို မှီဝဲရ၍ ရောဂါပျောက်ကင်းသွားကြသည့်သူများမှာ ဒုနှင့်ဒေးပင်ရှိခဲ့ကြပြီ။

မုဒုံမြို့၊ ဘုရားလေးဆူရပ်မှ မငွေစိန်သည် တစ်ကိုယ်လုံး ထုံကျဉ်ကိုက်ခဲနေသောရောဂါကို ၆ နှစ်ကြာအောင် ခံစားနေရ၏။ ဆေးမြီးတိုများစွာနှင့် ဆရာဝန်ညွှန်ကြားသောဆေးများကို မှီဝဲခဲ့ပါ၏။ ရောဂါကား မပျောက်ပါ။

'ပန်းသတင်းလေညင်းဆောင် လူသတင်းလူချင်းဆောင်' ဆိုသည်နှင့်အညီ တောင်ကူးဆရာတော်၏သတင်းကို ကြားသိရသဖြင့် ဆရာတော်၏ခြေရင်းသို့ မငွေစိန်ရောက်လာချေပြီ။ ထိုင်ခြင်းနှင့်ရပ်ခြင်း ဣရိယာပုထ်များတွင် ၄ နာရီမှ ၆ နာရီကြာအထိ မငွေစိန် တရစပ်ရှုမှတ်လာနိုင်ပြီ။ တစ်လခန့် ရှုမှတ်ပြီးသောအခါ နှစ်ရှည်လများဒုက္ခပေးခဲ့သော ထုံကျဉ်ကိုက်ခဲသည့်ရောဂါသည် ကင်းစင်သွားပေတော့၏။ မငွေစိန်တစ်ယောက် သိန်းဆုပေါက်သည့်ပမာ ဝမ်းမြောက်လိုက်သည့်ဖြစ်ခြင်း။

မုဒုံမြို့နယ်၊ တံခွန်တိုင်ရွာသူတစ်ဦးဖြစ်သော မအုံးတင်သည်လည်း ထုံကျဉ်ကိုက်ခဲသည့်ရောဂါကို ခံစားနေခဲ့ရ၏။ ဆရာတော်ဘုရားထံတွင် ဝိပဿနာတရားအားထုတ်ရာ ၁၂ နာရီကြာသည်အထိ တစ်စပ်တည်းရပ်ကာ ရှုမှတ်နိုင်ခဲ့၏။ ထိုမျှကြာအောင် ရှုမှတ်ပြီးသည့်အခါ ရောဂါလွင့်စဉ်သွားသဖြင့် အေးငြိမ်းခြင်းဝေဒနာကိုသာ မအုံးတင်ခံစားနေရတော့၏။

ကမာဝက်ရွာ၊ တံတားဦးရပ်နေ၊ ဒေါ်ပိန်ဆိုသူသည် အမည်သာ



ပိန်သော်လည်း လူမှာ ဝဝဖြိုးဖြိုးကြီး ဖြစ်နေ၏။ ကျွန်တော်တို့နှင့်ကောင်းစွာ ရင်းနှီးသူတစ်ဦးလည်း ဖြစ်၏။ တောင်ကူးမဟာသတိပဋ္ဌာန်ကျောင်းတွင် ကျွန်တော်တို့ တရားဝင်နေကြောင်း ဒေါ်ပိန်သတင်းကြား၍ ဆွမ်းဟင်းနှစ်ချိုင့်လာပို့၏။ ထိုအခါ သူ့ရောဂါပျောက်ကင်းပုံကို ကျွန်တော်တို့အား ပြောပြ၏။

လွန်ခဲ့သော ၁၃ နှစ်ကျော်က ဒေါ်ပိန်သည် လျှပ်စစ်ဝါယာကြိုးကိုကိုင်မိ၍ ဓာတ်လိုက်သွား၏။ ဓာတ်အလိုက်ခံရသော လက်တစ်ဘက်သည် အမြဲထုံကျဉ်နေပြီး ကောင်းစွာလှုပ်ရှား၍ မရတော့ချေ။ ဘုရားရှိခိုးသည့်အခါ ထိုလက်ကို မပင့်တင်နိုင်သည့်အတွက် ကျန်လက်တစ်ဘက်ကိုသာချီပင့်၍ ဘုရားရှိခိုးရ၏။ ပိုဆိုးသည်မှာ လက်မှုအတတ်ဖြင့် အသက်မွေးဝမ်းကျောင်းနေရသူဖြစ်ရာ လက်တစ်ဘက်ကို အလိုရှိသလို မလှုပ်ရှားနိုင်သည့်အတွက် လွန်စွာအခက်အခဲဖြစ်ရ၏။

ဆရာများနှင့် သမားတော်များထံ ချဉ်းကပ်၍ လက်ရောဂါကို လိုက်လံကုသစေရာ စုဆောင်းထားသမျှသော ငွေကြေးသာကုန်သွား၏။ ရောဂါမှာ မထူးခြားလာပါ။ အကြံကုန်၍ ဂဠုန်ဆားချက်ရသည့်အခြေအနေမျိုးနှင့် ကြုံတွေ့နေရသည့်အခိုက် တောင်ကူးဆရာတော်ဘုရား၏သတင်းကို ကြားလိုက်ရ၏။

ဒေါ်ပိန်သည် မဆုတ်မဆိုင်းဘဲ ဆရာတော်ဘုရားထံ ရောက်လာ၏။ အလွန်ဝသူဖြစ်နေ၍ ဝိပဿနာတရားကို ထိုင်မမှတ်နိုင်ပါ။ ထို့ကြောင့် လျောင်းသော ဣရိယာပုထ်ဖြင့် မှတ်ရ၏။ လျောင်း၍ ညောင်းသောအခါ ရပ်သောဣရိယာပုထ်ဖြင့် တရားမှတ်ရန် ဆရာတော်ညွှန်ကြား၏။ ခက်ပြန်လေပြီ။ ကြာရှည်စွာရပ်လျှင် ဒေါ်ပိန်သည် ယိုင်ကျသွားမည်ကို စိုးရိမ်နေ၏။ သို့အတွက် တိုင်ကိုဖက်၍ ရပ်ရန် ဆရာတော်ညွှန်ကြားရ၏။

www.burmeseclassic.com

www.burmeseclassic.com



တိုင်ကိုဖက်ကာ ရပ်မှတ်ခွင့်ရသော်လည်း တစ်ခါမှတ်လျှင် အလွန်ဆုံး တစ်နာရီသာ ဒေါ်ပိန်မှတ်နိုင်၏။ သို့စေကာမူ ၁၅ ရက် ရှုမှတ်ပြီးသောအခါတွင် ဒေါ်ပိန်၏ လက်ထုံကျဉ်သောရောဂါသည် ထူးထူးခြားခြား ပျောက်ကင်းသွားပါတော့၏။

အားရပါးရဖောက်သည်ချနေသော ဒေါ်ပိန်၏မျက်နှာမှာ ပီတိ ဝေဖြာလျက်ရှိပါတော့၏။

## လေအောင့်လေနာ ပျောက်မည်သေချာ

လေထိုး၊ လေအောင့်၊ လေနာရောဂါတို့သည် အစာအိမ်မှ စတင်၏။ 'ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ'ဟူသောစကားအရ ဝမ်း ကောင်း၍ စားမျိုလိုက်သောအစားအစာကို ကောင်းစွာချေချက်နိုင်လျှင် လေထ၊ လေပွစရာအကြောင်း မရှိချေ။

လေမထလျှင် ဗိုက်အောင့်၊ ရင်အောင့်၊ ကျောအောင့်သည့်ရော များသည် ပေါ်ပေါက်လာစရာအကြောင်းမရှိချေ။

အစာမကြေသည်ကို အကြောင်းပြု၍ အစာအိမ်၌ အက်ဆစ်အချ ဓာတ် လွန်ကဲလာသည်။ ထိုအချဉ်ဓာတ်ကြောင့် လေပင့်၍ထိုးအော လာသည်။ အစာအိမ် အတွင်းနံရံများနှင့် အစာအိမ်ဝ အူသိမ်ထိပ်တို အနာဖြစ်လာသည်။ ထိုအနာကွဲပေါက်သည့်အခါ သွေးအန်သည် သွေးဝမ်းကျသည်။ သွေးများစွာထွက်လျှင် ဆေးရုံ၌ သွေးသွင်းနိုင် သာလျှင် အသက်ချမ်းသာပါတော့သည်။

အစာအိမ်၌ အစာချေဖျက်ခြင်းအလုပ်သည် စိတ်နှင့်တိုက်ရိုက် ဆက်သွယ်နေပါသည်။ စိတ်ဆိုး၊ စိတ်ပျက်၊ စိတ်ဓာတ်ကျနေသည့် အခါများစွာ၌ အစာခြေနိုင်သည့်စွမ်းအား ယုတ်လျော့သွားသ



အစာမကြေနိုင်တော့ပါ။ စိတ်ပူ၊ စိတ်ညစ်၊ စိတ်ရှုပ်ထွေးနေသည့်အခါ များ၌ အက်ဆစ်အချဉ်ဓာတ်သည် လိုအပ်သည်ထက် ပို၍ထွက်လာ သဖြင့် အစာအိမ်နံရံများကို တိုက်စား၏။ ထိုအခါ အနာဖြစ်လာ၏။

ဂျဲလ်မက်၊ ဂျယ်လူဆီးလ်၊ စားဆော်ဒါ စသည်တို့သည် အစာ အိမ် အချဉ်ဓာတ်ကို ချေဖျက်ပေးကြသဖြင့် ဗိုက်နာဗိုက်အောင့်ခြင်းကို ခဏတ္တပျောက်ကင်းစေကြပါသည်။ သို့သော် ပူပင်သောကငြိမ်းအောင် စိတ်ကို မထိန်းနိုင်လျှင် အက်ဆစ်အချဉ်ဓာတ် တစ်ဖန်လွန်ကဲလာ သည်ဖြစ်၍ ဗိုက်နာမြဲနာနေပေလိမ့်မည်။

ထို့ကြောင့် စိတ်ကိုပူပင်သောကကင်းအောင် အေးငြိမ်းစွာထားနိုင် ခြင်းသည် အလွန်အရေးကြီး၏။ ထိုသို့ထားနိုင်လျှင် အစာအိမ်သည် ကောင်းမွန်စွာ အလုပ်လုပ်နိုင်မည်ဖြစ်၍ အစာအိမ်ရောဂါများသည် ပျောက်ကင်းသွားကြပါလိမ့်မည်။

ဝိပဿနာအလုပ်သည် သောကစပ်သိမ်းကို အေးငြိမ်းစေသော အလုပ်ဖြစ်၏။ သို့အတွက် ဝိပဿနာ ရှုမှတ်သည့်အခါ အစာအိမ် ရောဂါနှင့်တကွ လေထိုး၊ လေနာ၊ လေအောင့်ခြင်းတို့လည်း ပျောက် ကင်းသွားကြသည်သာဖြစ်၏။

မုဒုံမြို့နယ်၊ တံခွန်တိုင်ရွာနေ ဒေါ်မလေးသည် အသက် ၃၀ အရွယ်မှစ၍ လေထိုးဗိုက်နာသောရောဂါရှိခဲ့၏။ ဝိပဿနာတရားရိပ် သာများ မပေါ်ပေါက်သေးသည့်အခါဖြစ်၍ တရားအားထုတ်ရန် စိတ်အကြံမျှ မဖြစ်ခဲ့ဖူးပါ။ တော်ကူးမဟာသတိပဋ္ဌာန်ကျောင်း ပေါ် ပေါက်လာသည့်အခါ၌ မိမိနေရပ်နှင့် နီးကပ်နေသည်ဖြစ်၍ ဒေါ်မလေး သည် ရိပ်သာသို့ ရောက်လာသည်။ ထိုအချိန်၌ ဒေါ်မလေးမှာ အသက် ၇၀ ပင်ရှိနေလေပြီ။

တော်ကူးဆရာတော်ထံ၌ ဝိပဿနာတရားကို ရိုသေစွာအားထုတ်

www.burmeseclassic.com

www.burmeseclassic.com



ရာ ဣရိယာပုထ်ကို မပြောင်းဘဲ ၅ နာရီကျော် ၆ နာရီမျှ တစ်စ တည်း ရှုမှတ်လာနိုင်၏။ ထိုအခါ ရောဂါပျောက်ကင်းသွားပါသည်

မုဒုံမြို့နယ်၊ နိုင်လုံရွာနေ အသက် ၆၀ နှစ်ရှိ ဦးဝင်းသည် ဗိုက် အောင့်သည့်ရောဂါကို နှစ်ပေါင်းများစွာ ခံစားခဲ့ရ၏။ တော်ကူးမဟာ သတိပဋ္ဌာန်ကျောင်းသို့ လာရောက်ပြီး ဝိပဿနာတရားကို ရှုမှတ်၏ တော်ကူးဆရာတော် ညွှန်ကြားချက်အတိုင်း လေးလေးစားစား ရှုမှတ် တတိယမြောက်ညဉ့်သို့ရောက်သောအခါ စမြင်းနှင့်သဏ္ဌာန်တူသည့် အစာဟောင်းများကို ထွေးခံနှစ်လုံးခန့် အန်ထုတ်၏။ ထိုအခါမှစ ရောဂါသက်သာသွား၏။ ဦးဝင်းသည် ဝမ်းမြောက်ဝမ်းသာစွာ ဝိပဿနာတရားကို ဆက်လက်ရှုမှတ်၏။ သူ့အား နှစ်ပေါင်းများစွာ နှိပ်စက်ခဲ့သော ဗိုက်အောင့်ရောဂါမှာ ပြန်မပေါ်လာတော့ပါ။

တော်ကူးရွာနေ ဦးငယ်၊ ဒေါ်ဝင်းကြည်တို့၏သမီးဖြစ်သူ မခင် သန်းမြင့်၏ ဝမ်းအောင့်ရောဂါသည်လည်း တစ်မျိုးဆန်းကြယ်၏ အသက်ဆယ်နှစ်ကျော်အရွယ်မှစ၍ ဝမ်းအောင့်ခြင်းကို ခံစားခဲ့ရ၏ အသက် ၂၀ အရွယ်တွင် တော်ကူးဆရာတော်ထံချဉ်းကပ်၍ ဝိပဿနာ တရား အားထုတ်၏။ သုံးရက်ရှုမှတ်ပြီးသည့်အခါ ၃ နာရီကြာ တစ်စပ်တည်း ရှုမှတ်လာနိုင်၏။ မကြာမီ ဝမ်းထဲမှအလုံးတွေ အ ထွက်လာ၏။ ဝမ်းလည်းသွား၏။ ဝေဒနာပေါ်တိုင်းပေါ်တိုင်း ဆက်လက်ရှုမှတ်လာရာ ၁၀ ရက်ကြာသောအခါ ဝမ်းအောင့်ရော မှာ အလျှင်းပျောက်ကင်းသွားလေ၏။

မုဒုံမြို့နယ်၊ ဝက်တဲရွာနေ လယ်သမားကြီး ဦးလှအောင်သည် ဝမ်းအောင့်ရောဂါကြောင့် ၂ နှစ်ကြာအလုပ်အကိုင်ပျက်၍ စိတ်လည် ပျက်လျက်ရှိ၏။ မိတ်ဆွေများ ညွှန်ကြားသဖြင့် တော်ကူးမဟာ သတိပဋ္ဌာန်ကျောင်းတိုက်သို့ ရောက်လာပြီး ပြင်းပြင်းထန်ထ



တရားရှုမှတ်ရာ ၇ ရက်အတွင်းပင် ရောဂါပျောက်ကင်းသွား၏။

မုဒုံမြို့နယ်၊ ကလော့သော့ရွာနေ သီလရှင်မစန္ဒာဝတီသည် လေနာ, လေထိုးရောဂါကြောင့် စာမအံနိုင်ဘဲရှိနေ၏။ လက်တွေ့ ရှုမှတ်သည့်နည်းဖြင့် တရားရှာမည်ဟု နှလုံးသွင်း၍ တော်ကူးဆရာ တော်၏ခြေရင်းသို့ ရောက်လာ၏။ ဝိပဿနာတရားကို တစ်လနှင့် ၁၀ ရက်ကြာ ရှုမှတ်သွားရာ ဣရိယာပုထ်တစ်မျိုးစီဖြင့် ၁၂ နာရီ အထိ ရှုမှတ်နိုင်၏။ လေနာ၊ လေအောင့်ခြင်းတို့လည်း ပျောက်ကင်း သွားကြ၏။

## ဝမ်းထဲကအကျိတ်အလုံး ကျေပျက်သွဦး

မုဒုံမြို့နယ်၊ တံခွန်တိုင်ရွာနေ ဒေါ်ငွေသိန်းသည် ဝမ်းဗိုက်ထဲ၌ အလုံးတစ်ခုရှိနေပြီးလျှင် လေထိုး လေအောင့်ခြင်းဝေဒနာကို ပြင်းပြ စွာ ခံစားနေရ၏။ မော်လမြိုင်မြို့ ပုဂ္ဂလိကဆေးတိုက်များ၌ ဆေးကုသ ခြင်းကိုခံယူ၏။ မသက်သာသဖြင့် မော်လမြိုင်ဆေးရုံကြီးသို့ ရောက် သွား၏။ ဆရာဝန်များက ခွဲစိတ်ပြီး ကုသပေးရမည်ဟု ပြောပြ၏။ ဒေါ်ငွေသိန်းက အသက် ၇၅ နှစ်အရွယ်သို့ရောက်နေပြီး ရောဂါကြောင့် ခွန်အားချည့်နဲ့လျက်ရှိ၏။ ထို့ကြောင့် ခွဲစိတ်ခြင်းကိုကြောက်လန့်၍ ‘ငါသေလျှင်လည်း တရားနဲ့ပဲသေတော့မည်’ဟုသဘောပိုက်၍ တော် ကူးမဟာသတိပဋ္ဌာန်ကျောင်းသို့ ထွက်လာ၏။

ဒေါ်ငွေသိန်းသည် တော်ကူးဆရာတော်ထံမှ ဝိပဿနာရှုမှတ်နည်း ကို သင်ကြားယူပြီးလျှင် လေးစားစွာရှုမှတ်လေပြီ။ အစကနဦးတွင် ကြာကြာမရှုမှတ်နိုင်ပါ။ တဖြည်းဖြည်း အားတင်းကာ ရှုမှတ်၏။ တော်ကူးဆရာတော်၏ စံနမူနာယူကာ ဇွဲဖြင့်ခန္ဓာတရားကို လက်ကိုင် ထားကာ ရှုမှတ်၏။ တရားရှုမှတ်နိုင်လာသည်နှင့်အမျှ ရောဂါဒေဝနာ

www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်စတစ်စ ယုတ်လျော့သွား၏။ ဒေါ်ငွေသိန်း အားတက်ကာ ကြိုးစား၍ ရှုမှတ်၏။ ဣရိယာပုထ်တစ်ခုတည်းဖြင့် အချိန် ၅ နာရီကျော် ၆ နာရီနီးပါး ရှုမှတ်လာနိုင်၏။ ထိုသို့မှန်မှန်ရှုမှတ်သွားသောအခါ ဗိုက်ထဲမှအလုံးသည် ကျေပျောက်သွားပြီးလျှင် လေထိုးလေအောင့်သည့်ဝေဒနာသည်လည်း ပပျောက်သွားလေတော့၏။

ဒေါ်ငွေသိန်းသည် ၁၃၃၇ ခုနှစ်က တရားရှုမှတ်ခဲ့သည်ဖြစ်၍ တော်ကူးဆရာတော်ထံပါး၌ ကျွန်တော်တရားဝင်နေသည့်အချိန်တွင် အသက် ၈၀ ရှိပေပြီ။ ဒေါ်ငွေသိန်းသည် ကျန်းမာရွှင်လန်းစွာရှိလျက် တော်ကူးမဟာသတိပဋ္ဌာန်ရိပ်သာသို့ မကြာခဏ ရောက်လာတတ်သဖြင့် သူ့အားတွေ့၍ ကျွန်တော်မေးမြန်းခဲ့ရ၏။

မုဒုံမြို့နယ်၊ ကျိုက်ရွဲရွာနေ ဒေါ်စိန်တီသည် အသက် ၄၀ အရွယ်ကပင် ဝမ်းထဲ၌အလုံးဖြစ်လျက် ဗိုက်အောင့်ခြင်းကို ခံစားခဲ့ရ၏။ ဆော်ဒါမှုန့်ကို ကြိုးကြားကြိုးကြားသောက်၍ ဗိုက်အောင့်ခြင်းကို နှိမ်နင်းရန် ကြိုးစားခဲ့ရာ ၁၅ နှစ်ပင်ကြာခဲ့လေပြီ။ ဒေါ်စိန်တီသည် ၁၃၃၇ ခုနှစ်၌ပင် တော်ကူးဆရာတော်ဘုရား၏ထံမှောက်၌ ဝိပဿနာတရားကို အားထုတ်၏။ ရှုမှတ်ချိန်ကို တစ်စတစ်စတိုး၍ ရှုမှတ်ခဲ့ရာ ဣရိယာပုထ်တစ်မျိုးဖြင့် ၇ နာရီပေါက်သည်အထိ တစ်ဆက်တည်း ရှုမှတ်လာနိုင်၏။ ၁၆ ရက်ကြာမျှ တရားအားထုတ်ပြီးသောအခါ၌ ဝမ်းဗိုက်ထဲမှ အလုံးပျောက်၍ ဗိုက်အောင့်နာလည်း ပျောက်ကင်းသွားလေတော့၏။ အသက် ၆၀ အရွယ်၌ ဒေါ်စိန်တီသည် တော်ကူးဆရာတော်ထံ အဖူးအမြော်ရောက်လာသေးသည်။ သူ၏ရောဂါများမှာ ပျောက်ကင်းလျက် ရှိနေပေ၏။

မုဒုံမြို့နယ်၊ ညောင်ဝိုင်းရွာမှ ဒေါ်ကွန်မေသည် ဝမ်းဗိုက်ထဲ၌ အလုံးရှိနေသည်မှာ ၂၃ နှစ်ပင် ကြာမြင့်ခဲ့၏။ လက်လှမ်းမီရာ



သမားတော်များထံ အကုသခံခဲ့သော်လည်း မထူးခြားသည်နှင့် မေ့မေ့လျော့လျော့ပင် နေထိုင်ခဲ့၏။ ကျေးလက်တောရွာမှ အမျိုးသမီးများသည် မြို့သူများလောက် ဆေးပညာဗဟုသုတမရှိကြသဖြင့် ဝမ်းထဲကအလုံးသည် ကင်ဆာအလုံးဖြစ်နိုင်သည်ဟူသည့် အတွေးအခေါ်မျိုးတွေးခေါ်တတ်ပါ။ ထို့ကြောင့် ထိတ်လန့်မှုမရှိဘဲ နေသာသလိုပင်နေထိုင်ခဲ့ပေသည်။

တော်ကူးမဟာသတိပဋ္ဌာန်ကျောင်း၏ သတင်းစကားများကိုကြားသိရသည့်အခါ တော်ကူးဆရာတော်ထံသို့ ရောက်လာ၏။ ဝိပဿနာတရားကို ရိုသေစွာရှုမှတ်ရာ ၆ နာရီကြာသည့် ဣရိယာပုထ်ဖြင့် တစ်စပ်တည်း ရှုမှတ်လာနိုင်၏။ ရက် ၃၀ ကြာ ရှုမှတ်ပြီးသောအခါ ဒေါ်ကွန်မေ၏ဝမ်းဗိုက်ထဲ၌ ကိန်းအောင်းနေခဲ့သော အကျိတ်အလုံးကို စမ်းသပ်ရှာဖွေ၍ မရတော့ချေ။

မုဒုံမြို့နယ်၊ ကျိုက်တွဲကျေးရွာမှ ဒေါ်ကွန်မာသည် ဝမ်းဗိုက်ထဲအလုံးကြီးဖြစ်နေသည်မှာ ၁၀ နှစ်ကြာခဲ့ပြီ။ ၁၃၄၀ ခု၊ သီတင်းကျွတ်လတွင် တော်ကူးရိပ်သာ၌ တရားရှုမှတ်၏။ ၆ နာရီကြာသည့် ဣရိယာပုထ်ဖြင့် ၁၀ ရက်ကြာမျှ တရားရှုမှတ်ပြီးသောအခါ ဗိုက်ထဲမှအလုံးကြီးမှာ ထူးဆန်းစွာ ပျောက်ကင်းသွားတော့၏။

တော်ကူးရွာတွင် မောင်ရန်အောင်အမည်ရှိသည့် လူငယ်တစ်ယောက်သည် သစ်ပင်ပေါ်မှပြုတ်ကျပြီးလျှင် ဒဏ်ရာရသွားသည့်နေရာ၌ အကျိတ်လုံးဖြစ်လာ၏။ ဗိုက်အောင့်သည့်ရောဂါနှင့် ခေါင်းကိုက်သည့် ဝေဒနာကိုလည်း ကောက်ကာငင်ကာ ခံစားရ၏။ ဝေဒနာကကြီးမားသည့်အတွက် ဆေးဆရာများထံ ချဉ်းကပ်၍ ဆေးအကုအသခံသူ၏။ ခန္ဓာကိုယ် ပိန်ချုံးသွားကာ အသားအရေ ဖျော့တော့လာ၏။

နောက်ဆုံးတွင် တော်ကူးဆရာတော်၏ခြေရင်းသို့ မောင်ရန်

www.burmeseclassic.com

www.burmeseclassic.com



အောင်ရောက်လာ၏။ ဆရာတော်က မောင်ရန်အောင်အား ဝိပဿနာ တရားရှုမှတ်စေ၏။ အတော်အသင့် ရှုမှတ်လာနိုင်သောအခါ မောင်ရန် အောင်၏ တရားအာရုံ၌ သူ၏ဝမ်းဗိုက်သည် ဂျင်ကဲ့သို့လည်လာ၏။ နာလည်းနာ၏။ ၁၀ ရက်ရှုမှတ်ပြီးသောအခါ သူ၏ဝမ်းဗိုက်ထဲမှ 'ဂရုတ်'ဟူသောအသံ ထွက်ပေါ်လာပြီး ဝမ်းဗိုက်ပေါက်ကွဲသွားသည်ဟု ထင်လိုက်ရ၏။ မရှေးမနှောင်းတွင်ပင် မောင်ရန်အောင်၏ ပါးစပ်မှ အပုပ်နံ့များ ဟောင်၍ထွက်လာ၏။ ထိုအပုပ်နံ့များကို အခြားလူများ ကပင် မခံနိုင်ကြ။ တံတွေးလည်း များစွာထွက်၏။ အပူခိုးလည်း ထွက်၏။

ထိုသို့ဖြစ်ပေါ်ပြီးသည့်နောက်တွင် မောင်ရန်အောင်သည် တစ်နေ့ တခြား သက်သာလာ၏။ သဒ္ဒါတရားတက်လာ၍ ထိုင်သော ဣရိယာပုထ်ဖြင့် ၆ နာရီ၊ ရပ်သော ဣရိယာပုထ်ဖြင့် ၆ နာရီ၊ လျှောင်းသော ဣရိယာပုထ်ဖြင့် ၆ နာရီ ရှုမှတ်လာနိုင်၏။ ထိုအခါ အလုံးရောဂါနှင့်တကွ ဗိုက်အောင့်ခြင်းနှင့် ခေါင်းကိုက်ခြင်းတို့သည် ရှင်းရှင်းလင်းလင်း ပျောက်ကင်းသွားလေတော့၏။

မောင်ရန်အောင်သည် မိဘများ၏ ခွင့်ပြုချက်အရ ရှင်သာမဏေ အဖြစ်ခံယူကာ တော်ကူးမဟာသတိပဋ္ဌာန်ကျောင်းတွင်ပင် သီတင်းသုံး နေလေ၏။

တော်ကူးဆရာတော်ဘုရား၏ မြေးတစ်ယောက်မှာ ဝမ်းဗိုက်၌ အလုံးကြီးဖြစ်နေသည့်အတွက် ဆရာတော်က သူ့အား ဝိပဿနာရှုမှတ် စေ၏။ မတ်တတ်ရပ်ပြီး ရှုမှတ်နေစဉ် အလုံးကြီး လှုပ်လာသည်ဟု ဆို၏။

"ဒီလိုဆိုရင် မင်းအလုံးကြီးက သွားတော့မယ်။ မင်းရှုမှတ်တာကို မလျှော့လိုက်နဲ့။ အလုံးကြီး လှုပ်လာတယ်ဆိုရင် လှုပ်တယ် လှုပ်တယ်



လို့မှတ်။ ရွေ့သွားရင် ရွေ့တယ် ရွေ့တယ်လို့မှတ်။ ကဲ စူးစိုက်ထားပြီး မှတ်ထားနော်"

"ဘိုးဘုရား၊ အလုံးကြီးက ဟိုရွေ့သည်ရွေ့ ရွေ့နေပြီ၊ အပြင်ထွက် ချင်နေပြီ"

"ဟဲ့ ထွေးခံတစ်လုံး ယူလာစမ်း"

ဆရာတော်က ကျောင်းသားတစ်ဦးအား ထွေးခံတစ်လုံးကို အယူခိုင်းလိုက်ပြီး တရားရှုမှတ်နေသောမြေး၏ရှေ့တွင် ချထားပေး၏။

"မင်းအလုံး ထွက်ချင်ရင် ထွေးအန်လိုက်ကွာ"

ဆရာတော် အမိန့်ရှိပြီး မကြာမီပင် 'ဝေါ့ ဝေါ့ ဝေါ့'ဟု သုံး ကြိမ် အန်ထွက်လာ၏။ ရာဘာကဲ့သို့ မျှဉ်းတွဲတွဲ အချွဲလုံးတစ်လုံး ပါလာ၏။ ထိုအခါမှစ၍ မြေး၏ဝမ်းဗိုက်၌ အလုံးကြီးမရှိတော့ချေ။

## ဖျဉ်းနာရောဂါ ကင်းပျောက်သည့်နမူနာ

တော်ကူးဆရာတော်သည် တော်ကူးရိပ်သာသို့ မရွှေ့ပြောင်းလာ မီအချိန်၌ ကော့ကရိတ်မြို့ မဟာသတိပဋ္ဌာန်ကျောင်းတွင် သီတင်းသုံး လျက် ဝိပဿနာတရားကို ဟောကြားပြသနေခဲ့၏။ ဆရာတော် ညွှန်ကြားသည့်အတိုင်း တရားအားထုတ်ကြသော ယောဂီများထဲတွင် ရောဂါပျောက်ကင်းသူများ ပါဝင်ကြ၏။

ထိုအခါ ကော့ကရိတ်မြို့တွင် ဖျဉ်းနာစွဲကပ်သဖြင့် ကိုယ်ဝန် အရင့်အမာကဲ့သို့ ဝမ်းဗိုက်ကြီးတင်းကားနေသော ဒေါ်ကျော့ခင်ဆိုသူ ရှိ၏။ ဒေါ်ကျော့ခင်သည် လေးလံလှသော မိမိဖျဉ်းနာကြီးကို အလွန်ပျောက်ကင်းစေလို၏။ ဆရာဝန်တစ်ဦးထံ ချဉ်းကပ်၍ တိုင်ပင် ကြည့်ရာ—

www.burmeseclassic.com

www.burmeseclassic.com



"အစ်မကြီးရဲ့ရောဂါဟာ ခွဲစိတ်ကုသမှပျောက်လိမ့်မယ်။ ခွဲစိတ်ကုသခ ကျပ်တစ်ထောင်လောက်ကုန်လိမ့်မယ်။ ဗိုက်ခွဲပြီး အရည်တွေကို ထုတ်လိုက်ရင် ဝမ်းဗိုက်က လျော့သွားမှာပဲ။ ဒါပေမဲ့ နောက်ထပ် အရည်တည်ပြီး ပြန်တင်းလာဦးမလား။ အလျှင်းပဲ ပျောက်သွားမလား ဆိုတာကိုတော့ အတပ်မပြောနိုင်ဘူး"ဟု ဆရာဝန်က ပြောပြ၏။

ဗိုက်ခွဲရမည်ဟူသော အသံကိုကြားရသည်နှင့်တစ်ပြိုင်နက် ဒေါ်ကျော့ခင်သည် ပခုံးတွန့်သွားပြီး မျက်ဆန်ပြူးသွား၏။ ကြောက်လွန်းသဖြင့် အိမ်သို့ပြန်လာပြီး စိတ်မချမ်းမြေ့စွာ အိပ်ရာ၌ ခွေအိပ်နေရှာ၏။

ဆွေမျိုးများက လာရောက် အားပေးကြ၏။

"ညည်းနှယ်၊ မဟာသတိပဋ္ဌာန်ကျောင်းမှာ တရားဝင် အားထုတ်လိုက်ပါလား။ အဲဒီမှာ တရားအားထုတ်လို့ ရောဂါပျောက်ကင်းသွားကြတဲ့လူတွေ အများကြီးပဲတဲ့"

"အဲဒီရိပ်သာမှာ တစ္ဆေသရဲတွေ သိပ်ခြောက်တာပဲတဲ့။ မသွားရဲပေါင်တော်။ သေစရာရှိရင် အိမ်မှာပဲ အေးအေးဆေးဆေး သေပါရစေ"

"ညည်း မသေရပါဘူးအေ။ ဗိုက်လည်း မခွဲရပါဘူး။ ညည်း တရားရှုမှတ်လိုက်ရင် ပျောက်မှာသေချာတယ်။ တစ္ဆေသရဲတွေ မရှိပါဘူး။ အလကား ပြောနေကြတာပါ"

ဆွေမျိုးများက မရမက တိုက်တွန်းမှုကြောင့် ဒေါ်ကျော့ခင်သည် ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် မဟာသတိပဋ္ဌာန်ရိပ်သာသို့ ရောက်လာ၏။ မှောင်ရီပျိုးလာသောအခါ ဒေါ်ကျော့ခင်သည် ကျောချမ်းလာပြီး ဇရပ်၏မှောင်နေသော ထောင့်နေရာများကို မကြာခဏ မျက်စောင်းထိုး၍ ကြည့်နေမိ၏။

"ဒကာမ ဘာမှမကြောက်နဲ့၊ ဘုန်းကြီး မေတ္တာပို့ပေးမယ်။



ဘာအန္တရာယ်မှ မရှိစေရဘူး။ ဒကာမရဲ့အဒေါ်ကလည်း အနားမှာနေပြီး အဖော်စောင့်နေမှာ။ ဒကာမ တစ်နာရီလောက် ထိုင်မှတ်နိုင်မလား။ အဲ မထိုင်ချင်ရင် လျောင်းပြီးမှတ်ပါ။ အသက်ရှူသွင်းလိုက်တဲ့အခါ ဝမ်းဗိုက်ကြီး ဖောင်းလာတာကို ဖောင်းတယ်လို့မှတ်နော်။ အသက်ရှူထုတ်လိုက်တဲ့အခါ ဝမ်းဗိုက်ပိန်ကျသွားတာကို ပိန်တယ်လို့မှတ်နော်။ အဲဒီ ဖောင်းတယ် ပိန်တယ်ကိုပဲ အာရုံစူးစိုက်ပြီး မှတ်နေနော်"

ဖယောင်းတိုင်မီးငယ်သည် မှိတ်တုတ်မှိတ်တုတ်လင်းနေ၏။ ဒေါ်ကျော့ခင်သည် မျက်စိမှိတ်ပြီး ဖောင်းတယ် ပိန်တယ် ရှုမှတ်နေ၏။ မှတ်၍ တော်တော်အချိုးကျလာ၏။ ထိုအခါ သူမ၏ ခန္ဓာကိုယ် တဖြည်းဖြည်းလေးလာသည်ကို ဒေါ်ကျော့ခင် သတိပြုမိ၏။ မကြာမီ တရားသဘောဖြင့် သူ့ခန္ဓာကိုယ်သည် အလွန်လေးလံပြီး မလှုပ်ရှားနိုင်သောအခြေသို့ ဆိုက်ရောက်လာ၏။ ဒေါ်ကျော့ခင်သည် သူ့ကို တစ္ဆေသရဲ စီးနေပြီဟု ယူဆလိုက်ပြီး အမှတ်တရားကို လွှတ်ကာ–

"အမယ်လေး ငါ့ကို သရဲစီးနေပြီ။ ကယ်ကြပါ၊ ငါသေတော့မယ်"ဟု တအားအော်လိုက်လေ၏။

ဆွေမျိုးများက ပြေးလာကြပြီး–

"ဘာဖြစ်တာလဲ"ဟု ပျာပျာသလဲ မေးကြ၏။

"နင်တို့ ငါ့ကို လာသတ်ကြတာ။ ငါ့ကို အိမ်ပြန်ပို့ပါ"ဟု ဒေါ်ကျော့ခင်က စိတ်ဆိုးမာန်ဆိုးနှင့် အရေးဆိုလေတော့၏။

ထိုအခါ တော်ကူးဆရာတော်ရောက်လာပြီး ဖျောင်းဖျ၍ ပြောဆို၏။

"ဒကာမ သရဲစီးတာမဟုတ်ဘူး။ တရားမှတ်နေတဲ့လူကို တစ္ဆေသရဲတွေ အန္တရာယ်မပြုနိုင်ဘူး။ ဒကာမကိုယ်လေးလာတာက တရားသဘောအရ ရုပ်ဖောက်ပြန်မှုကိုပြတာ။ ဒကာမမပြန်နဲ့။ ဒီကို လာပို့

www.burmeseclassic.com



ပေးတဲ့လူတွေကိုလည်း စိတ်မဆိုးနဲ့။ သူတို့ကို ကျေးဇူးတင်ရမှာ။ ဒကာမ ဘုန်းကြီးနဲ့တွေ့ဆုံတာ အင်မတန် ကုသိုလ်ကောင်းတာပဲ။ ဒကာမ ကုသိုလ်တွေ အမြောက်အမြားရမယ့်အပြင် ရောဂါလည်း ပျောက်မယ်။ စိတ်သာချ၊ ပျောက်ကိုပျောက်ရမယ်။ ဘုရားဆေးနဲ့ကုတာ ဝဋ်နာ၊ ကံနာကလွဲရင် မပျောက်တဲ့ရောဂါဆိုတာ မရှိဘူး။

"ဘုန်းကြီးက နမလေးလိုသဘောထားပြီး ကူညီစောင့်ရှောက်ပေးမယ်။ ကဲ နားထောင်နော်။ ဘုန်းကြီးပြောပြမယ်။ ဒကာမ မအိပ်ချင်ရင် မအိပ်နဲ့ပေါ့။ ဟောဒီမှာ ခဏလမ်းလျှောက်နေလိုက်။ လမ်းလျှောက်နေတဲ့အခါ 'လှမ်းတယ်၊ လှမ်းတယ်'လို့မှတ်။ ဖြည်းဖြည်းလေးလေး လျှောက်ရင် 'ကြွတယ်၊ လှမ်းတယ်၊ ချတယ်'လို့မှတ်နော်။ ခြေထောက်တွေလေးလာရင် 'လေးတယ် လေးတယ်'လို့မှတ်နော်။ ပေါ့လာရင်လည်း 'ပေါ့တယ် ပေါ့တယ်'လို့မှတ်။ တစ်နာရီ နှစ်နာရီ နိုင်သလောက် လမ်းလျှောက်ပြီး မှတ်ပါ။

"အဲ လမ်းမလျှောက်နိုင်တော့ဘူးဆိုရင် ဟောဒီမှာ ခဏရပ်နေပြီးတော့ 'ရပ်တယ် ရပ်တယ်'လို့ မှတ်နေပါနော်။

"အဲ ရပ်ပြီးမနေနိုင်တော့ဘူးဆိုရင် ဒကာမအိပ်ရာဘေးမှာထိုင်ပြီး ခဏထပ်မှတ်နေလိုက်ပေါ့။ 'ထိုင်တယ် ထိုင်တယ်၊ လေးတယ် လေးတယ်၊ ပေါ့တယ် ပေါ့တယ်' စသည်ဖြင့် တရားပေါ်လာသလို မှတ်နေပေါ့နော်။ မထိုင်ချင်တော့ဘူး လျောင်းချင်တယ်ဆိုရင် အိပ်ရာပေါ် ကိုယ်ကို အသာလှဲချလိုက်ပါ။ လေးရင် 'လေးတယ် လေးတယ်'လို့မှတ်။ ပေါ့ရင်'ပေါ့တယ် ပေါ့တယ်'လို့ မှတ်နေရုံ မှတ်နေလိုက်ပါ။ အိပ်ပျော်သွားရင်လည်း ပျော်ပါစေ။ အိပ်လိုက်တဲ့အခါ ဘာမှမကြောက်နဲ့။ ဘုန်းကြီး မေတ္တာပို့ပြီး စောင့်ရှောက်နေမယ်"

ဒေါ်ကျော့ခင် အားတက်လာပြီး ဆရာတော် ညွှန်ကြားသည့်



အတိုင်း တရားဆက်မှတ်၏။ ဣရိယာပုထ် လေးပါးကို အချက်ကျကျ ဆရာတော် ရောမွှေပေးထားခြင်းဖြစ်ရာ နောက်ဆုံးတွင် အလွန့်အလွန် အိပ်ချင်လာသဖြင့် လှဲအိပ်ချရလေတော့၏။

အိပ်ချလိုက်သည်နှင့်တစ်ပြိုင်နက် တစ်ကိုယ်လုံးလေးလာပြီး မလှုပ်ရှားနိုင်တော့ဘဲ ငြိမ်ငြိမ်ကလေးသာ ရှုမှတ်နေရတော့၏။ အိပ်၍ကားမပျော်ချေ။ တရားက နှိုးဆော်ထား၍ အမှတ်သတိက မွှင့်လန်းနေ၏။ ထို့ကြောင့် 'လျောင်းတယ် ထိတယ် လေးတယ် လေးတယ်'ဟု ရှုမှတ်နေရင်း အချိန် ၃ နာရီခန့် ကုန်လွန်သွား၏။ ထိုအခါ တစ်ကိုယ်လုံး ပေါ့ပါးလာလေတော့၏။ ဖောင်းတင်းနေသော ဝမ်းဗိုက်ကြီးသည်လည်း တဖြည်းဖြည်း ပိန်ချပ်လာကာ နဂိုရောဂါ ကင်းသည့် အခြေအနေအတိုင်း တည်နေသည်ဟု ဉာဏ်အမြင်တွင် ထင်လာ၏။

ဆက်လက်ရှုမှတ်နေရင်းတွင် နံနက် ၃ နာရီ အုန်းမောင်းတီးသံ တည်ညံပေါ်ထွက်လာ၏။ ထိုအခါ ဒေါ်ကျော့ခင်က ဆွေမျိုးများကို နှိုး၍...

"ဟ ငါ့ကိုလာကြည့်ကြပါဦး"ဟု အော်ပြောလိုက်၏။

"ဟင်၊ ကျော့ခင် နင့်ဗိုက် ပိန်သွားပြီလား"

"တကယ် အံ့သြစရာကောင်းလိုက်တာဟယ်။ ဘယ်လိုဖြစ်သွားတာလဲ"

အာမေဍိတ်သံများနှင့် ပီတိသံများသည် တိတ်ဆိတ်သော မိုးသောက်ယံကို ထိုးဖောက်၍ ပျံ့လွင့်သွားကြ၏။

နံနက်လင်းသောအခါ လူသစ်ဖြစ်နေသော ဒေါ်ကျော့ခင်သည် ဆရာတော်ဘုရားရှေ့၌ ပုဆစ်ဒူးတုပ်လျက် လက်အုပ်ချီမိုးကာ ကြည်သာစွာ ဦးသုံးကြိမ်ချလိုက်ပါ၏။ ဆရာတော်က ပြုံး၍ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အံ့သြလိုက်တာဘုရား၊ အံ့သြစရာကောင်းလိုက်တာ ဘုရား တစ်ကိုယ်လုံးပေါ့သွားပြီး ဗိုက်လည်းပိန်သွားပြီဘုရား။ ဒီအခြေအနေ ပြန်ရောက်မယ်လို့ တပည့်တော်မ မမျှော်လင့်ခဲ့ပါဘုရား။ ဆရာတော် ကို သိပ်ကျေးဇူးတင်ပါတယ်ဘုရား"

"အေး အေး ဒါကြောင့်ဘုန်းကြီးပြောတယ်. ဒကာမ ဒီကို ရောက်လာတာ အင်မတန်ကုသိုလ်ကောင်းတယ်လို့။ အခု တရားရှုမှတ် တတ်ပြီမဟုတ်လား။ အဲဒါ တစ်သက်လုံး ရှုမှတ်သွားရမယ်နော် တရားရှုမှတ်ပြီးနေတာ အရိယာစားကျက်မှာနေတာတဲ့။ ဒီကျောင်းမှာ နေပြီး တစ်ရက်နှစ်ရက် ထပ်ရှုမှတ်လိုက်ဦးနော်"

"တင်ပါ့ဘုရား"

တော်ကူးမဟာသတိပဋ္ဌာန်ကျောင်းကို ဖွင့်လှစ်ပြီးသည့်နောက် ကမာဝက်ရွာ သိမ်ကုန်းရပ်မှ ဦးချစ်သိန်းသည် ဆရာတော်ထံ ရောက်လာ၏။ ဦးချစ်သိန်းသည် ထိုစဉ်အခါက အသက် ၄၇ နှစ် ပြီး ဝမ်းဗိုက်ဖောရောင်သောရောဂါကို ၁၀ နှစ်ကြာမျှ ခံစားခဲ့ရပြီဟု ၏။ ဆရာတော်ညွှန်ကြားသည့်အတိုင်း ဝိပဿနာတရားကို ကြိုးကြိုး စားစား ရှုမှတ်ရာ ရက် ၂၀ ကြာလွန်သောအခါ ဖောရောင်သည့် ရောဂါမှာ လုံးဝပျောက်ကင်းသွားလေတော့၏။

## ချောင်းဆိုးရင်ကျပ် ပန်းနာလည်းပြတ်

လူများစွာတို့ နှစ်လရှည်ကြာစွာ ခံစားနေရတတ်သော ရောဂါ ညီနောင်နှစ်မျိုးတို့မှာ ချောင်းဆိုး ရင်ကျပ်ရောဂါနှင့် ပန်းနာရောဂါ ဖြစ်ကြ၏။

ဤရောဂါတစ်မျိုးမျိုး ခံစားနေရသူသည် ကိုမက်သဇင်နှင့်



ဖင်ဆီဒိုင်း ချောင်းဆိုးပျောက်ဆေးရည်များကိုလည်းကောင်း၊ ဘာမိတွန် ကိုလည်းကောင်း အမြဲတစေ မှီဝဲကြရ၏။ လုံးဝပျောက်ကင်းသည်ဟူ၍ မရှိ။ အနည်းငယ်မျှ ခြေအေးခေါင်းအေးသွားလျှင် တဟွပ်ဟွပ် ချောင်းဆိုးပြီး ရင်ကျပ်လာ၏။ ဖုန်မှုန့်ကိုဖြစ်စေ၊ ပန်းဝတ်မှုန်ကို ဖြစ်စေ၊ မတည့်သောအနံ့အသက်ကိုဖြစ်စေ ရှူရှိုက်မိပါက အသက်ရှူ လမ်းကြောင်းပိတ်ဆို့သွားပြီး ပန်းနာရောဂါထလာတော့၏။

မရဏမင်းနှင့် ဘတစ်ပြန် ကျားတစ်ပြန် လွန်ဆွဲနေရသော ဤရောဂါနှစ်မျိုးသည်လည်း ဝိပဿနာတရားဆေးဖြင့် လုံးဝပျောက် ကင်းနိုင်ပါသည်။

သံဖြူဇရပ်မြို့နယ်၊ ကရပ်ပွဲကျေးရွာမှ ဒကာတစ်ဦးသည် ဆေး ပုလင်းများထည့်ထားသောလွယ်အိတ်ကို သယ်ပိုးလျက် တော်ကူးဆရာ တော်ထံသို့ ရောက်လာ၏။ လွယ်အိတ်ကို ကြမ်းပေါ်တွင်ချ၍ ဆရာတော်ကို ဦးမချနိုင်သေးဘဲ ရင်ကိုနှိပ်ကာ တဟွပ်ဟွပ်ချောင်းဆိုး နေပါ၏။

"ဒကာ့အိတ်က တယ်လေးပုံရတာပဲ။ ဘာတွေလဲ ဒကာ"

"အဟွပ်... ချောင်းဆိုးရင်ကျပ်ပျောက်ဆေးတွေပါ ဘုရား။ အဟွပ်... တပည့်တော် ချောင်းဆိုးရင်ကျပ်ဖြစ်နေတာ အဟွပ်... နှစ်ပေါင်းအတော်ကြာပြီ။ ခရီးသွားရင် အဲဒီဆေးလွယ်အိတ်ပါမှ သွားရဲတယ်ဘုရား။ အဟွပ်... အဟွပ်"

"အင်း၊ ဒကာ တော်တော်ချောင်းဆိုးနေတာပဲ။ ဒကာ ဝိပဿနာ ဆေး စားကြည့်မလား။ ဘုရားဆေးကိုစားရင် ဒီဗိန္ဓောဆေးတွေ စားဖို့မလိုဘူး။ ဒကာရဲ့ဆေးလွယ်အိတ်ကို သိမ်းထားပေါ့လေ။ စားချင်တဲ့အခါလည်း စားပေါ့"

"တပည့်တော် တရားမှတ်ဖို့လာတာပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ယောဂီအဆောင်ဟောင်းမှာ နေနော်။ ရေချိုးလိုက်၊ ပြီးရင် ဓမ္မာရုံပေါ်ကိုလာခဲ့။ ဟုတ်လား"

ဓမ္မာရုံရှိ ကုလားထိုင်ကြီးတစ်လုံးပေါ်တွင် ဆရာတော်ထိုင်ကာ စောင့်ဆိုင်းနေနှင့်၏။ အခြားအမျိုးသား၊ အမျိုးသမီးယောဂီ လေးငါးဦး တို့က အချို့ထိုင်၍လည်းကောင်း၊ အချို့မတ်တတ်ရပ်၍လည်းကောင်း ငြိမ်သက်စွာ တရားမှတ်နေကြ၏။

အဟွပ်... ဒကာရောက်လာသောအခါ ဆရာတော်က ဝိပဿနာ တရားရှုမှတ်နည်းကို အကျဉ်းမျှပြောပြ၏။ ပြီးဆုံးသည့်အခါ ဆရာ တော်က အားပေးစကား ပြောကြား၏။

"ဒကာ၊ ချောင်းဆိုးနေတဲ့အတွက် တရားမှတ်မရဘူးလို့မယူဆနဲ့ ချောင်းဆိုးချင်ရင် ချောင်းဆိုးချင်တယ်လို့မှတ်။ လည်ပင်းယားလာရင် ယားတယ်လို့မှတ်။ မအောင့်နိုင်လို့ ချောင်းဆိုးရရင်လည်း ချောင်းဆိုး တယ်လို့မှတ်။ ချောင်းဆိုးပျောက်ပြီး နေရတာသက်သာနေရင် ဖောင်း တယ်၊ ပိန်တယ်ကိုမှတ်။ ဘုန်းကြီးပြောတာ မှတ်မိတယ် မဟုတ်လား"

"အဟွပ်... မှတ်မိပါတယ်။ အဟွပ်... ဘုရား"

"အိမ်း၊ ဒကာချောင်းဆိုးနေတာကတော့ တခြားယောဂီတွေရဲ့ အနှောင့်အယှက်ဖြစ်တယ်ကွယ့်။ သူတို့နဲ့ ခပ်ဝေးဝေးထိုင်ပြီး ကဲ ဒီဓမ္မာရုံမှာ ရှုမှတ်ကြည့်။ အားမငယ်နဲ့။ နိုင်သလောက် ရှုမှတ်ပါ မနက်ဖြန်ကျရင် ဘုန်းကြီးရဲ့ကျောင်းပေါ်ကိုလာပြီး ဘုရားခန်းမှာ မှတ်တာပေါ့"

ထိုအဟွပ်ဒကာသည် ဝိပဿနာတရားကို တစ်လကြာမျှ လေး လေးစားစား ရှုမှတ်ပြီးသည့်အခါ၌ ချောင်းဆိုးရင်ကျပ် ပျောက်ကင်း သွားပါတော့သည်။

"ဆရာတော်ဘုရား၊ ချောင်းဆိုးရင်ကျပ်ရောဂါနဲ့ တပည့်တော်



အိုးစားကွဲသွားပါပြီ။ တပည့်တော်ဟာ လွတ်လပ်သွားပါပြီဘုရား။ ဒီရောဂါကြောင့် တပည့်တော် ငွေကုန်ခဲ့ရတာများပြီဘုရား။ တပည့် တော် ရှာဖွေသမျှ ငွေတွေကို ဆေးဆရာများဆီ အမြဲပေးဆက်ခဲ့ရပါ တယ်။ နောင်ဆိုရင် ဆေးဆရာများဟာ တပည့်တော်ဆီက ငွေတစ်ပြား တစ်ချပ်မှရတော့မှာ မဟုတ်ဘူးဘုရား။ အခု ဒီဆေးလွယ်အိတ်ကို လည်း တပည့်တော် မလိုတော့ပါဘူး။ သံဃာများနဲ့ ဒကာများသုံးလိုတဲ့ အခါ စားသုံးနိုင်အောင် ဒီဆေးလွယ်အိတ်ကို တပည့်တော် လှူခဲ့ပါရစေ ဘုရား"

"သာဓု သာဓု၊ ဝမ်းသာပါတယ်ဒကာ။ နောင်ကိုလည်း ဘုရား ဆေးကို အမြဲဆက်စားသွားပါ။ ဒကာ အမြဲကျန်းမာ ချမ်းသာနေပါ လိမ့်မယ်"

*

ကော့ကရိတ် မဟာသတိပဋ္ဌာန်ကျောင်းတွင် ဆရာတော် တရားပြ နေစဉ်အခါက ကြာအင်းရွာမှ ကရင်မတစ်ဦး ကျောင်းသို့လာ၍ ဝိပဿနာတရား အားထုတ်ပါသည်။ သူမလည်း ရင်ကျပ်ပန်းနာရောဂါ ကို နှစ်ရှည်လများ ခံစားနေရသူတစ်ဦးဖြစ်၏။

ဆရာတော် ညွှန်ကြားသည့်အတိုင်း ဝိပဿနာတရားကို ကြိုးကြိုး စားစား ရှုမှတ်သောအခါ ဝေဒနာများ ပြင်းပြင်းထန်ထန် ပေါ်လာပါ သည်။ ထိုဝေဒနာများကို ကြိတ်မှိတ်ခံ၍ ရှုမှတ်သည့်အခါ မျက်ရည် များပင် ဖြိုင်ဖြိုင်ကျဆင်းခဲ့ရ၏။ ဤအကြောင်းကြောင့် ဆရာတော် အား တရားလျှောက်ထားသည့်အခါ–

"ဆရာတော်ပြောတော့ ဝိပဿနာက လွယ်တယ်ဆို။ ကျွန်မ မျက်ရည်တွေ ချောင်းရေလို စီးကျနေပါပေါ့လား ဘုရား" ဟု ရိုးရိုး ဘွင်းဘွင်း လျှောက်ထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဝေဒနာပေါ်တာဟာ တရားပေါ်တာပဲဒကာမရဲ့။ တရားက ဖော်ပြတဲ့ဝေဒနာဟာ တုတ်နဲ့ရိုက်တာလောက် မနာပါဘူးကွယ်။ ဘာဒဏ်ရာမှလည်း မကျန်ရစ်ဘူး မဟုတ်လား။ အဲဒီတော့ ဝေဒနာ ပေါ်တာကို မလွတ်တမ်းမှတ်ပေး။ အဲဒီလိုမှတ်ရင် ကုသိုလ်လည်း အများကြီးရတယ်။ ဝိပဿနာဉာဏ်လည်းတက်လာပြီး ရောဂါ သက်သာသွားလိမ့်မယ်ဒကာမရဲ့"

ထိုဒကာမသည် တစ်လကြာအောင် ဖွဲ့ကောင်းကောင်းနှင့် တရားရှု မှတ်သွား၏။ ဣရိယာပုထ် ရှည်ရှည်လည်း မှတ်လာနိုင်၏။ တစ်လ ပြည့်သောအခါ ရင်ကျပ်ပန်းနာရောဂါမှာ ပိန်းကြာရွက်ပေါ်မှ မိုးရေစက်များ လျှောကျသွားသလို ဒကာမ၏ခန္ဓာကိုယ်ပေါ်မှ လျှောကျ သွားတော့၏။

"အာရောဂျ ပရမာ လာဘာ"

ရောဂါမှ လွတ်မြောက်ခြင်းသည် အမြတ်ဆုံးဆုလာဘ် မဟုတ်ပါ လား။

ထိုကရင်အမျိုးသမီးသည် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်၍ ခင်ပွန်းထံသို့ အလျင်အမြန်ပြန်သွားကာ သတင်းကောင်းကို ဖောက် သည်ချ၏။ ရှုနာရှိုက်ကုန်းဖြစ်ခဲ့သောဇနီးသည်က ရောဂါပျောက်ကင်း ၍ ရွှန်းရွှန်းဝေဝေ လန်းလန်းဆန်းဆန်းဖြစ်နေသည်ကို မြင်ရသောအခါ ခင်ပွန်းကလည်း အတိုင်းမသိ ပီတိဖြစ်ရပေတော့၏။

"ဝိပဿနာတရားက သိပ်ကောင်းတာကွယ့်။ ရှင်လည်း တရား ရှုမှတ်ပါလား"

"ဟာကွာ၊ ငါ အိမ်နှစ်လုံးဆောက်ပေးဖို့ လက်ခံထားတယ်ဟေ့၊ ဆောက်ပြီးတဲ့အခါ မှတ်တာပေါ့ကွာ"



"မရဘူး၊ မရဘူး။ ရှင်အခုမှတ်မှ။ ဪ ဒါနဲ့ ကျွန်မ ရောဂါ ပျောက်တာ ဆရာတော်ကို ကျေးဇူးတင်ရမယ်ကွယ့်။ ကနေ့ညနေ ကန်တော့ပွဲတစ်ပွဲ သွားပို့ကြရအောင်နော်"

ဇနီးသည်က ပရိယာယ်ဖြင့် ကျောင်းသို့ခေါ်လာသည်ကို ရိုးသား သော လက်သမားဆရာဖြစ်သူ ခင်ပွန်းက ကန်တော့ပွဲကိုထမ်းလျက် လိုက်ရှာ၏။ ကျောင်းသို့ရောက်သည့်အခါ ဆရာတော်က တစ်ညနေမျှ ဝိပဿနာတရား ရှုမှတ်ကြည့်ရန် တိုက်တွန်း၏။ ဇနီးကလည်း အတင်းတိုက်တွန်းနေသည့်အတွက် ခင်ပွန်းသည် ထိုည၌ တရားရှု မှတ်ရန် ကျောင်း၌နေရစ်ရ၏။

နောက်နေ့ မိုးလင်းသောအခါ ဆရာတော်ထံ ပြန်ခွင့်ပြုရန် ခွင့်ပန်၏။ ဆရာတော်က တစ်ရက်မျှတရားမှတ်ပါဦးဟု ထပ်ကာ ထပ်ကာ တိုက်တွန်းနေသည့်အတွက် လက်သမားဆရာသည် တစ် ရက်ကြာ တရားဆက်မှတ်ကာ ကျောင်း၌နေရစ်ရပြန်၏။ နောက်နေ့ နံနက်တွင် ဆရာတော်ထံ ပြန်ခွင့်ပြုရန် ခွင့်ပန်သောအခါ ဆရာတော်က တစ်ရက်ထပ်မံ ရှုမှတ်ပါဦးဟု တိုက်တွန်းပြန်၏။ သို့အတွက် တစ် ရက်တာ တရားရှုမှတ်ရပြန်၏။

နောက်နေ့၌ကား လက်သမားဆရာသည် ပြန်ခွင့်မတောင်းတော့ ချေ။ တရားတော်၏ ကောင်းမြတ်သောအရသာကို ကိုယ်တိုင်လက်တွေ့ မြင်သွားပြီဖြစ်သည့်အတွက် မိမိအလိုဆန္ဒအရသာ ဆက်လက်၍ တရားရှုမှတ်နေ၏။ တစ်လကြာ ရှုမှတ်ပြီးသောအခါ အိမ်ဆောက်ပေး ရန် သူလက်ခံထားခဲ့သော အိမ်ရှင်များက အကြိမ်ကြိမ်အဖန်ဖန် လာရောက်ပူဆာကြသည့်အတွက် မကွက်ချင်ဘဲလျက် ရိပ်သာမှ ထွက်ခဲ့ရ၏။ ဤအကြိမ် ပြန်ခွင့်တောင်းသောအခါ ဆရာတော် ထားတော့။ ပြုံးပြုံးရွှင်ရွှင်နှင့် ပြန်ခွင့်ပြုတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



"တရားအရသာသည် အရသာအပေါင်းကို အောင်နိုင်သည် တကား"

## နှလုံးတုန်ရင်ခုန် ပျောက်ကင်းမှု

လူ၏ခန္ဓာကိုယ်တွင် အရေးအကြီးဆုံး အင်္ဂါတစ်ခုမှာ နှလုံးဖြစ်၏။ နှလုံးသည် မွေးဖွားသည်မှစ၍ သေသည်အထိ မရပ်မနား လည်ပတ်နေရသော အင်ဂျင်စက်ကလေးနှင့်တူ၏။ ဆရာဝန်နားကြပ်နှင့်နားထောင်လျှင် နှလုံးခုန်သံကို အင်ဂျင်စက်ကဲ့သို့ တစ်မိနစ်လျှင် အကြိမ် ၇၀ မျှ ခုတ်မောင်းနေသည်ကို ကြားနိုင်၏။

နှလုံးသည် ဦးနှောက်မှ လက်ဖျားခြေဖျားအထိ ခန္ဓာကိုယ်တစ်ခုလုံး၌ သွေးများသွားလာ လည်ပတ်နေရန် အလုပ်လုပ်ပေးရ၏။ အဆုတ်များ၌ မြစ်ဖျားခံကြသော သွေးကြောမျှင်နုနုကလေးများက အောက်ဆီဂျင်ကို လက်ခံယူကာ သွေးနီဥ၌ပါသော ဟေမိုဂလိုဘင်ဓာတ်နှင့် ပေါင်းစပ်ပြီး သွေးလွှတ်ကြောများက သယ်ဆောင်လျက် ခန္ဓာကိုယ်အနှံ့အပြားရှိ ဆဲလ်ခေါ် ကလာပ်စည်းများဆီသို့ ပေးပို့၏။ အစာအိမ်မှထုတ်လုပ်သော အာဟာရဓာတ်ကိုလည်း သွေးလွှတ်ကြောများက လက်ခံယူပြီးလျှင် ဆဲလ်များအားလုံးဆီသို့ ပေးပို့၏။

ဆဲလ်များမှ စွန့်လွှတ်လိုက်သော ခန္ဓာကိုယ် အပျက်အစီးများကို သွေးပြန်ကြောများက သယ်ယူလာကာ ကျောက်ကပ်နှစ်ခု၌ အညစ်အကြေးများကို စွန့်လွှတ်ကြ၏။ ကျောက်ကပ်သည် သန့်စင်သောသွေးကို အညစ်အကြေးများမှ ခွဲခြား၍ စစ်ထုတ်ပေးသော သွေးစစ်ကိရိယာဖြစ်၏။ ကျောက်ကပ်ချို့ယွင်းခဲ့လျှင် သွေး၌ အညစ်အကြေးများစုံလာမည်ဖြစ်၍ သွေးအဆိပ်တက်လာသောရောဂါ ဖြစ်လာပေတော့မည်။



နှလုံးတွင် အခန်းနှစ်ခန်းနှင့် သွေးဝင်ထွက်ရန် ပြတင်းနှစ်ပေါက်ရှိရာ ထိုပြတင်းများ မလုံလျှင်သော်လည်းကောင်း၊ နှလုံးကြွက်သားများ ယိုယွင်း၍ ညှစ်အားပျော့သွားလျှင်သော်လည်းကောင်း နှလုံးရောဂါရရှိပေတော့သည်။

နှလုံးတုန်ခြင်း၊ ရင်ခုန်ခြင်းတို့မှာ နှလုံးရောဂါမဟုတ်ပါ။ သွေးအားနည်း၍ စိတ်အားငယ်တတ်သောသူများ၌ အများအားဖြင့် ဖြစ်တတ်သောရောဂါသာဖြစ်ရာ ကြောက်ရွံ့ထိတ်လန့်နေသောအခါနှင့် ပူပင်သောကဗျာပါဒအားကြီးနေသောအခါများ၌ နှလုံးတုန်ရင်ခုန်သည့် ဝေဒနာကို ခံစားနေရတတ်သည်။

နှလုံးတုန် ရင်ခုန်လာလျှင် ပို၍စိုးရိမ်ထိတ်လန့်လာသဖြင့် နှလုံးတုန်ရင်ခုန်ခြင်းမှာ ပိုဆိုးရွားလာတတ်၏။ ဂျာအေး သုံ့အမေရိုက်သောသီချင်းကဲ့သို့ သီချင်းဆို၍မဆုံးနိုင်အောင် သံသရာလည်နေသောရောဂါဖြစ်ပါ၏။ ဤရောဂါသည်များ၏ ဝေဒနာပျောက်ကင်းရေးကို လိုလားတောင်းဆိုမှုကြောင့် သွေးဆေးနှင့် အားတိုးဆေးအမျိုးမျိုးတို့သည် ဈေးကွက်လျှံမျှ ပေါ်ထွက်လာကြ၏။ ဤဆေးများကို မှီဝဲနေသူများသည် တစ်ကြိမ်နှစ်ကြိမ် မှီဝဲရုံနှင့်မရ။ တစ်သက်လုံး မှီဝဲနေရပေတော့၏။ ပိုဆိုးသည်မှာ ရွှေမှုန့်ပါသည့် ရွှေသွေးဆေးများကို မှီဝဲခြင်းဖြစ်၏။ သိပ္ပံရှုထောင့်ကကြည့်လျှင် လေးလံသောသတ္တုဓာတ်များသည် ခန္ဓာကိုယ်အား ကောင်းကျိုးမပေးဘဲ ဆိုးကျိုးကိုသာ ပေးနိုင်ကြပါသည်။ ပြဒါးမှုန်တို့မှာ ချက်ချင်းပင် အဆိပ်အတောက်ဖြစ်စေနိုင်ကြပါသည်။

သို့အတွက် ရောဂါဝေဒနာရှင်တို့သည် ဝေဒနာကို အလျင်အမြန်ပျောက်လိုသည့်ဇောဖြင့် ဆေးဝါးအမျိုးမျိုးကို ရေလဲပမာ မှီဝဲစားသုံးခြင်းထက် အန္တရာယ်ကင်းရှင်း၍ ကောင်းကျိုးအဖုံဖုံကို ပြည့်စုံနိုင်စေ

www.burmeseclassic.com

www.burmeseclassic.com



သော ဝိပဿနာတရားဆေးကြီးကို မှီဝဲသုံးစွဲသင့်ကြပါပေ၏။

"ရေကြောင့်ဖြစ်လာသော ရွံ့နွံကို ရေဖြင့်သာ ဆေးကြောရသကဲ့သို့ စိတ်ကြောင့်ဖြစ်သော ရောဂါမျိုးကိုလည်း စိတ်ဖြင့်သာ ဆေးကြောရပါသည်။

ဝိပဿနာရှုမှတ်ခြင်းကြောင့် နှလုံးတုန်ရင်ခုန်ခြင်း ပျောက်ကင်းသွားကြသော ဝေဒနာရှင်များမှာ မရေမတွက်နိုင်အောင် များပြားလှပါသည်။

မော်လမြိုင်မြို့မှ အသက် ၃၈ နှစ်ရှိသည့် ဒေါ်ဌေးခင်သည် နှလုံးတုန်ရင်ခုန်သည့်ဝေဒနာကို ၁၀ နှစ်ကြာမျှ ခံစားခဲ့ရ၏။ သွေးဆေးအမည်အမျိုးမျိုးကို အလဲအလှယ်စားသုံးခဲ့ဖူး၏။ ဆရာဝန်များထံ၌လည်း အကုအသခံခဲ့ဖူး၏။ ခေတ္တခဏ ဝေဒနာသက်သာ၍ မကြာမီမှုရင်းအတိုင်း ဝေဒနာဖြစ်ပေါ်လာပါသည်။

မိတ်သင်္ဂဟများ၏ အကြံပေးချက်အရ ဒေါ်ဌေးခင်သည် တော်ကူးဆရာတော်ထံသို့ ရောက်လာပြီး ဝိပဿနာကို ရှုမှတ်၏။ အလုပ်ကိစ္စများသူဖြစ်၍ ရက်များစွာအားထုတ်ခွင့်မရ။ သို့သော် ကြိုးစား၍ အားထုတ်မှုကြောင့် ၇ ရက်အတွင်းမှာပင် ထိုင်သောဣရိယာပုထ်ဖြင့် ၅ နာရီ၊ ရပ်သောဣရိယာပုထ်ဖြင့် ၄ နာရီတစ်စပ်တည်း ရှုမှတ်လာနိုင်ပါသည်။ ထိုအခါ နှလုံးတုန်ရင်ခုန်ခြင်းဝေဒနာမှာ ရှာဖွေ၍ မတွေ့ရတော့ဘဲ ပျောက်ခြင်းမလှ ပျောက်သွားပေတော့၏။

မော်လမြိုင်မြို့၊ မောင်ငံရပ်မှ ကောလိပ်ကျောင်းသူ မအေးအေးသက်သည် နှလုံးတုန်ရင်ခုန်ခြင်းကို ၂ နှစ်ကြာခံစားနေရသဖြင့် ကျောင်းပိတ်ရက်တွင် တော်ကူးရိပ်သာသို့ ရောက်လာပါသည်။ ဆရာတော်ထံ၌ ၁၂ ရက်ကြာ ဝိပဿနာရှုမှတ်ပြီးသည့်အခါ နှလုံးတုန်ရင်ခုန်သောဝေဒနာမှာ သက်သာပျောက်ကင်းသွားပေတော့၏။



မုဒုံမြို့မှ ဒေါ်တင်ရွှေမှာ ရောဂါစုံသူတစ်ဦးဖြစ်၏။ နှလုံးတုန်ရင်ခုန်ခြင်း၊ ဝမ်းဗိုက်အောင့်ခြင်း၊ အမောဖောက်ခြင်းတို့ကို ခံစားနေရသည်မှာ နှစ် ၂၀ ခန့်ပင်ရှိလေပြီ။ မှင်ရောဂါဟု မွန်လူမျိုးတို့ခေါ်ဆိုသော အကြောတက်သည့်ရောဂါကိုလည်း ၉ နှစ်တာမျှ ခံစားခဲ့ရ၏။ ဆရာလည်းစုံ၊ ဆေးလည်းစုံသွားချေပြီ။ ရောဂါခြေအနေကား ထူးမခြားနား။

တော်ကူးရိပ်သာ၏ ထူးခြားချက်များကို ကြားသိရသောအခါ ဒေါ်တင်ရွှေလည်း အထုပ်အပိုးပြင်ပြီး မဆိုင်းမတွပင် တော်ကူးရွာသို့ ထွက်ခဲ့၏။ တော်ကူးဆရာတော်ဘုရားထံမှ ဝိပဿနာအမြိုက်ဆေးကြီးကို တောင်းခံ၍ စွဲစွဲမြဲမြဲ မှီဝဲခဲ့လေပြီ။ စ,လယ်,ဆုံး ကောင်းခြင်းဂုဏ်တို့နှင့် ပြည့်စုံသော ဗုဒ္ဓ၏ တရားအမြိုက်ဆေးသည် မှီဝဲစဉ်လည်း ကောင်း၏။ ရက်အတော်ကြာ မှီဝဲပြီးသောအခါ၌ကား ပိုကောင်းလာ၏။ တစ်သက်တာလုံး မှီဝဲသွားချေလျှင် ကောင်းသည်ထက် ပိုကောင်းသွားမည်ဖြစ်၏။ သို့အတွက် မွန်လူမျိုးတို့က 'ကောင်းမှကောင်း၊ တကယ့် တကယ်ကောင်း' (ခိုဟ်မှခိုဟ်၊ ခိုက်ကွဲ့ကွဲ့)ဟု ဆိုကြပါ၏။

ဒေါ်တင်ရွှေသည် တစ်သက်တာ အားကိုးလောက်သော တရားအမြိုက်ဆေးကြီးကို လက်ဝယ်ပိုင်ပိုင် ရရှိထားပြီးဖြစ်၍ ဘဝခရီးဆက်နှင်ရန် ဝန်မလေးတော့ပါ။ ရောဂါပျောက်ကင်းသွားသည့်အတွက် ပြုံးရွှင်လျက်သာ ကျေနပ်နေပါတော့၏။

## သွေးတိုးရောဂါ ဒေါးကင်းကွာ

နှစ်လက်မပိုက်လုံးမှ တစ်နာရီ ထွက်လာသော ရေပမာဏကို တစ်လက်မပိုက်လုံးအတွင်းမှ တစ်နာရီအတွင်း စီးထွက်စေလိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



ဖိအားလေးဆမျှ တိုးရပေလိမ့်မည်။ အလားတူပင် သွေးကြောများ ကျဉ်းမြောင်းလာသောအခါ လိုအပ်သောသွေးပမာဏကို ရရှိရန်အတွက် နှလုံးသည် အားကြီးကြီးဖြင့် ဖိညှစ်ရပေ၏။ ထိုအခါ သွေးဖိအား ကြီးလာသည့်အတွက် သွေးတိုးရောဂါဖြစ်လာသည်ဟု ဆိုကြ၏။

သွေးတိုးရောဂါသည် ဝသောသူများ၌ အဖြစ်များသော်လည်း ပိန်သောသူများ၌လည်း ဖြစ်ပေါ်သည်သာ။ ဓိမ်ခံပစ္စည်းများ ပေါ်ကြွယ်ဝသော နိုင်ငံများ၌ ထောပတ်၊ ဒိန်ခဲ စသည့်အဆီအအိမ့်များကို ပိုမို စားသုံးပြီး ကိုယ်လက်လှုပ်ရှားမှုနည်းပါးကြသည့်အတွက် သွေးတိုး ရောဂါပိုဖြစ်၏။

သာမန်ရှိသင့်သည်ထက်ပို၍ သွေးဖိအားကြီးမားနေသောအခါ နှလုံးက ပို၍အလုပ်လုပ်ရပြီး ပို၍ဖိညှစ်ရသည့်အတွက် နှလုံးချွတ်ယွင်း ချက် အနည်းငယ်ရှိသည်နှင့်တစ်ပြိုင်နက် နှလုံးရောဂါ ကြီးကျယ် ထင်ရှားလာတော့၏။ ကျဉ်းမြောင်းသောသွေးကြောများတစ်လျှောက် သွေးကို ဖိအားကြီးကြီးဖြင့် တွန်းပို့ပေးရသည့်အခါ သွေးကြောမျှင်များ ပြတ်တောက်သွားနိုင်၏။ ထို့ကြောင့် ဦးနှောက်သွေးကြော ပြတ်တောက် ၍ ချက်ချင်းသေနိုင်၏။ သေနိုင်လောက်သည်အထိ မဆိုးရွားလျှင် လည်း လေဖြတ်ပြီး ခြေလက်သေသွားနိုင်၏။

သွေးတိုးရောဂါသည် ပျောက်ကင်းအောင်ကုသရန် အလွန်ခဲယဉ်း သောရောဂါဖြစ်ပေ၏။ အင်္ဂလိပ်ဆေး၊ မြန်မာဆေးဝါးများအနက် မိမိနှင့် သင့်မြတ်သောဆေးဝါးကို စားသုံးနေလျှင် ရောဂါကို ထိန်းထား နိုင်ရုံသာရှိသည်။ လုံးဝပျောက်ကင်းသွားရန်ကား မတတ်နိုင်ကြပါ။

သွေးတိုးရောဂါသည် စိတ်နှင့်လည်း ဆက်စပ်နေသည်ကို မမေ့အပ်ပေ။ ဒေါသစိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် တစ်ကိုယ်လုံးသို့ သွေးများလျှမ်းလျှမ်းတက် ဆူပွက်သည်မဟုတ်လော။ ထို့ကြောင့်



စိတ်ကိုမထိန်းနိုင်လျှင် မီးလောင်ရာ လေပင့်သည့်ပမာ သွေးတိုးရောဂါ ၏ လောင်မြိုက်ခြင်းအန္တရာယ်ကို ပိုမိုခံစားရမည်ဖြစ်၏။

'စိတ်ပျိုလျှင် ကိုယ်နု' ဆိုသည့်စကားကိုလည်း အလေးထားရမည် ဖြစ်၏။ သောက ဗျာပါဒအားကြီးသောသူသည် လျင်မြန်စွာ အိုမင်း ရင့်ရော်၍၊ စိတ်ပျော်ရွှင်ကြည်လင်နေသောသူသည် နုပျိုနေတတ်သည် မှာ လူတိုင်းအမြင်ပင်ဖြစ်၏။

သွေးကြောများ ကျဉ်းမြောင်းသွားရသော အကြောင်းများတွင် ကိုလက်စထရော (cholesterol)ခေါ် အဆီဓာတ်တစ်မျိုးက သွေးကြော ၏ အတွင်းနံရံများ၌ ကပ်တင်နေသောကြောင့်ဖြစ်၏။ အခြား အကြောင်းတစ်ရပ်မှာ သွေးကြောနံရံများ ရင့်ရော်လာသည့်အတွက် ဆန့်ထွက်နိုင်သော သတ္တိလျော့သွားပြီး မာကျောလာသောကြောင့် ဖြစ်၏။

သို့အတွက် အဆီဓာတ်နည်းသည့် ဟင်းသီးဟင်းရွက်များကို များများစားသုံးခြင်းနှင့် စိတ်ပျိုကိုယ်နုခြင်းတို့သည် သွေးတိုးရောဂါကို ကာကွယ်တားဆီးရန် ကောင်းမွန်သော နည်းလမ်းများဖြစ်ကြ၏။

ဝိပဿနာရှုမှတ်ခြင်းသည် စိတ်အညစ်အကြေးများကို ဖယ်ရှားနိုင် သည့်အတွက် စိတ်ပျိုကိုယ်နုခြင်းကို တိုက်ရိုက်အထောက်အကူပြု၏။ သို့ဖြစ်၍ ဝိပဿနာရှုမှတ်ခြင်းကြောင့် သွေးတိုးရောဂါ သက်သာ ပျောက်ကင်းလာသည်မှာ သဘာဝကျလှပေတော့သည်။

သံဖြူဇရပ်မြို့ ပဝတ္တိ ပရိယတ္တိစာသင်တိုက်မှ ဦးပညာသာမိသည် ငယ်စဉ်အခါကပင် ဝမ်းအောင့်ရောဂါကို ခံစားခဲ့ရ၏။ အသက်အရွယ် ကြီးရင့်လာသောအခါ သွေးတိုးရောဂါ ထပ်ဆင့်ဖြစ်ပွားလာပြီး အမြဲလိုလိုပင် ဦးခေါင်းကိုက်ခဲ့နေတတ်၏။ ဆေးအမျိုးမျိုး မှီဝဲသော် လည်း မသက်သာသဖြင့် ပရိယတ္တိစာပေ သင်ကြားရေးအတွက်

www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲ ဖြစ်နေ၏။

တော်ကူးဆရာတော်ဘုရားအကြောင်းကို ကြားသိရသောအခါ ဦးပညာသာမိသည် မဆိုင်းမတွပင် တော်ကူးမဟာသတိပဋ္ဌာန်ကျောင်းသို့ ထွက်လာခဲ့၏။ ဣရိယာပုထ်ရှည်ရှည် မမှတ်နိုင်သော်လည်း ၃ နာရီ ၄ နာရီလောက်မူ တစ်စပ်တည်းရှုမှတ်နိုင်၏။ တစ်လတာရှု စွဲစွဲမြဲမြဲ တရားအားထုတ်ပြီးသောအခါ ရောဂါများသက်သာပျောက်ကင်းသွားကြ၏။ ဦးပညာသာမိသည် အလွန်ဝမ်းမြောက်၍ တော်ကူးဆရာတော်အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်လေသည်။

မုဒုံမြို့၊ ပေါ်တော်မူရပ်နေ အသက် ၃၂ နှစ်ရှိ ဒေါ်ရင်စိန်သည် သွေးတိုးရောဂါနှင့် မီးယပ်ထိမ်ရောဂါတို့ကို ခံစားနေရသဖြင့် စိတ်ညစ်နေရ၏။ ဆရာဝန်များထံ အကုသခံခဲ့ပါသော်လည်း ရောဂါအခြေအနေမှာ အားရလောက်အောင် ထူးခြားမှုမရှိပေ။ တော်ကူးမဟာသတိပဋ္ဌာန်ကျောင်း၌ ဝိပဿနာတရား လာရောက်ရှုမှတ်သည့်အခါ ရက်အနည်းငယ်အတွင်းမှာပင် ထူးခြားစွာ သက်သာမှုရလာ၏။ ရိုသေစွာ ဆက်လက်ရှုမှတ်သွားသည့်အခါ ရောဂါနှစ်မျိုးလုံးပင် အံ့သြစဖွယ် ပျောက်ကင်းသွားကြ၏။

*

မုဒုံမြို့နယ်၊ နိုင်လုံရွာမှ ဒေါ်ကွန်းမေသည် သွေးတိုးရောဂါနှင့် ပေါင်တစ်ဘက် အကြောဆွဲနေသော ရောဂါတို့ကို ပူးတွဲခံစားနေရ၏။ ဆေးဝါးအမျိုးမျိုးကို ၁၀ နှစ်ကြာမျှ မှီဝဲခဲ့ပါသော်လည်း ရောဂါများ ပျောက်ကင်းမည့် အရိပ်အယောင်ကို မမြင်တွေ့ရပါ။ တော်ကူးဆရာတော်ထံမှောက်သို့ ဒေါ်ကွန်းမေရောက်လာပြီး ဝိပဿနာကို ရိုသေစွာ ရှုမှတ်သောအခါ၌မူ သူ၏ရောဂါများသည် ထူးခြားစွာ ပျောက်ကင်းသွားကြ၏။



တော်ကူးရိပ်သာ၌ ကျွန်တော်တရားဝင်နေစဉ် သွေးတိုးဦးပဉ္ဇင်းဟု အမည်ရသော ဦးပဉ္ဇင်းတစ်ပါးရှိ၏။ ဘွဲ့အမည်မှာ ဦးကောသလ္လဖြစ်၏။ အသက် ၃၂ နှစ်ရှိပြီး အသားဖြူ၏။ တရားရှုမှတ်ထားသော အရှိန်အဝါကြောင့် ရုပ်အသွင်အပြင်ကြည်လင်၍ နုပျိုလန်းဆန်းလျက်ရှိ၏။ သာသနာ့ဘောင်သို့ ဝင်ရောက်လာသည်မှာ နှစ်လသာရှိသေး၏။

လူဝတ်ကြောင်ဘဝက မုဒုံမြို့တွင်နေထိုင်ပြီး မုဒုံသူတစ်ဦးနှင့် အိမ်ထောင်ကျခဲ့၏။ ကြင်စဇနီးမောင်နှံတို့ အိမ်ထောင်ထူထောင်ရန် ကြိုးပမ်းနေကြချိန်တွင် ခင်ပွန်းဖြစ်သူက မကြာခဏ ဇက်ကြောထိုး၍ ခေါင်းကိုက်လာသည့်အတွက် ဆရာဝန်ထံ အစမ်းသပ်ခံကြည့်ရာ သွေးတိုးရောဂါစဖြစ်နေကြောင်းသိရ၏။ သို့အတွက် ဝက်သားနှင့် အဆီအအိမ့်တို့ကိုလည်းကောင်း၊ ဆားနှင့် ငါးပိတို့ကိုလည်းကောင်း ရှောင်ရှားခဲ့ရ၏။ မရှောင်ဘဲ စားမိလျှင်လည်း ချက်ချင်းပင် ရောဂါတိုးလာ၏။

ဆေးမှီဝဲရင်း အစားရှောင်ရင်းနှင့် တပိန်ပိန်တလိမ်လိမ် ဖြစ်လာသောခင်ပွန်းသည်အား ဇနီးသည်က သနားကြင်နာ၍ တော်ကူးမဟာသတိပဋ္ဌာန်ကျောင်းတွင် တရားဝင်ခွင့်ပြုလိုက်၏။ ရိပ်သာတွင် တရားရှုမှတ်နေသည့်အခါ သွေးတိုးပြီး ခေါင်းကိုက်သောရောဂါများမှာ သိသိသာသာပင် ကောင်းမွန်လာ၏။ အစာစားသောက်သည့်အခါ၌ မိမိရှောင်နေကျအစာများကိုမစားဘဲ ရှောင်ဖယ်နေကြောင်းကို ဆရာတော်ကြားသိရသောအခါ–

“ဒကာ၊ ဘုရားရဲ့အမြိုက်ဆေးကို မှီဝဲနေတဲ့အခါမှာ ဘာအစာမှ ရှောင်စရာမလိုဘူး။ အကုန်လုံးတည့်တယ်။ စားတဲ့အခါမှာ တရားအမှတ် မလွတ်အောင်သာစား။ အစာအားလုံးဟာ ဆေးဖြစ်တယ်။ စားသမျှလည်း အာဟာရဓာတ်ဖြစ်ပြီး ကျန်းမာဝဖြိုးလာစေတယ်”ဟု

www.burmeseclassic.com

www.burmeseclassic.com



မိန့်တော်မူ၏။

ဆရာတော် အမိန့်ရှိသည့်အတိုင်း မိမိနှစ်သက်သော ငါးပိရည်ချို အစ ရိပ်သာမှကျွေးသမျှ အစာအားလုံးကို တရားအမှတ်မလွှတ်စေဘဲ စားသုံးလေ၏။ အံ့သြစွာပင် မည်သည့်ဘေးအန္တရာယ်မျှ မဖြစ်ချေ။

ရောဂါသက်သာ၍ အင်အားအတော်အတန် ဖြစ်ထွန်းလာသော အခါ မိမိဇနီးထံသို့ ပြန်သွား၏။ အိမ်ပြန်ရောက်ပြီးနောက် မကြာခင် တဖြည်းဖြည်း နေထိုင်မကောင်းဖြစ်လာပြန်၏။ ကျန်းမာရေး ချို့တဲ့ လျှင် ဇနီးမောင်နှံ အတူနေရသော်လည်း ပျော်စရာမကောင်းပေ။

ထို့ကြောင့် ရောဂါအလျှင်းပျောက်ကင်းရန်နှင့် ပါရမီဖြစ်ထွန်းရန် အတွက် တော်ကူးဆရာတော်ဘုရားအား ဥပဇ္ဈာယ်ဆရာပြုလုပ်လျက် မြင့်မြတ်သော ရဟန်းဘဝကိုခံယူလိုက်၏။ ဝိပဿနာတရားကိုလည်း ပြင်းပြင်းထန်ထန် ရှုမှတ်လေ၏။ တရားမှတ်စဉ်အခါ၌ ဝေဒနာ ကြီးကြီးကျယ်ကျယ်ပေါ်၏။ ကျောင်းပေါ်တွင် တရားမှတ်နေစဉ်အခါ ကိုယ်ခန္ဓာသည် အလွန်ပြင်းထန်စွာ တုန်ခါသဖြင့် ကျောင်းကြီးပင် လိုက်၍ တုန်ခါနေသည်ဟု ထင်မှတ်ရ၏။ ကျောင်းပေါ်ရှိ ဗီရိုနှင့်တကွ ဗီရိုအတွင်းရှိ ပစ္စည်းများတုန်ခါနေသည်ကို အထင်းသားမြင်တွေ့ရ၏။

"တရားဖော်ပြတဲ့အခါ ဒီလိုပဲ နတ်ပူးတာထက် ပိုပြီးတုန်တယ်။ တချို့ကလည်း သရဲသဘက်ဝင်ပူးနေတယ်လို့ အထင်မှားတတ်တယ်။ တရားအလုပ်လုပ်နေတဲ့အခါ သရဲသဘက်တွေ ဘယ်အနားကပ်ဖို့ လိမ့်မလဲ။ ဒီလို တရားတွေ့တာ အဖိုးတန်တယ်။ နိုင်အောင်သာရှုမှတ် နေ။ နိုင်သွားတဲ့အခါ ဒီလက္ခဏာတွေ ပျောက်သွားလိမ့်မယ်"ဟု ဆရာတော် အမိန့်ရှိ၏။

ဦးကောသလ္လသည် တရားရှုမှတ်စဉ်အခါ၌ ခန္ဓာကိုယ်သာ တုန်ခါသည်မဟုတ်၊ ချွေးသီးချွေးပေါက်များသည်လည်း ဦးခေါင်းထိပ်မှ စ၍ တစ်ကိုယ်လုံးမှ ယိုစီးထွက်လာ၏။ ရှေ့ပိုင်းရက်များ၌ ကိုယ်ကွက်ကျားပူ၏။ နောက်ပိုင်း၌ တစ်ကိုယ်လုံး အပူညီလာ၏။



ဦးကောသလ္လသည် ဝေဒနာကို သည်းညည်းခံလျက် ဣရိယာပုထ်ရှည်ရှည်ဖြင့် တရားရှုမှတ်နိုင်ရန် ကြိုးစားခဲ့ရာ ၁၀ နာရီမှ ၁၂ နာရီအထိ တစ်စပ်တည်း ရှုမှတ်လာနိုင်၏။

ကျွန်တော် တွေ့မြင်ရသည့်အချိန်၌ ဦးကောသလ္လသည် နှစ်လမျှ တရားရှုမှတ်ပြီးဖြစ်ရာ ရောဂါများ ပျောက်ကင်း၍ ကျန်းမာရွှင်လန်း လျက်ရှိပေ၏။

## ကျောက်ကပ်ရောဂါ အံ့သြစရာ

ကျောရိုးမကြီး၏ တစ်ဘက်တစ်ချက်တွင် တည်ရှိကြသော ကျောက်ကပ်တစ်စုံသည် လူ့ခန္ဓာကိုယ်၏ သွေးစစ်ကိရိယာကြီးဖြစ်၏။ ခန္ဓာကိုယ်အတွင်းရှိ လူ့သွေးများအားလုံးသည် မိနစ်အနည်းငယ်လျှင် တစ်ကြိမ်ကျ ကျောက်ကပ်များကို ဖြတ်စီးရ၏။ ထိုအခါ ကျောက်ကပ်တို့က လက်ရှိဆဲလ်များမှ စွန့်လွှတ်လိုက်သော အညစ်အကြေးများနှင့်တကွ ရေနှင့်အက်ဆစ် အပိုအလျှံတို့ကို သွေးမှစစ်ထုတ်ပေးကြ၏။ ထိုစစ်ထုတ်လိုက်သော အညစ်အကြေးနှင့် ရေကို ကျင်ငယ်ဟု ခေါ်၏။

သွေးတွင် ထုံးခဲတက်ကဲ့သို့သော ရေတွင်မပျော်ဝင်နိုင်သည့် အညစ်အကြေးများပါရှိသောအခါ ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းတွင် ကျောက်တည်လာတတ်၏။ ထိုအခါ ဆီးသွားရန် ခက်ခဲလာ၏၊ နာကျင်လာ၏၊ ခက်ခက်ခဲခဲ ကုသရတော့၏။

တော်ကူးရွာ မဟာသတိပဋ္ဌာန်ကျောင်းတွင် သီတင်းသုံးသည့်

www.burmeseclassic.com

www.burmeseclassic.com



ဦးဉာဏဓဇသည် ဆီးအသွားရခက်ပြီး ဝမ်းအောင့်နေ၏။ ရောဂါဝေဒနာက မခံမရပ်နိုင်အောင် ဆိုးရွားလာသောအခါ ဦးဉာဏဓဇသည် ဆရာဝန်တစ်ဦးနှင့် ဆွေးနွေးတိုင်ပင်ကြည့်၏။ ဆရာဝန်က ခွဲစိတ်ကုသရန် အကြံပေး၏။

ဆရာတော်ဦးနန္ဒိယအား ဦးဉာဏဓဇ လျှောက်ထားသောအခါ–

"ဦးပဉ္ဇင်း ခွဲစိတ်ကုသဖို့လိုရင် ကုတာပေါ့။ ဒါပေမဲ့ ခွဲစိတ်ပြီး မကုသမီ ဝိပဿနာတရား အားထုတ်လိုက်ပါဦးလား။ ဦးပဉ္ဇင်းဟာ ဆီးခဏခဏသွားချင်တယ်။ သွားတော့လည်း နည်းနည်းဆိုတော့ ဆီးရောဂါဖြစ်နိုင်တာပဲ။ ဆီးရောဂါဆိုတာက ကျောက်တည်လို့ဖြစ်နိုင်တယ်။ ဝိပဿနာတရားဆိုတာ အစွမ်းအထက်ဆုံးဆေးပဲ။ ဗိုက်ထဲက အလုံးတွေတောင် ပျက်ကျတာပဲ။ ဆီးလမ်းကြောင်းက ကျောက်တွေလည်း ကြေမွပြီး ကျလာနိုင်တာပေါ့။ ဦးပဉ္ဇင်း တစ်ပတ်နှစ်ပတ်လောက် ယုံယုံကြည်ကြည်နဲ့ အားထုတ်ကြည့်စမ်းပါ"

ဦးဉာဏဓဇသည် ဆရာတော်၏စကားကို မပယ်လှန်ဝံ့၍ တရားရှုမှတ်ရ၏။ မတ်တတ်ရပ်သော ဣရိယာပုထ်များဖြင့် ခပ်များများ မှတ်ရ၏။ ဆီးစွန့်ချင်သည့်အခါ 'စွန့်ချင်တယ်၊ စွန့်ချင်တယ်'ဟု မှတ်ရ၏။ ဝမ်းဗိုက်အတွင်း၌ စူးအောင့်နာကျင်လာသောအခါ ထို ဝေဒနာကို စူးစူးစိုက်စိုက် ရှုမှတ်ရ၏။ ဣရိယာပုထ်ကို မပြောင်းလဲဘဲ ကြာကြာရှုမှတ်နိုင်ရန်လည်း ကြိုးစားရ၏။

တရားရှုမှတ်သောရက် များလာသောအခါ ထူးခြားမှုကို တွေ့ရလေပြီ။ ဦးဉာဏဓဇ ဆီးသွားသည့်အခါ အဖြူရောင်ကျောက်ခဲလေး နှစ်လုံးသုံးလုံးပါလာ၏။ စုစုပေါင်း ကျောက်ခဲကလေး ၂၇ လုံး ကျဆင်းပြီးသည့်အခါ ဆီးလမ်းကြောင်း ကောင်းစွာပွင့်သွား၏။ ဝမ်းအောင့်ရောဂါသည်လည်း လုံးဝပျောက်ကင်းသွား၏။



ကျွန်တော် တော်ကူးမဟာသတိပဋ္ဌာန်ကျောင်းသို့ ရောက်သောအခါ ဦးဉာဏဓဇကိုလည်း ဖူးတွေ့ရ၏။ ဦးဉာဏဓဇက သူ၏ ကိုယ်တွေ့အဖြစ်အပျက်ကို အားရပါးရပြောပြသည့်အပြင် ကျောက်ခဲကလေး ၂၇ လုံးကိုလည်း သိမ်းဆည်းထားခဲ့သည့်အကြောင်း၊ ထို့နောက် ရွာထဲမှ ဆီးရောဂါဖြစ်သူများက ထိုကျောက်ခဲကလေးများကို သွေးသောက်လျှင် ရောဂါပျောက်သည်ဆို၍ လာတောင်းသဖြင့် တစ်လုံးပြီးတစ်လုံး ပေးလိုက်ရသည့်အကြောင်းတို့ကို စိတ်ဝင်စားဖွယ် ပြောပြလေ၏။

မုဒုံမြို့နယ်၊ တံခွန်တိုင်ရွာ၊ ဂမုန်းကျောင်းဆရာတော် ဦးဥတ္တရသည် မူးဝေသောရောဂါ၊ နှလုံးရောဂါ၊ ဆီးရောဂါ၊ အသားဝါရောဂါ၊ လိပ်ခေါင်းရောဂါ၊ တင်ပါးနာရောဂါနှင့် နောက်ကြောတက်ရောဂါတို့ကို နှစ်ရှည်လများ ခံစားလာရ၏။ ဦးပဉ္ဇင်းများနှင့် ကိုရင်များက နေ့နှင့်ညဉ့် နှစ်ဆိုင်းခွဲ၍ နင်းနှိပ်ကာ ဝတ်ဖြည့်ပေးကြရ၏။

ဦးဥတ္တရသည် ၁၃၃၇ ခုနှစ်တွင် တော်ကူးရွာ မဟာသတိပဋ္ဌာန်ကျောင်း၌ဝါကပ်၍ ဝိပဿနာတရားကို အားထုတ်၏။ ရောဂါစုံသည်နှင့်အညီ တရားရှုမှတ်သည့်အခါ ပေါ်လာသောဝေဒနာသည် မျက်ရည်ပေါက်များ ယိုစီးထွက်ရအောင် အလွန်ပြင်းထန်ဆိုးရွား၏။ တော်ကူးဆရာတော်ဘုရားက မိမိအား စံနမူနာပြု၍ ဝေဒနာကို သည်းခံပြီး ရှုမှတ်ရန် အားပေး၏။

ဦးဥတ္တရသည် ရောဂါအမျိုးမျိုး၏ ဖိစီးသည့်ဒဏ်ကို ခါးစည်းခံနေရသဖြင့် ကျန်းမာသောယောဂီများကဲ့သို့ စိတ်ဆန္ဒရှိသည့်အတိုင်း တရားမရှုမှတ်နိုင်ချေ။ 'ပျား၏နည်းထုံး၊ မှတ်ကျင့်သုံး၍ ခြပုံးတောင်ပို့၊ ဖို့သည့်ခြင်းရာ'ဟူသည်နှင့်အညီ တရားရှုမှတ်သော အချိန်ကို နည်းနည်းချင်း စုစည်းယူနေရ၏။

www.burmeseclassic.com

www.burmeseclassic.com



မလျှော့သော ဖွဲလုံ့လဖြင့် အားခဲကာ ရှုမှတ်လာသည့်အခါ ဣရိယာပုထ်သည် တစ်စပြီးတစ်စ ခိုင်မြဲရှည်လျားလာ၏။ ဒုက္ခဝေဒနာများသည်လည်း တရွေ့ရွေ့လျော့ပါးသက်သာလာ၏။ ထိုအခါ အားတက်ကာ ပို၍ရှည်ကြာစွာ ရှုမှတ်၏။

၆ နာရီကျော် ၇ နာရီအထိ တစ်သမတ်တည်း ရှုမှတ်လာနိုင်သောအခါ ဖော်ပြခဲ့သော ရောဂါများသည် တစ်ခုပြီးတစ်ခု ပျောက်ကင်းသွားကြ၏။ အနှင်းအနှိပ် မခံယူဘဲ ချမ်းသာစွာ သီတင်းသုံးလာနိုင်၏။ ထိုဝါတွင်းကာလသည် ဦးဥတ္တရအဖို့ တစ်သက်တာမမေ့ ပျောက်နိုင်သော အလွန်အကျိုးကျေးဇူးကြီးမားသည့် ကာလပေတည်း။

ယခုအခါ ဦးဥတ္တရသည် မိမိ၏နေရင်း ဂမုန်းကျောင်းတွင် သီတင်းသုံးလျက်ရှိပြီး ဝိပဿနာတရားကို လက်မလွှတ်ဘဲ အမြဲရှုမှတ်လျက်ရှိပေ၏။

*

ရန်ကုန်မြို့ ဆေးရုံကြီး၏ နှလုံးရောဂါကုဌာနတွင် သူနာပြုတာဝန်ကို နှစ်များစွာထမ်းရွက်ခဲ့သော စစ္စတာဒေါ်လှမြင့်သည် ကျောက်ကပ်ရောဂါနှင့် ဖနောင့်ရိုး စူးထိုးသည့်ဝေဒနာကို နာကျင်စွာ ခံစားနေရ၏။

ဒေါ်လှမြင့်သည် ရန်ကုန်မဟာစည်ရိပ်သာကြီး၌လည်းကောင်း မော်လမြိုင်မြို့ တောင်ဝိုင်းတောင်ခြေ၌တည်ရှိသည့် မဟာစည်ရိပ်သာ၌လည်းကောင်း ဝိပဿနာတရားကို အားထုတ်ခဲ့ပြီးဖြစ်၍ ရတနာသုံးပါးကို အလွန်ကြည်ညိုလေးစား၏။

ကျွန်တော်တို့ တော်ကူးမဟာသတိပဋ္ဌာန်ကျောင်းသို့ ရောက်သောအခါ ဝိပဿနာတရားအားထုတ်နေသည့် စစ္စတာဒေါ်လှမြင့်ကို တွေ့မြင်ရသည့်အတွက် အံ့အားလည်းသင့်မိ၏၊ ဝမ်းလည်းသာမိ၏။



တောင်ဝိုင်းမဟာစည်ရိပ်သာ၌ သူတရားဝင်နေစဉ် တော်ကူးမဟာသတိပဋ္ဌာန်ကျောင်းမှ သီလရှင်ဒေါ်ဝဏ္ဏာနှင့်ဆုံမိ၍ တော်ကူးမဟာသတိပဋ္ဌာန်ကျောင်းသို့ ရောက်လာခြင်းဖြစ်၏။

ဒေါ်လှမြင့်သည် ဒေါက်မြင့်ဖိနပ် အစီးများ၍လားမသိ၊ ဖနောင့်ရိုးအနည်းငယ်ရှည်ထွက်နေသည်ဟုဆို၏။ ထို့ကြောင့် လမ်းလျှောက်သည်ဖြစ်စေ၊ သာမန်ရပ်သောအခါ၌ဖြစ်စေ ဖနောင့်ရိုးထိုးပြီး နာကျင်စူးရှသည့်ဝေဒနာကို ခံစားရ၏။

ဒေါ်လှမြင့်အား ဆရာတော် အဓိကထား၍ တရားရှုမှတ်စေသည့် ဣရိယာပုထ်မှာ မတ်တတ်ရပ်သော ဣရိယာပုထ်ဖြစ်၏။ ဤဣရိယာပုထ်ဖြင့် ခေတ္တမျှ တရားရှုမှတ်နိုင်လျှင်ပင် မခံမရပ်နိုင်အောင် နာကျင်စူးထိုးလာတော့၏။ ထိုသို့နာကျင်စူးထိုးလာသည်ကို အာရုံစူးစိုက်၍ သည်းညည်းခံကာရှုမှတ်ရန် ဆရာတော်သည် အနီး၌နေ၍ ညွှန်ကြားအားပေး၏။ ဒေါ်လှမြင့် မတ်တတ်ရပ်နေစဉ် ကိုင်ထားရန်အတွက်လည်း ကြိုးတန်း,တန်းထားစေ၏။

ဆရာတော်၏ အားပေးတိုက်တွန်းမှုကြောင့် ဒေါ်လှမြင့်သည် နာကျင်စူးရှလှသောဝေဒနာကို ကြိတ်မှိတ်ခံကာရှုမှတ်ရှာ၏။ မခံမရပ်နိုင်အောင်နာကျင်လာသည့်အခါ–

"ဘုန်းဘုန်းဘုရား၊ သိပ်နာတယ်။ မမှတ်နိုင်တော့ဘူး။ တော်ပါရစေတော့ဘုရား"ဟု ညည်းညူကာ ခွင့်တောင်းရှာ၏။

"ဒကာမကြီး တော်ချင်တယ်ဆိုရင် တော်ချင်တယ်၊ တော်ချင်တယ်လို့ ငါးမိနစ်လောက် ဆက်မှတ်လိုက်ပါဦး။ ဟိုတုလောက ဘုန်းကြီးဆီကို ဖနောင့်အသားပိုတက်တဲ့ ရဟန်းတစ်ပါး ရောက်လာတယ်။ ဒီလိုပဲ ဘုန်းကြီးကြိုးတန်း,တန်းထားပေးပြီးတော့ သူ့ကို မတ်တတ်ရပ်ပြီး တရားမှတ်စေတယ်။ သူက နာတယ် မရပ်နိုင်ဘူးဆို

www.burmeseclassic.com

www.burmeseclassic.com



တော့ ဘုန်းကြီးက 'ဆရာ့ထံရောက်ရင် ဆရာညွှန်ကြားသလို လိုက်နာရမယ်။ ငါးမိနစ်ရရ ရပ်ပါ'လို့ အမိန့်ရှိတော့ သူရပ်ပြီးမှတ်တယ်။ ပထမနေ့က ၁၅ မိနစ် သူရပ်နိုင်တယ်။ နောက်နေ့မှာ မိနစ် ၂၀ ရပ်နိုင်တယ်။ နောက်နေ့များမှာ မိနစ် ၃၀၊ တစ်နာရီ၊ နှစ်နာရီ၊ သုံးနာရီ စသည်ဖြင့် ၆ နာရီထိ တစ်စပ်တည်း ရှုမှတ်သွားနိုင်တယ်။ အသားပိုတွေ ကျေညက်ပြီးရောဂါပျောက်သွားတယ်။ ဒါကြောင့် ဒုက္ခမအားမငယ်နဲ့၊ ကြိုးစားပြီးတော့မှတ်ပါ"

ဆရာတော်၏ အားပေးတိုက်တွန်းမှုကြောင့် ဒေါ်လှမြင့်သည် ဒုက္ခဝေဒနာကို ကြံ့ကြံ့ခံလျက် တစ်စတစ်စတိုး၍ ရှုမှတ်သွား၏။ သို့နှင့် ရက် ၂၀ ခန့်အတွင်းတွင် နေ့စဉ် ၂ နာရီမှ ၃ နာရီအထိ တစ်စပ်တည်း ရှုမှတ်လာနိုင်၏။ တစ်နေ့တွင် ဒေါ်လှမြင့် လျောင်း၍ မှတ်နေစဉ် ပိတ်နေသော ကျောက်ကပ်သည်ပွင့်သွားသည်ဟု အာရုံထင်လာ၏။ တရားဖြုတ်သောအခါ၌ တကယ်ပင် ပေါ့ပါးသွားပြီး ကျောက်ကပ်နေရာ၌ ဗိုက်အောင့်နေတတ်သည့် ဝေဒနာမှာ ပျောက်ကင်းသွား၏။

တော်ကူးရိပ်သာသို့ ဒေါ်လှမြင့် စရောက်လာသည်မှ ၂၃ ရက်မြောက်သောနေ့တွင် မော်လမြိုင်မှ မိတ်ဆွေများ လာရောက်ခေါ်ငင်သဖြင့် သူလိုက်သွား၏။ ရိပ်သာမှ ဒေါ်လှမြင့် ထွက်ခွာသွားသည့် အချိန်၌ ဖနောင့်အရိုးထိုးကိုက်သောရောဂါမှာ လုံးဝမပျောက်ကင်းသေးသော်လည်း အတော်သက်သာနေလေပြီ။ သူ၏ ကျောက်ကပ်ရောဂါမှာမူ ပျောက်ကင်းသွားသည်ဟု ပြောကြားသွား၏။



## လိပ်ခေါင်းရောဂါ အမြစ်ပါကျွတ်

ယောကျ်ားတွင်လည်းကောင်း၊ မိန်းမတွင်လည်းကောင်း အများအားဖြင့် ဝမ်းချုပ်ခြင်းမှအစပြု၍ ဖြစ်လာတတ်သော လိပ်ခေါင်းရောဂါသည် အလွန်စိတ်ညစ်စရာကောင်းသော ရောဂါတစ်မျိုးဖြစ်ပေ၏။ ထိုင်နေလျှင်လည်းအခက်၊ ထနေလျှင်လည်းအခက်။ အထူးသဖြင့် ဝမ်းသွားသည့်အခါ သွေးတစက်စက်ကျပြီး အလွန်နာကျင်ခံခက်သော ရောဂါတစ်ခုဖြစ်ပေ၏။

လိပ်ခေါင်းရောဂါကို ဆေးရုံများ၌ ခွဲစိတ်ပြီး ကုသပေးနိုင်၏။ ခေတ်ပေါ်နည်းဖြင့် ကုသသည်လည်းရှိ၏။ ဗိန္ဒောဆရာများက ဆေးလူးဆေးကျွေး၍ကုသ၏။ ပျောက်သည်လည်းရှိ၏၊ မပျောက်သည်လည်းရှိ၏။ ခဏပျောက်ပြီး ပြန်ဖြစ်သည်လည်းရှိ၏။ သွေးအလွန်အကျွံထွက်လျှင် အသက်အန္တရာယ်ရှိ၏။

ဆေးစား၊ ဆေးလူးခြင်းလည်းမပြု၊ ခွဲစိတ်ခြင်းလည်းမပြုဘဲ ဝိပဿနာတရားရှုမှတ်ခြင်းဖြင့် သဘာဝအလျောက် သွေ့ခြောက်လာပြီး ကာ အပင်ထက်မှ အသီးမှည့်ကြွေကျသကဲ့သို့ လိပ်ခေါင်းပြုတ်ကြွေ၍ ပျောက်ကင်းသွားခြင်းကား အန္တရာယ်အကင်းဆုံး အကောင်းဆုံးနည်းဖြစ်သည်မှာ သိသာထင်ရှားလှပေ၏။

တော်ကူးသတိပဋ္ဌာန်ကျောင်းတွင် ဝိပဿနာတရား ရှုမှတ်၍ နှစ် ၂၀-၃၀ ကျော် ကြာညောင်းခဲ့သည့် လိပ်ခေါင်းရောဂါများ ပျောက်ကင်းသွားကြသော သာဓကများစွာရှိပေ၏။

တော်ကူးဆရာတော်၏ညီမ ဒေါ်သင်းစိန်၏ခင်ပွန်းဖြစ်သူ တံခွန်တိုင်ရွာနေ ဦးတွတ်သည် အသက် ၂၅ နှစ်အရွယ်ကတည်းက လိပ်ခေါင်းရောဂါစဖြစ်ခဲ့၏။ အမြဲလိုလိုဝမ်းချုပ်နေတတ်ပြီး ဝမ်းသွား

www.burmeseclassic.com



လျှင် သွေးပါလာ၏။ ဝမ်းသွားသည့်အခါ နာကျင်ကိုက်ခဲသည့်အတွက် ဝမ်းသွားရမည်ကို စိုးရွံ့နေ၏။ ထိုသို့ စိုးရွံ့နေသည့်အတွက်လည်း ဝမ်းပို၍ချုပ်လာ၏။

ဗိန္ဒောဆရာများနှင့် ကုသကြည့်၏။ အတွင်းလိပ်ခေါင်း၊ အပြင်လိပ်ခေါင်း နှစ်မျိုးလုံးဖြစ်နေသည်ဟုဆို၏။ အပြင်လိပ်ခေါင်းမှာ ကွမ်းသီးလုံးခန့်အရွယ်အထိ ဖောင်းလာတတ်၏။ အမြဲလိုလို အရည်စိုစို နေ၏။ ဆေးစား၊ ဆေးလူးပါသော်လည်း သိသိသာသာ ထူးခြားမှု မရှိပေ။

လိပ်ခေါင်းရောဂါကြောင့် သွေးအားဆုတ်ယုတ်လာကာ အမူးရောဂါဖောက်လာ၏။ ထို့နောက် ရင်ကျပ်သောရောဂါနှင့် ကိုယ်လက်ကိုက်ခဲသောရောဂါတို့လည်း ဝင်ရောက်လာကြ၏။ အကြောတက်၍ ကိုက်ခဲခြင်းကို ဖြေသိမ့်ရန်အတွက် အနှိပ်သည်တစ်ဦးကို အမြဲလိုလို ခေါ်ထားရ၏။

ရောဂါထူပြောလင့်ကစား ဦးတွတ်သည် အသက်ရှည်၏။ အသက် ၇၀ နှစ်ရောက်လာသောအခါ သူ၏အစ်ကိုတစ်ယောက်မှာ လိပ်ခေါင်းရောဂါဖြင့် ကွယ်လွန်သွား၏။ ထိုအခါ တော်ကူးဆရာတော်၏ တိုက်တွန်းမှုကြောင့် ဦးတွတ်သည် ဝိပဿနာတရားကို အားထုတ်လေ၏။

တရားရှုမှတ်ခါစ၌ ဦးတွတ်သည် ခဏလေးမျှသာ ထိုင်နိုင်၏။ မထိုင်နိုင်သည့်အခါ စင်္ကြံလျှောက်ခြင်း၊ မတ်တတ်ရပ်၍မှတ်ခြင်း၊ လျောင်း၍မှတ်ခြင်းတို့ကို ပြုလုပ်ရ၏။ စိတ်ရှည်ရှည်ထား၍ ဣရိယာပုထ်လေးပါးလုံးဖြင့် လှည့်ပတ်၍ တရားရှုမှတ်လေရာ တစ်နာရီအထိ တစ်စပ်တည်း ရှုမှတ်လာနိုင်၏။ ထို့နောက် ဆက်လက်၍ အားထုတ်ပြန်ရာ ဣရိယာပုထ်တစ်မျိုးစီဖြင့် တစ်နာရီ၊ ထိုမှတစ်ဆင့် ၃ နာရီ၊



ထို့နောက် ၄ နာရီအထိ ရှုမှတ်လာနိုင်၏။

အချိန်ပိုမိုရှည်လျားစွာ တရားရှုမှတ်လာနိုင်သည်နှင့်အမျှ ရောဂါဝေဒနာများလည်း တဖြည်းဖြည်း ယုတ်လျော့လာကြ၏။ အမြဲစိုရွှဲလျက်ရှိသော လိပ်ခေါင်းအရေပြားသည် တစ်စတစ်စ သွေ့ခြောက်ရှုံ့တွလာ၏။ အနာလည်း သက်သာလာ၏။ လုံးဝမနာသလောက်ဖြစ်သည့်အခါ အလွန်သွေ့ခြောက်နေပြီဖြစ်သော လိပ်ခေါင်းအရေခွံသည် ဝမ်းသွားရင်း ကျွတ်ထွက်သွားတော့၏။

ဦးတွတ်သည် ရောဂါအားလုံး ပျောက်ကင်းသွားသည်အထိ တရားအားထုတ်ခဲ့၏။ ထိုပျောက်ကင်းသွားသောရောဂါများသည် ပြန်လည်ဖြစ်ပေါ်ခြင်းမရှိချေ။ ထိုအချိန်မှ ၈ နှစ်ကျော် ကြာသောအခါ၌ သူ၏အသက် ၇၈ နှစ်အတွင်းသို့ ချင်းနင်းဝင်ရောက်လာသောအခါ သူ့အားကျန်းမာရွှင်လန်းလျက်ရှိသည်ကို တော်ကူးမဟာသတိပဋ္ဌာန်ကျောင်း၌ ကျွန်တော် ဝိပဿနာတရားအားထုတ်နေစဉ် တွေ့မြင်ခဲ့၏။

ထိုအသက်အရွယ်တွင် ဦးတွတ်သည် စက်ဘီးစီးလျက် မိမိနေအိမ်မှ တစ်မိုင်သာသာဝေးကွာသည့် တော်ကူးရိပ်သာကျောင်းသို့ သနေတိုင်းသွားရောက်လေ့ရှိ၏။ ကျောင်းတွင် ပြုဖွယ်ရာဝေယျာဝစ္စကိစ္စများကို ဆောင်ရွက်ပြီးလျှင် စက်ဘီးဖြင့် အိမ်သို့ပြန်သွား၏။ ချီးကျူးအံ့သြဖွယ်ကောင်းလှပေတော့၏။

မော်လမြိုင်ဆေးရုံကြီးမှ သူနာပြုဆရာမတစ်ဦးဖြစ်သော ဒေါ်ကျင်မြိုင်သည်လည်း ဝိပဿနာတရားရှုမှတ်ရင်း လိပ်ခေါင်းရောဂါ ပျောက်ကင်းခဲ့၏။ ဒေါ်ကျင်မြိုင်သည် တော်ကူးဆရာတော်ဘုရား၏ တူမက မွေးဖွားသဖြင့် ဆရာတော်၏ မြေးတော်သူတစ်ဦးဖြစ်၏။ အသက် ၃၁ နှစ်အရွယ်တွင် လိပ်ခေါင်းရောဂါ စွဲကပ်လာ၏။ ခွဲစိတ်ကုသခြင်းကို မခံယူလို၍ တော်ကူးဆရာတော်ဘုရားထံသို့ ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကျင်မြိုင်သည် ဝိပဿနာတရားကို ဣရိယာပုထ်လေးပါးဖြင့် မပြတ်ရှုမှတ်နေရင်း တစ်နေ့တွင် မိမိ၏ အမှတ်အာရုံထဲ၌ လိပ်ခေါင်းအရေပြားသည် ပြည်တောင်းအရွယ်လောက် ဖောင်းထွက်လာပြီးလျှင် ကျွတ်ထွက်သွားသည်ကို မြင်လိုက်ရ၏။ နာကျင်သော ဝေဒနာလည်း ပျောက်ကင်းသွားသဖြင့် တစ်ကိုယ်လုံး ပေါ့ပါးသွား၏။ တရားရှုမှတ်ခြင်းကို ရပ်ဆိုင်းလိုက်သည့်အခါ၌ မိမိ၏ လိပ်ခေါင်းရောဂါမှာ တကယ်ပင် ပျောက်ကင်းနေသည်ကို အံ့သြစွာ မြင်တွေ့ရလေ၏။

ဒေါ်ကျင်မြိုင်သည် တော်ကူးမဟာသတိပဋ္ဌာန်ကျောင်းတွင် တစ်လနီးပါးမျှ တရားရှုမှတ်ခဲ့၏။ ထိုအခါမှစ၍ နှစ်ပေါင်းများစွာ ကြာညောင်းလာသော်လည်း လိပ်ခေါင်းရောဂါမှာ ပြန်လည်မပေါ်ပေါက်တော့ချေ။

မုဒုံမြို့နယ်၊ ကလော့သော့ရွာမှ သီလရှင် ဒေါ်ဓမ္မဝတီ အသက် ၅၀ သည် လိပ်ခေါင်းရောဂါကို ၁၅ နှစ်ခန့် ခံစားခဲ့ရ၏။ တော်ကူးဆရာတော်ဘုရား၏ ခြေရင်း၌ သုံးကြိမ်တိုင်တိုင် ဝိပဿနာတရားကို အားထုတ်၏။ တစ်ကြိမ်လာရောက်အားထုတ်လျှင် တစ်လခန့်ကြာ၏။ ရပ်ခြင်းနှင့် ထိုင်ခြင်း ဣရိယာပုထ်တို့၌ ၁၂ နာရီအထိ ရှုမှတ်နိုင်၏။ ဝိပဿနာတရားအားထုတ်ရင်းပင် သူ၏ လိပ်ခေါင်းရောဂါမှာ အလျှင်း ပျောက်ကင်းခဲ့လေ၏။

* * *

## အဏ္ဏဝုန္စိတ်၏ မှတ်ရောဂါပျောက်ကင်းကွာ

ယောကျာ်းအချို့တွင် ဖြစ်တတ်သော မှတ်ရောဂါကို ယနေ့ ခွဲစိတ်ကုသနည်းဖြင့် အလွယ်တကူကုသနိုင်ပါ၏။ သို့သော် ခွဲစိတ် ကိရိယာမစုံလင်သော ဆေးရုံငယ်များနှင့် တောလက်ကျေးရွာများ



တွင် မှတ်ရောဂါကိုကုသရန် ခဲယဉ်းနေပါသေးသည်။

ဝိပဿနာရှုမှတ်ခြင်းကြောင့် မှတ်ရောဂါပျောက်ကင်းခြင်းသည်လည်း အံ့ဖွယ်ဖြစ်ရပ်တစ်ခုပါပေ။ အကောင်းဆုံးသာဓကမှာ တော်ကူးဆရာတော်ပင်ဖြစ်၏။ နှစ်ပေါင်းများစွာကြာရှည်ခဲ့သော ဆရာတော်၏ မှတ်ရောဂါသည် မော်လမြိုင်မြို့ဝ မဟာသတိပဋ္ဌာန်ကျောင်းတွင် ဆရာတော် တရားရှုမှတ်စဉ်အခါ ပျောက်ကင်းသွားခဲ့၏။

မုဒုံမြို့နယ် ကွမ်တာရွာ မဟာယဉ်ကျောင်းတွင် သီတင်းသုံးသော ဦးယသသည် မှတ်ရောဂါနှင့် မူးဝေခြင်းရောဂါတို့ကို အနှစ် ၂၀ ခန့် ခံစားနေရ၏။ တော်ကူး မဟာသတိပဋ္ဌာန်ကျောင်းသို့ ကြွရောက်ပြီး ဝိပဿနာတရားကို ရိုသေစွာအားထုတ်၏။ ဣရိယာပုထ်များက ၄ နာရီကြာအောင် ခိုင်မြဲလာကြသောအခါ ရောဂါလက္ခဏာများ စတင် ယုတ်လျော့လာ၏။ ဦးယသသည် ရပ်သောဣရိယာပုထ်ဖြင့် ၁၂ နာရီကြာအောင် ရှုမှတ်နိုင်သည်အထိ ကြိုးစားအားထုတ်ခဲ့၏။ ထိုအခါ မှတ်ရောဂါလည်း လုံးဝပျောက်ကင်းသွားလေသည်။

တော်ကူးရွာနေ ဦးမဲသည် မှတ်ရောဂါကို ၃ နှစ်ခွဲမျှ ခံစားခဲ့ရပြီး ဝမ်းအောင့်သည့်ရောဂါကို ၁၀ နှစ်ခန့်ခံစားနေခဲ့ရ၏။ တော်ကူး မဟာသတိပဋ္ဌာန်ကျောင်းတွင် တရားအားထုတ်ရာ ထိုင်ခြင်းနှင့် ရပ်ခြင်း ဣရိယာပုထ်နှစ်မျိုးဖြင့် ၄ နာရီကြာအောင် တစ်စပ်တည်း မှန်မှန်ရှုမှတ်နိုင်ခဲ့၏။ တစ်လလောက် ရှုမှတ်ပြီးသောအခါ ရောဂါ နှစ်မျိုးလုံး ပျောက်ကင်းသွားလေ၏။

*

မုဒုံနယ်၊ ကော့ပီထော်ရွာနေ ဦးညွန့်သည် မှတ်ရောဂါကို ၁၀ နှစ်ကြာခံစားခဲ့ရ၏။ တော်ကူးမဟာသတိပဋ္ဌာန်ကျောင်းတွင် ဝိပဿနာ တရားအားထုတ်ရာ သုံးနာရီကြာသည့် ရပ်ခြင်းဣရိယာပုထ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခြင်းဣရိယာပုထ်တို့ဖြင့် ၇ ရက် ရှုမှတ်မိလျှင်ပင် မှတ်ရောဂါမှာ ပျောက်ကင်းသွားလေ၏။

## ခါးနာ, ဓမ်းအောင့်, ခါးကိုက်လည်းပျောက်

၁၉၇၉ ခုနှစ်၊ အောက်တိုဘာလတွင် တော်ကူးရွာ မဟာသတိပဋ္ဌာန်ကျောင်းသို့ ကျွန်တော်ရောက်သွားသည့်အခါ ကမာဝက်ရွာ ခြသေ့်ကျောင်းမှ ဦးနာဝိကကိုလည်း တွေ့ဆုံခဲ့ရ၏။ သူသည် ခါးနာရောဂါနှင့် ဝမ်းအောင့်ရောဂါတို့မှ ထူးခြားစွာ လွတ်မြောက်ခဲ့ရသော ပုဂ္ဂိုလ်တစ်ဦးဖြစ်၏။

ဦးနာဝိကသည် လူဝတ်ကြောင်ဘဝက လယ်သမားတစ်ဦးဖြစ်၏။ လေးလံသော လယ်ယာပစ္စည်းများကို ချီမ,မိရာမှ ခါးကျိုးသွားသလိုဖြစ်ပြီး မခံမရပ်နိုင်အောင် ခါးနာလာ၏။ ကောင်းပေ့ အနှိပ်သည်ကိုပင့်ဆောင်၍ ကြာမြင့်စွာနှိပ်နယ်စေသောအခါမှ ဝေဒနာ အတော်အသင့် သက်သာလာ၏။ ရှင်းရှင်းပျောက်သွားခြင်းကား မဟုတ်။ နေသာထိုင်သာရုံမျှသာဖြစ်၏။ ရေချိုးသည့်အခါ ခါးကုန်း၍ ရေခပ်မိသည်နှင့်တစ်ပြိုင်နက် မနေသာအောင် ခါးနာလာပြန်တော့၏။

ခါးနာရောဂါနှင့်အတူ ဗိုက်အောင့်သည့်ရောဂါလည်း ဦးနာဝိက လောင်းလျာအား နှိပ်စက်နေပေ၏။ တစ်ခါတစ်ခါ ဗိုက်အောင့်ရောဂါ ထလျှင် ၁၅ ရက်ခန့် ဆော်ဒါစသည့် ဆေးများကိုစားပြီး အစားရှောင်ပါမှ သက်သာလာတတ်၏။ သက်သာပြီး၍ ရက်သတ္တတစ်ပတ် နှစ်ပတ်ကြာလျှင် တစ်ဖန် ဗိုက်အောင့်လာပြန်၏။

လယ်ယာလုပ်ငန်းခွင်၌ ခါးနာရောဂါနှင့် ဗိုက်အောင့်ရောဂါတို့ တွဲဖက်၍ နှိပ်စက်လေသောအခါများတွင် ဦးနာဝိကလောင်းလျာဖြစ်



သော လယ်သမားကြီးသည် လေးဘက်ထောက်ကာ ကလေးငယ် သွားနည်းအတိုင်း တွားသွားခဲ့ရ၏။ ထိုရောဂါနှစ်မျိုးတို့ နှိပ်စက်နေသည်မှာလည်း ၁၀ နှစ်ခန့်ရှိလေပြီ။ မိဘပိုင် လယ်ယာလုပ်ငန်းကို ကြိတ်မှိတ်၍ လုပ်ကိုင်ခဲ့သည်မှာ အစွန်းတစ်ဘက်သို့ ရောက်လေပြီ။ ရှေ့ဆက်၍ လုပ်နိုင်စွမ်းမရှိတော့ပြီ။

သို့အတွက် မိမိ၏မိသားစုထံခွင့်ပန်ကြား၍ အသက် ၂၄ နှစ် အရွယ်တွင် ဦးနာဝိကဟူသောဘွဲ့အမည်ဖြင့် ရဟန်းဘဝသို့ ကူးပြောင်းခဲ့လေတော့၏။ ရဟန်းဘဝတွင်လည်း ခါးနာရောဂါနှင့် ဗိုက်အောင့်ရောဂါတို့က ဆက်လက်နှိပ်စက်နေသဖြင့် ပထမဝါတွင်ပင် တော်ကူးမဟာသတိပဋ္ဌာန်ကျောင်းသို့ ကြွသွားပြီး ဝိပဿနာတရားကို အားထုတ်လေ၏။

ဦးနာဝိကသည် လယ်လုပ်ငန်းခွင်၌ အလွန်ဆင်းရဲသည့်ဒုက္ခဝေဒနာကို ခံစားခဲ့ရသည်နှင့်အညီ တရားလုပ်ငန်းခွင်၌လည်း အဆင်းရဲခံကာ အရိုးကြေကြေ အရေခန်းခန်းတည်းဟူသော စတုရင်္ဂဝီရိယဖြင့် အားထုတ်လေ၏။ သို့အတွက် တော်ကူးရိပ်သာ၌ ရှည်လျားသော ထိုင်ခြင်းဣရိယာပုထ်ဖြင့် တရားရှုမှတ်ရာတွင် ဦးဝိနာကသည် စံချိန်တင်ထားနိုင်၏။ ထိုင်သော ဣရိယာပုထ်ဖြင့် ၃၅ နာရီ၊ ရပ်သောဣရိယာပုထ်ဖြင့် ၂၃ နာရီ၊ အိပ်သောဣရိယာပုထ်ဖြင့် ၁၂ နာရီ တစ်စပ်တည်း ရှုမှတ်နိုင်၏။ ထိုအခါ ဆိုးရွားသောရောဂါနှစ်မျိုးလုံးသည် ဦးနာဝိက၏ကိုယ်ထဲ၌ မကိန်းအောင်းနိုင်တော့ဘဲ ရှောင်တိမ်းထွက်ပြေးရလေတော့၏။ နောက်တစ်ဖန် ပြန်လာခြင်းလည်း မရှိတော့ချေ။

ဦးနာဝိကအားအကြောင်းပြု၍ ကမာဝက်ရွာ ခြသေ့်ကျောင်းတွင် မဟာသတိပဋ္ဌာန်တရားအားထုတ်ခြင်းသည် ပြန့်ပွားသွား၏။ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်၏ ဇာတိရွာဖြစ်သော ကမာဝက်ရွာသည် အိမ်ခြေသုံးထောင် ကျော်ရှိသည့် အလွန်ကြီးကျယ်သော ရွာကြီးတစ်ရွာဖြစ်၏။ ကမာဝက် ရွာတွင် ဘုန်းကြီးကျောင်း ၃၀ ခန့်ရှိသည့်အနက် ခြသေ့်ကျောင်းသည် အကြီးကျယ်ဆုံးသောကျောင်းတစ်ကျောင်းဖြစ်၏။ ဤကျောင်းမှစ၍ ကမာဝက်ရွာတွင် ဝိပဿနာတရား ထွန်းကားလာသည်မှာ ဝမ်းသာ စရာကောင်းလှပေတော့၏။

တော်ကူး မဟာသတိပဋ္ဌာန်ကျောင်း၌ ဦးနာဝိကအား ကျွန်တော် ဖူးတွေ့ရသည့်အချိန်၌ ဦးနာဝိကသည် ကျန်းမာဝဖြိုးလျက်ရှိ၏။ သူ၏ ဒုတိယဝါကို တော်ကူးမဟာသတိပဋ္ဌာန်၌ပင် တရားမှတ်ရင်း ကုန်လွန်စေခဲ့၏။ တရားနှင့်မွေ့လျော်သူအဖြစ်ကို ခံယူနိုင်လေပြီ။

(ယခုအခါ ဦးနာဝိကသည် တော်ကူးမဟာသတိပဋ္ဌာန်ကျောင်း၏ ဒုတိယမြောက် ကမ္မဋ္ဌာနာစရိယဆရာတော် ဖြစ်နေလေပြီ။)

*

ရှမ်းပြည်မြောက်ပိုင်း၊ နမ့်ခမ်းမြို့နေ တိုင်းရင်းဆေးဆရာ ဦးစိုင်းစံအောနှင့် ဒေါ်သိန်းနွယ်တို့၏ သားလှရတနာသည် ငယ်စဉ် ကတည်းကပင် ခါးအောင့်ရောဂါ၊ လည်ပင်းတစ်သောရောဂါ၊ ခွဲ သလိပ်ကပ်သောရောဂါတို့ကို ခံစားခဲ့ရ၏။ ထို့အပြင် ငှက်ဖျားရောဂါ ကိုလည်း ၈ နှစ်ကျော် ခံစားနေခဲ့ရ၏။

အရွယ်ရောက်သောအခါ ရှင်သာမဏေအဖြစ်ကို ရှေးဦးစွာ ခံယူပြီးလျှင် ထိုမှတစ်ဆင့် ရဟန်းဘဝသို့ တက်လှမ်းခဲ့၏။ ရဟန်းဘွဲ့ အမည်မှာ ဦးတေဇနိယရံသီဖြစ်၏။ မြင့်မြတ်သောရဟန်းဘဝကို ရရှိသော်လည်း ကြီးကျယ်သောရောဂါဘယတို့၏ နှိပ်စက်မှုကြောင့် တစ်ရက်မျှ မပျော်ပိုက်နိုင်ချေ။

"ပန်းသတင်းလေညင်းဆောင်၊ လူသတင်းလူချင်းဆောင်"ဟူ



သည်နှင့်အညီ တော်ကူးဆရာတော်ဘုရား၏အကြောင်းကို ဦးတေ ဇနိယရံသီ ကြားသိ၏။ ၁၃၄၄ ခု၊ ပထမဝါဆိုလဆန်း ၉ ရက်နေ့ တွင် တော်ကူးမဟာသတိပဋ္ဌာန်ကျောင်းသို့ ကြွလာပြီးလျှင် ဝိပဿနာတရားကို ကြိုးပမ်းအားထုတ်၏။ သွား၊ ရပ်၊ ထိုင်၊ လျောင်း ဣရိယာပုထ် လေးမျိုးလုံး၌ ၁၅ နာရီကြာအောင် တစ်စပ်တည်း ရှုမှတ်လာနိုင်၏။

၁၃၄၄ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်နေ့တွင် ရှမ်းပြည် မြောက်ပိုင်းသို့ ဦးတေဇနိယရံသီ ပြန်လည်ကြွသွားသောအခါ ရောဂါ ကင်းရှင်းသည့် ချမ်းသာပျော်ရွှင်သည့် မြင့်မြတ်သည့်ရဟန်းတစ်ပါး အဖြစ်သို့ ပြောင်းလဲခဲ့လေပြီ။

*

တော်ကူးရွာမှ အဘိုးချစ်ခိုင်သည် အသက် ၈၅ နှစ်ရှိလေပြီ။ ကျန်းမာရေးကောင်းနေသေးသော်လည်း ခါးမှာအလွန်ကိုင်းနေ၏။ လမ်းလျှောက်သွားလျှင် သူ၏ကိုယ်အထက်ပိုင်းသည် မြေကြီးနှင့် တန်းလျက်ရှိ၏။ ခါးစ,ကိုင်းလာသည်မှ ၈ နှစ်အတွင်း၌ ဤမျှ ကိုင်းလာလျှင် နောင်တွင် လမ်းလျှောက်၍မရအောင် ကိုင်းညွတ်နေပေ တော့မည်။

ထို့ကြောင့် တော်ကူးဆရာတော်ဘုရားက 'ဟေ့ဒကာ ချစ်ခိုင် လာစမ်း၊ ငါ့ကျောင်းမှာနေ၊ ငါ့ကျောင်းမှာစား၊ အေးအေးဆေးဆေး နေပြီး တရားရှုမှတ်စမ်းပါ။ တော်ကြာ ဒကာခါးကုန်းတာ ခေါင်းမြေ စိုက်ပြီး လမ်းလျှောက်လို့မရ ဖြစ်တော့မယ်။ လာ... မြန်မြန်လာပြီး အားထုတ်စမ်း"

ကြီးမားသော အကြင်နာတရားဖြင့် ဆရာတော် ဖိတ်ခေါ်သည် ကို အဘိုးချစ်ခိုင်သည် ဝမ်းမြောက်ဝမ်းသာ လက်ခံ၏။ သူ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



သီးသန့်ဆောက်လုပ်ပေးထားသော တဲကလေးအတွင်း၌နေထိုင်ကာ ဆရာတော်ညွှန်ကြားသည့်အတိုင်း တရားရှုမှတ်နေ၏။ ခါးကုန်းသူများကို ပက်လက်လျောင်းအိပ်သော ဣရိယာပုထ်ဖြင့် အဓိကထား၍ ဆရာတော် ရှုမှတ်စေ၏။

၁၉၇၉ ခု၊ တော်ကူးမဟာသတိပဋ္ဌာန်ကျောင်းသို့ ကျွန်တော်ရောက်ရှိသည့်အခါ၌ အဘိုးချစ်ခိုင်ကို ပြုံးရွှင်စွာ တွေ့မြင်ရ၏။ သူ တရားရှုမှတ်နေသည်မှာ ၃ နှစ်ကြာခဲ့လေပြီ။ သူ၏ ခါးကုန်းနေသော အခြေအနေမှာ တရားမရှုမှတ်မီအခြေအနေထက် များစွာကောင်းလာသည်ဟု အများကမှတ်ချက်ချကြသည်ကို ဝမ်းမြောက်စွာပင် ကြားသိရပေ၏။

*

မြန်မာလူမျိုးတို့သည် အသက်ကြီးလျှင် ခါးကုန်းလာတတ်ကြ၏။ အင်္ဂလန်၊ အမေရိကန်နှင့် ဩစတြေးလျနိုင်ငံတို့၌ ကျွန်တော် လှည့်ပတ်သွားလာစဉ်အခါ၌ ခါးကုန်းနေသူများကို အလွန်တွေ့ခဲ၏။ ခါးကုန်းသူများက အိမ်တွင်းအောင်းနေကြသောကြောင့်ကား မဟုတ်ပါ။ အကြောင်းမှာ ထိုနိုင်ငံများ၌ ဘိုးဘွားများကို ကြည့်ရှုစောင့်ရှောက်ရန် သားသမီးများက တစ်မြို့တွင်း၌မရှိကြပါ။ တစ်နည်းဆိုသော် သားသမီးတို့သည် အနီးအပါးတွင်နေ၍ တာဝန်မယူကြပါ။ ထို့ကြောင့် ဘိုးဘွားများကိုယ်တိုင်ပင် ဈေးဝယ်ခြမ်းရ၊ ချက်ပြုတ်ကြရ၏။

ဆေးပညာရှုထောင့်အရ ခါးကုန်းရခြင်း၏အကြောင်းတစ်ခုမှာ ကျောရိုးမ၌ ကျီးပေါင်းတက်လာသောကြောင့် ဖြစ်၏။ အရိုး ကျီးပေါင်းတက်လာသောအခါ ခါးကိုမတ်မတ်ဆန့်ထားလျှင် နာကျင်လှသဖြင့် မနာအောင် ရှေ့သို့ကိုင်းညွတ်ထားရ၏။ ကျီးပေါင်း ကြီး



ထွားလာလေလေ ကိုယ်ကို ကိုင်းညွတ်ထားရလေလေ ဖြစ်၏။

တော်ကူးရိပ်သာ၌ ကျွန်တော်တို့ တရားဝင်နေစဉ်အတွင်း မုဒုံမြို့နယ်၊ ကျိုက်ရွဲရွာမှ ဒေါ်စိန်သွင်နှင့် ဒေါ်စိန်မင်း ညီအစ်မနှစ်ဦးတို့ တရားအားထုတ်ရန် ရောက်လာကြ၏။ အစ်မဖြစ်သူ ဒေါ်စိန်သွင်မှာ အသက် ၇၄ နှစ်ရှိပြီး နှလုံးရောဂါရှိသည်ဆို၏။ ညီမဖြစ်သူ ဒေါ်စိန်မင်းမှာ ၇၁ နှစ်ရှိပြီး လွန်ခဲ့သော ၅ နှစ်ကစ၍ ခါးကုန်းလာသည်ဟုဆို၏။ ထိုတရားဝင်သည့်နှစ်တွင် ပို၍ကုန်းလာသည်ဟုဆို၏။

ဆင်းရဲသော လယ်သမားများဖြစ်ကြသည်နှင့်အညီ ဟင်းရွက်များ အနည်းငယ်စီယူဆောင်လာ၍ ရိပ်သာသို့ဝင်လာခြင်းဖြစ်၏။ ဆရာတော်သည် သူတို့ကို ညီမအရင်းများသဖွယ် ကြိုဆိုပြီး တရားပြပေး၏။ ဒေါ်စိန်သွင်အား ရပ်သောဣရိယာပုထ်ဖြင့် များများရှုမှတ်ရန်နှင့် ဒေါ်စိန်မင်းအား လျောင်းသောဣရိယာပုထ်နှင့် ရပ်သောဣရိယာပုထ်တို့ကို မျှ၍ရှုမှတ်ရန် ညွှန်ကြား၏။ ထိုသူတို့ တရားရှုမှတ်နေစဉ်အချိန်တွင် ဆရာတော်သည် ဓမ္မာရုံသို့ မကြာမကြာကြွလာပြီး လိုအပ်သည်များကို မိန့်ကြားရင်း အားပေးစကား ပြော၏။

ဒုတိယမြောက်နေ့၌ ဒေါ်စိန်မင်း လျောင်း၍ တရားရှုမှတ်နေစဉ် နောက်ကျောရိုးဖုထွက်နေသောအလုံးကြီးသည် 'ဂရု'မြည်၍ ကျဆင်းသွား၏။ ထို့နောက် သူ၏ခါးကို အတော်အသင့်ဆန့်နိုင်လာသည်ကို တွေ့ရ၏။ ဓမ္မာရုံ၌ လာမှတ်သည့်အခါ တတ်အားသမျှ ခါးကိုဆန့်လျက် မတ်တတ်ရပ်ကာ ရှုမှတ်ရန် ဆရာတော် မိန့်ကြား၏။

သတ္တမမြောက်သောနေ့၌ အရုဏ်ဆွမ်းစားချိန်တွင် ဒေါ်စိန်မင်း ပေါ်မလာပါ။ ချက်ပြုတ်ကျွေးမွေးခြင်းတာဝန်ကို ထမ်းရွက်နေသည့် ဆရာတော်၏သမီးဖြစ်သူ ဒေါ်တင်ရွှေက သွားရောက်ခေါ်သောအခါ တရားရှုမှတ်နေသည်မှာကောင်းနေ၍ မစားလိုသေးကြောင်း

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ခြေလက်များကိုလည်း မလှုပ်ရှားနိုင်ကြောင်း ဒေါ်စိန်မင်း ဖြေကြား၏။ နေ့လယ် ၁၂ နာရီထိုးသည့်အခါမှ ဒေါ်စိန်မင်း လှုပ်ရှားလာနိုင်ပြီး ဆွမ်းစားကျောင်းသို့ ရောက်လာ၏။

နေ့လယ်တရားရှုမှတ်ချိန်တွင် ဒေါ်စိန်မင်းသည် ကျွန်တော်တို့နှင့်အတူ ဓမ္မာရုံ၌ မတ်တတ်ရပ်၍ ရှုမှတ်၏။ ကိုယ်ကို တဖြည်းဖြည်း ဆန့်ကြည့်ရာ ဆန့်လာနိုင်သည်ကို သိရှိရသဖြင့် သူအလွန်အမင်း ဝမ်းမြောက်သွားလေ၏။ ထိုနေ့တွင် သူသည် ၂ နာရီကြာမျှ ရပ်မှတ်သွား၏။

နောက်တစ်နေ့ တရားစစ်သောအခါ 'ဘာတွေမြင်တွေ့ကြသလဲ' ဟု ဆရာတော်မေးမြန်းသည်ကို ဒေါ်စိန်မင်းက 'အိုးအရှင်ဘုရား ခါးနာတယ်၊ ကိုက်တယ်၊ တင်းတယ်၊ နိမိတ်တွေလည်း အမျိုးစုံမြင်တာပဲ'ဟု လျှောက်ထား၏။ အစ်မဖြစ်သူ ဒေါ်စိန်သွင်ကမူ 'ဝေဒနာသက်သာလာလို့ သုံးနာရီကြာလောက် ထိုင်ဖြစ်ပါတယ်ဘုရား'ဟု လျှောက်ထား၏။

ဆရာတော်က 'ဝေဒနာသက်သာပြီး မှတ်လို့ကောင်းနေတာ ဘာကြောင့် တော်လိုက်သလဲ၊ ဆက်မှတ်ပေါ့။ နာတယ်၊ ကိုက်တယ်၊ ထိုးတယ် စတဲ့ဝေဒနာဆိုးတွေပေါ်ရင်လည်း သည်းညည်းခံပြီးမှတ်ပေါ့။ သန်းခေါင်ရောက်တဲ့အထိ မှတ်ကြည့်စမ်း။ တစ်ခါတည်း အေးချမ်းသွားလိမ့်မယ်။ ရောဂါတွေပါ အကုန်ပျောက်သွားမှာပေါ့'ဟု ရွှင်ရွှင်ပျပျ မိန့်ကြားတော်မူ၏။

အလုပ်ကြမ်းဖြင့် အသက်မွေးခဲ့ကြသော တောသူတောင်သားတို့သည် အသက်အရွယ်ကြီးနေလင့်ကစား ရက်အနည်းငယ်အတွင်း ၂ နာရီ၊ ၃ နာရီမျှ တစ်စပ်တည်း ရှုမှတ်နိုင်ကြသည်မှာ ချီးကျူးစဖွယ်ဖြစ်၏။



ဒေါ်စိန်သွင်နှင့် ဒေါ်စိန်မင်းတို့သည် ရိပ်သာသို့လာစဉ်က ၁၀ ရက်ခန့်သာ တရားအားထုတ်ကြမည်ဟု ရည်ရွယ်ရင်းရှိခဲ့ကြသည့်အတိုင်း ၁၀ ရက်ပြည့်သောအခါ ဆရာတော်ထား၍ မရတော့ဘဲ ပြန်သွားကြ၏။ တရားကောင်းလာပြီး ရောဂါများသက်သာလာသည့်အချိန်၌ ပြန်သွားကြသည်မှာ နှမြောစရာပင် ဖြစ်ပါတော့၏။

## စိတ္တဇရောဂါနှင့် ဝိပဿနာ

ရေကြောင့်ဖြစ်သော ရွှံ့ဗွက်ကို ရေဖြင့်ဆေးကြောမှ စင်ကြယ်သကဲ့သို့ ဆီချေးကြောင့်ဖြစ်သော အညစ်အကြေးကို ဓာတ်ဆီစသည့် ဆီဖြင့်ဆေးကြောပါမှ စင်ကြယ်သကဲ့သို့ စိတ်ကြောင့်ဖြစ်သော စိတ္တဇရောဂါကို စိတ်ဖြင့်ကုသပါမှ လုံးဝပျောက်ကင်းသွားပါလိမ့်မည်။

ဝိပဿနာအလုပ်တွင် ပထမစိတ္တဝိသုဒ္ဓိခေါ် စိတ်ကိုစင်ကြယ်စေပြီး သမာဓိထူထောင်ရ၏။ ကာမစ္ဆန္ဒနီဝရဏဟူသည့် ကာမဂုဏ်အာရုံများကို လိုချင်နှစ်သက်ခြင်း စသည့် အပိတ်အပင် အညစ်အကြေးများမှ ကင်းစင်လာသောအခါ စိတ်သည်ကြည်လင်တည်ငြိမ်လာ၏။ ထိုသို့ ကြည်လင်တည်ငြိမ်သောစိတ်သည် ထူးခြားသော အစွမ်းသတ္တိနှင့် ပြည့်စုံလာသဖြင့် ထိုးထွင်း၍မြင်သိလာနိုင်စွမ်း ရှိ၏။ ဝိပဿနာဉာဏ်အဆင့်ဆင့်ကိုလည်း ဖြစ်ပေါ်စေနိုင်၏။ မမှန်ကန်သော အသိအမြင်အယူအဆများကိုလည်း ပယ်ဖျောက်နိုင်၏။

သို့အတွက် ဝိပဿနာရှုမှတ်ခြင်းကြောင့် စိတ္တဇရောဂါများ ပျောက်ကင်းသွားကြသည်မှာ အမှန်စင်စစ်အားဖြင့် သဘာဝကျလှပါသည်။

'စိတ္တဇနော၊ ကိုယ်တွင်းနာကား၊ ကုရာနတ္ထိ၊ ဆေးမရှိသည်'ဟု

www.burmeseclassic.com

www.burmeseclassic.com



မဆိုသင့်ပါချေ။ ကုသပေးနိုင်သော ဆေးစွမ်းကောင်းများရှိပါသည်။ အစွမ်းအထက်ဆုံးဆေးသည်ကား ဓမ္မသြသဓဆေးကြီးပင် ဖြစ်ပါ၏။

လင်သေ၊ သားသေ၊ မိဘသေ၊ မောင်သေ၍ စီးပွားပျက်သုဉ်းသဖြင့် အရူးလုံးလုံး ဖြစ်ရရှာသော ပဋာစာရီသည် ဗုဒ္ဓ၏အမြိုက်ဆေးကြောင့်ပင် တစ်မုဟုတ်ချင်း လူကောင်းပကတိဖြစ်ခဲ့သည် မဟုတ်ပါလော။

ဝိပဿနာဟူသည့် ဓမ္မသြသဓဆေးကြီးသည်ကား စိတ်ပူပန်ခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ စိတ်မနှံ့ခြင်း၊ ရူးသွပ်ခြင်း စသည့် စိတ်အညစ်အကြေးအားလုံးကို ဆေးကြောသန့်စင်စေနိုင်သော တစ်ခုတည်းသော ဆေးမြတ်ကြီးဖြစ်ပါ၏။

"ကုလားဓားက အသားနဲ့ ဟင်းသီးဟင်းရွက် လှီးဖြတ်ဖို့လောက်ပဲရမှာ။ ဘုရားဓားက ရောဂါအားလုံးနဲ့ အယူမှားဒိဋ္ဌိအားလုံးကို အမြစ်ပြတ်အောင် ခုတ်ထစ်ချေမှုန်းနိုင်တာ"ဟု တော်ကူးဆရာတော် မိန့်ကြားတော်မူ၏။

* * *

မော်လမြိုင်မြို့မှ မောင်သန်းဝင်းသည် အခြေခံပညာ အထက်တန်းစာမေးပွဲကို နှစ်ချင်းပေါက်အောင်မြင်ရန် အားသွန်ခွန်စိုက်ကြိုးစားနေ၏။ စာမေးပွဲနီးလာသောအခါ သူ၏ဖခင်သည်မမျှော်လင့်ဘဲ ရုတ်တရက်ကွယ်လွန်သွား၏။ တစ်ဖန် စာမေးပွဲရက်များ၌ စိတ်နောက်ကျိနေသဖြင့် တလွဲတချော်ဖြေဆိုမိလေ၏။

ရည်မှန်းချက်နှင့် နှမ်းထွက်မကိုက်သည်ကို သိမြင်ရသောအခါ အကြီးအကျယ် စိတ်ပျက်ပြီး စိတ်ဖောက်ပြန်သွားတော့၏။ ပြောချင်ရာပြောပြီး လုပ်ချင်ရာလုပ်၏။ ပန်းကန်အိုးခွက်များကိုလည်း ရိုက်ခွဲ၏။ ဓာတ်ပုံများနှင့် အိမ်သုံးပစ္စည်းများကိုလည်း ကောက်ပစ်၏။



သားတွင် ပယောဂဝင်ပူးနေလေပြီဟု မိခင်ကယူဆ၍ ပယောဂဆရာပင့်ဆောင်၍ ကုသ၏။ မထူးခြားပါ။ မိတ်သင်္ဂဟများက အကြံပေးသဖြင့် မောင်သန်းဝင်းအား ရန်ကုန်စိတ္တဇဆေးရုံသို့ခေါ်သွားပြီးလျှင် အကုသခံယူစေ၏။ ဆရာဝန် ညွှန်ကြားသော ဆေးဝါးများကို မိခင်က ချော့မော့၍ မှန်မှန်တိုက်ကျွေးပေးသော်လည်း မောင်သန်းဝင်း၏ အတွေးအခေါ် အယူအဆမှာ မူမှန်ဖြစ်မလာချေ။

သို့နှင့် မောင်သန်းဝင်းအား တော်ကူးဆရာတော်ဘုရားထံ ခေါ်ဆောင်လာ၏။ ဆရာတော်က မြေးတစ်ယောက်ကဲ့သို့ သဘောပိုက်၍ ဓမ္မသြသဓဆေးကြီးကို တိုက်ကျွေးလေ၏။ မောင်သန်းဝင်းကို ချော့မော့ဖျောင်းဖျ၍ တရားရှုမှတ်စေ၏။ မောင်သန်းဝင်း မလိုက်နာမချင်း ဆရာတော်သည် အကြိမ်ကြိမ်အဖန်ဖန် သွန်သင်ညွှန်ပြ၏။ မောင်သန်းဝင်း တစ်လုံးစနှစ်လုံးစ တရားမှတ်လာနိုင်သောအခါ အနားတွင်နေ၍ အားပေး၏။

သုံးလေးရက်မျှ တရားရှုမှတ်ပြီး၍ အခြေအနေအနည်းငယ် တိုးတက်လာသောအခါ မောင်သန်းဝင်းသည် တိတ်တဆိတ် အိမ်ပြန်သွား၏။ အဒေါ်ဖြစ်သူက သူ့အား တော်ကူးရိပ်သာသို့ တစ်ဖန် လာပြန်ပို့၏။ ဆရာတော်က အပြစ်မဆိုဘဲ ကြည်ကြည်သာသာပင် ပြောဆိုဆုံးမ၏။

"မောင်သန်းဝင်း၊ အမေ့ကို မချစ်ဘူးလား။ ကိုယ့်ကိုယ်ကိုယ်ကော မချစ်ဘူးလား။ အေး... ဖခင်မရှိပေမယ့် အားမငယ်ပါနဲ့။ ဘုရားရှိတယ်၊ တရားရှိတယ်၊ သံဃာရှိတယ်။ ရတနာသုံးပါးက အသက်ထက်ဆုံး အားကိုးလို့ရတယ်။ ရတနာသုံးပါးကို အားကိုးရင် ဘာအန္တရာယ်မှမရှိဘူး။ ကောင်းတဲ့အကြံအစည်အားလုံးကိုလည်း အောင်မြင်လာလိမ့်မယ်။ မောင်သန်းဝင်းမှာ ရည်မှန်းထားတဲ့ပန်းတိုင်

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်မဟုတ်လား။ ဟုတ်ပြီ၊ ဆရာတော်ပြောတဲ့အတိုင်း တရားရှုမှတ်နော်။ အဲဒီရည်ရွယ်ချက်ဟာ အကောင်အထည်ပေါ်လာပါလိမ့်မယ်"

မောင်သန်းဝင်းသည် ဆရာတော်၏ ကူညီဖေးမမှုဖြင့် တစ်စတစ်စ ပို၍တရားရှုမှတ်နိုင်လာရာ သုံးလကြာသောအခါ စိတ်ကြည်လင်သန့်စင်သွားပြီး ပုံမှန်ဖြစ်သွား၏။ ထိုအခါသဒ္ဓါတရား အလွန်ထက်သန်လာသဖြင့် ရှင်သာမဏေအဖြစ်ခံယူပြီးလျှင် နောက်ထပ်လေးလကြာအောင် တရားဆက်အားထုတ်၏။ ထို့နောက် ရဟန်းခံရန်အသက်မပြည့်သေးသည်ကတစ်ကြောင်း၊ မိခင်အား လုပ်ကျွေးလိုသေးသည်ကတစ်ကြောင်း၊တို့ကြောင့် လူဝတ်လဲပြီးလျှင် ကုန်သည်အလုပ်ကိုလုပ်ကိုင်လျက်ရှိ၏။ မိခင်အတွက် စားမှုနေမှုဖူလုံသောအခါ၌ ရဟန်းအဖြစ်ကိုခံယူမည်ဟု မောင်သန်းဝင်း ရည်ရွယ်ထားပေ၏။

*

ကော့ကရိတ်မြို့မှ လူလတ်ပိုင်းအရွယ်ရှိ ဦးစိန်ခိုသည် ဂျပန်ခေတ်အတွင်းက ထိတ်လန့်စရာများကို ကြုံတွေ့ရ၍ သွေးလေသည်းခြေပျက်ကာ စိတ်ချောက်ချားသွား၏။ လူသံကြားလျှင် မျက်လုံးများ ပြူးကြောင်လာ၏။ စက်သံ၊ မော်တော်ကားသံ၊ လေယာဉ်ပျံသံစသည်ကိုကြားလျှင် ထွက်ပြေး၏။ သူတစ်ပါးကိုကား ရန်မမူသည့်အတွက် သူ့အား ကြိုးဖြင့်ချည်တုပ်ထားရန်မလိုချေ။

ဦးစိန်ခို၏ ဆွေမျိုးများသည် ငွေကြေးချမ်းသာကြ၏။ ထို့ကြောင့်ဦးစိန်ခိုအား ဆရာအမျိုးမျိုးနှင့် ကုသကြ၏။ ၆ နှစ်ကြာအောင်ကုသပါသော်လည်း အခြေအနေ မထူးခြားလာချေ။

ကော့ကရိတ်မြို့သို့ ဝိပဿနာတရား ဟောကြားပြသရန် ဆရာတော် ဦးနန္ဒိယကြွလာသောအခါ ထူးလိုထူးငြား ဦးစိန်ခိုအား ဆွေမျိုးများက ရိပ်သာသို့ခေါ်လာကြ၏။ ဆရာတော်က ဦးစိန်ခိုအား



ကလေးတစ်ယောက်ကဲ့သို့ ချော့မော့ကာ တရားရှုမှတ်နည်းကို သွန်သင်ပေး၏။ 'ဖောင်းတယ်၊ ပိန်တယ်'ဟုမှတ်ရန် ပထမသင်ပေး၏။ ထို့နောက် ဝေဒနာပေါ်လာသည့်အခါ ဝေဒနာရှုမှတ်နည်းကို သင်ပေး၏။ ရှုမှတ်နေစဉ်အတွင်း မကြောက်လန့်ရန်လည်း ဆရာတော်သည် အချိန်ပြည့် စောင့်ရှောက်ကာ အားပေး၏။

ရက်အတန်ကြာသောအခါ ဦးစိန်ခိုသည် တရားမှတ်နေစဉ်အတွင်း အလွန်ထိန်လင်းသော အရောင်အလင်းများကို မြင်တွေ့ရသည်ဆိုသဖြင့် ဆရာတော် အားတက်သွား၏။ ဩဘာသခေါ် အရောင်အလင်း မြင်တွေ့ခြင်းသည် သမာဓိအတော်အတန် ရင့်ကျက်လာပြီး ဝိပဿနာဉာဏ်ဖြစ်ပေါ်လာနိုင်သော အမှတ်လက္ခဏာပေတည်း။

"အလင်းတွေမြင်ရင် 'မြင်တယ်... မြင်တယ်'လို့မှတ်နော်"ဟု ဆရာတော် သင်ပေး၏။ ညဉ့်အခါ ရှုမှတ်နေစဉ်အခိုက်၌ ကျောင်းဝင်းတစ်ခုလုံး ထိန်လင်းနေသည်ကိုမြင်သည်ဟု ဆိုပြန်သဖြင့် 'မြင်တယ်မြင်တယ်'ဟု ဆရာတော် မှတ်ခိုင်းရ၏။

ထို့နောက် ဦးစိန်ခိုသည် အမိုးအုတ်ကြွပ်များကို စိုက်ကြည့်၍သာနေပြန်၏။ ထိုအခါ ဆရာတော်က မိမိကိုယ်ခန္ဓာ၌သာ အာရုံစူးစိုက်၍'ဖောင်းတယ် ပိန်တယ်'ကို ပြန်ရှုမှတ်စေ၏။

ထို့နောက် တစ်ဖန် ညဉ့်အခါ ရှုမှတ်နေသောအခိုက်၌ ဦးစိန်ခိုသည် ကြောက်ရွံ့သည့်အမူအရာဖြင့် မျက်နှာလွှဲလိုက်သည်ကို ဆရာတော် သတိပြုမိ၏။

"ဒကာစိန်ခို၊ ဘာပဲမြင်ရမြင်ရ မကြောက်နဲ့ကွယ့်။ ဘုန်းကြီးစောင့်နေမယ်။ ဘာမြင်မြင် မြင်တယ်လို့မှတ်နော်"

ဆရာတော် အားပေးမှုကြောင့် ဦးစိန်ခိုသည် အားတင်းကာ

www.burmeseclassic.com

www.burmeseclassic.com



ဆက်ရှုမှတ်၏။ မသာအလောင်းတစ်လောင်းသည် သူ့ဆီသို့ တဖြည်းဖြည်း ရွေ့လာသည်ကို သူ မြင်တွေ့နေရ၏။ သူ့မျက်နှာ အမူအရာကို စောင့်ကြည့်နေသည့် ဆရာတော်က 'ဒကာစိန်ခို မကြောက်နဲ့၊ မြင်တယ် မြင်တယ်လို့ ဆက်မှတ်ပါ'ဟု ညွှန်ကြား၏။

ဦးစိန်ခိုဆက်မှတ်သောအခါ မသာအလောင်းသည် သူ့အနီးသို့ ရောက်သောအခါ ကွေ့ပတ်၍ ခွဲခွာသွား၏။ သူ့မျက်နှာ၏ သွေးကြော များလည်း အနည်းငယ် ပြေလျော့သွား၏။ မကြာမီ အကြောများ တင်းပြီး ထိတ်လန့်သောအမူအရာပေါ်လာပြန်၏။ ဆရာတော် အား ပေးပြန်၏။ သို့အတွက် ဦးစိန်ခိုသည် ပိတ်ထားသောမျက်စိကို မဖွင့်ဘဲဆက်ရှုမှတ်ပြန်၏။

ဤအကြိမ်၌မူ ရောမဘီလူးကြီးတစ်ကောင်သည် သူ့ကို ရန်ပြုရန် ချဉ်းကပ်လာနေ၏။ ဆရာတော်က ဦးစိန်ခို၏လက်ကိုကိုင်ထားပြီး 'မြင်တယ် မြင်တယ်လို့မှတ်နော်'ဟု အားပေးနေ၏။ ထို့ကြောင့် ဦးစိန်ခို ဆက်မှတ်၏။ ဘီလူးကြီးသည် သူ့အနီးသို့ရောက်သောအခါ နောက်ကျွမ်းပစ်ပြီး လန်ထွက်သွားလေ၏။ ဆက်လက်ရှုမှတ်သောအခါ ကြောက်စရာနိမိတ်များ မထင်ပေါ်လာတော့ပေ။

တရားဖြုတ်သောအခါ ဦးစိန်ခိုသည် သူမြင်ရသည်များကို ဆရာတော်အား လျှောက်ထားပြီးလျှင် 'ဆရာတော်၊ တပည့်တော် ဘာမှမကြောက်တော့ပါဘူး'ဟု ဆိုလေ၏။

ဆရာတော်က ကျေနပ်စွာပြုံးနေ၏။ မသာအလောင်းနှင့် ဘီလူး ကြီးကိုပင် ရင်ဆိုင်ဝံ့သောသူသည် အခြားမည်သည့်နိမိတ်များကို ကြောက်စရာလိုပါသေးသနည်း။

ဦးစိန်ခို၏ စိတ်ချောက်ချားသောရောဂါမှာ လုံးဝပျောက်ကင်းသွား သည့်အတွက် သူ၏ဇနီးနှင့်ဆွေမျိုးများက ဆရာတော်အား ကျေးဇူးတင်



၍မဆုံးနိုင်တော့ပေ။ တော်ကူးရွာသို့ ဆရာတော်ပြောင်းရွှေ့သွားသော အခါ ဦးစိန်ခို၏ အသိုက်အဝန်းနှင့် ဆရာတော်အကြားတွင် အဆက် အသွယ်ပြတ်သွား၏။

သို့စေကာမူ ဦးစိန်ခိုအပေါ်တွင်ထားရှိသော ဆရာတော်၏ မေတ္တာစာတ်မှာ မခန်းခြောက်သွားချေ။ ဆရာတော်သည် အကြောင်း ကိစ္စပေါ်ပေါက်၍ မော်လမြိုင်သို့ကြွသွားသောအခါတိုင်း ကော့ကရိတ်မှ ဒကာများနှင့်တွေ့ဆုံလျှင် ဦးစိန်ခိုအခြေအနေကို မေးမြန်းကြည့်လေ့ရှိ ၏။

"ကောင်းနေပါတယ်ဘုရား"ဟူသောအဖြေကိုသာ တစ်သမတ် တည်း ကြားခဲ့၏။ ဓမ္မဩသဓ၏အစွမ်းသတ္တိကား ထက်မြက်လှပေစွ။

*

မုဒုံမြို့နယ်၊ ကလော့သော့ရွာမှ အသက် ၆၅ နှစ်အရွယ်ရှိသော ဒေါ်ခက်သည် ကမာဝက်ရွာ မဟာစည်ရိပ်သာခွဲတစ်ခုဖြစ်သည့် ရာဘာကျောင်း၌ ဝိပဿနာတရားရှုမှတ်၏။ ခင်ပွန်းမှာ ဘာသာခြား အယူရှိသူတစ်ဦးဖြစ်၍ ဒေါ်ခက်သည် အခွင့်သာခိုက် ဝိပဿနာကရား ကို အားကြိုးမာန်တက် ရှုမှတ်နေ၏။ ထိုအခိုက် ထိတ်လန့်ဖွယ်သော နိမိတ်ထင်လာသဖြင့် ဒေါ်ခက် စိတ်ချောက်ချားသွား၏။

ဒေါ်ခက်သည် သူစိမ်းများကိုမတွေ့လို၊ ဘုန်းကြီးများကိုလည်း မဖူးတွေ့လို၊ ထိတ်လန့်နေ၏။ သူ၏ ပင်ကိုစိတ်ကမူ တရားကို ဆက်မှတ်ချင်နေ၏။ သို့အတွက် သူ့ကို တော်ကူးဆရာတော်ဘုရားထံ ခေါ်ဆောင်သွားကြရန် သူ၏သားသမီးများအား ရာဘာကျောင်း ဆရာတော်က အမိန့်ရှိလိုက်၏။

တော်ကူးဆရာတော်သည် ဓမ္မာရုံတွင် ဒေါ်ခက်အားခံနေရာချထား ပေးပြီး သားသမီးများအားဝိုင်းရံစေလျက် တရားရှုမှတ်စေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒကာမကြီး၊ ဘာမှမကြောက်နဲ့နော်။ ဘုန်းကြီးမေတ္တာများများပို့ပေးမယ်။ ကြောက်စိတ်ပေါ်လာရင် ကြောက်တယ် ကြောက်တယ်လို့သာ တွင်တွင်မှတ်ပေးနော်"

မေတ္တာဓာတ် အရှိန်အဝါသည့်စူးရှလှ၏။ ဆရာတော်၏ အားပေးစကားကိုကြားရသောအခါ ဒေါ်ခက်သည် ကြောက်စိတ် နည်းနည်းပြေလာ၏။ သို့အတွက် မိမိရှုမှတ်လိုသော ဝိပဿနာတရားကို ဆက်လက်ရှုမှတ်လေ၏။

မွန်းတည့်ချိန်တွင် ဆရာတော်သည် ဓမ္မာရုံသို့ဆင်းလာပြီးလျှင် ဒေါ်ခက်၏အနီးတွင် စောင့်ကြပ်လျက် ဒေါ်ခက်အား မတ်တတ်ရပ်ကာ ရှုမှတ်စေ၏။ ရှုမှတ်၍ အတော်အသားကျလာသောအခါ ဒေါ်ခက်၏ ခြေနှစ်ဘက်သည် မလှုပ်ရှားဘဲ လက်နှစ်ဘက်မှာ တင်ပါး၏တစ်ဘက် တစ်ချက်တွင်တည်နေရာက ကြွတက်လာကြပြီးလျှင် ကချေသည်ဟန်ပါပါ လှုပ်ရှားလာကြ၏။ မကြာမီ ထိုလက်နှစ်ဘက်တို့သည် အငြိမ့်သမတစ်ဦး၏လက်များပမာ ငြိမ့်ညောင်းစွာ ကနေကြလေပြီ။

ဆရာတော်က ဒေါ်ခက်၏ဆွေမျိုးများဘက်သို့ လှည့်၍ 'ဒကာ၊ ဒကာမတို့ ဘာမှစိတ်မပူကြနဲ့။ တရားသဘောပဲ။ သူ ကချင်နေတာကပါစေ။ ပြီးတော့ ဒီအဆင့်ကနေကျော်လွန်သွားလိမ့်မယ်။ ကာယကံရှင် သတိရလာတဲ့အခါမှာ ဒီအကြောင်းကို ဘာမှ မပြောကြနဲ့နော်'ဟု မိန့်တော်မူ၏။

ဒေါ်ခက်သည် သုံးရက်တိုင်တိုင် တရားမှတ်နေစဉ် ဆက်ကနေ၏။ ထိုသည့်နောက်တွင် မကတော့ပါ။ အနှောင့်အယှက်ကို ကျော်လွှားနိုင်လိုက်ပြီဟုယူဆရ၏။ ဒေါ်ခက်သည် စိတ်ချောက်ချားမှု



မရှိတော့ဘဲ လူကောင်းတစ်ယောက်အနေဖြင့် သူ ချစ်မြတ်နိုးသော ဝိပဿနာတရားကို ရှုမှတ်သွားလေ၏။

## ကင်ဆာရောဂါနှင့် ဝိပဿနာ

သိပ္ပံပညာထွန်းကားနေသော ယခုခေတ်တွင် ယခင်က အလွန်ကြောက်မက်စရာရောဂါများဖြစ်ကြသော ကျောက်ရောဂါ၊ ဝမ်းရောဂါ၊ ပလိပ်ရောဂါ၊ ငှက်ဖျားရောဂါ၊ ချောင်းဆိုးသွေးပါ အဆုတ်နာရောဂါစသည်တို့ကို ခေတ်ပေါ်ဆေးများဖြင့် ကောင်းစွာနှိမ်နင်းလျက်ရှိလေပြီ။

သို့သော်သိပ္ပံပညာသည် ဖော်ပြခဲ့ပြီးသောရောဂါတို့ထက် ပိုမိုကြောက်စရာကောင်းသော ရောဂါတစ်မျိုးကို ရင်ဆိုင်နေရ၏။ ထိုရောဂါကား ကင်ဆာရောဂါဖြစ်၏။

ကင်ဆာရောဂါဖြစ်ပေါ်လာရသည့် အကြောင်းရင်းများနှင့် ကင်ဆာရောဂါကို ကုသရန်နည်းလမ်းများကို တိုးတက်ပြီးသောနိုင်ငံများ၌ သုတေသနများကို တက်တက်ကြွကြွ ဆောင်ရွက်နေကြ၏။ ကျေနပ်ဖွယ်ကောင်းသည့်အဖြေများကို မတွေ့ရှိကြသေး။ ကင်ဆာရောဂါစွဲကပ်သူ၏ခန္ဓာတွင်းဝယ် ဆဲလ်ကောင်းများ၏အကြား၌ မှုမမှန်သည့် ဆဲလ်များသည် လျင်မြန်စွာပြန့်ပွားလာကြ၏။ ထိုမှုမမှန်ဆဲလ်များ၏ ထိုးဖောက်ဖိညှပ်မှုကြောင့် အလွန်အမင်း နာကျင်သည့် ဝေဒနာ ဖြစ်ပေါ်လာ၏။ ထိုမှုမမှန်ဆဲလ်များ၏ အစုအဝေး တစ်သျှူးကို လှီးဖြတ်ထုတ်ပစ်နိုင်လျှင်ဖြစ်စေ၊ အဏုမြူရောင်ခြည်ဖြင့် ထိုးသတ်နိုင်လျှင်ဖြစ်စေ သို့မဟုတ် နောက်ဆုံးပေါ် ဓာတုဆေးဝါးဖြင့် ပူးသတ်နိုင်လျှင်ဖြစ်စေ ကင်ဆာရောဂါကို ပျောက်ကင်းအောင် ကုသနိုင်ပါ၏။ သို့သော် လက်တွေ့တွင် ထိုသို့ကုသရန်မလွယ်ကူချေ။

www.burmeseclassic.com

www.burmeseclassic.com



ခေတ်ပေါ်သုတေသန၏ တွေ့ရှိချက်တစ်ရပ်မှာ သွေးစီးကြောင်းတွင်ပါဝင်ကြသော သွေးဖြူဥများနှင့် ပဋိဇီဝဆဲလ်များ (anti bodies) တို့သည် ရောဂါပိုးများကိုလည်းကောင်း၊ ကင်ဆာဆဲလ်များကိုလည်းကောင်း တိုက်ဖျက်နိုင်ကြခြင်းဖြစ်၏။ သို့အတွက် ကင်ဆာရောဂါကို တိုက်ဖျက်ရာတွင် အထက်မြက်ဆုံးသောလက်နက်မှာ ပဋိဇီဝဆဲလ်များပင်ဖြစ်၏။ ထိုပဋိဇီဝဆဲလ်များကို အရေအတွက်များများဖြစ်စေပြီး တက်တက်ကြွကြွ အလုပ်လုပ်စေနိုင်မည်ဆိုလျှင် ကင်ဆာရောဂါကို နှိမ်နင်းနိုင်မည် ဖြစ်၏။

ထိုသို့ဖြစ်ပေါ်စေနိုင်သောစွမ်းအားတစ်ရပ်မှာ စိတ်စွမ်းအားပင်ဖြစ်၏။ စိတ်စွမ်းအားကိုစုစည်းပြီး ကင်ဆာရောဂါတိုက်ဖျက်ရေးတွင် စွဲမြဲစွာ ညွှတ်ထားနိုင်မည်ဆိုလျှင် အောင်မြင်မှုရနိုင်ပေလိမ့်မည်။ ဝိပဿနာတရားရှုမှတ်သူတွင် ဤသို့သော စိတ်စွမ်းအားမျိုး ဖြစ်ပေါ်စေနိုင်၏။

သို့အတွက် တော်ကူးဆရာတော်ဘုရားက 'ဘုရားပေးတဲ့ လက်နက်က ရောဂါအားလုံးကို ချေမှုန်းနိုင်ပါတယ်။ ရောဂါအပေါင်းမှာ အဆိုးရွားဆုံးဖြစ်တဲ့ ဒိဋ္ဌိရောဂါကိုတောင် အမြစ်ပြတ်အောင် ပယ်သတ်နိုင်သေးတာပဲ' ဟု မိန့်ကြားတော်မူ၏။

*

ကော့ကရိတ်မြို့မှ အသက် ၄၆ နှစ်အရွယ်ရှိသည့် ဒေါ်ကြင်ရွှေသည် မီးယပ်ရောဂါစွဲကပ်နေရာမှ ကော့ကရိတ်မြို့၌ ဆရာတော်ဘုရားသာသနာပြုနေစဉ် ဆရာတော်ဘုရားထံ ဝိပဿနာရှုမှတ်သဖြင့် မီးယပ်ရောဂါ ပျောက်ကင်းခဲ့၏။ ထို့နောက်တစ်ဖန် သားမြတ်ကင်ဆာဖြစ်လာသည်ဟု ယုံကြည်ရသဖြင့် ဆေးဖယောင်းချက်ကိုလည်းကပ်၏၊ တော်ကူးရွာသို့ရောက်လာပြီး ဆရာတော်ထံ ဝိပဿနာတရားကိုလည်း အားထုတ်၏။ တစ်လခွဲကြာအောင် ရှုမှတ်ပြီးသောအခါ ရောဂါပျောက်ကင်းသွား၏။



*

ကလော့သော့ရွာမှ သီလရှင်တစ်ပါးသည် သားမြတ်တွင် အနာပေါက်၍ ပြည်တည်လာရာ ရောက်ပင်၏ဆူးဖြင့် ထိုးဖောက်ကြည့်သော်လည်း မနာကျင်ချေ။ သို့သော် အနာမှာ ကြီးထွားလာ၏။ တော်ကူးဆရာတော်ဘုရားထံသို့ လာရောက်ပြီး ဝိပဿနာတရားရှုမှတ်၏။ နှစ်ရက်မျှ ရှုမှတ်ပြီးသောအခါ အနာမှာ အတော်အသင့်ကောင်းမွန်လာ၏။

သီလရှင်က ဝိပဿနာတရားကို ယုံကြည်အားကိုးသလောက် မိဘနှင့် ဆွေမျိုးများက ယုံကြည်အားကိုးမှုမရှိကြချေ။ သို့အတွက် သီလရှင်ကို ဖွတ်အတင်းတိုက်တွန်း၍ မော်လမြိုင်ဆေးရုံကြီးသို့ ခေါ်ဆောင်သွားကြ၏။ ဆေးရုံ၌ စမ်းသပ်ကြည့်သောအခါ ကင်ဆာရောဂါအမှန်ဖြစ်ကြောင်းသိရ၏။ သို့သော် ဆေးရုံရောက်ပြီး နှစ်ရက်မြောက်နေ့တွင် ကွယ်လွန်သွားရှာ၏။

*

ကျွန်တော်၏ဇနီးဖြစ်သူ ဒေါ်ရင်မြသည် ၁၉၇၉ ခု၊ ဇန်နဝါရီလတွင် သားမြတ်ကင်ဆာဖြစ်ကြောင်းသိရသဖြင့် ရန်ကုန်ဆေးရုံကြီးတွင် ခွဲစိတ်ကုသခြင်းကိုခံယူ၏။ ထို့နောက် ရန်ကုန်ဆေးရုံကြီး၏ ဓာတ်ရောင်ခြည်ဆေးကုဌာန၌ ကင်ဆာဆဲလ်များ အကြွင်းအကျန်ရှိသေးလျှင် အကင်းသေသွားရန် အဏုမြူရောင်ခြည်ဖြင့် ထပ်ဆင့်ကုသခြင်းကို ခံယူ၏။

ထိုမှတစ်ဖန် ဓာတ်ရောင်ခြည်ဌာနမှ ဆရာဝန်ကြီး ဒေါက်တာမျိုးတင့်၏ အကြံပေးချက်အရ ပိုမို၍စိတ်ချရလေအောင် ကီမိုသာရပီ

www.burmeseclassic.com

www.burmeseclassic.com



(chemo-therapy) ခေါ်သော နောက်ဆုံးပေါ် ဓာတုဆေးများဖြင့် ကုသခြင်းကို ဆက်လက်ခံယူ၏။

ထိုသို့ဆေးရုံမှ တတ်စွမ်းသမျှသော ကုသနည်းတို့ဖြင့် ကုသခြင်းကို ခံယူပြီးသောအခါ ဒေါ်ရင်မြ၏ ချိုင်းအောက်၌ မန်ကျည်းစေ့အရွယ်ခန့် အကျိတ်ကလေးတစ်လုံး ရှိနေသေးသည်ကို တွေ့ရ၏။ ကျွန်တော်တို့ အိမ်နီးနားချင်း မိတ်ဆွေတစ်ဦး၏ဇနီးသည် သားမြတ်ကင်ဆာဖြစ်သဖြင့် ဒေါ်ရင်မြအား ခွဲစိတ်ပြီး မကြာမြင့်မီတွင် ဆေးရုံကြီး၌ ခွဲစိတ်ကုသခြင်းကို ခံယူ၏။ ထို့နောက် ချိုင်းကြားအောက်မှစ၍ အဖုအလုံးများသည် ကိုယ်အနှံ့အပြားတွင် ထွက်ပေါ်လာကြသဖြင့် မကြာမီ သူမ ကွယ်လွန်သွားခဲ့၏။

သို့အတွက် ကျွန်တော်သည် စိတ်မအေးရသေးပေ။ မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော 'တက္ကသိုလ်ဝိပဿနာတရားတော်'သည် စာအုပ်အသွင်ဖြင့် ထွက်ပေါ်လာသည့်အခါ တော်ကူးဆရာတော်ထံ၌ တရားရှုမှတ်သူများသည် ဣရိယာပုထ် ရှည်ရှည်ဖြင့် ရှုမှတ်နိုင်ကြသည့်အပြင် ရောဂါများလည်း ထူးဆန်းစွာ ပျောက်ကင်းကြောင်းကို ဖတ်ရှုရ၏။

ထို့ကြောင့် ၁၉၇၉ ခု၊ အောက်တိုဘာလတွင် ကျွန်တော်တို့ဇနီးမောင်နှံသည် တော်ကူးဆရာတော်ဘုရားထံသို့ သွားရောက်ကြပြီးလျှင် ဝိပဿနာတရားကို တစ်လတာရှုမှတ်ကြ၏။ သွား၊ ရပ်၊ ထိုင်၊ လျောင်းဟူသော ဣရိယာပုထ်လေးပါးဖြင့် ရှုမှတ်ကြရာ ဒေါ်ရင်မြက မတ်တတ်ရပ်ပြီး ရှုမှတ်ရသည်ကို နှစ်သက်၏။ ကျွန်တော်က ထိုင်၍ ရှုမှတ်ရသည်ကို အားသန်၏။

ရက်သတ္တနှစ်ပတ်ကျော် လေ့ကျင့်ပြီးသောအခါ ဒေါ်ရင်မြသည် ထိုင်သောဣရိယာပုထ်ဖြင့် ၂ နာရီ၊ ရပ်သောဣရိယာပုထ်ဖြင့် ၅ နာရီ ရှုမှတ်နိုင်၏။ ကျွန်တော်က ထိုင်သောဣရိယာပုထ်ဖြင့် ၈–၁၀ နာရီ၊ ရပ်သောဣရိယာပုထ်ဖြင့် ၄–၆ နာရီ ရှုမှတ်နိုင်၏။



တရားရှုမှတ်သည့်ရက်များ ပြီးဆုံးသောအခါ ဒေါ်ရင်မြ၏ ချိုင်းအောက်မှ အကျိတ်ကလေးသည် ဝမ်းမြောက်စဖွယ် ပျောက်ကင်းသွား၏။ ကျွန်တော်သည်လည်း ကျွန်တော်အလိုရှိသော ဣရိယာပုထ်ရှည်ရှည်ဖြင့် တရားရှုမှတ်သည့်နည်းကို ရရှိလိုက်ပေ၏။ ထို့အပြင် အရိယာစားကျက်၌ အမြဲမွေ့လျော်ကာ နေထိုင်သည့်နည်းကိုလည်း သိမှတ်လိုက်ရပေ၏။

တော်ကူးဆရာတော်ဘုရားထံမှောက်၌ တရားရှုမှတ်ခဲ့သော နေ့ရက်များသည် ကျွန်တော်တို့နှစ်ဦးစလုံးအတွက် တန်ဖိုးမဖြတ်နိုင်သော နေ့ထူးရက်မြတ်များ ဖြစ်ကြပါသည်တကား။

*

၁၃၄၅ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်နေ့တွင် သံဖြူဇရပ်မြို့မှ အသက် ၇၂ နှစ်ခန့်အရွယ်ရှိသော ဦးလှမောင်သည် တော်ကူးမဟာသတိပဋ္ဌာန်ကျောင်းသို့ ရောက်လာ၏။

ဦးလှမောင်သည် အသားအရေ ပိန်ခြောက်လျက်ရှိပြီး ခွန်အားအလွန်ချည့်နဲ့နေသည့်အတွက် သူ့ကိုမြင်လျှင်မြင်ချင်း လူမမာတစ်ဦးဖြစ်သည်ကို ကောက်ချက်ချနိုင်၏။ သူ၏လည်ပင်း၌ ဓာတ်ရောင်ခြည်ဆေးကုဌာနက အသုံးပြုသည့် ခရမ်းရောင်ဆေးအမှတ်အရာများ ကျန်ရှိနေသည်ကို ကြည့်ခြင်းဖြင့် လည်ပင်းကင်ဆာရောဂါ စွဲကပ်နေသည်ကိုလည်း ခန့်မှန်းနိုင်ပါ၏။

မှန်ပေ၏။ ဦးလှမောင်သည် လည်ချောင်းကင်ဆာရောဂါ စွဲကပ်နေသူဖြစ်ပါ၏။ သူ့ထံတွင် ဆေးရုံများမှ ဆေးမှတ်တမ်းများ အပြည့်အစုံရှိနေ၏။

www.burmeseclassic.com



ဦးလှမောင်သည် အစာမျိုမရအောင် လည်ပင်းဆို့တစ်ပြီး နာကျင်နေသည့်အတွက် ရှေးဦးစွာ သံဖြူဇရပ်မြို့ရှိ ဒေါက်တာနန်းဝင်းထံပြသ၏။ ဒေါက်တာနန်းဝင်းက ဆေးစားဆေးလူးပေးမှုဖြင့် မပျောက်ကင်းနိုင်သောရောဂါဖြစ်သည်ကိုသိသဖြင့် မော်လမြိုင်မြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီးထံပြသရန် ညွှန်ကြားလိုက်၏။ မော်လမြိုင်မြို့ အထူးကုဆရာဝန်ကြီးက ဓာတ်မှန်ရိုက်စေပြီး သေသေချာချာ စစ်ဆေးကြည့်ကာ ကင်ဆာရောဂါဟု ယူဆရသဖြင့် ရန်ကုန်မြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီးထံသို့ ညွှန်ပို့လိုက်၏။ ရန်ကုန်ဆရာဝန်ကြီးက ထပ်မံစမ်းသပ်ပြီးနောက် ရန်ကုန်ဆေးရုံကြီး၏ ကင်ဆာအထူးကုဌာနသို့ လွှဲအပ်လိုက်၏။

ဦးလှမောင်သည် ရန်ကုန်ဆေးရုံကြီး၏ ဓာတ်ရောင်ခြည်ဆေးကုဌာနတွင် အတွင်းလူနာအဖြစ် တက်ရောက်ပြီး ၄၅ ရက်ကြာမျှ ဓာတ်ရောင်ခြည်ဖြင့် ဆေးကုသခြင်းကို ခံယူ၏။ ဆေးပတ်စေ့သောအခါ တစ်လအနားယူရန် သူ့အားဆရာဝန်က ဆေးရုံမှ ဆင်းခွင့်ပြုလိုက်၏။

ဦးလှမောင်၏ အခြေအနေမှာ အားတက်စရာမရှိပါ။ စကားပြောဆိုလျှင် အလွန်အားစိုက်ပါမှ အသံတိုးတိုးသာထွက်၏။ ဆရာဝန်များ၏ခန့်မှန်းချက်အရ ဦးလှမောင်သည် နောက်ထပ်သုံးလသာ အသက်ရှည်နိုင်ပေတော့မည်။ သို့သော် ဤအကြောင်းကို ဦးလှမောင်မသိပါ။ မိမိရောဂါပျောက်ကင်းလိမ့်မည်ဟုသာ မျှော်လင့်နေ၏။

ဦးလှမောင် ဆက်လက်အသက်ရှင်နေနိုင်ရန် ဥပထမ္ဘကကံများက ဆက်လက်အကျိုးပြုကြ၍လောမသိ။ ဓာတ်ရောင်ခြည်ဆေးကုဌာနတွင်



အတွင်းလူနာအဖြစ်ရှိနေခိုက် ဂိလာန ရဟန်းတစ်ပါးနှင့် ဦးလှမောင်တွေ့ဆုံရ၏။ ထိုရဟန်းက ဦးလှမောင်အား ဆေးရုံမှဆင်းလျှင်ဆင်းချင်း တော်ကူးဆရာတော်ထံမှောက်၌ ဝိပဿနာရှုမှတ်ရန် အတန်တန်မှာကြားလိုက်၏။

ဦးလှမောင် ဆေးရုံမှဆင်း၍ သံဖြူဇရပ်မြို့ရှိ မိမိနေအိမ်သို့ရောက်သောအချိန်အထိ ဝိပဿနာရှုမှတ်ရန် စိတ်မပိုင်းဖြတ်နိုင်သေးပါ။ ရောဂါသက်သာသွားလျှင် တော်ကူးရိပ်သာသို့သွားဖြစ်မည်မဟုတ်သေးပါ။ သို့သော် မသွား၍မဖြစ်အောင် ရောဂါအခြေအနေက ဆိုးရွားလာ၏။

တော်ကူးဆရာတော်ဘုရားထံမှောက်၌ ဦးလှမောင် တရားရှုမှတ်လေပြီ။ အစကနဦးတွင် လည်ချောင်းဆို့တစ်လာသည့်အတွက် ကောင်းစွာ တရားမမှတ်နိုင်ပါ။ တော်ကူးဆရာတော်ဘုရား၏ ညွှန်ကြားတိုက်တွန်းမှုဖြင့် ဝေဒနာကိုသည်းခံကာ ထိုင်သောဣရိယာပုထ်ဖြင့်လည်းကောင်း၊ မတ်တတ်ရပ်သောဣရိယာပုထ်ဖြင့်လည်းကောင်း ရှုမှတ်လေ၏။ ရှုမှတ်ချိန်ကို တစ်စတစ်စတိုး၍ ၅ နာရီ၊ ၆ နာရီကြာအထိ တစ်စပ်တည်း ရှုမှတ်လာနိုင်၏။ မိမိကြိုက်နှစ်သက်သောအစားအစာများကိုလည်း ဘေးအန္တရာယ်မဖြစ်ဘဲ မြိန်ရှက်စွာ စားသုံးနိုင်လာ၏။

၄၉ ရက်ကြာ တရားရှုမှတ်ပြီးသောအခါ ဦးလှမောင်သည် ကျန်းမာရွှင်လန်းသူတစ်ဦးဖြစ်နေလေပြီ။ တော်ကူးဆရာတော်၏ ခြေထောက်အစုံကို အကြိမ်ကြိမ်ရှိခိုးပြီးနောက် ရန်ကုန်ဆေးရုံကြီး၏ ဓာတ်ရောင်ခြည်ဆေးကုဌာနသို့ ဆေးအစစ်အဆေးခံရန် ထွက်သွား၏။ ဆရာဝန်ကြီးများ အံ့သြကြရပြီ။ အကြောင်းစုံကို ကြားသိရသောအခါ

www.burmeseclassic.com

www.burmeseclassic.com



'ဦးကြီးက ဘုရားသား ဖြစ်သွားတာကိုး' ဟု ဆရာဝန်ကြီးတစ်ဦးက မှတ်ချက်ချလိုက်လေ၏။

ဝိပဿနာတရား၏ အစွမ်းသတ္တိကား အံ့ဩဖွယ်ကောင်းလေစွ။

## ရောဂါမျိုးစုံ ပျောက်ကင်းကြပုံများ

မုဒုံမြို့၊ သဘော်ဦးရပ်နေ ဒေါ်ကျင်ထွားသည် သွေးတိုးရောဂါ၊ မူးဝေသောရောဂါ၊ ကိုယ်လက်ကိုက်ခဲသောရောဂါ၊ ခြေထောက်ဆွဲသော ရောဂါ စသည်တို့ကို နှစ်ရှည်လများ ခံစားခဲ့ရ၏။ တော်ကူးမဟာ သတိပဋ္ဌာန်ကျောင်း၌ တရားရှုမှတ်ရာ ရက်သတ္တနှစ်ပတ်အတွင်း ဣရိယာပုထ်မပြောင်းဘဲ ၄ နာရီမှ ၅ နာရီကြာအောင် ရှုမှတ်နိုင်၏။ ဝိပဿနာတရားကို စွဲစွဲမြဲမြဲ ရှုမှတ်သွားရာ ရောဂါအလုံးစုံ ပျောက်ကင်းသွား၏။

*

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမှ ဦးဝိမလဘွဲ့အမည်ရှိသော ရဟန်းတစ်ပါးသည် ချောင်းဆိုးရောဂါကို ကြာရှည်စွာခံစားခဲ့ရသည့် အပြင်လက်မောင်းတစ်ဘက်မှာ အကြောသေနေပြီး လှုပ်ရှား၍မရချေ။ တော်ကူးဆရာတော်ဘုရားထံသို့ကြွလာပြီး ဝိပဿနာတရားကို ရှုမှတ်ရာ ရက်သတ္တသုံးပတ်အတွင်း ၄ နာရီ၊ ၅ နာရီကြာအောင် ဣရိယာပုထ်ခိုင်မြဲလာ၏။ ထိုအခါ ရောဂါနှစ်မျိုးလုံးပင် တစ်စတစ်စ သက်သာလာပြီး ပျောက်ကင်းသွားကြ၏။

*

ကမာဝက်ရွာ စိန်တောင်ရပ်နေ ဦးချစ်စိန်သည် လေဖြတ်ထားရာ လက်တစ်ဘက်နှင့် ခြေထောက်တစ်ဘက်တို့ အကြောသေသွားသဖြင့်



လှုပ်ရှား၍မရချေ။ သမားတော်များ၊ အနှိပ်သည်များနှင့် နှစ်လကြာ ကုသပြီးသည့်နောက် မထူးခြား၍ တော်ကူးဆရာတော်၏ ရိပ်သာ ကျောင်းသို့ရောက်လာ၏။ ဆရာတော်ညွှန်ကြားသည့်အတိုင်း ဝိပဿနာတရားကို ရိုရိုသေသေရှုမှတ်ရာ ရက်နှစ်ဆယ်ခန့်ကြာသော အခါ အကြောသေခဲ့သော ခြေနှင့်လက်တို့သည် အကောင်းပကတိ ဖြစ်သွားကြ၏။

*

တော်ကူးရွာမှ အသက် ၄၀ အရွယ်ရှိသည့် လယ်သမား ဦးကျော်သောင်းသည် ဝက်ရူးပြန်ရောဂါ စွဲကပ်နေသဖြင့် မကြာခဏမူးလဲပြီး သတိမေ့မြောသွားတတ်၏။ အပေါင်းအဖော်များနှင့် ဝိုင်းဖွဲ့၍စကား ပြောနေစဉ်အခါလည်း ကြွက်တက်ကာမူးလဲသွားတတ်သဖြင့် လူ အများက နှင်းနှိပ်ပေးရ၏။

ရေပြည့်နေသော လယ်ကွင်းများ၌ ဦးကျော်သောင်း သတိမေ့မြော ၍မူးလဲသွားလျှင် အသက်အန္တရာယ်ကို စိုးရိမ်ရ၏။ သို့အတွက် ဦးကျော်သောင်းသည် လယ်လုပ်ငန်းကိုစွန့်လွှတ်၍ ရက်ကန်းလုပ်ငန်း ကို ထူထောင်၏။ ရက်ကန်းရက်နေစဉ်အခါ၌လည်း မကြာမကြာ ဝက်ရူးပြန်တတ်၏။ တစ်ခါတစ်ခါ ဝက်ရူးပြန်လျှင် တစ်နာရီခန့် သတိမေ့မြောနေပြီး မျက်ဖြူလန်ကာ တံတွေးများဆူပွက်၍ ထွက်နေ ၏။

ဝိပဿနာတရားသည် ရောဂါအလုံးစုံကို ပျောက်ကင်းစေနိုင် ကြောင်းကို ကြားသိရသောအခါ ဦးကျော်သောင်းသည် တော်ကူး ရိပ်သာကျောင်းတွင် တရားဝင်၏။ တရားရှုမှတ်နေခိုက်တွင် တစ်နေ့ သုံးကြိမ်လောက် ဝက်ရူးပြန်ပြီး ဗိုင်းခနဲ လဲကျတတ်၏။ တစ်ခါတစ်ရံ ခေါက်တတ်ရပ်ပြီး တရားမှတ်နေရင်းက တဖြည်းဖြည်းသိုင်းချကာ

www.burmeseclassic.com

www.burmeseclassic.com



မေ့မြောသွား၏။ ထိုအခါ တစ်နာရီခန့် မျက်ဖြူလန်ပြီး တံတွေးများ တစီစီထွက်နေတော့၏။

ဦးကျော်သောင်း၏ရောဂါသည် အခြားယောဂီများအား လွန်စွာအနှောင့်အယှက်ဖြစ်စေ၍ ရိပ်သာကိုအုပ်ချုပ်ရသော ဆရာတော်အားလည်း လွန်စွာကိစ္စများစေ၏။ သို့ပင်ဖြစ်လင့်ကစား ဆရာတော်သည် ဒုက္ခိတသတ္တဝါတစ်ဦးကို ကယ်မ,လိုသဖြင့် သည်းညည်းခံကာ ကိုယ်တိုင်ပြုစုစောင့်ရှောက်ပေး၏။ ဆရာတော်၏ ကြီးမားသောမေတ္တာ ဓာတ်ကြောင့် ဦးကျော်သောင်းသည် တစ်စတစ်စတိုး၍ တရားရှုမှတ်လာနိုင်ပြီးလျှင် မကြာမီပင် ရောဂါပျောက်ကင်းသွားလေ၏။

*

သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်ရွာမှ မသိန်းသိန်းအေးသည် လည်ပင်းကြီးသောရောဂါစွဲကပ်နေသဖြင့် ရှက်ကြောက်လျက်ရှိ၏။ ရောဂါပျောက်လိုသည့်ဇောနှင့် တော်ကူးရိပ်သာ၌ ကြိုးစား၍ တရားရှုမှတ်ရာ ထိုင်ခြင်းနှင့် ရပ်ခြင်းဣရိယာပုထ်နှစ်မျိုးတွင် ၆ နာရီအထိ တစ်စပ်တည်း ရှုမှတ်နိုင်၏။ တစ်လနှင့်သုံးရက် အားထုတ်ပြီးသော အခါ လည်ပင်းကြီးသောရောဂါမှာ ပျောက်ကင်းသွား၏။

*

တော်ကူးရွာနေ အသက် ၄၀ ကျော်အရွယ်ရှိသည့် ဒေါ်ကြည်သည် လည်ပင်းကြီးရောဂါကြောင့် မျက်လုံးများပင် အတော်ပြူးနေဆဲ ပြီ။ ဒေါ်ကြည်သည် လယ်သူမတစ်ဦးဖြစ်သည်နှင့်အညီ ဖွဲကောင်း၏။ အလုပ်အားရက်များ၌ တော်ကူးရိပ်သာကျောင်းသို့လာ၍ တရားရှုမှတ်ရာ ၄–၅ နာရီကြာအောင် ရပ်မှတ်နိုင်၏။ ၁၀ ရက်ခန့် ရှုမှတ်ပြီးလျှင် အလုပ်ခွင်သို့ပြန်ဝင်ရ၏။ အားလပ်သောအခါ တစ်ဖန်ရိပ်သာသို့ဝင်၍ တရားရှုမှတ်၏။ ဤသို့ ပြောက်ကျားပြောက်ကျား အားထုတ်သွားရာ



တွင် လည်ပင်းကြီးရောဂါမှာ သက်သာပျောက်ကင်းသွား၏။

*

အညာရပ်မြေမှ တရားရှာနေသော ဦးပဥ္စင်းတစ်ပါးသည် ဒူလာရောဂါကို နှစ်ရှည်ကြာစွာ ခံစားနေရ၏။ ဦးပဥ္စင်းသည် နှစ်နှစ်ဆယ်ကြာမျှ တရားရှာဖွေရင်း သတင်းကြားနှင့် တော်ကူးရိပ်သာကျောင်းသို့ ရောက်လာ၏။ မိမိလိုလားနေသော ရှည်လျားသည့် ဣရိယာပုထ်ဖြင့် တရားရှုမှတ်သည့်နည်းကိုသိရှိရသဖြင့် ထိုဦးပဥ္စင်းသည် ၁၂ နာရီကြာ တစ်စပ်တည်းရှုမှတ်နိုင်အောင် အားထုတ်၏။ 'ရဟန္တာဖြစ်အောင် ကြိုးစားမည်'ဟူ၍လည်း ထုတ်ဖော်ပြောဆို၏။

ထိုသို့ရှည်လျားသော ဣရိယာပုထ်တို့ဖြင့် တရားရှုမှတ်နေသည့်အခါ မတ်တတ်ရပ်နေလျှင် ကြမ်းပြင်နှင့်ခြေမထိခြင်း၊ ထိုင်မှတ်နေလျှင် တင်ပါးနှင့်ကြမ်းပြင်မထိခြင်းဟူသော ခံစားမှုများကို ခံစားနေရသည်ဟုလည်း ဆရာတော်အား လျှောက်ထား၏။

ထိုဦးပဥ္စင်း၏သန္တာန်၌ ဒူလာရောဂါသည် မကိန်းအောင်းနိုင်တော့ချေ။

*

မုဒုံမြို့ပေါ်တော်မူရပ်နေ မကျင်သန်း အသက် ၂၄ နှစ်သည် တော်ကူးရိပ်သာကျောင်း၌ ဝိပဿနာတရားရှုမှတ်ရာ ၃ ရက်အတွင်း မိမိ ၅ နှစ်မျှခံစားနေရသော မီးယပ်ရောဂါ ပျောက်ကင်းသွားသည်ဟု ဆို၏။

မုဒုံမြို့၊ သဘော်ဦးရပ် ဘုရင့်နောင်လမ်းတွင် နေထိုင်သော ဦးပုသည် အူရောင်ရောဂါစွဲကပ်နေသည်ဟု သူ့အားစမ်းသပ်သော ဆရာဝန်ကပြော၏။ ဦးပုသည် တော်ကူးဆရာတော်ထံ၌ ဝိပဿနာ တရားရှုမှတ်ရာ ၈ ရက်ကြာသည့်အခါ ရောဂါဝေဒနာမှ ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



သွားသည်ဟု လျှောက်ထား၏။

တော်ကူးကျေးရွာမှ မော်တော်ကားပိုင်ရှင် ဦးအုန်းစံသည် အသက်ရှူကျပ်သောဝေဒနာကို ၅ နှစ်ကြာမျှ ခံစားနေခဲ့ရ၏။ တော်ကူးဆရာတော်ဘုရားထံ၌ တရားရှုမှတ်ရာ ၅ နာရီကြာ တစ်စပ်တည်း ရှုမှတ်နိုင်သောအခါ ရောဂါဝေဒနာ လျော့ပါးလာ၏။ ၁၀ ရက်ကြာ အားထုတ်ပြီးသောအခါ ရောဂါပျောက်ကင်းသွား၏။

*

တော်ကူးဆရာတော်၏ အတူနေတပည့်တစ်ဦးဖြစ်သော ရဟန်းကြီး ဦးသီရိသည် မူးဝေခြင်း၊ မောပန်းခြင်း၊ နံဘေးအောင့်ခြင်းနှင့် နားလေးခြင်းတည်းဟူသော ရောဂါဝေဒနာများကို ခံစားနေရ၏။ ဆရာတော်ညွှန်ပြသည့်အတိုင်း တရားရှုမှတ်ရာ ၉ နာရီကြာ တစ်စပ်တည်း ရှုမှတ်လာနိုင်သောအခါ၌ ထိုဝေဒနာများ ယုတ်လျော့လာ၏။ ဆက်လက်ပြီး မှန်မှန်ရှုမှတ်သောအခါ ရောဂါအားလုံး ပျောက်ကင်းသွားကြ၏။

ဦးသီရိသည် ဣရိယာပုထ်ကို ၇ နာရီ၊ ၈ နာရီ စသည်ဖြင့် ၁၂ နာရီအထိ တစ်စတစ်စတိုး၍ ရှုမှတ်၏။ ထိုသို့ရှုမှတ်သော်လည်း ရောဂါဝေဒနာများသည် ပြန်လည်မပေါ်ပေါက်တော့ဘဲ ရှင်းရှင်း ပျောက်သွားပါတော့၏။

မုဒုံမြို့နေ ဒေါ်ပြုံးသည် တော်ကူးရိပ်သာကျောင်း၌ ဝိပဿနာတရားကို အားထုတ်ရာ နားထိုင်းနေသောရောဂါ ပျောက်ကင်းသွား၏။

နားထိုင်း၊ နားလေးသူများသည် ဝိပဿနာတရားကို ရှုမှတ်သောအခါ နားတွင်း၌ ‘ရူး...ရူး’ဟူသော လေတိုးသံကိုကြားရ၏။ ထို ကြားရသောအသံကို အာရုံစူးစိုက်၍ ‘ကြားတယ်၊ ကြားတယ်’ဟု စွဲစွဲမြဲမြဲ ရှုမှတ်သွားသည့်အခါ နား၌ဆို့နေသော အရာတစ်ခုသည်



ဟင်းလင်းပွင့်သွားသည်ဟု ခံစားရတတ်၏။ ထိုသို့ ခံစားရပြီးသည့်နောက် နားလေးနားထိုင်းသောရောဂါမှာ ပျောက်ကင်းသွားလေ့ရှိ၏။

*

ဓမ္မသြသဓဟု မည်ထိုက်စွာသော ဝိပဿနာတရား အမြိုက်ဆေးကြီးသည် ရောဂါအပေါင်းကို ရှင်းလင်းသုတ်သင်၍ သတ္တဝါအပေါင်းတို့အား အစဉ်ငြိမ်းအေးချမ်းမြစေသည့် သန္တိသုခကို ပေးနိုင်စွမ်းရှိပေသည်တကား။

*

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၅ )

## ဝိပဿနာကြောင့် ရောဂါပျောက်ကင်းရသည့် အကြောင်းရင်းများ

### စိတ်သာပဓာန

**"စိတ္တေန နီယတိ လောကော**
**စိတ်သည် ကမ္ဘာလောကကို အုပ်စိုး၏"**

ဤသို့လျှင် မြတ်ဗုဒ္ဓသည် ကမ္ဘာလောက၌ စိတ်သာအဓိက ဖြစ်ကြောင်းကို မိန့်ကြား၏။ စိတ်ပညာရှင်တို့ကလည်း လူတစ်ဦး၏ ဘဝကံကြမ္မာကိုဖန်တီးရာ၌ စိတ်သာပဓာနဖြစ်ကြောင်းကို ဤသို့ မိန့်ဆိုကြ၏။

Act as a conqueror. You will conquer.

အောင်မြင်သူကဲ့သို့ပြုမူပါ။ သင်အောင်မြင်လိမ့်မည်။

ဤစိတ်ပညာနိယာမကို အသုံးပြု၍ အောင်မြင်လိုလျှင် မိမိသည် အောင်မြင်သူတစ်ယောက်ဖြစ်သည်ဟု ယုံကြည်လျက် အောင်မြင်သူ



တစ်ယောက်ကဲ့သို့ ပြုမူနေထိုင်ရမည်။ ချမ်းသာလိုလျှင် မိမိသည် ချမ်းသာသူတစ်ယောက်ဖြစ်သည်ဟု ယုံကြည်၍ 'ငါဆင်းရဲသားပဲ'ဟူသော စိတ်ထားမျိုးကို ပယ်ဖျောက်ရမည်။

အလားတူပင် ကျန်းမာလိုလျှင် မိမိသည် ကျန်းမာရေးကောင်းသူတစ်ယောက်ဖြစ်သည်ဟု ယုံကြည်ထား၍ 'ငါဟာကျန်းမာရေးချို့တဲ့သူတစ်ဦးဖြစ်သည်'ဟူသော အတွေးအခေါ်မျိုးကို မည်သည့်အခါမျှ မမွေးမြူရပါ။

'တကယ်ယုံကြည်လျှင် တကယ်ယုံကြည်သောစိတ်၏ တန်ခိုးသတ္တိကြောင့် တကယ်ပင် ဖြစ်လာပါသည်။'

စိတ်တွင် အလွန်ထက်မြက်သော တန်ခိုးသတ္တိရှိကြောင်းကို ယုံမှားစရာမရှိပါ။ 'ငါလုပ်ရင် အောင်မြင်ရမည်'ဟု တကယ်ယုံကြည်သောသူတို့သည် စစ်ပွဲတွင်လည်းကောင်း၊ စီးပွားရေးတွင်လည်းကောင်း၊ ပညာရေးတွင်လည်းကောင်း အောင်ပွဲအလီလီ ခံယူကြရသည်။

'ငါလုပ်ရင် အောင်မြင်ရမည်'ဟု တကယ်ယုံကြည်မှုရှိလာရန်အတွက် အောင်မြင်နိုင်မည့်အခြေအနေအဝဝနှင့် ပြည့်စုံနေအောင် ကြိုတင်ပြင်ဆင်လုပ်ကိုင်ထားရမည်ကိုလည်း မမေ့အပ်ပါ။

စစ်ဆင်ရေးတွင် အလွန်ကျွမ်းကျင်လိမ္မာသော ပြင်သစ်သူရဲကောင်း နပိုလီယံဗိုနာပတ် (Napolean Bonaparte) သည် 'မဖြစ်နိုင်ဆိုတဲ့စကားလုံးဟာ ငါ့အဘိဓာန်မှာမရှိ'ဟု ကြုံးဝါး၍ ကြုံးဝါးသည့်အတိုင်း ယုံကြည်၏။ ဤအကြောင်းကြောင့်လည်း စစ်ပွဲများတွင် ထူးထူးခြားခြား အောင်မြင်မှုရခဲ့၏။

စိတ်က ရဲရင့်နေသည့်အခါ ခန္ဓာကိုယ်၏စွမ်းရည်သည်လည်း ထက်မြက်တက်ကြွလာ၏။ စိတ်ဓာတ်ကျသွားသည်နှင့်တစ်ပြိုင်နက် ခန္ဓာကိုယ်၏စွမ်းရည်သည်လည်း လျော့ကျသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဤအကြောင်းကြောင့် တိုက်ပွဲများတွင် အောင်ပွဲခံနိုင်ရန် ခေါင်းဆောင်များသည် မိမိတို့၏ငယ်သားများ စိတ်ဓာတ်တက်ကြွအောင် အမြဲလှုံ့ဆော်ပေးကြရ၏။

ကျည်ဆန်သင့်၍ဖြစ်စေ၊ ကားတိုက်၍ဖြစ်စေ၊ မီးလောင်၍ဖြစ်စေ သေလောက်အောင် ဒဏ်ရာရရှိကြသူများအနက် စိတ်ဓာတ်ကြံ့ခိုင်၍ 'ငါမသေနိုင်ဘူး'ဟု စွဲမြဲစွာ ယုံကြည်ကြသောလူနာများသည် ဆရာဝန်များ အံ့သြလောက်အောင် ဒဏ်ရာများပျောက်ကင်းခဲ့ကြ၏။ ဤသို့သော သာဓကများကို နိုင်ငံခြားမဂ္ဂဇင်းများတွင် မကြာခဏ ကျွန်တော်ဖတ်ရှုခဲ့ရပါသည်။

အမေရိကန်ပြည်ထောင်စုမှ လယ်သမားဇနီးမောင်နှံတစ်စုံတွင် သားသမီး ၂၀ ထွန်းကား၏။ မိခင်ဖြစ်သူသည် ကူဖော်လောင်ဖက်မရှိဘဲ သားသမီးများကို ပြုစုကျွေးမွေးရသောကြောင့် တစ်ကြိမ်တစ်ခါမျှ မဖျားနာခဲ့ချေ။ သားသမီးများ အရွယ်ရောက်၍ အိမ်ထောင်ရက်သားကျကုန်ကြသောအခါ မိခင်သည် အလုပ်အကိုင် အားလပ်သွားသဖြင့် မကြာခဏ ဖျားနာပါလေတော့၏။

ထို့ကြောင့် စိတ်သည် ကမ္ဘာလောကကို ခြယ်လှယ်နိုင်စွမ်းရှိသည်မှာ ထင်ရှားလှပါတော့၏။

## စိတ်သည် ခန္ဓာကိုယ်ပေါ် လွှမ်းမိုးနိုင်ပုံ

စိတ်ပညာရှင်တို့က စိတ်ဟုယူဆထားသောအရာသည် အမှန်မှာ စိတ်နှင့် စေတသိက်တို့၏ အပေါင်းအစုသာဖြစ်၏။ စိတ်တစ်ခုတည်းဖြင့် အစွမ်းမထက်မြက်နိုင်ချေ။ အပေါင်းအဖော် စေတသိက်တို့၏ ကူညီပံ့ပိုးမှုကြောင့်သာလျှင် စိတ်အစွမ်း ထက်မြက်လာခြင်းဖြစ်၏။



စိတ်ကြောင့် စိတ္တဇရုပ်များဖြစ်ကြောင်းကို ဗုဒ္ဓ၏အဘိဓမ္မာ၌ အထင်အရှား ညွှန်ပြထား၏။ ကြည်လင်သောစိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်သည် ကြည်လင်၍ နောက်ကျူသောစိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်သည် နောက်ကျူနေပေလိမ့်မည်။ ဤအကြောင်းကြောင့် စိတ်ကြည်လင်နေသော လူတစ်ယောက်၏ မျက်နှာနှင့် အသားအရေတို့သည် ကြည်လင်လန်းဆန်း၍ စိတ်နောက်ကျူနေသော လူတစ်ယောက်၏ မျက်နှာနှင့် အသားအရေတို့သည် နောက်ကျူထိုင်းမှိုင်းနေပေ၏။

ဝိပဿနာပွားများ၍ စိတ်တည်ကြည်ငြိမ်းအေးနေသောအခါ မျက်နှာအသွင်အပြင်နှင့် ကိုယ်အမူအရာတို့သည် တည်ကြည်ငြိမ်းအေးလှ၏။ ဒေါသစိတ် လွှမ်းမိုးနေသောအခါ၌မူ မျက်နှာအသွင်အပြင်နှင့် ကိုယ်အမူအရာတို့သည် ကြမ်းတမ်းခက်တရော်ရှိလှပါတော့၏။

စိတ်သည် ကိုယ်ခန္ဓာပေါ်၌ လွှမ်းမိုးနိုင်ကြောင်းကို စိတ်ပညာရှင်များကလည်း လက်ခံကြ၏။ စိတ်ပညာနည်းဖြင့် ရောဂါအမျိုးမျိုးကို ပျောက်ကင်းအောင် ကုသနိုင်ခြင်းမှာလည်း စိတ်သည် ခန္ဓာကိုယ်အပေါ် သြဇာသက်ရောက်မှုရှိကြောင်းကို ထပ်မံဖော်ညွှန်းနေပေ၏။။

တော်ကူးဆရာတော်ဘုရားသည် စိတ်နှင့်စေတသိက်တို့၏ အပေါင်းအစုဖြစ်သော နာမ်ကို ရုပ်ထက် ဦးစားပေးပြီး ပြုပြင်မှသာလျှင် ရုပ်နာမ်နှစ်ပါးလုံး လှပလာမည့်အပြင် မဂ်ဉာဏ်ကိုလည်း ရရှိနိုင်ကြောင်းကို ဖော်ကျူးထားသည့် အောက်ပါကဗျာကို မကြာခဏ ရွတ်ဆိုတတ်ပေ၏။

(က) ရုပ်ကိုသာပြင်၊ နာမ်မပြင်၊
ရုပ်သွင်မှလှ၊ နာမ်မလှ။

(ခ) နာမ်ကိုသာပြင်၊ ရုပ်မပြင်၊
နာမ်စဉ်လည်းလှ၊ ရုပ်လည်းလှ။

www.burmeseclassic.com

www.burmeseclassic.com



(ဂ) နာမ်ဓာတ်ပေါ်တွင်၊ ဉာဏ်ဓာတ်ယှဉ်၊
လိုလျှင်ခဏ၊ မဂ်ဖိုလ်ရ။

စိတ်ပျိုလျှင်ကိုယ်နုသည်၊ စိတ်ထောင်းလျှင် ကိုယ်ကြေသည်၊ ကိုယ်ဘ်ာယ်လိုပန်းပန်း စိတ်မနွမ်းစေနှင့် စသည့်ပညာရှိတို့၏စကားများသည် ခန္ဓာကိုယ်ပေါ်၌ စိတ်လွှမ်းမိုးနိုင်ကြောင်းကို လက်တွေ့ကျကျ ဖော်ပြထားသော စကားများဖြစ်ပေ၏။

## စိတ်ပညာနည်းများအရ ရောဂါကုသမှု

အနောက်နိုင်ငံများတွင် စိတ်ပညာဖြင့် ရောဂါစတင်ကုသသူမှာ အင်္ဂလိပ်စိတ်ပညာရှင် ဟားဘတ်ဘာကာ (Herbert Barker) ဖြစ်၏။ ဂရိတ်ဗြိတိန်ဆေးကောင်စီက စိတ်ပညာဖြင့် ရောဂါကုသသည်ကို မယုံကြည်သည့်အတွက် ဘာကာနှင့် သူ၏တွဲဖက်ဆရာဝန်များထံမှ ဆေးကုသခွင့်ကို ရုပ်သိမ်းလိုက်၏။

ဘာကာသည် စိတ်မပျက်ဘဲ စိတ်ပညာဖြင့် ဆေးကုသခြင်းကို ဆက်လက်ဆောင်ရွက်သဖြင့် ဝေဒနာရှင်များစွာတို့သည် ရောဂါပျောက်ကုန်ကြ၏။ ဘာကာအား ပြည်သူတို့ကြည်ညိုလေးစားသော အရှိန်အဟုန်သည် ဒီရေအလား တစ်စတစ်စကြီးထွားလာ၏။ နောက်ဆုံးတွင် ဆေးကောင်စီဝင် ဆရာကြီးများက သူ့အား ယုံကြည်ထောက်ခံလာကြပြီးလျှင် ဂျော့ဘုရင်ကလည်း သူ့အား သူရဲကောင်းဘွဲ့ (Knighthood) ကို ချီးမြှင့်လိုက်၏။

နှစ်ဆယ်ရာစုနှစ်အစပိုင်းတွင် ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ လယ်ယာစိုက်ပျိုးရေး အင်ဂျင်နီယာအဖြစ် ဆောင်ရွက်နေသော မွန်စီယာဘီဇီယက် (Monsier Beziat) သည် စိတ်ပညာဖြင့် ရောဂါများ



ပျောက်ကင်းအောင် ကုသပေးနိုင်သည့်အတွက် မိတ်ဆွေများက အံ့အားသင့်သွားကြ၏။ ခေတ်ပြိုင်ဆရာဝန်များက မကျေနပ်၍ ပုလိပ်အား တိုင်တောကြ၏။ သို့သော် သူ့အားအရေးယူရန် မည်သည့်ပြစ်ချက်ကိုမျှ ရှာမတွေ့ချေ။

၁၉၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့ထုတ် ပြင်သစ်သတင်းစာတစ်စောင်တွင် စိန့်အင်နီဆေးရုံအုပ်ကြီးဖြစ်သူ နာမည်ကြီးဆရာဝန် ဒေါက်တာအေမေရီက ဤသို့ရေးသားလိုက်၏။

"စိတ်ပညာဖြင့် ရောဂါပျောက်ကင်းအောင် ကုသပေးနိုင်သည်ဟူသော မွန်စီယာဘီဇီယက်၏ တွေ့ရှိချက်သည် မဖြစ်နိုင်စရာအကြောင်း တစ်စုံတစ်ရာမရှိချေ။ အဘယ်ကြောင့်ဆိုသော် စိတ်သည် ခန္ဓာကိုယ်ပေါ်တွင် ဩဇာသက်ရောက်မှုရှိကြောင်းကို ကျွန်ုပ်တို့ ကောင်းစွာသိမြင်ထားပြီးဖြစ်၍တည်း။"

ထို့နောက် လန်ဒန်မြို့၌ ပါမောက္ခအလက္ကဇန်ဒါအာစကိုင်း (Prof. Alexander Erskine) သည် စိတ်ပညာဖြင့် ဆေးကုသခြင်းကို သိပ္ပံနည်းကျဖြစ်လာအောင် ဆောင်ရွက်၏။ သူက–

"စိတ်ပညာဖြင့် ဆေးကုသခြင်းသည် သံလိုက်ဓာတ်နှင့် ညှို့လိုက်သည့်ပမာ အလွန်အံ့ဩဖွယ်ကောင်း၏။ သို့သော် ဆေးကုသခြင်း၌ အောင်မြင်မှုရရေးမှာ ရောဂါရှင်၏ ယုံကြည်မှုအပေါ်တွင် မူတည်၏။ ရောဂါရှင်က စိတ်ပညာဖြင့် ရောဂါကုသနိုင်ခြင်းကို ယုံကြည်လာသည်နှင့်တစ်ပြိုင်နက် သူ၏ခန္ဓာကိုယ်တွင် ရောဂါကို ပျောက်ကင်းစေသော ပြောင်းလဲမှုများ စတင်ဖြစ်ပေါ်တော့သည်"ဟု ထုတ်ဖော်ပြောဆို၏။

ဂျာမနီနိုင်ငံ၊ ဘာလင်မြို့တွင်လည်း ပါမောက္ခ အော့တိုအော့တို (Prof. Otto Otto) သည် စိတ်ပညာဖြင့် ရောဂါများပျောက်ကင်းအောင် ထူးခြားစွာ ဆောင်ရွက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့အတွက် များမကြာမီ ဥရောပတိုက်တစ်ခုလုံး၌ စိတ်ပညာဖြင့် ရောဂါကုသခြင်းသည် ထင်ပေါ်ကျော်ကြားလာပါတော့၏။

## အင်္ဂလန်မှ ထူးခြားစွာ ရောဂါပျောက်ကင်းပုံ

အင်္ဂလိပ် ကလေးငယ်တစ်ဦးသည် မွေးကတည်းက ငါးကြေးခွံရောဂါဖြစ်လာ၏။ ဤရောဂါကြောင့် ၁၀ နှစ်သားအရွယ်တွင် သူ၏တစ်ကိုယ်လုံးတွင် ဆင်၏အရေခွံနှင့် ဖုံးလွှမ်းထားသည့်နှယ် မည်းကြုတ်ကြမ်းတမ်းသော အရေပြားနှင့် ဖုံးလွှမ်းနေပေ၏။

သူ့အား လန်ဒန်မြို့၏ အကောင်းဆုံးဆေးရုံတွင် ကုသကြ၏။ သူ၏ အရေခွံအချို့ကိုခွာလျက် မှုမှန်အရေခွံနှင့် အစားထိုးကုသ၏။ ထူးမခြားနားပေ။ အသစ်တက်လာသော အရေခွံသည် ဆင်အရေခွံနှင့်သာ တူနေပေတော့သည်။

ခြောက်နှစ်ကျော်ကြာလာသောအခါ ထိုအကြောင်းကို လန်ဒန်မြို့မှ ဒေါက်တာအဲလ်ဘတ်မေဆင်က ကြားသိရသဖြင့် လူငယ်အား ကုသပေးရန် တာဝန်ယူ၏။ ဒေါက်တာမေဆင်သည် လူနာ၏ အတွင်းစိတ်ကို စေခိုင်း၍ ဆေးကုသခြင်းကို လေ့လာစမ်းသပ်နေသူ တစ်ဦးဖြစ်၏။ သူသည် လူငယ်အား အိပ်မွေ့ချလိုက်ပြီးနောက်–

"မင်းရဲ့ လက်ဝဲဘက်လက်ဟာ သန့်စင်ကောင်းမွန်လာလိမ့်မယ်" ဟု ကလေး၏စိတ်၌ စွဲသွားအောင် ထပ်ကာထပ်ကာ ပြောဆို၏။

"ဒေါက်တာပြောတာကို ကျွန်တော်မှတ်မိပါပြီ။ ပြောသလို ဖြစ်လာမှာကိုလည်း ယုံကြည်ပါတယ်" ဟု လူငယ်ကဆို၏။

ရက်သတ္တတစ်ပတ်ကြာသောအခါ သူငယ်၏ လက်ဝဲဘက် အရေခွံသည် ပျော့ပျောင်းလာ၏။ အရေခွံအောက်ရှိ အသားအရေမှာ



ပန်းနုရောင်ဖြစ်လာ၏။ ဆယ်ရက်ကြာလာသောအခါ လက်ဝဲလက်တစ်ခုလုံးသည် ရောဂါကင်းစင်သွားပြီး သာမန်လူတို့၏လက်ကဲ့သို့ နူးညံ့ဖြူစင်လျက်ရှိ၏။

ဒေါက်တာမေဆင်သည် စိတ်ရှည်ရှည်ထားပြီး လူငယ်၏ခန္ဓာကိုယ်ကို နည်းနည်းချင်းပိုင်းခြားကာ အထက်ကနည်းအတိုင်း အပြုစိတ်သွင်း၍ ကုသ၏။ ၁၈ လကြာသောအခါ လူငယ်၏ခန္ဓာကိုယ် ၁၀ ပုံ ၉ ပုံသည် နူးညံ့ဖြူစင်သည့် အရေခွံဖြင့် ဖုံးလွှမ်းနေလေပြီ။

လူငယ်သည် လွန်စွာဝမ်းမြောက်၍ သူ့ကိုယ်သူ အိပ်မွေ့ချခြင်း အတတ်ကို သင်ယူပြီးလျှင် သူ့ရောဂါကို သူကိုယ်တိုင် ဆက်လက်ကုသ၏။ သူ့အရေခွံမှာ တစ်နေ့ထက်တစ်နေ့တိုး၍ အကောင်းပကတိ ဖြစ်လာ၏။

## ရန်ကုန်အရှေ့ပိုင်းဆေးရုံမှ ဖြစ်ရပ်ဆန်း

လွန်ခဲ့သော ၁၅ နှစ်ကျော်အချိန်က ရန်ကုန် အရှေ့ပိုင်းဆေးရုံသို့ ကင်ဆာရောဂါရှင် တောသားတစ်ဦးရောက်လာ၏။ သူ့အား ခွဲစိတ်ကုသနည်းဖြင့် ကုသပေးရန်အတွက် သူ့ဝမ်းဗိုက်ကိုခွဲကြည့်ရာ အူ၊ အသည်း၊ ကျောက်ကပ် စသည်တို့မှာ ကင်ဆာဆဲလ်များ ထိုးဖောက်ဝင်ရောက်နေမှုကြောင့် အားလုံးပုံပျက်ပန်းပျက် ဖြစ်နေကြလေပြီ။ ထို့ကြောင့် ဆရာဝန်များက သူ့ဝမ်းဗိုက်ကို ပြန်ပိတ်၍ ချုပ်ပေးပြီး ဆေးထည့်ဆေးထိုးပေး၏။ အနာကျက်သောအခါ သူ့အား ဆေးရုံမှ ဆင်းခွင့်ပြုလိုက်၏။

ဆရာဝန်များက ထိုလူသည် တစ်လအတွင်း သေလိမ့်မည်ဟု ခန့်မှန်းကြ၏။ သို့သော် လူနာ စိတ်ချမ်းသာအောင်–

"ခင်ဗျားရဲ့ရောဂါကို ကျွန်တော်တို့ အစွမ်းရှိသလောက် ကုသပေး

www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီ။ ခင်ဗျား ပျော်ပျော်ရွှင်ရွှင်နေပြီး စားချင်ရာစားပါ”ဟု မှာကြားလိုက်ကြ၏။

ထိုလူသည် ရောဂါပျောက်ပြီဟုယူဆ၍ သူ့လုပ်ငန်းကို ပြန်လည်လုပ်ကိုင်နေ၏။ နောက် နှစ်နှစ်ခန့်ကြာသောအခါ ထိုသူကို သူ့အားခွဲစိတ်ခဲ့သည့်ဆရာဝန်များက ကျန်းမာရွှင်လန်းစွာတွေ့ရသဖြင့် လွန်စွာအံ့သြသွားကြ၏။

ဤအကြောင်းသည် ကျွန်တော်၏မိတ်ဆွေ ဆရာဝန်များထံမှ တစ်ဆင့် ကြားသိခဲ့ရသော ဖြစ်ရပ်မှန်တစ်ခုဖြစ်၏။ ရောဂါပျောက်ပြီဟု ယုံကြည်သော စိတ်၏အစွမ်းသတ္တိကြောင့် ရောဂါပျောက်ကင်းသွားသည်ဟု ယူဆရပေမည်။

## ဝိပဿနာကြောင့် ရောဂါပျောက်နည်း

စိတ်ပညာဖြင့် ရောဂါကုသခြင်းဆိုသည်မှာ လူနာစိတ်၌ သူ့ရောဂါမကြာမီ ပျောက်ကင်းတော့မည်ဟု ယုံကြည်လာအောင် အပြုစိတ်ကို သွင်းပေးခြင်းဖြစ်၏။ ထိုရောဂါပျောက်မည်ဟု ယုံကြည်သောစိတ်ကိုပင် အပြုစိတ်ဟု ခေါ်ပါသည်။

‘ငါ့ရောဂါကုလို့မပျောက်တော့ဘူး’ ယူဆနေသောစိတ်မှာ အဖျက်စိတ်ဖြစ်၏။

လူနာ၏စိတ်အတွင်း၌ အပြုစိတ်စွဲမြဲစေရန်အတွက် လူနာကို အိပ်မွေ့ချပြီး ဆေးကုသပေးစဉ် အကြိမ်ကြိမ် ရွတ်ဆိုစေရ၏။ စိတ်တွင် စွဲမြဲယုံကြည်လာသည့်အတိုင်း အပြုစိတ်၏အစွမ်းသတ္တိဖြင့် ရောဂါတစ်စတစ်စ ပျောက်ကင်းသွားပါတော့၏။

‘ဝိပဿနာဆိုတဲ့ ဘုရားဆေးဟာ ရောဂါ ၉၆ ပါးကို အမြစ်ပါ



မကျန်အောင် ပျောက်ကင်းစေနိုင်တယ်’ဟု တော်ကူးဆရာတော်ဘုရား၏ ကိုယ်တွေ့နှင့်နှိုင်းပြီး လေးနက်စွာ မိန့်ဆိုချက်ကို ယုံကြည်သောသူသည် ရောဂါပျောက်ကင်းစေနိုင်သည့် အပြုစိတ်ကို ရရှိသွားပြီဖြစ်၍ ထိုအပြုစိတ်၏အစွမ်းဖြင့် ရောဂါပျောက်ကင်းသွားနိုင်ပါသည်။

ဝိပဿနာရှုမှတ်ခြင်းဖြင့် စိတ်အညစ်အကြေးများ ယာယီကင်းစင်သွားကြပြီး သမာဓိအတော်အသင့်ရှိလာသောအခါ၌ ဖြစ်ပေါ်လာသောစိတ်အစဉ်သည် သာမန်အခြေအနေ၌ရှိသောစိတ်ထက် အဆပေါင်းများစွာ အစွမ်းထက်မြက်ပါသည်။

ပမာနှိုင်း၍ပြောရလျှင် ကမ္ဘာမြေပေါ်တွင် ပျံ့နှံ့၍ကျရောက်နေသောနေရောင်ခြည်တို့သည် သစ်ရွက်ခြောက်၊ ထင်းခြောက် စသည်တို့ကို မလောင်ကျွမ်းစေနိုင်ကြပါ။ မှန်ဘီလူးခုံးတစ်ချပ်ဖြင့် နေရောင်ခြည်အချို့ကိုစုပေါင်း၍ ဆုံချက်၌ကျရောက်စေသည့်အခါ ထိုရောင်ခြည်စုသည် အလွန်ပူပြင်းသဖြင့် သစ်ရွက်ခြောက်၊ ထင်းခြောက်တို့ကို အလွယ်တကူ လောင်ကျွမ်းစေနိုင်၏။

စိတ်၏ အစွမ်းသတ္တိလည်း နေရောင်ခြည်၏ အစွမ်းသတ္တိနှင့် သဘောချင်းတူ၏။ စိတ်သည် အာရုံအမျိုးမျိုး၌ ပျံ့လွင့်၍ ကျရောက်နေသည့်အခါ အစွမ်းမထက်ချေ။ သမာဓိတည်၍ အာရုံတစ်ခုတည်း၌ စုဆုံကျရောက်လာသည့်အခါ အစွမ်းထက်မြက်လာ၏။ သမာဓိကောင်းလေလေ အစွမ်းထက်လေလေဖြစ်၏။

မည်မျှ အစွမ်းထက်သနည်းဟူမူ သမထဘက်သို့ ကိုင်းညွှတ်ထားလျှင် ဈာန်အဘိညာဉ်ဖြစ်ပေါ်ပြီး မြေလျှိုးမိုးပျံနိုင်သည်အထိ အမျိုးမျိုးဖန်တီးနိုင်သည်အထိ အစွမ်းထက်စေနိုင်၏။ ဝိပဿနာဘက် ကိုင်းညွှတ်ထားလျှင် သုတမယဉာဏ်၊ စိန္တာမယဉာဏ်တို့ဖြင့် ကြံစည်စိတ်ကူး၍မရနိုင်သော ဘာဝနာမယဉာဏ်အဆင့်ဆင့်ကို ဖြစ်ပေါ်စေပြီး

www.burmeseclassic.com

www.burmeseclassic.com



လျှင် မင်္ဂလာဂါ၊ ဖိုလ်ဉာဏ်အထိ ပေါက်ရောက်စေနိုင်ပါသည်။

ထို့ပြင် အစွမ်းထက်လှသောစိတ်အစဉ်ဖြင့် ရောဂါ၏ဝေဒနာများကို ရှုစိုက်၍ ရှုမှတ်လျှင် ထိုဝေဒနာများ ပျက်ကျေကုန်ပြီး ရောဂါလည်း ပျောက်ကင်းသွားပါတော့၏။

သို့အတွက် ဝိပဿနာနည်းသည် စိတ်ပညာနည်းထက် အဆ ပေါင်းများစွာ သာလွန်ပါသည်။ ရောဂါပျောက်ကင်းသည့်ဘက်၌လည်း သာလွန်ပါသည်။ ကုသိုလ်အကြီးအကျယ် ဖြစ်ထွန်းခြင်းဘက်၌လည်း သာလွန်ပါသည်။ စိတ်အညစ်အကြေးကင်း၍ ငြိမ်းအေးချမ်းသာခြင်း ဘက်၌လည်း သာလွန်ပါသည်။

စိတ်ပညာနည်းဖြင့် ရောဂါများ ပျောက်ကင်းခြင်းကို ထောက်ရှု၍ ဝိပဿနာနည်းဖြင့် ရောဂါပျောက်ကင်းခြင်းကို သံသယကင်းရှင်းစွာ သက်ဝင်ယုံကြည်အပ်ပါသည်။

## တရားတန်ခိုးကြောင့် ရောဂါပျောက်

ဝိပဿနာရှုမှတ်သူတို့တွင် ထူးဆန်းစွာ ရောဂါပျောက်ကင်းရသည့် အခြားအကြောင်းတစ်ရပ်မှာ တရားတော်၏ တန်ခိုးသတ္တိကြောင့် ဖြစ်ပါသည်။

ဝေသာလီပြည်တွင် ငတ်မွတ်ခေါင်းပါးခြင်းဘေး၊ အနာရောဂါ နှိပ်စက်ခြင်းဘေးနှင့် ဘီလူးများဖမ်းစားခြင်းဘေးဟုဆိုအပ်သော ကပ်ဘေးကြီးသုံးပါးဆိုက်ရောက်၍ လူပေါင်းများစွာ သေဆုံးကြသည့်အခါ ဗုဒ္ဓမြတ်စွာသည် အရှင်အာနန္ဒာအား ရတနသုတ်ပရိတ်ကို သင်ကြား ပေးပြီး ရွတ်ဖတ်သရဇ္ဈာယ်စေ၏။ ထိုအခါ ဝေသာလီပြည်သူအပေါင်း တို့သည် ဘေးဆိုးကြီးသုံးပါးမှ လွတ်ငြိမ်းချမ်းသာသွားကြ၏။



မီးမဖွားနိုင်၍ တအင်းအင်း၊ တအားအား ညည်းတွားနေကြ သော ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် **အင်္ဂုလိမာလပရိတ်**ကို ရွတ်ဆိုလျှင် သို့မဟုတ် **အင်္ဂုလိမာလပရိတ်**ကိုရွတ်ဆို မန်းမှုတ်ထား သည့်ရေမန်းကို သောက်လိုက်လျှင် ကလေးကို လွယ်ကူချောမောစွာ ဖွားမြင်နိုင်ကြ၏။

ရာဇဂြိုဟ်ပြည်၊ ဝိပ္ပလိလိုဏ်ဂူ၌ သီတင်းသုံးတော်မူသော အရှင်မဟာကဿပမထေရ် မမာမကျန်းဖြစ်သည့်အခါ ဗုဒ္ဓမြတ်စွာ သည် **ဗောဇ္ဈင်တရား**ကို ဟောတော်မူ၏။ အရှင်မဟာကဿပသည် ထိုတရားကို နာကြားပြီးသည်၏အဆုံး၌ ရောဂါလုံးဝပျောက်ကင်း သွား၏။ အရှင်မဟာမောဂ္ဂလာန် မကျန်းမာသောအခါ၌လည်း ဗုဒ္ဓ မြတ်စွာသည် ဗောဇ္ဈင်တရားကိုပင် ဟောကြား၍ ရောဂါပျောက်ကင်း စေခဲ့ပါသည်။

ဝေဠုဝန်ကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံးနေစဉ် မမာမကျန်းဖြစ်လာသောအခါ စုန္ဒမထေရ်အား ဗောဇ္ဈင်တရားကိုပင် ဟောကြားစေ၏။ ဗုဒ္ဓမြတ်စွာသည် ထိုတရားတော်ကို ရိုသေစွာနာကြား ရင်း ရောဂါပျောက်ကင်းသွားပေ၏။

ဤသာဓကတို့ကား တရားတော်၏ တန်ခိုးသတ္တိကြောင့် ရောဂါ ပျောက်ကင်းခြင်းကို ဖော်ညွှန်းကြ၏။ တရားတော်တွင် အဘယ်ကြောင့် ဤသို့သော တန်ခိုးသတ္တိရှိကြသနည်း။

တရားတော်ကို သာမန်ဗျည်း, သရ, ဝေါဟာရတို့နှင့်ပင် သီကုံး ထားပါ၏။ သို့သော် ထိုသို့ သီကုံးထားသည့်အခါ ကိလေသာကို ခေါင်းပါးစေတတ်သောကြောင့်လည်းကောင်း၊ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ ပညာ စသည့် ကုသိုလ်တရားတို့ကို တိုးပွားစေတတ်သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း အလွန်ထက်မြက်သည့်တန်ခိုးသတ္တိများ ရှိလာပါတော့၏။

ဥပမာနှိုင်း၍ဆိုသော် ရိုင်ဖယ်သေနတ်တစ်လက်ကို ဆန်းစစ်၍ကြည့်စေလို၏။ ရိုင်ဖယ်သေနတ်နှင့် ကျည်ဆန်တို့ကို သံ၊ သတ္တု၊ သစ်သား၊ ယမ်းမှုန့်တို့နှင့်ပြုလုပ်ထား၏။ ရိုင်ဖယ်သေနတ်၏ အစိတ်အပိုင်းများကို တစ်စစီဖြုတ်ထုတ်၍ ကျည်ဆန်ကိုပါ တစ်ခုစီသီးခြားထားလျှင် မည်သည့်အစိတ်အပိုင်းကိုမျှ ကြောက်ရွံ့စရာမလိုချေ။ အစိတ်အပိုင်းအားလုံးကို ပြန်လည်မတပ်ဆင်ဘဲ တစ်စုတည်းစုပုံထားလျှင်လည်း ကြောက်ရွံ့စရာမရှိသေးချေ။ အစိတ်အပိုင်းများကို နေသားတကျတပ်ဆင်၍ ရိုင်ဖယ်သေနတ်ဖြစ်ပေါ်လာသောအခါ လူကိုသာမက ဆင်ကြီးကိုပါ သေစေနိုင်သောအစွမ်းသတ္တိရှိလာသဖြင့် အလွန်ကြောက်ရွံ့စရာကောင်းသောလက်နက် ဖြစ်လာ၏။

## ဗောဇ္ဈင်အာနိသင်ကြောင့် ရောဂါပျောက်

ဗောဇ္ဈင်တရားကို နာကြားရခြင်းကြောင့် ရောဂါပျောက်ခြင်းတွင်–

(၁) တရားတော်၏အစွမ်းသတ္တိကြောင့် ရောဂါပျောက်သည်ဟု မှတ်ယူနိုင်၏။

(၂) တရားနာပြီး ကြည်ညိုသောသဒ္ဓါ၊ အမှတ်ရအောက်မေ့မှုသတိ၊ ငြိမ်းအေးခြင်း ပဿဒ္ဓိ စသည်တို့ ဖြစ်ပေါ်လာသောကြောင့် ရောဂါပျောက်ကင်းသည်ဟုလည်း မှတ်ယူနိုင်၏။

(၃) တရားတော်ကိုနာကြားရင်း ရှုမှတ်နှလုံးသွင်းမှုဖြင့် ဗောဇ္ဈင်တရားများ ဖြစ်ပေါ်လာကြပြီး ဤတရားတို့၏ အစွမ်းအာနုဘော်ကြောင့် ရောဂါပျောက်ကင်းသည်ဟုလည်း မှတ်ယူနိုင်၏။



ဤသို့ သုံးနည်းလုံးပင် ရောဂါပျောက်ကင်းခြင်းကို အထောက်အကူပြုကြသော်လည်း နောက်ဆုံးနည်းမှာ အခိုင်အမာဆုံးဖြစ်သည်ဟု မဟာစည်ဆရာတော်ဘုရားက ဟောကြားတော်မူခဲ့၏။

ဗောဇ္ဈင် (ဝါ) ဗောဇ္ဈင်္ဂသည် ဗောဓိအင်္ဂဟူသောပုဒ်နှစ်ခုမှ ဆင်းသက်လာပြီး 'အသိဉာဏ်၏ အကြောင်းအင်္ဂါ'ဟု အဓိပ္ပာယ်ရ၏။ ဗောဇ္ဈင် ၇ ပါးရှိ၏။

(၁) သတိသမ္ဗောဇ္ဈင် = အမှတ်သတိရှိခြင်း

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင် = ထူးသောဉာဏ်ဖြင့်သိခြင်း

(၃) ဝီရိယသမ္ဗောဇ္ဈင် = လုံ့လစိုက်ထုတ်ခြင်း

(၄) ပီတိသမ္ဗောဇ္ဈင် = နှစ်သက်ဝမ်းမြောက်ခြင်း

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင် = ငြိမ်းအေးခြင်း

(၆) သမာဓိသမ္ဗောဇ္ဈင် = စိတ်တည်ကြည်ခြင်း

(၇) ဥပေက္ခာသမ္ဗောဇ္ဈင် = လျစ်လျူရှုခြင်း

ဤဗောဇ္ဈင် ၇ ပါးသည် သတိ၊ ပညာ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ ဧကဂ္ဂတာနှင့် တတြမဇ္ဈတ္တတာဟူသော စေတသိက်တို့ပင်တည်း။

ဗောဇ္ဈင်တရားကို နှလုံးသွင်းဆင်ခြင်သောအခါ ဤစေတသိက်တို့ အားကောင်းလာကြသည့်အတွက် စိတ်သည် အထူးကြည်လင်သန့်စင်တည်တံ့၍ ငြိမ်းအေးလာ၏။ ဤစိတ်အစဉ်ကြောင့်ဖြစ်သော ရုပ်တို့သည်လည်း ကြည်လင်သန့်စင်ပြီး ငြိမ်းအေးခြင်းသဘောရှိ၏။ ဤသို့သော စိတ်အစဉ်နှင့် ရုပ်အစဉ်တို့ အဆက်မပြတ် ထပ်ကာထပ်ကာဖြစ်ပွားကြသောအခါ ရောဂါရုပ်များသည် တစ်စတစ်စပျောက်ကုန်ပြီး ရောဂါပျောက်ကင်းပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## ဝိပဿနာရှုမှတ်စဉ် ဗောဇ္ဈင်ဖြစ်ပုံ

ဝိပဿနာတရားကို လက်တွေ့အားထုတ်သည့်အခါ ဖောင်းတယ်၊ ပိန်တယ်၊ မြင်တယ်၊ ကြားတယ်၊ ထိတယ်၊ နာတယ် စသည်ဖြင့် ရှုချက်တိုင်းတွင် သတိကပ်၍ သိသိသွားခြင်းသည် သတိသမ္ဗောဇ္ဈင်ဖြစ်ပေါ်ခြင်းပင်ဖြစ်၏။

ထို့နောက် ရှုချက်တိုင်းတွင် ရုပ်နာမ်တရားတို့ကို စိစစ်ပိုင်းခြားပြီး သိတတ်သည့်ဉာဏ်ပညာ ဖြစ်ပေါ်ခြင်းသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်းမည်၏။

တစ်ဖန် ရှုမှတ်ချက်တိုင်းတွင် ရှုမှတ်မိအောင် ကြောင့်ကြစိုက်ခြင်းသည် ဝီရိယသမ္ဗောဇ္ဈင်မည်၏။

ရှုမှတ်မှု အထူးကောင်းမွန်လာသည့်အခါ ဝမ်းမြောက်ခြင်းနှင့် ငြိမ်းအေးချမ်းတည်းဟူသော ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်တို့လည်း ဖြစ်ပေါ်လာ၏။

ရှုမှတ်ချက်တိုင်း၌ အမှတ်သတိကို အာရုံပေါ်တွင်ကပ်၍ ထူရောက်စေသော တည်ငြိမ်မှုသဘောသည် သမာဓိသမ္ဗောဇ္ဈင်ဖြစ်၏။

အမှတ်သတိအထူးကောင်းမွန်နေသည့်အခါ မှတ်သိစရာအာရုံပေါ်လာအောင်လည်း ကြောင့်ကြမစိုက်ရ။ ရှုမှတ်မိအောင်လည်း ကြောင့်ကြမစိုက်ရဘဲ အလိုလိုသိသွားသကဲ့သို့ မှတ်သိနိုင်လာ၏။ ဤအခါ၌ သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့် သမာဓိတို့သည် မယုတ်မလွန်ကြဘဲ အညီအမျှဖြစ်ပေါ်နေကြ၏။ ဤသို့အညီအမျှ ဖြစ်ပေါ်ခြင်းသဘောသည် ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်၏။

ဝိပဿနာရှုမှတ်စဉ် ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်သည့်အခါ အထက်ပါဗောဇ္ဈင်တရားတို့သည် အထူးထင်ရှားစွာ ဖြစ်ပေါ်လာကြ၏။



ထိုအခါ ရောဂါဝေဒနာတို့သည်လည်း ထင်ရှားစွာ ပျောက်ကင်းကြတော့၏။

ဥဒယဗ္ဗယဉာဏ်အဆင့်မှစတင်ပြီး ရောဂါဝေဒနာပျောက်ကင်းခြင်းသည် ထင်ရှားလာသော်လည်း စိတ်ပါလက်ပါနှင့် ထက်ထက်သန်သန် တင်းတင်းရင်းရင်း အားထုတ်သောယောဂီသည် ဝိပဿနာသမာဓိအားကောင်းလာသည့်အခါမှစ၍ ရောဂါသက်သာလာသည်ကို တွေ့ရကြောင်း မဟာစည်ဆရာတော် မိန့်ကြားတော်မူခဲ့၏။

## သိပ္ပံပညာ၏ ထောက်ခံချက်

အပြုစိတ်၏စွမ်းအားဖြင့် ရောဂါကိုနှိမ်နင်းနိုင်ခြင်း၊ ဝိပဿနာအာနိသင်ဖြင့် ရောဂါအမျိုးမျိုး ပျောက်ကင်းခြင်းတို့ကို ယခုအခါ သိပ္ပံပညာက ကျေနပ်စွာ ထောက်ခံချက်ပေးနိုင်ပါသည်။ အကြောင်းကား ယနေ့ဆေးသိပ္ပံသည် ခန္ဓာကိုယ်၏ ရောဂါတိုက်ဖျက်သောစနစ်ကို အနုစိတ်ကာ သိရှိလာသောကြောင့်ဖြစ်၏။

သိပ္ပံပညာဖြင့် အစွမ်းထက် ဆေးဝါးများစွာကို တီထွင်ဖော်စပ်နိုင်ပြီးလျှင် ထိုဆေးဝါးတို့၏ အကူအညီဖြင့် ရောဂါအမျိုးမျိုးကို တိုတောင်းသည့်အချိန်အတွင်း အံ့သြစဖွယ်ကောင်းအောင် သုတ်သင်ဖယ်ရှားနိုင်ခဲ့သည့်အတွက် လူသန်းပေါင်းများစွာတို့သည် 'ထိုအစွမ်းထက်ဆေးများသာ အားကိုးရာ'ဟု ထင်မှတ်နေကြ၏။

အမှန်စင်စစ် ရောဂါအမျိုးမျိုးကို အံ့သြစဖွယ် အမြစ်ပြုတ်အောင် ချေမှုန်းပေးလိုက်သော အင်အားစုမှာ ခေတ်မီဆေးဝါးများ မဟုတ်ကြ။ ခေတ်မီခွဲစိတ်ကု ကိရိယာတန်ဆာများလည်း မဟုတ်ကြ။ အဏုကြည့်ရောင်ခြည်ကုစက်ကြီး၊ ဓာတ်မှန်ရိုက်စက်ကြီး၊ နှလုံးအစား ဆေးသွေးကို

www.burmeseclassic.com



လှည့်ပတ်ပေးနိုင်သောစက်ကြီး စသည်တို့လည်း မဟုတ်ကြ။ ဆေးပညာကို တစ်ဘက်ကမ်းခပ်အောင် တတ်မြောက်ကြသည့် ဆရာဝန်များလည်း မဟုတ်ကြ။ ရောဂါရှင်တို့၏ခန္ဓာကိုယ်အတွင်းရှိ ကိုယ်ခံအင်အားစုသာဖြစ်ပေ၏။

ဤအကြောင်းကို **ဒေါက်တာရွန်နယ်ဂလက်စာ** (Dr. Ronald Glasser) သည် 'ခန္ဓာကိုယ်သည် လူစွမ်းကောင်း' (The Body is the Hero) အမည်ရှိသော စာအုပ်တွင် အထောက်အထားများ ပြည့်ပြည့်စုံစုံဖြင့် ရေးသားဖော်ပြခဲ့၏။ ဆေးပညာပါရဂူများက သူ၏ရေးသားချက်ကို သဘောတူ ထောက်ခံကြ၏။

ခန္ဓာကိုယ်သည် ကိုယ်ထဲသို့ ကျူးကျော်ဝင်ရောက်လာကြသည့် ရောဂါပိုးအမျိုးမျိုးကို တွန်းလှန်ချေမှုန်းရန်အတွက် အလွန်ကြီးကျယ်စနစ်ကျသည့် ကာကွယ်ရေးစနစ်ကို ဖွဲ့စည်းထား၏။ ခေတ်မီနိုင်ငံများက မိမိတို့နိုင်ငံများကို ကာကွယ်ရန်အတွက် ကုန်းတပ်၊ ရေတပ်၊ လေတပ်များကို စနစ်တကျ ဖွဲ့စည်းထားသည်နှင့် အလွန်ဆင်တူ၏။ ဤကိုယ်ခံစနစ်ကို ပိုမိုတက်ကြွ စူးရှလာအောင် အပြုစိတ်က အကူအညီပေးနိုင်ကြောင်းကို ယနေ့ သိပ္ပံပညာရှင်တို့က လက်ခံကြလေပြီ။

ထို့ကြောင့် အပြုစိတ်ကို ပိုမိုထက်မြက်စူးရှစေပြီး ခန္ဓာကိုယ်ရုပ်ကလာပ် (ဆဲလ်)များကိုလည်း သစ်လန်းအားရှိစေသော ဝိပဿနာရှုမှတ်ခြင်းသည် ရောဂါအမျိုးမျိုးကို ပျောက်ကင်းစေနိုင်သည်မှာ သိပ္ပံပညာရှုထောင့်အရလည်း ထင်ရှားနေပါတော့၏။

ခန္ဓာကိုယ်၏ ခုခံကာကွယ်ရေးစနစ်ကို သိရှိထားလျှင် မိမိခံစားနေရသော ရောဂါများကို ပျောက်ကင်းအောင် ကုသခြင်း၌ ကြီးမားစွာ အထောက်အကူဖြစ်သည့်အတွက် ဤစနစ်အကြောင်းကို အကျဉ်းမျှ ဆက်လက်ရေးသားဖော်ပြပါမည်။



## ခန္ဓာကိုယ်၏ကြည်းတပ်

သိပ္ပံပညာ၏အမြင်အရ ခန္ဓာကိုယ်သည် ကုဋေပေါင်း ၆၀၀၀ မျှသောရုပ်ကလာပ်စည်း (ဆဲလ်)များဖြင့် ဖွဲ့စည်းထား၏။ ဤဆဲလ်များသည် အသက်ရှင်နေကြသဖြင့် ဆက်လက်အသက်ရှင်နေနိုင်ရန် ရေ၊ အာဟာရဓာတ်နှင့် အောက်ဆီဂျင်ဓာတ်တို့ကို မပြတ်လိုအပ်၏။ ဆဲလ်များက ပယ်စွန့်လိုက်သည့် အညစ်အကြေးများကိုလည်း မှန်မှန်ဖယ်ထုတ်ပေးရန်လို၏။ ဤလိုအပ်ချက်များကို သွေးကဆောင်ရွက်ပေး၏။

ခန္ဓာကိုယ်အတွင်းမှ သွေးအားလုံးသည် ၁၃ စက္ကန့်တွင်တစ်ကြိမ်ကျ နှလုံးကို ဖြတ်သန်းသွား၏။ တစ်နည်းဆိုသော် တစ်နာရီလျှင် သွေး ၂၇ ဂါလန် (၆၀ လီတာ)ခန့်သည် ဦးနှောက်ကိုလည်းကောင်း၊ ကျောက်ကပ်ကိုလည်းကောင်း ဖြတ်သန်းသွား၏။

သွေးသည် ဦးနှောက်နှင့် ခန္ဓာကိုယ်ဆဲလ်များက လိုအပ်သည့် ရေ၊ အာဟာရဓာတ်နှင့် အောက်ဆီဂျင်ဓာတ်တို့ကို ပို့ဆောင်ပေး၏။ ဆဲလ်များက စွန့်လိုက်သည့် အညစ်အကြေးများကိုလည်း သယ်ယူလာ၏။ ထိုအညစ်အကြေးများကို ကျောက်ကပ်က ကျင်ငယ်အဖြစ် စစ်ထုတ်ပေးလိုက်သဖြင့် သွေးသည် ပြန်လည်သန့်စင်သွား၏။

သွေး တစ်ကုဗမီလီမီတာ (တစ်စက်ခန့်)တွင် ဆဲလ်နီ (Red cell) ခေါ် သွေးနီဥပေါင်း ၅ သန်းခန့်နှင့် ဆဲလ်ဖြူ (White cell) ပေါင်း ၅၀၀၀ မှ ၁၀၀၀၀ အထိပါရှိ၏။ ဆဲလ်နီသည် အောက်ဆီဂျင်ဓာတ်ကို သယ်ဆောင်၏။ ဆဲလ်ဖြူသည် ရောဂါပိုးများကို နှိမ်နင်းပေးသော ခန္ဓာကိုယ်၏ ကြည်းတပ်ဖြစ်၏။ ဆဲလ်ဖြူများနှင့်တွဲဖက်၍ ဆဲလ်ဖြူထက် ပိုအစွမ်းထက်သည့် မာကရိုဖိတ် (Macrophage)

www.burmeseclassic.com

www.burmeseclassic.com



လည်းရှိသေး၏။ မာကရိုဖိတ်သည် သံချပ်ကာတပ်နှင့် ဆင်တူ၏။

ပျမ်းမျှ လူတစ်ယောက်တွင် ဆဲလ်ဖြူနှင့် မာကရိုဖိတ် စုစုပေါင်း ၁၂၆,၀၀၀ သန်းခန့်ရှိ၏။ ဤဆဲလ်များကို ရိုးတွင်းခြင်ဆီတို့က ထုတ်လုပ်ပေးကြ၏။ ဤဆဲလ် အနည်းငယ်သည် သွေးစီးကြောင်းတွင် ကင်းထောက်အဖွဲ့အဖြစ် အမြဲလှည့်ပတ်နေ၏။ ရန်သူပိုးမွှားများနှင့် တွေ့ဆုံလျှင် ထိုပိုးမွှားများကိုဝင်ပူး၍ သတ်ဖြတ်လေတော့၏။ စစ်ကူ လိုအပ်လျှင် ကျန်ဆဲလ်ဖြူများသည် မိနစ်အနည်းငယ်အတွင်း စုပြုံ ရောက်လာကြ၏။ ထို့နောက် မာကရိုဖိတ်များ ရောက်လာကြပြီးလျှင် တိုက်ပွဲပြီးဆုံးသည့်တိုင်အောင် ဆက်လက်တိုက်ခိုက်ကြ၏။

သင်၏လက်မောင်းမှ သွေးအနည်းငယ် (၁၀ ကုဗစင်တီမီတာ) ကို ဖောက်ထုတ်ပြီးနောက် ဆဲလ်ဖြူများကို ခွဲထုတ်ပါ။ ၎င်းဆဲလ်ဖြူတို့ကို ဆားငန်ရည်ရှိသည့် ဖန်ပန်းကန်ပြားတစ်ခုတွင်ထည့်ပြီး မိုက်ကရိုစကုပ်ခေါ် အဏုကြည့်မှန်ပြောင်းဖြင့် ကြည့်ပါ။ ထိုဆဲလ်ဖြူတို့သည် တည်တည်ငြိမ်ငြိမ် အေးဆေးစွာ ရွေ့လျားနေကြလိမ့်မည်။

ဆားငန်ရည်ထဲသို့ ရောဂါပိုး (ဘက်တီးရီးယား)တစ်ကောင် ထပ်ထည့်လိုက်ပါ။ ထိုအခါ မြင်ကွင်းသည် ချက်ချင်းပြောင်းသွားလိမ့်မည်။ ဆဲလ်ဖြူများသည် ခြေဦးတည့်ရာသို့ ဖြည်းဖြည်းနှေးနှေး ရွေ့လျားနေကြရာမှ ချက်ချင်းရပ်တန့်သွားကြပြီးလျှင် တိုက်ပွဲ၌ အချက်ပေးသံကို ကြားလိုက်သည့်ပမာ တိုက်ခိုက်ရန် ဟန်ရေးပြင်လာကြတော့၏။ ထို့နောက် ရောဂါပိုးရှိရာသို့ စစ်သားများ ဝမ်းလျားမှောက်၍ တရွေ့ရွေ့ ချီတက်သွားကြသလို ရွေ့လျားသွားကြ၏။ ရောဂါပိုးရှိရာသို့ ရှေးဦးဆုံး ရောက်လာသော ဆဲလ်ဖြူများသည် ကြောက်ရွံ့ခြင်းမရှိဘဲ ရောဂါပိုးကို ဝင်ပူး၍ မိမိတွင်ပါသည့် အင်ဇိုင်းခေါ် အဆိပ်ရည်ကို သွန်ချ၏။ ပထမ ဆဲလ်ဖြူက အနိုင်မရလျှင် ဒုတိယဆဲလ်ဖြူက ဝင်ပူးသတ်ပြန်၏။



အနာပြည်တစ်စက်ကို မိုက်ကရိုစကုပ်ဖြင့်ကြည့်လျှင် ရောဂါပိုးများကို ဆဲလ်ဖြူများက ဝိုင်းအုံ၍ ပူးသတ်နေကြသည်ကို မြင်တွေ့ရမည်ဖြစ်၏။ ရောဂါပိုးများသည် ရန်းကန်မှုတစ်စတစ်စ လျော့သွားပြီး အဆိပ်ရည်ကြောင့် ပြိုကွဲပျက်စီးသွားကြသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်၏။

## ခန္ဓာကိုယ်၏ ရေတပ်သားများ

ခန္ဓာကိုယ်တွင်းသို့ ချင်းနင်းဝင်ရောက်လာကြသော ရန်သူများကို ဆဲလ်ဖြူများ၊ မာကရိုဖိတ်များလောက်မျှဖြင့် နှိမ်နင်းရလျှင် စိတ်မချရသေးပါ။ ဤဆဲလ်များ၏ ရွေ့လျားမှုသည် နှေးကွေးသဖြင့် တိုက်ပွဲဝင်ရန် မိနစ်အနည်းငယ် ကြာညောင်းတတ်၏။

ခြေလက် စသည့်ခန္ဓာကိုယ်တစ်နေရာ၌ ဒဏ်ရာရ၍ ကွဲရှသွားလျှင် ဘက်တီးရီးယားများသည် သွေးကြောများထဲသို့ ဝင်ရောက်လာပြီးနောက် စက္ကန့်အနည်းငယ်အတွင်း အဆုတ်၊ အသည်းနှင့် ဦးနှောက်တို့ဆီသို့ ရောက်ရှိသွားနိုင်ကြ၏။ ထို့ကြောင့် ခန္ဓာကိုယ်သည် ချင်းနင်းဝင်ရောက်လာကြသော ရန်သူများကို စက္ကန့်အနည်းငယ်အတွင်း ချေမှုန်းပစ်နိုင်ရန် လိုအပ်၏။

ထို့ကြောင့်ခန္ဓာကိုယ်ဆဲလ်များသည် နောက်ထပ် ကိုယ်ခံလက်နက်နှစ်မျိုးကို တည်ဆောက်ကြ၏။ ပထမတစ်မျိုးမှာ ပဋိခန္ဓာ (Anti-body)ခေါ် ပရိုတိန်းတစ်မျိုးဖြစ်၏။ ပဋိခန္ဓာအချို့ကို နှုတ်ခမ်းများကြည့်လျှာ၊ လည်မျိုစသည့် ပါးလွှာစွတ်စိုနေသည့် အရေပြားများ၌ ဖြန့်ချထား၏။ ထိုနေရာများသို့ ဘက်တီးရီးယားများ ရောက်ရှိလာလျှင်

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းတိုက်ခိုက်ရန်ဖြစ်၏။

ပဋိခန္ဓာအချို့ကိုမူ သွေးစီးကြောင်း၌ ဖြန့်၍ချထား၏။ ကိုယ်အရေခွံပေါက်ကွဲသောနေရာမှ သွေးစီးကြောင်းထဲသို့ ဝင်ရောက်လာကြသော ဘက်တီးရီးယားများကို ဤပဋိခန္ဓာက ဟန့်တားတိုက်ခိုက်ကြရန်ဖြစ်၏။

ခန္ဓာကိုယ်သည် ခံစစ်သာ ဆင်နွှဲရ၏။ ခန္ဓာကိုယ်ထဲသို့ ဘက်တီးရီးယားများ သို့မဟုတ် အဆိပ်များ ဝင်ရောက်လာကြသောအခါမှ ခန္ဓာဆဲလ်များသည် ထိုရန်သူများ၏ အသွင်သဘာဝကို စစ်ဆေး၍ လိုက်ဖက်ညီသည့် ပဋိခန္ဓာများကို တည်ဆောက်ပေးကြ၏။ ပဋိခန္ဓာများသည် ခန္ဓာကိုယ်ဆဲလ်များနှင့် ဘက်တီးရီးယားများကို ခွဲခြားသိနိုင်ကြ၏။ အရွယ်ပမာဏမှာ အလွန်သေးငယ်၏။ ဘက်တီးရီးယားတစ်ကောင်၏ ၁၀၀၀ ပုံ တစ်ပုံလောက်သာ ကြီး၏။

ပဋိခန္ဓာသည် အဆိပ်မှုန်ကိုတွေ့ဆုံလျှင် ထိုအမှုန်နှင့် ပူးဆက်ပြီး အဆိပ်၏သတ္တိကို ချေဖျက်နိုင်၏။ ဘက်တီးရီးယား သို့မဟုတ် ဗိုင်းရပ် (Virus) နှင့် တွေ့ဆုံလျှင်မူ ပဋိခန္ဓာသည် ထိုရန်သူကို ဝင်ပူးရုံပူးဆက်ထား၏။ ရေတပ်က အမြောက်ကြီးများဖြင့် ရန်သူတပ်ကို ပစ်ခတ်ကာ မလှုပ်ရှားနိုင်အောင် ထိန်းကွပ်ပေးထားသည်နှင့်တူ၏။

မကြာမီပင် ခန္ဓာကိုယ်၏ အသေခံလေထီးတပ်သားများသည် ရန်သူထံသို့ ရောက်လာကြပြီးလျှင် တိုက်ပွဲကို အဆုံးသတ်ပေးကြ၏။

## ခန္ဓာကိုယ်၏ အသေခံလေထီးတပ်သားများ

အသည်းဆဲလ်များသည် အသေခံလေထီးတပ်သားများဟု မှတ်ယူအပ်သော ကိုယ်ခံတပ်သား (Complement)ကိုးမျိုးကို တည်ဆောက်ပေးကြ၏။ ရန်သူ ဘက်တီးရီးယား သို့မဟုတ် ဗိုင်းရပ်တစ်မျိုးကို



ပဋိခန္ဓာတစ်ခုက ဝင်ပူးဆက်ထားသောအခါ ပထမအမျိုးအစား ကိုယ်ခံတပ်သားတစ်ခု လာရောက်ပူးဆက်နိုင်အောင် နေရာပြုလုပ်ပေးထား၏။ မကြာမီ ထိုတပ်သားတစ်ခု လာရောက်ပူးဆက်၏။ ထိုအခါ ဒုတိယအမျိုးအစား ကိုယ်ခံတပ်သားတစ်ခု လာရောက်ပူးဆက်နိုင်အောင် နေရာသစ်တစ်ခုကို ဖန်တီးပေးထားပြန်၏။ မကြာမီ ဒုတိယတပ်သား ဝင်ရောက်ပူးဆက်၏။ ဤနည်းဖြင့် ကိုယ်ခံတပ်သားကိုးမျိုးစလုံး အဆင့်ဆင့် ဝင်ရောက်ပူးဆက်ပြီးသောအခါ နောက်ဆုံးတပ်သားသည် ရန်သူကို ဖောက်ခွဲလိုက်တော့၏။

ဤသို့ ပဋိခန္ဓာက ရန်သူကို ပထမဝင်ပူးထားပြီးနောက် ကိုယ်ခံတပ်သား ကိုးမျိုးတို့က အဆင့်ဆင့် ပူးဆက်ကြခြင်းမှာ ခန္ဓာကိုယ်သည် မှားယွင်းမှုမရှိအောင် စီစဉ်ထားခြင်းဖြစ်သည်ဟု ယူဆရ၏။ ရန်သူအဖြစ် အထင်မှားပြီး ကောင်းသောဆဲလ်များကို မဖောက်ခွဲမိရန်ဖြစ်၏။

ဤသို့ အဆင့်ဆင့် ပူးပေါင်းပြီးနောက် ပေါက်ကွဲခြင်းဖြစ်ပေါ်ခြင်းအထိ ကြာညောင်းသောအချိန်ကာလသည် တစ်စက္ကန့်၏ ဆယ်စိတ်ပိုင်းမျှလောက်သာ ကြာညောင်းခြင်းဖြစ်၍ အလွန်လျင်မြန်ပါသည်။

## အမြစ်ပြတ်အောင် ချေမှုန်းခြင်း

ကိုယ်ခံစွမ်းအားဖြင့် ရောဂါဖြစ်ပေါ်စေသော ဘက်တီးရီးယား (Bacteria)၊ ဗိုင်းရပ် (Virus)၊ မှို (Fungus)နှင့် အဆိပ်များကို ချေမှုန်းခြင်းသည် အမြစ်ပြုတ်အောင် ချေမှုန်းခြင်းဖြစ်၏။

ကျွန်ုပ်တို့သည် အိမ်ထဲ၌ ခြင်၊ ယင်၊ ကြမ်းပိုး၊ ကြွက်၊ ပိုးဟပ်၊ ပုရွက်ဆိတ် စသည်တို့ကို ချေမှုန်းသည့်အခါ အကြွင်းအကျန်မရှိအောင်

www.burmeseclassic.com

www.burmeseclassic.com



ချေမှုန်းရန်မှာ အလွန့်အလွန် ခဲယဉ်းသည်ကို သတိပြုမိကြပေလိမ့်မည်။

ပင်နီဆီလင် (Penicillin)၊ ဆထရက်ပတိုမိုင်စင် (Streptomycin) စသည့် ပဋိဇီဝဆေးစွမ်းကောင်းများဖြင့် ဘက်တီးရီးယားတို့ကို နှိမ်နင်းရာ၌ ဘက်တီးရီးယားအစုလိုက်အပြုံလိုက် မြောက်မြားစွာ ပျက်စီးသွားကြသော်လည်း ရာနှုန်းပြည့် အမြစ်ပြတ်အောင်မူ မဖျက်ဆီးနိုင်ပါ။ ခန္ဓာကိုယ်၏ ကိုယ်ခံစွမ်းအားများကသာ ရန်သူအမြစ်ပြုတ်အောင် ဆက်လက်ချေမှုန်းကြရသည်။

ထိုသို့ချေမှုန်းပြီးသည့်နောက်၌လည်း ခန္ဓာကိုယ်အတွင်းသို့ နောက်ထပ်ရောဂါပိုးများ မဝင်ရောက်လာနိုင်အောင် ကိုယ်ခံအင်အားစုကပင် ဆက်လက်၍ ကာကွယ်စောင့်ရှောက်ပေးကြ၏။

ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင် ရောဂါအမျိုးမျိုးကိုဖြစ်စေကြသော ရောဂါပိုးအမျိုးပေါင်းများစွာတို့သည် ကုဋေပေါင်းမြောက်မြားစွာ ပျံ့နှံ့လျက်ရှိကြရာ ခန္ဓာကိုယ်၏ ကိုယ်ပိုင်ကာကွယ်ခုခံရေးစနစ်သာ မရှိခဲ့လျှင် မည်သည့်ဆေးဝါးကမှ ကျွန်ုပ်တို့အား ရောဂါဘေးမှ မကာကွယ်ပေးနိုင်ပါ။ ရောဂါဖြစ်လျှင်လည်း ပျောက်ကင်းအောင် မကုသနိုင်တော့ဘဲ မကြာမီ သေဆုံးကြရမည်ဖြစ်၏။

## အဘယ်ကြောင့် ကာကွယ်ဆေးများ ထိုးပေးကြသနည်း

ကျွန်ုပ်တို့သည် ကျောက်ကပ်ရောဂါ၊ ပလိပ်ရောဂါ၊ ဝမ်းရောဂါ စသည့် ကပ်ရောဂါဆိုးများကို ကာကွယ်ရန်အတွက် သက်ဆိုင်ရာ ကာကွယ်ဆေးထိုးခြင်းကိုခံယူကြရ၏။ အဘယ်ကြောင့်နည်း။

ကျောက်ကပ်ရောဂါ ကာကွယ်ဆေးတွင် ကျောက်ရောဂါဖြစ်စေ



သော ဘက်တီးရီးယားအသေကောင်များ၏ ဆဲလ်အခွံများပါရှိ၏။ ထိုအခွံများက သွေးကြောထဲသို့ ဝင်ရောက်လာကြသော ဆဲလ်အဖြူများ၊ ပဋိခန္ဓာများ၊ ကိုယ်ခံတပ်သားများတို့သည် ထိုဆဲလ်အခွံများကို စုပြုံ၍ ချေမှုန်းကြတော့၏။ ရိုးတွင်းခြင်ဆီ ခန္ဓာဆဲလ်များနှင့် အသည်းဆဲလ်များကလည်း သက်ဆိုင်ရာ ကိုယ်ခံတပ်များကို မြောက်မြားစွာ ထုတ်လုပ်ပေးကြ၏။

သူစိမ်းဖြစ်သည့် ကျောက်ရောဂါ ဆဲလ်အခွံများကို ချေမှုန်းကြပြီးသောအခါ ထိုဆဲလ်အခွံများကို ချေမှုန်းတတ်သည့် ကိုယ်ခံဆဲလ်အချို့တို့သည် သွေးစီးကြောင်း၌ အမြဲလှည့်လည်၍ ကျန်ရစ်ကြ၏။ ဤကား မျိုးတူရောဂါပိုးများ ကျူးကျော်လာလျှင် ချက်ချင်းတိုက်ဖျက်နိုင်ရန် ခန္ဓာ၏ တိကျသော အစီအစဉ်တစ်ရပ်ဖြစ်၏။ သို့အတွက် တကယ်အသက်ရှိသည့် ကျောက်ရောဂါပိုးများက ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်လာလျှင် ခန္ဓာကိုယ်သည် အငိုက်မိမခံရဘဲ အသင့်ဖြစ်နေပြီး အောင်မြင်စွာ ချေမှုန်းနိုင်တော့၏။

အခြားကာကွယ်ဆေးတို့၏ သက်ဆိုင်ရာရောဂါကို အသီးသီး ကာကွယ်ပေးကြသည့် အစီအစဉ်သည် ဖော်ပြခဲ့ပြီးသော အစီအစဉ် အတိုင်းပင်ဖြစ်၏။

၁၉၆၀–၇၀ နှစ်များအတွင်း၌ ပြင်သစ်လူမျိုး ကိုယ်ခံဆေးပညာရှင် (immunologist)နှစ်ဦးတို့က တီဘီခေါ် အဆုတ်ရောဂါဖြစ်စေသည့်ပိုး (Tubercle bacillus) ကို ၁၃ နှစ်ကြာအောင် အကြိမ်ကြိမ် အဆက်ဆက် မျိုးဖောက်ပေးပြီးသည့်အခါ နောက်ဆုံးမျိုးဆက်၌ အဆုတ်ရောဂါဖြစ်စေနိုင်သော သတ္တိပပျောက်သွားသည်ကို တွေ့ကြရ၏။ ထိုပိုးအချို့ကို ခန္ဓာကိုယ်ထဲသို့ ထိုးသွင်းပေးလိုက်သောအခါ ကိုယ်ခံကာကွယ်ရေးစနစ်သည် ထိုပိုးများကိုချေမှုန်းနိုင်အောင် စိုင်းပြင်း

www.burmeseclassic.com

www.burmeseclassic.com



ပါလေတော့၏။ ထိုပိုးများကို ချေမှုန်းနိုင်အောင် အစွမ်းထက်ကြသည့် ကိုယ်ခံအင်အားစုကိုလည်း ထုတ်လုပ်ပါတော့၏။ ထို့ကြောင့် ထိုပိုးပါသည့်ဆေးရည်ကို အဆုတ်ရောဂါကာကွယ်ဆေးအဖြစ် အသုံးပြုကြ၏။ ထိုဆေးကို ဘီစီဂျီ (Bacillus Calmete Guerin) ဟု ခေါ်ဆို၏။

## ကင်ဆာရောဂါကာကွယ်နည်း

၁၉၆၂ နှစ်တွင် ခွဲစိတ်ကုပါရဂူများသည် ကျောက်ကပ်အစားထိုးကုသခြင်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့၏။ ၁၉၆၈ ခုနှစ်၌ လူနာတစ်ဦးအား ကျောက်ကပ်အစားထိုး၍ ကုသပေးရာ၌ ထိုအစားထိုးလိုက်သည့်ကျောက်ကပ်၌ ကင်ဆာဆဲလ်များပါရှိနေသည်ကို ဆရာဝန်များက မသိရှိလိုက်ကြချေ။

ခန္ဓာကိုယ်သည် မိမိအဖွဲ့အစည်းအတွင်းသို့ သူစိမ်းကျောက်ကပ်ဝင်ရောက်လာသောအခါ လက်မခံဘဲ ထုတ်ပယ်နိုင်ရန် ကိုယ်ခံတပ်သားများကို တိုက်ခိုက်စေတော့၏။ ထိုသို့တိုက်ခိုက်ခြင်းကို ဖိနှိပ်ထားနိုင်ရန်အတွက် ဆရာဝန်များက အထူးဆေးဝါးများကို တိုက်ကျွေးပေးရ၏။

ထိုသို့ ကိုယ်ခံစွမ်းအားကို ချိုးနှိမ်ထားသောအခါ အစားထိုးလိုက်သည့် ကျောက်ကပ်၌ပါရှိသွားသည့် ကင်ဆာဆဲလ်များသည် လျှင်မြန်စွာ ပြန့်ပွားလာတော့၏။ သို့အတွက် ၄ ရက်ကြာသောအခါ၌ လူနာအား ဓာတ်မှန်ရိုက်ကြည့်သောအခါ အဆုတ်တစ်ဖက်၌ အမည်းရိပ်တစ်ခုထင်လာသည်ကို တွေ့ရ၏။ နောက်နေ့တွင် ကျန်အဆုတ်တစ်ဖက်၌ အမည်းရိပ်တစ်ခုထင်လာပြန်၏။ ထိုအခါ လူနာ၏ ဝမ်းကိုခွဲ၍ ကျောက်ကပ်ကို စစ်ဆေးကြည့်ကြ၏။ ကျောက်ကပ်မှာ



ရောင်ရမ်းပြီး ကင်ဆာဆဲလ်များနှင့် ပြွမ်းတီးနေသည်ကို တွေ့ကြရ၏။ ထို့ကြောင့် ကင်ဆာဆဲလ်များသည် လေးရက်အတွင်း အဆုတ်သို့ ရောက်အောင် ပြန့်ပွားသွားနိုင်ကြောင်း သိရှိလိုက်ကြ၏။

သို့ဖြစ်၍ လူနာ၏ကိုယ်ခံစွမ်းအားများကို ဖိနှိပ်ထားသည့် ဆေးဝါးများကို ချက်ချင်းရပ်ဆိုင်းလိုက်ကြ၏။ ထိုအခါ ကိုယ်ခံစွမ်းအားများ ပြန်လည်နိုးကြားလာကြ၏။ ဆဲလ်ဖြူများ၊ ပဋိခန္ဓာများနှင့် ကိုယ်ခံတပ်သားများသည် ကင်ဆာဆဲလ်များကို တိုက်ဖျက်ကြတော့၏။ ရက်အနည်းငယ်အတွင်း၌ပင် အဆုတ်များ၌ ထင်ပေါ်နေသော အမဲရိပ်များသည် ပပျောက်သွားကြ၏။ ရောင်ရမ်းနေခဲ့သော ကျောက်ကပ်သည်လည်း ကျုံ့ငယ်သွား၏။ ထိုကျောက်ကပ်ကိုလည်း ကိုယ်ခံစနစ်က တွန်းဖယ်နိုင်ရန် ဆက်လက်ကြိုးစားနေသဖြင့် ဆရာဝန်များက ကျောက်ကပ်ကို ဖယ်ရှားပေးလိုက်ရ၏။

သို့အတွက် ခန္ဓာကိုယ်ထဲ၌ ကင်ဆာရောဂါအပါအဝင် ရောဂါအမျိုးမျိုးစွဲကပ်လာသောအခါ ၎င်းတို့ကို တိုက်ဖျက်ရန် အကောင်းဆုံးသောအင်အားစုမှာ ခန္ဓာကိုယ်၏ ကိုယ်ခံစနစ်ပင်ဖြစ်ကြောင်း ဆရာဝန်များ သိနားလည်လာကြ၏။

## စိတ်အမိဆုံး အထက်မြက်ဆုံးဆေး

ကျွန်ုပ်တို့ ထိတ်လန့်သွားသောအခါ အသက်ရှူရပ်သွားခြင်း၊ စိတ်ဆိုးသောအခါ အစာမကြေခြင်း၊ စိတ်ရှုပ်သောအခါ ခေါင်းကိုက်လာခြင်း၊ ကြောင့်ကြဗျာပါဒဖြစ်နေသောအခါ အကြောအခြင် တောင့်တင်းလာခြင်း၊ စိုးရိမ်ပူဆွေးသောအခါ အမောဖောက်လာခြင်း စသည်တို့သည် စိတ်နှင့် ကိုယ်ခန္ဓာ ဆက်သွယ်နေခြင်းကို ဖော်ပြကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်များသည် ရောဂါများကိုကုသရာ၌ ပြင်ပမှချဉ်းကပ်သောနည်းကိုသာ များသောအားဖြင့် အသုံးပြုခဲ့ကြ၏။ ခေတ်အမြင်ရှိကြသော ဆရာဝန်အချို့ကမူ လူနာ၏ကိုယ်တွင်းမှ (ဝါ) စိတ်မှချဉ်းကပ်၍ ကုသသောနည်းကို စမ်းသပ်အသုံးပြုနေကြပြီဖြစ်၏။

အမေရိကန်ပြည်ထောင်စု၏ ဆေးကုဌာနတစ်ခု၌ ကင်ဆာအထူးကု ဆရာဝန်တစ်ဦးသည် မိမိ၏လူနာများကို ရေဒီယိုသာရပီ (Radiotherapy) ခေါ် ဓာတ်ရောင်ခြည်ဖြင့်ကုသနည်း၊ ကီမိုသာရပီ (Chemotherapy)ခေါ် ဓာတုဆေးဝါးဖြင့်ကုသနည်း စသည့်သမားရိုးကျနည်းများဖြင့် ကုသပေးသည့်အပြင် အပြုစိတ်ကို နှီးဆွ၍လည်း ကုသပေး၏။

သူသည် ခန္ဓာကိုယ်၌ ကိုယ်ခံဓာတ်များအကြောင်း၊ ကင်ဆာရောဂါ၏ သဘာဝနှင့် ကင်ဆာဆဲလ်များကို ကိုယ်ခံဓာတ်များက ချေမှုန်းတိုက်ဖျက်နိုင်သည့်အကြောင်းများကို လူနာများအား ရှင်းပြပြီးလျှင် လူနာတို့အား ဘာဝနာပွားများစေ၏။ လူနာ၏စိတ်ကို ထိုရောဂါတိုက်ဖျက်ရေး၌ ကိုင်းညွှတ်ထားခြင်းဖြင့် ကိုယ်ခံဓာတ်၏စွမ်းအားကို တက်ကြွထက်မြက်လာအောင် ဆောင်ရွက်စေ၏။

အထက်တွင်ဆွေးနွေးခဲ့သော ဆေးကုသနည်းအမျိုးမျိုးကို ဆန်းစစ်ကြည့်လျှင် အပြုစိတ်ဖြင့် ကုသနည်းနှင့် ကိုယ်ခံစွမ်းအားဖြင့်ကုသနည်းတို့ကို တရားတော်၏ တန်ခိုးစွမ်းအားနှင့် ပေါင်းစပ်ထားသော ဝိပဿနာရှုမှတ်ခြင်းသည် ခေတ်အမီဆုံး၊ အထက်မြက်ဆုံးသော ဆေးကုသနည်းဖြစ်သည်ဟု တစ်ထစ်ချ မှတ်ယူနိုင်ပါတော့၏။

"ဘုရားပေးတဲ့ ဝိပဿနာတရားဆေးဟာ အစွမ်းထက်ဆုံးဆေးပါပဲ။ ရောဂါ ၉၆ ပါးလုံးကို ပျောက်ကင်းစေနိုင်တယ်ဆိုတာ ဘုန်းကြီးရဲ့ကိုယ်တွေ့ပဲ။ ကင်ဆာရောဂါထက်ဆိုးတဲ့ တစ်သံသရာလုံး



စွဲကပ်လာတဲ့ ဒိဋ္ဌိရောဂါဆိုးကြီးကိုတောင် အမြစ်ပြတ်အောင် ပျောက်ကင်းစေနိုင်တယ်။ သတ္တဝါတို့ကို ဘဝအဆက်ဆက် ဆင်းရဲမှုပန်းလောင်ကျွမ်းစေခဲ့တဲ့ ကိလေသာအညစ်အကြေးများကိုလည်း အနုသယပါ မကျန်ရစ်အောင် ပယ်ရှင်းပစ်နိုင်တယ်။ ပြီးတော့ ဒီဘဝမှာတင် အငြိမ်းချမ်းဆုံးချမ်းသာကို ပေးဆောင်နိုင်တယ်။ ဒါကြောင့် ဝိပဿနာဓမ္မောသဓဆေးကြီးကို အမြဲမပြတ် မှီဝဲကြပါ"ဟု တော်ကူးဆရာတော်ဘုရား၏ အမြဲမပြတ်တိုက်တွန်း ပြောကြားနေသောစကားစုသည် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိနေပေတော့သည်တကား။

ဒေါက်တာမင်းတင်မွန်

BURMESE CLASSIC .com

www.burmeseclassic.com